www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ညနေလေးနာရီခွဲသည် ရောက်နိုင်ခဲလှသည်ဟု ကောင်းဇော်ထင်သည်။ အမွေးတိုင်ရုံ၏ အတွင်းနံရံတွင်ကပ်ထားသော တရုတ်နိုင်ငံထုတ် တိုင်ကပ်နာရီကြီးထဲမှ တဒတ်ဒတ်နှင့်ရွေ့နေသော စက္ကန့်တံကို နှေးလွန်းသည်ဟု ကောင်းဇော် ထင်သည်။ နာရီထဲက စက္ကန့်တံတွေက တစ်ချက်ရွေ့ဖို့ ဘာ့ကြောင့် ဒီလောက်ကြာနေရတာလဲဟုလည်း ကောင်းဇော် မေးခွန်းထုတ်နေမိသည်။

နေ့လည်ခင်းနေဖြင့် ခြောက်သွေ့သွားပြီဖြစ်သော အမွေးတိုင်ဖန်များကို တစ်ဖန်းချင်းစီထပ်၍ စုစုဟန်တို့ အမွေးတိုင်ထုပ်သည့် နေရာသို့သွားပို့ရသည်။

ဖန်းတွေ တပွေ့ကြီးနှင့် သူဝင်လာတော့ အေးမာက စုစုဟန်ကို နားနားသို့ကပ်ပြီး တစ်ခုခုပြောလိုက်၏။ ထိုတစ်ခုခုကြောင့် အမွေးတိုင်ထုပ် နေသော ကောင်မလေးရှစ်ယောက်သည် ဝါးခနဲ ပွဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဇော် စိတ်မဆိုးပါ… ရင်ထဲမှာ ပျော်ပင်သွားသေးသည်။ အေးမာသည် စုစုဟန်ကို သူနှင့်ပတ်သက်၍ တစ်ခုခုစ,လိုက်ခြင်းသာ ဖြစ်ရမည်။ သူ စုစုဟန်ကို ကြိုက်နေ၊ ချစ်နေသည်ဆိုတာကို စိန်သုံးလုံး အမွေးတိုင်ရုံတစ်ရုံလုံးသိသည်။ စုစုဟန်ကလည်း သူ့ကို လက်ခံမည်ဆိုတာ က သိသာနေသည်။ မိန်းကလေးမို့ ညှင်းလို့ရတုန်းညှင်းပြီး အချိန်ဆွဲနေတာ သာရှိသည်။

'ကောင်း…နင်သိပ်မချွန်နဲ့ဟာ၊ လေးနာရီကခွဲတော့မှာ တော်ကြာ ဗန်းတွေ ကျန်နေရင် ငါတို့အလုပ်မပြီးဘူး ဖြစ်နေလိမ့်မယ်'

စုဟန်က သူ့ကို မျက်စောင်းတစ်ချက်ထိုးရင်း ပြောသည်။ ကောင်းဇော် ရင်တွေဘာတွေ ခုန်သွား၏။ ဟုတ်သည်… တော်တော်ကြာ တရုတ်သူဌေးမ က အလုပ်ကလေးမပြီးဘူးဟု ဆိုကာ ပြီးသည်အထိ ဆက်ထုပ်ခိုင်းနေလျှင် ဒုက္ခများမည်။

ဒီလောက်ကလေးမှ နားမလည်ရကောင်းလားဆိုပြီး သူ့ကိုယ်သူ ကောင်းဇော် ဒေါကန်သွား၏။ လေးနာရီခွဲချင်တာတော့ပြာလို့ အလုပ်ကြ တော့ ထပ်ချပေးနေတာ ငါ့လောက်မိုက်တဲ့သူ မရှိပါကလား! ။

'နှစ်ဗန်းတော့ယူထားလိုက်ဟာ နင်တို့ရှစ်ယောက်က နှစ်ဗန်းဆို ငါးမိနစ် ပါပဲ'

'ဘယ်ရမလဲ! စုဟန် နှစ်ဗန်းဆို နာရီဝက်ပဲနော်'

ထွေးထွေးစကားကြောင့် စုဟန်က မျက်နှာကို မဲ့လိုက်သည်။

'သူက သူ့တရုတ်သူဌေးမကို ငါတို့ထက်ပိုချစ်တယ်လေဟာ'

'ချစ်မှာပေါ့ဟဲ့၊ ဟိုက သူ့ကို သား… သားလို့ခေါ်တာကိုး၊ နင်လည်း အဲဒီလိုခေါ်ကြည့်ပါလား စုဟန်!'

မိသိန်း စကားကြောင့် သူ့ကို ဝိုင်းရယ်ကြပြန်သည်။ စုဟန်ကတော့ ရယ်လည်းလိုက်မရယ်၊ သူ့ကိုလည်းမကြည့် အမွေးတိုင်တွေကိုသာ အိတ်ထဲ သို့ ကျွမ်းကျင်စွာထည့်နေပြီး မျက်နှာထားကို တည်၍ထားသည်။ ဒီအချိန်





မှာ သူသည် အရေးအပါဆုံးနှင့် အရေးကြီးဆုံးဆိုတာကို စုဟန်ကသိပြီး ဣန္ဒြေကို မရ,ရအောင် လုပ်ယူထားသည်။

'စိတ်မဆိုးပါနဲ့ဟာ၊ ငါက အလုပ်ပြီးစေချင်တဲ့သဘောနဲ့ပါ'

'အမလေး နင်ဗန်းထပ်ချလည်း ထောင့်နှစ်ရာပဲ၊ မချလည်း အဲဒီ လောက်ပဲ အပိုတွေပြောမနေနဲ့'

'တစ်ဗန်းတော့ ယူထားလိုက်ဟာ၊ နော်'

'ထားခဲ့ ထားခဲ့'

စုဟန်က စိတ်တိုသလို လေသံကလေးဖြင့်ဆိုသည်။ စုဟန်၏ လက် ချောင်းကလေးများသည် အမွေးတိုင်များကို ကျင်လည်စွာစီပြီး အိတ်ထဲသို့ 'ဆတ်'ခနဲ 'ဆတ်'ခနဲ ထည့်လိုက်သည်မှာ တစ်ရုံလုံးမှာရှိသည့် အမွေးတိုင် ထည့်သူများထဲတွင် ကြည့်အကောင်းဆုံးဟု ကောင်းဇော်ထင်သည်။

စုဟန်သည် အလုပ်ကို ဇောနှင့် စိတ်ပါလက်ပါလုပ်ပြီဟေ့ဆိုလျှင် တစ်နေ့ကို ဗန်းတစ်ရာလောက်တော့ အသာကလေးပြီးသည်။ တစ်ဗန်းကို ဆယ့်ငါးကျပ်ရသဖြင့် တစ်ထောင့်ငါးရာကတော့ ပြေးမလွတ်တတ်ပါ။

'စုဟန်… ငါ အုတ်ခုံကပဲစောင့်မယ်နော်'

စုဟန်က ဘာမှမပြောဘဲ ကောင်းဇော်ကို မျက်စောင်းထိုးပြီး မျက်လွှာ ချရင်း အမွေးတိုင်တွေကို လှမ်းယူလိုက်သည်။

ကောင်းဇော်နှင့် စုဟန်သည် တစ်ရပ်ကွက်ထဲတွင် နေသူများဖြစ်သော် လည်း စုဟန်တို့အိမ်က ရပ်ကွက်အစွန်ဖြစ်သော ညောင်ပင်လမ်းတွင်နေသည်။ ထိုလမ်းကို ညောင်ပင်လမ်းဟု ခေါ်ခြင်းမှာ ထိုလမ်းထဲတွင် အလွန်ကြီး မားသော ညောင်ပင်ကြီးရှိသောကြောင့်ဖြစ်သည်။

ကောင်းဇော်ကတော့ ရပ်ကွက်အလယ်က နီလာလမ်းမှာနေသည်။ ကောင်းဇော်ရော စုစုဟန်ရော မိသားစုမှာ ဆင်းရဲသည်ဟု ပြတ်ပြတ်သားသား ပြောလို့ရသည်။ တစ်နေ့လုပ်တစ်နေ့စား၊ အိမ်ရှိလူကုန် အလုပ်လုပ်ရသည်။

ကောင်းဇော်က ၁၀ တန်းအထိ ပညာသင်ရပြီး ဆယ်တန်းကျတော့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထွက်လိုက်ရ၏။ စုစုဟန်ကတော့ ရှစ်တန်းနှင့်ပင် ထွက်လိုက်ရသည်။

ဘဝဆင်းရဲသော်လည်း သူတို့တွင် လှပသောနှလုံးသားများတော့ ရှိကြပါသည်။ မနက် အမွေးတိုင်ရုံသို့အလာတွင် ကောင်းဇော်က နီလာလမ်းထိပ်တွင် စုစုဟန်တို့ကို စောင့်လေ့ရှိပြီး၊ အပြန်တွင်တော့ စုစုဟန်အိမ်ရှိရာ ညောင်ပင်လမ်းထိပ်အထိ လိုက်ပို့တတ်သည်။

အခု အပြန်အတူပြန်ကြရန် ကောင်းဇော်က ချိန်းခြင်းဖြစ်သည်။ ကောင်းဇော်က အမွေးတိုင်ဆေးစပ်ဆရာကို ကူညီသူ၊ အလုပ်မှာလိုအပ်တာကို ဝင်လုပ်သူ၊ အမွေးတိုင်အတွက် လိုအပ်သော ဝါးဒုတ်၊ ဆေး၊ အရောင်မှုန့်စသည်တို့ကို ဝယ်ရသူ၊ ခြောက်သွားသော အမွေးတိုင်ဖန်များကို အိတ်ထည့်သူတွေထံ ပို့ပေးရသူ... စသည်ဖြင့် သူဌေး၏လူယုံလည်းဖြစ်၊ အလုပ်သမားများ၏ အုပ်ချုပ်သူလည်းဖြစ်သည်။

စိန်သုံးလုံးအမွေးတိုင်ရုံတွင် ကောင်းဇော်ပြီးလျှင်... ပြီးသော ကိစ္စတွေ အများကြီးရှိသည်။ ထို့ကြောင့် တက်လမ်းအများကြီးရှိသော ကောင်းဇော်၏ အချစ်ကို စုစုဟန် မငြင်းနိုင်ခြင်းဖြစ်သည်။ သို့သော်... အဖြေတော့ မပေးရသေး။

လမ်းထိပ်အုတ်ခုံတွင် ကောင်းဇော် ဆယ်မိနစ်လောက်တော့ စောင့်လိုက်ရသည်။ ထို ဆယ်မိနစ်ကို ကောင်းဇော်က ဆယ်ဘဝဟု ထင်ချင်သည်။

ကောင်းဇော်ကိုတွေ့သည်နှင့် စုစုဟန်က တည်သွားပြီး ထွေးထွေးတို့ အေးမာတို့က အချင်းချင်းပူးကပ်သွားကာ တစ်ခုခုပြောပြီး ရယ်လိုက်ကြသည်။ ပြီးတော့ သူတို့လေးယောက်က တစ်အုပ်စုနှင့် စုစုဟန်က အနည်းငယ် ခွာပေးထားသည်။

ကောင်းဇော်က စုဟန်နံဘေးသို့ကပ်ပြီး အတူလျှောက်လာခဲ့ကြသည်။

'ပြောစရာရှိတယ်ဆို... '

စုဟန်က ကောင်းဇော်ကို မကြည့်ဘဲ မေးသည်။

ကောင်းဇော်ကတော့ သနပ်ခါးကလေးတွေပြေကာစ ပြည့်အိနေသော





စုဟန်၏ ပါးကလေးကို ငေးမိသည်။ ရည်းစားတွေဖြစ်တော့မှ ဒီပါးကလေးကို နမ်းလည်းနမ်းမည်၊ ဆွဲလည်းလိမ်မည်ဟု စိတ်ကူးလိုက်သည်။ အခုတော့ နေနှင့်ဦးပေါ့။

'မေးနေတယ်လေ... '

အခုမှ စုဟန်က သူ့ကို နံဘေးကငဲ့ငေးကြည့်နေသော ကောင်းဇော်ကို ကြည့်ရင်း လေသံတင်းတင်းနဲ့မေးသည်။

'နင်ကလည်းဟာ ဒေါသချည်းပဲ၊ ငါက နင့်အတွက် ကြိုးစားထားရတာလေးကိုတောင်မှ မထောက်ဘူး'

'ဘာကြိုးစားထားလို့လဲ!'

'နင် ရှေ့အပတ်ကစပြီး အမွေးတိုင်မထုပ်နဲ့တော့'

'ဘာ...!! နင် ဘာတွေလာပြောနေတာလဲ ကောင်းဇော်'

'ကောင်းက အကောင်းပဲပြောတာ၊ နင့်အတွက် ငါ သူဌေးကိုပြောပြီးပြီ၊ အမွေးတိုင်လိုက်ပို့တဲ့ဘက်မှာ နင့်ကိုထားဖို့၊ Marketing ခေါ်တာပေါ့ဟ'

'ဘိုလိုတွေလာမှုတ်မနေနဲ့ အဲဒါ ဘာလုပ်ရတာလဲပဲပြော'

'ပါကင်ထုပ်ပြီးသွားတဲ့ အမွေးတိုင်ထုပ်တွေကို ကားပေါ်တင်ပြီး ငါတို့ပို့နေကျဆိုင်တွေကို လိုက်ပို့ရမယ်၊ ဘယ်ဆိုင်ကို ဘယ်နှစ်ထုပ်ချတယ်၊ ငွေဘယ်လောက်ပေးတယ်၊ ဘယ်လောက်ကျန်တယ်ဆိုတာကို နင်က စာအုပ်နဲ့မှတ်ရမယ်'

'ငါမှ အဲဒီဆိုင်တွေကို မသိတာ'

'နင်သိဖို့မလိုဘူး၊ ကားဆရာသိတယ်၊ ငါလည်းသိတယ် ပြီးတော့ နင့်လက်ထဲမှာ ဆိုင်တွေရဲ့လိပ်စာနဲ့ အရင်အပတ်တွေက ချထားတဲ့အမွေးတိုင်စာရင်းတွေရှိမယ်၊ ငါတစ်ယောက်လုံး ပါနေမှာပဲဟာ'

'ဪ... နင်က ဒီလိုအကြံနဲ့ ငါ့ကို အဲဒီနေရာကို ပို့တာပေါ့လေ'

'စုဟန်... နင် ငါ့စေတနာကို မစော်ကားနဲ့၊ နင် ဒီလိုအမွေးတိုင်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



နေရတာကို ငါမကြည့်ရက်လို့ အန်တီကျူးကို မနည်းပြောထားပေးရတာ၊ ငါလိုက်မယ်ဆိုတာက နင် မကျွမ်းကျင်ခင် လေးငါးခေါက်ပဲလိုက်ပေးနိုင်မှာ'

ကောင်းဇော်၏ ခပ်ဆတ်ဆတ်စကားသံကြောင့် စုစုဟန် သူပြောတာ မှားမှန်းသိသွားသည်။ ကောင်းဇော်သည် ဒေါသမျက်နှာဖြင့် ခေါင်းကိုငုံ့ပြီး လမ်းကိုသာ ဖိလျှောက်နေသည်။

'နင်ကလည်းဟယ် စိတ်ချည်းပဲ၊ ငါက မသိလို့ပြောမိတာပါ၊ သူက လခနဲ့လားဟင်!'

'ဟုတ်တယ်... '

'ဘယ်လောက်ရမှာလဲဟင်!'

'ခုနစ်သောင်းခွဲ... '

'ဟယ်... တကယ်...!၊ ကောင်းဇော် နင်တကယ်ပြောတာနော်... ကောင်းဇော်!'

စုစုဟန်၏ ဝမ်းသာအားရလေသံနှင့် အမူအရာမှာ ထိန်းမရအောင် ပေါ်လွင်နေသည်။ အတူလမ်းတွဲလျှောက်ကြရင်း စုဟန်က ကောင်းဇော်၏ ပခုံးကိုဆွဲလှုပ်ရင်း မေးသည်။ ကောင်းဇော်မှာ ဒေါသတွေမရှိတော့၊ အပျော်ပဲရှိတော့သည်။

'တကယ်ပေါ့ဟ၊ ဒါတောင်မှ အကြံအဖန်ဥင်က ရှိသေးတယ်၊ အဲဒါကိုတော့ ငါ နောက်မှသင်ပေးမယ်'

'ငါ ဝမ်းသာလိုက်တာ ကောင်းဇော်ရယ်၊ ခုနစ်သောင်းခွဲဆိုရင်... ငါတို့အိမ်လည်း တော်တော်ချောင်လည်သွားမှာ... ငါလည်း ဝယ်ချင်တာလေးတွေ ဝယ်လို့ရမှာ... ၊ ဒါပေမယ့်... '

'ဒါပေမယ့် ဘာဖြစ်လဲ!'

'ငါတစ်ယောက်တည်းတော့ မလုပ်ချင်ဘူးဟာ၊ ငါတို့အဖွဲ့ထဲက တစ်ယောက်ယောက်ကိုပါ နင်ပြောပေး'





စုစုဟန်စကားဆုံးတော့ ကောင်းဇော်က နောက်ကို တစ်ချက်လှမ်းကြည့်သည်။ သူငယ်ချင်းအဖွဲ့က တော်တော်ဝေးဝေးမှာ ရှိနေပါသည်။

'နင် နောက်ထပ်တစ်ယောက်ယောက်ကို ထည့်ဆိုရင် ငါ လုပ်ပေးမယ့် အကြံအဖန်ဥင်က ပျက်ပြီ'

'နင်ပြောတဲ့ အကြံအဖန်ဥင်က ဘယ်လိုလဲ!'

'နင်လိုက်ပို့ရမယ့် အမွေးတိုင်ထုပ်တွေကို ငါက ထည့်ပေးရမှာ၊ နင့်ကို ပါကင်ထောင့်နှစ်ရာ တင်ပေးလိုက်ပြီး၊ ငါက စာရင်းမှာ တစ်ထောင်ပဲပြမှာပေါ့'

'ဟင်...!! ဒါဆို ကားဆရာက ဘယ်လိုလုပ်မလဲ!'

'ကားဆရာက ကားပေါ်မှာပဲနေခဲ့တာ၊ ပစ္စည်းချတာ ငွေရှင်းတာ အားလုံးက နင်ပဲလုပ်ရမှာ၊ တစ်ပတ်ကို ၂-ကြိမ် ပစ္စည်းချ၊ ငွေသိမ်းလုပ်ရတယ်၊ တစ်ပတ်ကို ပါကင်နှစ်ရာဆို တစ်လကို နင် တစ်သိန်းခွဲလောက် ဥင်ရှိတယ်... ကဲ!'

'ကောင်းဇော်ရယ်...'

စုစုဟန်က ကောင်းဇော်၏လက်ကို 'ဖျပ်'ခနဲ လှမ်းဆုပ်ကိုင်လိုက်သည်။ သူ့ကိုကြည့်ရသည်မှာ ဝမ်းလည်းသာနေသည်၊ စိတ်လည်းလှုပ်ရှားနေသည်။ သူ ဘာလုပ်လို့လုပ်ရမှန်းပင် မသိတော့သလို ဖြစ်သွားပုံရ၏။

ကောင်းဇော်က သူ့လက်ကလေးကို ပြန်လည်ဖိညှစ်ဆုပ်ကိုင်တော့မှ... စုစုဟန်သည် သတိပြန်ဝင်လာပြီး သူ့လက်ကလေးကို အတင်းရုန်းသည်။ ပြီးတော့ နှစ်ယောက်စလုံး ရင်တွေခုန်ပြီး လမ်းလျှောက်နေမိကြသည်။ နောက်မှ လေးယောက်အုပ်စုထံမှ အသံသေးအသံကြောင်ဖြင့် ဝိုင်းစကြသံတွေကို ကြားရသည်။

စုစုဟန်က ရှက်၍ရယ်ပြီး နောက်မှအုပ်စုကို စောင့်သည်။

'မြင်တယ်နော် xxx မြင်တယ်နော် xxx တို့မြင်တယ်နော်'

လေးယောက်စလုံးက သီချင်းဆိုပြီး စကြသည်။ ကောင်းဇော် ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



သာ ကုတ်နေမိသည်။ လိုက်ပြီးရယ်ရမှာလား! ခပ်တည်တည်ပဲ ဆက်နေရမှာလား! မဝေခွဲတတ်ဖြစ်နေသည်။

သူငယ်ချင်း လေးယောက်အလယ်သို့ စုစုဟန် ရောက်သွားသည်။ စုဟန် ပုံစံကြည့်ရတာ ဘာမှမဖြစ်သလိုဖြစ်နေသည်။ ဒီနေရာမျိုးကျတော့ ယောကျ်ား လေးနှင့် မိန်းကလေး ဣန္ဒြေချင်းကွာသည်။

'ကောင်းဇော်...!'

စုစုဟန်က ခေါ်သည်။ ကောင်းဇော် ပြန်မထူးနိုင်၊ မျက်လုံးအပြူးသားနှင့် ငေးနေ၏။

'ကောင်းဇော်... ငါ ကုလားတွေ လက်ဆွဲခြင်းနဲ့ရောင်းတဲ့ ဗယာကြော် သေးသေးကလေးတွေကို ထမင်းနဲ့စားချင်တယ်ဟာ... နင် ငါ့ကို ဝယ်ပေးပါ လား...!'

ဘာမှမဆိုင်သည့်ကိစ္စမို့ ကောင်းဇော် ကြောင်နေသည်။

အမှန်တော့ စုစုဟန်က ကောင်းဇော်ကို ပ,ထုတ်ခြင်းဖြစ်ပြီး၊ သူ တကယ်စားချင်သော အစားအစာကိုလည်း ပြောခြင်းဖြစ်ပါသည်။ ဒီအချိန် အိမ်ပြန်ရောက်လျှင် သူ့အတွက် ဘာဟင်းမှ ရှိမှာမဟုတ်ဆိုတာကို သူသိ သည်။

'အရင်တုန်းကတော့ ကျောက်စိမ်းလမ်းထိပ်မှာ ရှိတယ်ဟ'

ကောင်းဇော် စိတ်ကို ပုံမှန်ထားပြီး စကားပြန်ပြောလာနိုင်သည်။

'ကဖူးကွေ့ဘက်ကို ပြောင်းသွားတာတဲ့၊ ငါ့ကို ဝယ်ပေးပါလား ကောင်းဇော်ရယ်... နော်၊ အိမ်မှာ ဟင်းမရှိဘူးဟ'

'ဝယ်ပေးလိုက်၊ ဝယ်ပေးလိုက် အခုပဲ အဖြေကရထားတာ၊ တော်ကြာ ဗယာကြော်မရလို့ မသာပေါ်ဟ ဖြစ်သွားဦးမယ်နော်'

အေးမာပြောသောစကားကို အားလုံးက ဝိုင်းရယ်ကြသည်။

'ဒါဆို ငါသွားဝယ်ပေးမယ်လေ... နင် ဘယ်ကစောင့်မှာလဲ!'

'ဘယ်ကမှမစောင့်ဘူး၊ ငါက အိမ်ကိုပြန်မှာ နင် ဗယာကြော်ဝယ်ပြီး





ရင်... ညောင်ပင်ကြီးအောက်ကို လာခဲ့လေ... ငါ လာယူမယ်၊ အဲဒီတော့ မှ တွေ့ကြတာပေါ့'

'ဟော... အခုကတည်းက စ,ချိန်းနေပြီ တွေ့လား!'

ဘာမှမဟုတ်သည့် စကားကို အားလုံးက ဝိုင်းရယ်ကြပြန်သည်။

'ငါတို့ကတော့ ဗယာကြော်နဲ့မရဘူးနော် ကောင်းဇော် မနက်ဖြန် ဒေါ်နန်း မုန့်ဟင်းခါး ဝယ်ကျွေးရမယ် ဒါပဲ'

'ဟုတ်တယ်... ကျွေးရမယ်'

'မကျွေးရင်လည်းနေလေ ငါတို့က သမီးရည်းစားအဖြစ် အသိအမှတ် မပြုဘူးပေါ့'

ကောင်းဇော် ခေါင်းမယားဘဲ ခေါင်းကို ကုတ်ရင်းက...

'ကျွေးပါ့မယ်ဟာ... ကျွေးပါ့မယ် စိတ်ချ၊ ကဲ စုဟန် ငါ ဗယာကြော် တွေသွားဝယ်လိုက်ဦးမယ်၊ ညောင်ပင်အောက်နော်... နင်ကိုယ်တိုင်လာခဲ့၊ ပြောစရာကျန်သေးတယ်'

'အေးပါ... လာပါ့မယ်ဆို...'

◆



www.burmeseclassic.com

www.burmeseclassic.com



စုဟာန်တို့နှင့် ခွဲထွက်လာပြီး ကောင်းဇော် စိတ်ကူးယဉ်နေမိသွားသည်က သူနှင့် စုဟာန်သည် ချစ်သူတွေဖြစ်သွားပြီဆိုတာကို ကျန်သည့်လူတွေ မသိအောင်နေမည်။ ပြီးတော့ နှစ်ယောက်ပေါင်း ဗွင်ရိုက် ပိုက်ဆံစုပြီး ဆယ်သိန်းလောက်ရလျှင် လက်ထပ်ကြမည်… စသည်ဖြင့်ဖြစ်သည်။

စုဟာန်ကလည်း သူငယ်ချင်းတွေနှင့် လမ်းခွဲပြီး တစ်ယောက်တည်းကျမှ စိတ်ကူးယဉ်မိတာက ကောင်းဇော်နှင့် ဗွင်ပေါင်းရိုက်၍ ငွေစုပြီးလျှင် သူမအတွက် ငါးမူးသားဆွဲကြိုးကလေးတစ်ကုံး ဝယ်မည်။ ပြီးတော့ ယခုနေသည့် တဲအိမ်ကို သစ်သားအိမ်ကလေး ပြန်ဆောက်မည်… စသည်… စသည်တို့ဖြစ်သည်။

ထိုစဉ် စုစုဟာန် နံဘေးသို့ PARADO ကားတစ်စင်း ကပ်ပြီးထိုးရပ်သည်။ ကြည့်လိုက်တော့ ကျော်စွာဦး။

ကျော်စွာဦးဆိုသူက သူတို့ အလုပ်ရှင်၏အကြီးဆုံးသား အသက်က ၃၉-နှစ်လောက်ရှိမည်။ မိန်းမနှင့် ကလေးနှစ်ယောက်ရှိ၏။ နည်းနည်းပွေသည်ဟု သတင်းကြီးသည်။





'ဟဲ့ ကောင်မလေး… နင် အိမ်ပြန်မလို့လား!'

'ဟုတ်… ဟုတ်ကဲ့ ဆရာ…'

'ဒါဆို ကားပေါ်တက်… လိုက်ပို့ပေးမယ်'

'ရပါတယ်ဆရာ ရှေ့သုံးလမ်းကျော်ရင် ရောက်ပြီပဲဟာ၊ ကျွန်မဘာသာပဲ သွားပါရစေ…'

'ကဲ… တက်ဆိုတက်စမ်းပါဟာ၊ အနောက်ဘက်က တံခါးကိုဖွင့်လိုက်'

အလုပ်ရှင်ဆိုတော့ ကြောက်ရတာလည်းပါသည်။ လူမှုရေးအရ အားနာရတာလည်းပါသဖြင့် အနောက်ဘက်တံခါးကို မဖွင့်တတ်ဖွင့်တတ်နှင့် သုံးလေးကြိမ်ဖွင့်ပြီး ကားပေါ်တက်ခဲ့သည်။

နောက်ခန်းပေါ်ထိုင်လိုက်တော့ သူ့နံဘေးမှာ ထောင်တန်အုပ်လိုက်ကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားတာကို တွေ့ရသည်။ ထို့ကြောင့် ထိုင်သည့်နေရာကို ငွေထုပ်နှင့်ဝေးရာသို့ ရွှေ့လိုက်ရသည်။

ကျော်စွာဦးကလည်း နောက်ကြည့်မှန်ကို စုစုဟာန်မျက်နှာကို မြင်ရအောင် ရွှေ့လိုက်၏။

ကောင်မလေးက လုံးကြီးပေါက်လှကလေး၊ ငွေမရှိသဖြင့် မဆင်နိုင် မပြင်နိုင်၍သာ အလှက ပုန်းနေခြင်းဖြစ်သည်။ အလှဆုံးက မျက်ဝန်း၊ မျက်ခုံးနှင့် သွားကလေးတွေနှင့် နှာတံ ကိုယ်လုံးကိုယ်ပေါက်က အပြစ်ပြောစရာမရှိ။ ပြင်လိုက်ဆင်လိုက်လျှင် သူ့မိန်းမ ကျင်စွိထက် အဆတစ်သန်း ဆာက်သာမည်။ အနည်းအကျင်းထောက်ပံ့ ဆင်ရင်ပေးပြီး ထိန်းထားလျှင် ရနိုင်လောက်သည်ဟု သူ ထင်သည်။

မစီးဘူးသည့် ကားပေါ်ရောက်တော့ ရင်တုန်၊ ရင်ခုန်နေရသည်နှင့် ပတ်ဝန်းကျင်ကို သတိမထားမိဖြစ်သွားသည်။ သတိရ၍ ကြည့်လိုက်တော့ သူတို့အိမ်ရှိရာ လမ်းမဟုတ်။

'ဆရာ… အခုသွားနေတာ ကျွန်မတို့အိမ်ဘက် လမ်းမဟုတ်ဘူး ဆရာ လမ်းက လွဲနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ... ဆရာ... ရှေ့လမ်းဆုံကဆိုင်ကို ပိုက်ဆံပေးစရာရှိလို့ ပေးပြီးတော့မှ မင်းအိမ်ကို လိုက်ပို့ပေးမယ်လေ'

'ဆရာ ကိစ္စရှိရင် သမီးဘာသာပဲပြန်တော့မယ် ဆရာ၊ ကားရပ်ပေးပါ၊ သမီး ထမင်းလည်းမစားရသေးလို့'

'ကိစ္စက ပိုက်ဆံပေးရုံပါပဲ၊ မင်း ထမင်းမစားရသေးဘူးလား!'

'ဟုတ်ကဲ့... ဆရာ'

◆

စုစုဟန် ကားပေါ်ကဆင်းလိုက်တော့ လက်ထဲမှာ ဖော့ဘူးတွေ ကြွပ်ကြွပ်အိတ် သုံးလေးအိတ်နှင့်ဖြစ်သည်။

ဘဲကင်တစ်ကောင်၊ တောက်တောက်ကြော်၊ ကြက်ကုန်းဘောင်ကြီး၊ ကြက်သားလုံးချိုချဉ်၊ အစိမ်းကြော်။

စုစုဟန် အမေနှင့်မောင်လေးတွေ အရမ်းပျော်သွားကြလေသည်။ ထိုအချိန်တွင် ကောင်းကင်မှာ မိုးသားရိပ်တွေ မဲတက်လာသည်။

◆

ကဖူးကွေ့ကိုရောက်တော့ ကောင်းဇော် တော်တော်စိတ်ညစ်သွားသည်။ လက်ဆွဲခြင်း ဗယာကြော်ကုလားမ မရှိတော့၊ အနားက ကွမ်းယာဆိုင်ကိုမေးတော့ BOC ဘက်ထွက်သွားသည်ဆိုသဖြင့် ထပ်လိုက်ရပြန်သည်။ လက်ဆည်ကန်ကြီးနားကိုရောက်တော့မှ ကုလားဘုရားကျောင်းရှေ့တွင် ရောင်းနေသော ကိုရွှေအာမက်ကို တွေ့ရသည်။

'ခင်ဗျားကလည်းဗျာ... ဘယ်တွေ လျှောက်ရောင်းနေတာလဲ! ရှာလိုက်ရတာ၊ ရောင်းနေကျနေရာမှာပဲ ရောင်းစမ်းပါဗျာ'

'အား... အားကို... အဲဒီနေရာနော် ဈေးကွက်ပျက်သွားပြီ အားကို... ကျွန်တော် ရောင်းတယ်နော်... ဝယ်စားတဲ့လူ ရှားသွားတယ်၊ လူတွေနော် ကိုရီးယားကားကြည့်ပြီး ကိုရီးယားကင်ပဲစားတယ်၊ အာမက်နော် ဆက်ရောင်းရင် ဒါ... ခက်သွားမယ်'





အာမက်က လက်ဝါးတစ်ဖက်ကို ဖြန့်ပြီး တစ်ဖက်ကိုစု၍ ထမင်းစားဟန်လုပ်ပြသဖြင့် ကောင်းဇော် ပြုံးရသေးသည်။

'ဘယ်လောက်ဖိုးထည့်မလဲ အားကို'

'တစ်ရာငါးဆယ်ဖိုး... ကြော်ပြီးသားတွေ မထည့်နဲ့ကွာ၊ မင်း ဒယ်အိုးထဲကကျမှထည့် ပူပူလေးစားစေချင်လို့'

'စားစေချင်လို့ဆိုတော့ ဘယ်သူ့အတွက်လဲ အားကို'

'ငါ့ချစ်သူအတွက်ကွ'

'အား... ကောင်းတယ် အားကို ရှယ်လုပ်ပေးလိုက်မယ်'

အခုမှရသော ရည်းစားပူပူနွေးနွေးကို ကြွားစရာလူမရှိသဖြင့် ဗယာကြော်ကုလားကို ကြွားရသည့်အဖြစ်ကိုတွေးပြီး ကောင်းဇော် ပြုံးမိပြန်သည်။ ထိုအချိန်တွင် ကောင်းကင်မှာ မိုးသားမဲမဲတွေနှင့် မှောင်၍နေလေသည်ကို ကောင်းဇော် သတိမထားမိ။ သူ သတိထားနေသည်က လက်ဆွဲသံခြင်းကလေးထဲက တဖျစ်ဖျစ်မြည်နေသော ဗယာကြော်ကလေးများသာဖြစ်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



စုစုဟန်၊ သူမအမေနှင့် မောင်ကလေးနှစ်ယောက်၊ နှမကလေး တစ်ယောက် စုစုပေါင်း ငါးယောက် ကျော်စွာဦး ဝယ်ပေးလိုက်သည့်ဟင်းများဖြင့် ထမင်းကို အားရပါးရစားနေချိန်မှာ မိုးကလည်း အငြိုးတကြီးရွာလေသည်။

စုစုဟန်တို့ လမ်းထဲက ညောင်ပင်ကြီးအောက်မှာ ဗယာကြော်ထုပ်ကလေးကိုကိုင်ရင်း ကောင်းဇော် စောင့်၍နေသည်။ သူ့မှာ ထီးမပါ။ ညောင်ပင်ကြီးသည် ပထမ ခပ်ဖွာဖွာမိုးကို လုံခြုံအောင်ကူညီနိုင်သော်လည်း မိုးက ကြမ်းချင်တိုင်းကြမ်းပြီး ရမ်းချင်တိုင်းရမ်းသောအခါ မကူညီနိုင်တော့…။ မိုးရေစက်တွေကလည်း အညှာတာကင်းမဲ့စွာ ကောင်းဇော်ပေါ်သို့ အားနှင့်ခုန်ဆင်းလာကြသည်။

ကောင်းဇော်သည် ဗယာကြော်ထုပ်ကလေးထဲကို ရေမဝင်အောင် လက်ဖြင့် သေသေချာချာအုပ်ထားသည်။ သူ မိုးခိုစရာ နေရာမရှိပါ၊ ညောင်ပင်ကြီး၏ တစ်ဖက်မှာက ပိတ်ထားတာကြာပြီဖြစ်သော ချည်မျှင်နှင့် အထည်စက်ရုံကြီးသာရှိသည်။





စုစုဟန် ထွက်ကိုလာလိမ့်မည်ဟု သူ ယုံသည်။

ကောင်းဇော်သည် အမွေးတိုင်ဆေးမှုန့်များကို နေ့စဉ်စပ်ရသူဖြစ်သဖြင့် ထိုဆေးမှုန့်များ နှာခေါင်းအတွင်းသို့ မဝင်စေရန်၊ ပါးစပ်အတွင်းသို့ မဝင်စေရန် Mask(မျက်နှာဖုံးစွပ်) မရှိသဖြင့် သူ့အဆုတ်က နေ့စဉ် ထိုအမှုန့်များဝင်နေသဖြင့် သိပ်မကောင်းလှ၊ အခု တစ်ကိုယ်လုံးစိုရွှဲနေတာ လေးဆယ့်ငါးမိနစ်ခန့်ရှိပြီ၊ ကောင်းဇော် တစ်ကိုယ်လုံးတုန်ယင်နေပြီ၊ သို့သော်… ကောင်းဇော်ခွံမလျှော့ ဒီနေ့မှ ချစ်သူဖြစ်ရသူ သူ့ချစ်သူသည် ဗယာကြော်ကို လာကိုယူလိမ့်မည်။

'ညောင်ပင်စောင့်နတ်ကြီးရယ် မိုးကိုတိတ်ပေးပါ'

တုန်ယင်နေသောအသံနှင့် အားကိုးရာမဲ့နေသဖြင့် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းမိသည်။ လျှပ်စီးက 'ဖြန်း'ခနဲ လက်သည်။ မိုးကြိုးက 'ဝုန်း'ခနဲ ပစ်သည်။ ကောင်းဇော် လက်အုပ်ကိုချီပြီး ဆုတောင်းသည်။

ထမင်းကို အားပါးတရ အဝစားပြီးသွားတော့ မိုးကလေးကအေးအေးဗိုက်ကလေးလေးဖြင့် စုစုဟန် ကွေးချင်ပြီ။

ဒီမိုး ဒီလေနှင့်ဆိုလျှင် ကောင်းဇော် မလာတော့ဟု သူ ထင်သည်။ ဆရာကျော်စွာဦးကားနှင့် ဝင်လာတုန်းက ညောင်ပင်အောက်မှာ ဘယ်သူမှ မရှိ။ သူမက ဆရာကျော်စွာဦးကားနှင့် တာမွေအထိပါသွားသည်။ ပြီးတော့ ဆိုင်မှာ စားစရာတွေဝယ်တာ နာရီဝက်လောက်ကြာသည်။

ကဖူးကွေ့မှာ သွားဝယ်ပြီး ညောင်ပင်အောက်ကစောင့်မည်ဆိုလျှင် ကောင်းဇော် ညောင်ပင်အောက်မှာ ရှိသင့်နေပြီ။ ထိုစဉ်က မိုးလည်းမရွာသေး၊ အခုလို ဝုန်းဒိုင်းကျဲနေသော မိုးနှင့်ဆိုလျှင် ကောင်းဇော် လာစရာမရှိတော့၊ နောက်နေ့မှ စိတ်ကောက်ပစ်လိုက်ဦးမည်ဟု စဉ်းစားရင်း စောင်ကိုခြုံပြီး ကွေးပစ်လိုက်သည်။

မိုးသည် မစဲပဲ ပို၍သဲလာသည်။

ကောင်းဇော်ရင်ထဲက စူးကနဲအောင့်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံး လင်းထွက်သွားအောင် လျှပ်စီးလက်သည်။

ကောင်းဇော် ညောင်မြစ်ပေါ်လဲကျသွား၏။

ဗယာကြော်ထုပ်ကလေးကိုတော့ လက်ထဲမှာ ဆုပ်ကိုင်ထားလျက်…။

♦





နံနက် အိပ်ရာကနိုးသည်အထိ မိုးက ဖွဲဖွဲကလေးရွာနေသဖြင့် စုစုဟန် အိပ်ရာထဲမှာ ဇိမ်နှပ်ကြီး လုပ်နေလိုက်သေးသည်။

သို့သော်… ကြာကြာတော့ လုပ်ခွင့်မရ၊ ကိုးနာရီအရောက် ရုံကိုအရောက် သွားရမည်။ ထမင်းအိုးတစ်လုံး တည်ရဦးမည်။ ရေချိုးရဦးမည်။ တစ်ချက် အပျင်းကြောဆန့်၍ သန်းဝေအပြီး အိမ်ရှေ့သို့ထွက်လာတော့ အိမ်ရှေ့လမ်းမ ပေါ်မှာ လူတွေ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်အုပ် အသွားအပြန် လုပ်နေကြသည်။

'သနားပါတယ်ဟယ်၊ သူ့အခေါ်တော့ တော်တော်ဝမ်းနည်းရှာမှာပဲ၊ ဒီတူကလေးက သူ့ကို လုပ်ကျွေးနေရတာ'

'ငါ့စိတ်ထင်တော့ ဒီကိစ္စက စုစုဟန်နဲ့ ပတ်သက်တယ် ထင်တာပဲ'

ထိုမိန်းမကပြောရင်း သူမတို့အိမ်ထဲသို့ စိတ်မလုံသလို လှမ်းကြည့်ရာ ရွှေကက်ကိုင်ပြီးရပ်နေသော သူ့ကိုတွေ့တော့… အိုးတို့အန်းတန်းဖြစ်ပြီး ခပ်သုတ် သုတ် လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေဖြစ်နေတာလဲ!'

စုစုဟန် သူ့ကိုယ်သူမေးရင်း ရေမခပ်ရသေးသော ရေခွက်ကလေးကို ကိုင်ရင်း ခြံထိပ်တံခါးက ထွက်ကြည့်တော့ ညောင်ပင်ကြီးအောက်မှာ လူသုံးလေးဆယ်လောက် အုံနေတာကို တွေ့ရသည်။

ဒါနှင့် စုစုဟန်လည်း ဘာလဲသိချင်စိတ်ဖြင့် ရေခွက်ကို အိမ်ရှေ့ထိုင်ခုံပေါ်တင်ရင်း သွားကြည့်သည်။ လူအုပ်ထဲကိုတိုးဝင်ပြီး ကြည့်လိုက်တော့ အူတွေအသည်းတွေ ပြောင်းပြန်လန်သွားသလား ထင်ရအောင်ကို ထိတ်လန့်သွားသည်။

သူ... ။

ကောင်းဇော်...။ လက်ထဲမှာ ဗယာကြော် အထုပ်ကလေးကိုင်လျက် ကွေးကွေးကလေး လဲနေသည်။ ခပ်ဟဟပွင့်နေသော ပါးစပ်မှာ မိုးရေကြောင့် စင်ထားသည့်သဲတွေ ကပ်လို့၊ မြေကြီးနှင့်ထိနေသော ဦးခေါင်းဘက်မှာ မိုးရေစီးကြောင်းက သဲတွေ စုပြုံ၍နေသည်။

စုစုဟန် ရင်ထဲတစ်ချက်ဆို့သွားပြီး... တစ်ခါတည်း လဲကျသွား၏။ ထို့ကြောင့် စုစုဟန်ကို သူ့အိမ်ထဲသို့ ပွေ့၍သွင်းလိုက်ကြရသည်။

'အတူတူလက်တွဲ အလုပ်လုပ်နေတဲ့ သူငယ်ချင်းတွေဆိုတော့ စိတ်မကောင်း အရမ်းဖြစ်သွားတာနေမှာပေါ့' ဟု မိန်းမကြီးတစ်ယောက်က မှတ်ချက်ချသည်။

မကြာမီ တာဝန်ရှိရပ်ကွက်လူကြီးများ၊ ရဲစခန်းမှ ရဲများနှင့် ဆရာဝန်တို့ ရောက်လာသည်။ ကွေးကွေးကလေးဖြစ်နေသော ကောင်းဇော်ကို မှုခင်းဆရာဝန်က သေသေချာချာ စစ်ဆေးသည်။ နောက်ဆုံးအဖြေက ရှင်းသည်။

'ဒါ လူသတ်မှုမဟုတ်ဘူး၊ အဆုတ်အအေးပတ်ပြီး သေတာ၊ သေတာကတော့ ရှစ်နာရီလောက်ကပဲ၊ တစ်ကိုယ်လုံးမှာ ဘာဒဏ်ရာမှ မရှိဘူး'

ထိုစဉ် လူအုပ်ကြားထဲသို့ မိန်းမကြီးတစ်ယောက် အော်ဟစ်ငိုယိုရင်း ပြေးလာသည်။ ကောင်းဇော်၏ အဒေါ်ဖြစ်၏။





'အမလေး... ငါ့တူရဲ့၊ အဖြစ်ဆိုးလှချည်ရဲ့ အဖြစ်ဆိုးလှချည်ရဲ့၊ ကြည့်လို့မှ ကောင်းကြသေးရဲ့လား! ထီးကလေးတစ်ချောင်း ဝယ်ပါဆိုတော့ ရပါတယ်ဗျာဆို အခုတော့ နင့်ကို မိုးက သတ်သွားပြီပေါ့ ကောင်းဇော်ရဲ့'

ကောင်းဇော်ကိုယ်မှာ တောင့်ခဲနေသဖြင့် ကွေးနေသောခြေထောက်တွေကိုလည်း ဆန့်၍မရ၊ လက်ထဲမှာ တင်းတင်းဆုပ်ထားသည့် ဗယာကြော်ထုပ်ကိုလည်း ဖြည်၍မရ။ ဗယာကြော်ထုပ်ကို ဆုပ်ကိုင်ထားသော လက်များမှာ မည်သို့ဇာနှင့် ဆုပ်ကိုင်၍သွားသည် မသိ၊ လုံးဝဖြည်၍မရ။

ထိုဗယာကြော်ထုပ်ကို ဝိုင်းဖြည်နေကြချိန်တွင် ထုံးစံအတိုင်း ထွေးထွေးနှင့် အေးမာတို့ စုစုဟန်ကို ဝင်ခေါ်ဖို့လာကြသည်။ ညောင်ပင်အောက်မှာ လူတွေအုံနေသဖြင့် ဝင်ကြည့်တော့ အသက်မရှိတော့သော ကောင်းဇော်နှင့် လူတွေဝိုင်းပြီး ဖြည်နေကြသော ကောင်းဇော်လက်ထဲက ဗယာကြော်ထုပ်ကို တွေ့သွားတော့... သူတို့ ဇာတ်ရည်လည်သွားကြသည်။

စုစုဟန် အိမ်ကိုပြေးကြတော့ အိမ်ထဲမှာ စုစုဟန် ပက်လက်ကလေး လန်နေသည်။ မာလကာရွက်နှင့် သွေးဆေးကို ရောချေပြီး ရှူနေရ၏။ ထွေးထွေးတို့ကိုမြင်ရတော့ ဖက်ပြီး ငိုသည်။ ထွေးထွေးနှင့် အေးမာလည်း ငိုကြ၏။

'နင်သာ ဗယာကြော်မမှာရင် အဲဒီလိုဖြစ်မှာ မဟုတ်ဘူး'

'မပြောပါနဲ့တော့ အေးမာရယ်၊ ငါ... ငါ ရင်တွေအရမ်းတုန်ပြီး မူးရိပ်မူးရိပ်နဲ့ အရမ်းကြောက်နေလို့ပါ'

'နင် ဘာဖြစ်လို့ ထွက်မကြည့်ရတာလဲ!'

'ဒီလောက် မိုးတွေရွာနေတော့... သူ... သူ မလာတော့ဘူးလို့ ထင်လို့...'

'နင်ကလည်းဟယ်၊ ဒီနေ့မှ ရည်းစားဖြစ်တာ သူ မလာဘဲနေပါ့မလား၊ ရောက်အောင်လာမှာပေါ့'

'မိုးတွေမှောင်မဲနေတုန်းမှာ ငါ တစ်ခေါက် ထွက်ကြည့်ပါသေးတယ်၊ သူ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



စုစုဟန်ကှ ကျော်စွာဦး၏ကားပေါ်က ကြည့်တာကိုတော့ မပြောဘဲ ချန်ထားလိုက်သည်။

ထွေးထွေးကတော့ ဘာမှ ဝင်မပြော၊ တအိအိနှင့်သာ ငိုနေသည်။

မှူခင်းဆရာဝန်က စိတ်ကျေနပ်လောက်အောင် စစ်ဆေးပြီးမှ လူသေမှုအဖြစ် သတ်မှတ်ပြီး အလောင်းကို အိမ်သို့ သယ်ခွင့်ပြုလိုက်သည်။

'အမလေး...ငါ့တူရဲ့၊ လေးဖြူစတိတ်ရှိုး ကြည့်ချင်တယ်ဆို၊ အခုတော့ ကြည့်မသွားရပါလား တူကြီးရဲ့၊ ငါးသလောက်ပေါင်း စားချင်တယ်ဆို၊ ငါ့ကို တစ်သက်လုံး လုပ်ကျွေးသွားတဲ့ တူကြီး အသေစောလှချည်လား တူကြီးရဲ့'

ကောင်းဇော်အဒေါ် မစောမြ ငိုအပြောကို မေးငေါ့သူက ငေါ့ကြသည်။ ပြုံးသူက ပြုံးကြ၏။ 'စောစောသေသွားတော့ သူ့ကို လုပ်မကျွေးရတော့လို့ နှမြောပြီး ငိုနေတာ' ဟု ခပ်တိုးတိုး အတင်းတုတ်ကြ၏။

'အလကားပါအေ၊ ကောင်လေးကသာ လုပ်ကျွေးတာ သူက ဟင်းတောင် ကောင်းကောင်းချက်တာ မဟုတ်ဘူး၊ ဒေါ်မြင့်တို့အိမ်က ပိုကာဝိုင်းမှာချည်းပဲ၊ ကောင်လေးက တစ်ပတ်မှာ ငါးရက်လောက် ဆိုင်က ထမင်းနဲ့ ဟင်းပဲ ဝယ်စားနေရရှာတာ...'

'ဟုတ်ပ၊ အခုလည်း ၇-ရက် ၇လီ ပိုကာဝိုင်းမှာပဲ ထိုင်ဦးမှာ မယုံရင်ကြည့်'

'ကောင်လေး သနားပါတယ်ဟယ်၊ အသေဆိုးနဲ့ သေရတာ'

'ဟဲ့...ကောင်းဇော်က စုစုဟန်စားဖို့ ဗယာကြော်လာပေးရင်းနဲ့ မိုးမိပြီး သေတာတဲ့၊ သူတို့က ညောင်ပင်အောက်မှာ ချိန်းတွေ့နေကြတဲ့'

'ဟင်... ဟုတ်လား! ဘယ်သူပြောလဲ...!'

ထို သတင်းစကားပြောသူထံသို့ လူတွေစုသွားပြန်သည်။

ကောင်းဇော် အလောင်းဘေးမှာတော့...ဖြစ်ပြီးခဲ့တာတွေကို ပြောလိုက် ငိုလိုက်နှင့် မိန်းမကြီး၊ မိန်းမလတ်နှင့် ဒေါ်မြင့်တို့ ရှိကြသည်။ တစ်ယောက်





က ပြောပြောပြီး ငိုနေချိန်တွင် ကျန်လေးယောက်က စောင့်နေကြ၏။ ထိုသူ ပြောပြီးသွားတော့မှ နောက်တစ်ယောက်က တစ်မျိုးပြော၍ ငိုပြန်သည်။ ထိုအခါ ကျန်လေးယောက်က စောင့်ကြပြန်၏။

ပြဇာတ်ကနေသလို ထင်ရသည်။ တစ်ယောက်တစ်လှည့် ပြောချင်တာကလေးတွေပြောပြီး ငိုရတာကို နံဘေးက အကဲဖြတ်နားထောင်နေသူတွေကလည်း ရှိ၏။

ထိုအချိန်တွင် နာရေးကူညီမှုအသင်းမှ ကားရောက်လာသည်။ ရာအိမ်မှူးဦးထွန်းထွန်းက Phone ဆက်ခေါ်လိုက်သည့်အတွက် ဖြစ်သည်။

ကားပေါ်မှ ဆင်းလာသူက မင်းသမီး ဆုရွှန်းလဲ့။

'ဟယ်... ဆုရွှန်းလဲ့ဟဲ့... ဆုရွှန်းလဲ့'

ငိုနေသူတွေ ရပ်သွားကြသည်။ ပြီးတော့ လိုအပ်တာတွေကို မေးမြန်းရေးမှတ်၊ ယူစရာရှိတာတွေယူနေသော မင်းသမီးအနားမှာ လူတွေအုံနေကြသည်။

ရပ်ကွက်ထဲမှ သတင်းကြားသူတွေကလည်း အပြေးအလွှား လာရောက်ကြည့်ကြ၏။

'မင်းသမီးလေးက ချောတယ်နော်'

'မင်းသမီးဖြစ်ပေမယ့် မာနမရှိဘဲ ဒီလိုလူမှုရေးအလုပ်တွေကို လုပ်ရဲတာ ငါတော့ ချီးကျူးတယ်ဟေ့'

'အသားက ဖွေးနေတာပဲနော်'

ထိုအချိန်တွင် ကောင်းဇော် အလောင်းကတော့ အိမ်ပေါ်မှာ တစ်လောင်းတည်း ဆန့်ဆန့်ကလေးဖြစ်နေ၏။ လူတွေအားလုံးက မင်းသမီးအနားမှာသာ ဝိုင်းအုံနေကြသည်။

'မင်းသမီးလေး အိမ်ပေါ်တက်ပါဦးလား!'

'မတက်တော့ဘူး အန်တီ၊ ကျွန်မတို့ ကွယ်လွန်သူအတွက် လုပ်စရာရှိတာလေးတွေ ဆက်လုပ်စရာတွေ ရှိသေးလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဇော်အလောင်းကို တာဝန်ရှိသူ ၂-ဦးက ကားပေါ်သို့တင်သည်။

ဆုရှန်းလဲ့က လိုအပ်သော စာရွက်စာတန်းတွေကိုယူပြီး ကားလေး မောင်းထွက်သွားသည်ကို ကောင်းဇော်တို့အိမ်ရှေ့မှ လူအုပ်ကြီးက ငေး၍ ကျန်ရစ်ခဲ့သည်။

လူအုပ်ကြီးထဲက လူတစ်ယောက်က မှတ်ချက်ချသည်။

'သေယန်းပွင့်တယ်ဆိုတာ ဒါပဲပေါ့ကွ၊ မင်းသမီးကိုယ်တိုင်က လာသယ်ရတာ၊ ဒါမျိုးမင်းသမီးလေးတွေ လာသယ်မယ်ဆိုရင် ဆယ်ခါပြန်သေရဲတယ် ဟေ့'

'ခင်ဗျားအလှည့်ကျရင် ကိုအုံ့ကျော်ကြီးကိုပဲ လွှတ်မှာ'

လူတွေ ဝိုင်းရယ်ကြသည်။ အသုဘအိမ်သည် ပျော်စရာကြီး ဖြစ်နေလေသည်။

■





## အခန်း (၂)

အိပ်ရာကနိုးလာတော့ လူတစ်ကိုယ်လုံးက ပေါ့ပါးနေတာကို ပထမဦးဆုံး သတိထားမိတယ်။ အရင်တုန်းကဆိုရင် ဒီလိုဘယ်ဟုတ်မလဲ...မိုးကလေး အုံ့လာတာနဲ့ ဖွဲဖွဲကလေးရွာတာနဲ့ ရင်ထဲက ကြပ်တတ်တတ်ဖြစ်လာတာ၊ ချောင်းတစ်ချက်ဟပ်လိုက်ရင် သလိပ်တွေပါလာရော... ဆရာဝန်ကတော့ တီဘီဖြစ်ချင်တာဆိုလား၊ ဖြစ်နေတယ်ဆိုလား ပြောတာပဲ၊ မြို့နယ်ဒေသန္တရ ဆေးခန်းမှာ တီဘီဆေးကို ခြောက်လသောက်ရမယ်တဲ့။

ပထမတော့ သွားယူပြီး သောက်ပါသေးတယ်၊ ဒါပေမယ့် တစ်နေ့လုပ် မှတစ်နေ့စားဘဝမှာ ဘယ်နဲ့ ဒီတီဘီဆေးကို တကူးတကကြီး သွားယူပြီး သောက်နေနိုင်မှာလဲ !။

ကျွန်တော် ညောင်ပင်ကုန်းမှာ မတ်တပ်ရပ်ပြီး စဉ်းစားနေမိတယ်။ ဘာဖြစ်လို့ ကျွန်တော် ဒီညောင်ပင်ကုန်းမှာ လာအိပ်ပျော်နေတာလဲပေါ့လေ... ဒါပေမယ့် ဘယ်လိုမှ စဉ်းစားမရတော့ဘူး။ ဒါနဲ့ ဆက်မစဉ်းစားတော့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နေလို့ထိုင်လို့ အရမ်းကောင်းနေတာ၊ ပေါ့ပါးပြီး ရွှင်မြူးနေတာ အဲဒါကိုပဲ ဝမ်းသာနေမိတယ်။ ဒါနဲ့ ကျွန်တော်လည်း ညောင်မြစ်ပေါ်မှာ ထိုင်ရင်း လေချွန်နေမိတယ်။

အဲဒီအချိန်မှာပဲ ညောင်ပင်ကုန်းပေါ်က ကိုလှဌေးနဲ့ မသန်းသန်းဌေးတို့ စကားအပြန်အလှန်လုပြောရင်း ဆင်းလာကြတာကို ကျွန်တော် မြင်ရတယ်၊ သူတို့ ကိုသန်းမင်းဆီမှာ နှစ်လုံးဘောင်ချာ သွားအပ်မလို့ဆိုတာ ကျွန်တော် သိတာပေါ့၊ သူတို့ကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲမှာ ၂၆-ဆိုတဲ့ ဂဏန်းကို ထိုးချင်စိတ်ပေါ်လာတယ်၊ ဒါနဲ့ ကိုလှဌေးကို လှမ်းပြုံးပြရင်းနဲ့ ညောင်ပင်ပေါ် ကုန်းကနေ ဆင်းလိုက်တယ်။ ကိုလှဌေးတို့က ကျွန်တော့်ကို မမြင်ပါဘူး၊ ညောင်ပင်နားရောက်မှ ပိုပြီး ခပ်သွက်သွက် ဖြစ်လာသလိုပဲ။

ဒါနဲ့ ကျွန်တော်လည်း သူတို့ရှေ့ကို ညောင်ပင်ကုန်းပေါ်ကနေ ခုန်ချ လိုက်တယ်။ ဒါပေမယ့် သူတို့က လန့်မသွားကြဘူးခင်ဗျ၊ ကျွန်တော်စ,တာ အချည်းအနှီး ဖြစ်သွားတာပေါ့ခင်ဗျာ။

'မသန်းဌေး ကျွန်တော့်ကို ၂၆-တစ်ကွက် အငါးရာဖိုးလောက် ထည့် ပေးစမ်းပါဗျာ'

မသန်းဌေးက ကျွန်တော်ပြောတာကို မကြားဘူးခင်ဗျ၊ မကြားတဲ့အပြင် ကျွန်တော့်ကို ဂရုလည်းမစိုက်ဘူး။ ကျွန်တော်က အတင်းအော်ပြီးခေါ်တာလဲ လှည့်မကြည့်ဘူး။ ဒါနဲ့ပဲ ကျွန်တော်လည်း မသန်းဌေးရဲ့လက်ကို ဆွဲတော့ ဆွဲလို့မရဘူး၊ အဲဒီအချိန်မှာပဲ မသန်းဌေးရဲ့ ညာဘက်ပခုံးပေါ်က မိန်းမတစ် ယောက် ခုန်ချလာတယ်၊ ကျွန်တော် အံ့သြလွန်းလို့ ကိုယ့်မျက်စိတောင် ကိုယ် မယုံဘူးဖြစ်နေတာ။

'ဟဲ့... ဘာဖြစ်လို့ လက်ဆွဲရတာလဲ၊ ကိုယ့်ဘာသာ ငြိမ်ငြိမ်နေနော်၊ အခုမှ ဒီဘဝရောက်ပြီး အူကြောင်ကြောင် လာမလုပ်နဲ့'

ကျွန်တော် အံ့သြလွန်းလို့ ပါးစပ်ကို ပြဲနေတာပဲ။ အဲဒီမိန်းမက အသက် အစိတ်လောက်ပဲ ရှိဦးမှာပါ။ ဝတ်ထားတာက လူတွေဝတ်သလို မဟုတ်ဘူး





ခင်ဗျ။ ဘယ်လိုလဲဆိုတာကိုလည်း ကိုယ့်ဆရာတို့နားလည်အောင် ကျွန်တော် ပြောမပြတတ်ဘူး။

'ခင်ဗျားက ဘယ်သူလဲ! ကျွန်တော်က မသန်းဌေးနဲ့ တစ်လမ်းတည်း နေတာ၊ ကျွန်တော်ခေါ်တာ ဘာဖြစ်လဲ'

'အေး... အရင်တုန်းက ဟုတ်တယ်၊ ခု နင်နဲ့ မသန်းဌေးက ဘဝမတူတော့ဘူး'

သူပြောပုံက အားရပါးရကြီးခင်ဗျ၊ ပြီးတော့ သူက ကျွန်တော့်ကို အထက်စည်းကနေ ပြောနေတာ၊ သူ့ကို တအံ့တသြကြည့်ရင်းနဲ့ ကျွန်တော် တစ်ခုသတိရသွားတယ်။ ခုနက ကျွန်တော်မြင်တာ ကိုလှဌေးနဲ့ မသန်းသန်း ဌေးတို့ မောင်နှမနှစ်ယောက်တည်းပါ၊ အခု ဒီမိန်းမက ဘယ်ကနေ ရောက် လာရတာလဲ!။

'နေစမ်းပါဦး၊ ခုနက ကျွန်တော်မြင်တာ မသန်းသန်းဌေးနဲ့ ကိုလှဌေးတို့ ၂-ယောက်တည်းပါ။ ခင်ဗျားက ဘယ်ကရောက်လာတာလဲ!'

'အောင်မာ ဒီနေ့မှ ဒီဘဝရောက်တဲ့ကောင်ကများ ငါ့ကို စစ်လားဆေး လားနဲ့၊ နင့်ဘာသာ အေးဆေးနေ၊ နင်နဲ့ မသန်းဌေးတို့က ဘဝမတူတော့ဘူး လို့ပြောပြီးနေပြီ'

'ဘဝမတူတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်က အမွေးတိုင်ရုံမှာ လုပ်တယ်၊ သူတို့က နှစ်လုံးရောင်းတယ်လေ... အဲဒါ ဘာဖြစ်လဲ!'

'နင် တော်တော်စကားရှည်တယ်၊ ကိုယ့်ဘဝကိုယ်သိဒါပဲ'

ကျွန်တော် ပြန်ပြောမယ်လုပ်တော့၊ ရုတ်ခနဲ အဲဒီအမျိုးသမီးက ပျောက် သွားတယ်ခင်ဗျ၊ ကျွန်တော်လည်း တော်တော်လေး အူကြောင်ကြောင်ဖြစ် သွားတယ်။ ငါ ဘာတွေဖြစ်နေတာလဲလို့ စိတ်ထဲမှာလည်း တွေးမိတယ်။

နောက် ခုနကအမျိုးသမီးဝတ်ထားတဲ့ အဝတ်အစားကိုလည်း ဘယ်သူ ဝတ်တာမှ ကျွန်တော် မမြင်ဖူးဘူး၊ ပိတ်စကို ပတ်ထားတာလား၊ ခြုံထား တာလား တစ်ခုခုပဲ။ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ပဲ ညောင်ပင်ကုန်း ပေါ် ပြန်တက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏာ ဟိုင်ေးဒီင်ေးလုပ်နေတုန်း နောက်ကနေ ပခုံးကိုလက်တို့ပြီး ‘ဒီမှာ’ …‘ဒီမှာ’ ဆိုတဲ့ခေါ်သံကြောင့် လှည့်ကြည့်တော့ လူတစ်ယောက်ခင်ဗျ၊ အပေါ်ပိုင်းမှာ အင်္ကျီကဗလာနဲ့ ဦးထုပ်အရွယ်လောက်ရှိတဲ့ ရေခဲမုန့်ခွက်ကလေးကို ဆောင်းထားတယ်။ အောက်ပိုင်းမှာက အလျှူတွေဘာတွေသွားရင် လူကြီးတွေထုတ်ဝတ်လေ့ရှိတဲ့ ပုဆိုးမျိုးကို ခါးတောင်းကျိုက်လို့ခင်ဗျ။ ဒီတော့ ကျွန်တော်လည်း သူ့ပုံစံကြည့်ပြီး ရယ်ချင်သွားတာပေါ့။ သူက ကျွန်တော်ထက်အသက်ကြီးပုံရတော့ ရယ်လိုက်ရင် မသင့်တော်ဘူးဆိုပြီး ကြိတ်မှိတ်အောင့်အီးထားပေမယ့် ဘယ်လိုမှ ထိန်းလို့မရဘူးခင်ဗျ၊ ကျွန်တော် ရယ်မိသွားတယ်။ ရယ်ရင်းရယ်ရင်း ထိန်းလို့မရတော့ဘဲ အားရပါးရကြီးကို ရယ်မိသွားတယ်။

သူက သူ့ကိုကြည့်ပြီး ကျွန်တော်ရယ်တာကို စိတ်ဆိုးတဲ့ပုံမပြဘဲနဲ့ လက်ပိုက်ပြီး အေးအေးဆေးဆေးပဲ ကြည့်နေတယ်ခင်ဗျ။ ကျွန်တော့်ရယ်သံတဖြည်းဖြည်း ကျဲကျဲသွားတော့မှ သူက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ကျွန်တော့်ကို သနားကြည့်နဲ့ကြည့်နေတယ်လို့ ကျွန်တော်ထင်တာနဲ့ ရယ်နေတာကို ရပ်ပစ်လိုက်တယ်။

‘ခင်ဗျားက ဘယ်သူလဲ!’

‘ငါ ဘယ်သူလဲဆိုတာက အရေးမကြီးပါဘူး၊ ဘယ်နေရာမှာ နေရမယ်မှန်းမသိ၊ ဘယ်ကိုရောက်မယ်မှန်း မသိဘဲနဲ့ မင်းက အားရပါးရ ရယ်နေနိုင်တာကို အံ့သြနေတာပါ’

‘ခင်ဗျားပုံက ရယ်စရာကြီးကိုဗျ၊ ခင်ဗျားက ဘာဖြစ်လို့ အဲဒီလိုဝတ်ထားရတာလဲ၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့…’

ကျွန်တော့်စကားကြောင့် ဒီလူ စိတ်ဆိုးသွားမယ်ထင်တာ စိတ်မဆိုးဘူးခင်ဗျ။ စိတ်မဆိုးတဲ့အပြင် ကျွန်တော့်ကို သနားကြည့်နဲ့ ဆက်ကြည့်နေတုန်းပဲ။

‘မင်း အခု ဘယ်ကိုသွားမှာလဲ!’

‘ဘယ်သွားရမှာလည်း ကျွန်တော့်အိမ် ကျွန်တော်ပြန်မှာပေါ့’





‘မင်းအိမ်ကို မင်း ပြန်လို့မရတော့ဘူး’

‘ဘာဖြစ်လို့ ပြန်လို့မရရမှာလဲ၊ ကျုပ်အိမ်ကိုကျုပ် ဘယ်အချိန်ပြန်ပြန်ရတယ်’

စကားဆုံးတာနဲ့ ကျွန်တော်လည်း ညောင်ပင်ကုန်းကနေ ခုန်ချဆင်းလိုက်တယ်၊ ငါ ဒီနေ့ ဘယ်လိုလူတွေနဲ့ တွေ့နေပါလိမ့်ပေါ့လေ။ ကျွန်တော်အိမ်ကို အေးအေးဆေးဆေးပဲ ပြန်ခဲ့တယ်။ ပြန်လာတဲ့လမ်းတလျှောက်မှာ ကျွန်တော်တို့ရပ်ကွက်ထဲကရော ဟိုဘက်ရပ်ကွက်ထဲကရော လူတွေ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပြန်လာကြတာကို တွေ့ရတယ်။ ကျွန်တော်တို့လမ်းရဲ့ ဘယ်ဘက်အခြမ်းက ဟိုဘက်ရပ်ကွက်လေ…။ အဲဒီလိုလာတဲ့လူတွေက ကျွန်တော့်ကို နှုတ်မဆက်ပါဘူး၊ ကျွန်တော်ကလည်း အရင်ကတည်းက ခပ်မှန်မှန် ခပ်အေးအေးနေတဲ့လူဆိုတော့ လူချစ်လူခင်လည်း မများဘူး၊ လူမုန်းလည်း သိပ်မရှိပါဘူး၊ ဆိုလိုတာက ဒီလိုလမ်းတွေဘာတွေမှာ ကျွန်တော့်ကို လိုက်လိုက်လှဲလှဲပြုံးပြ နှုတ်ဆက်လေ့ရှိတဲ့သူမရှိသလို၊ ကျွန်တော်ဘက်ကလည်း မရှိပါဘူး။ တချို့တလေကိုတော့ အသံတိတ် ပြုံးပြရုံ၊ ခေါင်းတစ်ချက်ဆတ်ပြရုံနဲ့ ပြီးပါတယ်။

အဖေအမေမရှိတဲ့ သား၊ အဒေါ်အိမ်မှာ ကပ်နေရတဲ့ သား ဆိုတော့ လူမှုရေးအရ အညံ့ကိုပဲ ခံစားရပါတယ်။ ဒီလိုပဲပေါ့ဗျာ။

လူတွေဟာ ခက်တယ်ဗျာ၊ ငါတို့က အဆင့်အတန်းမခွဲဘူး၊ လူကိုလူလိုပဲမြင်တယ်၊ ဘာညာ လျှောက်ပြောနေကြပေမယ့် တကယ်တမ်းကျတော့ အများလုပ်သလို လိုက်လုပ်နေကြတာပါပဲ။

မြေနီလမ်းကလေးကို ကွေ့လိုက်တော့ ကျွန်တော့်အိမ်ကို တွေ့ရတယ်၊ ကျွန်တော့်အိမ်ထဲက လူလေးငါးယောက်ထွက်လာတာ တွေ့ရတော့ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ လမ်းမှာလည်း လူလေးငါးယောက်တစ်တွဲစီ သုံးလေးခါလောက် တွေ့ခဲ့တာကိုး…

အဒေါ် တစ်ခုခုများ ဖြစ်သလားလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ အဒေါ်ဆီမှာက သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ရှိတာကိုး။ အဒေါ် တစ်ခုခုဖြစ်ရင် ကျွန်တော့်အတွက် မှီခိုစရာမလွယ်ဘူး မဟုတ်လား!။ ဒါနဲ့ အိမ်ဆီ ခပ်သုတ်သုတ်လာခဲ့ရတယ်။

ကျွန်တော့်အိမ်ရဲ့ လှေကားထိပ်ကိုရောက်တော့ လူတစ်ယောက်က ရှေ့ကနေကာပြီး လာရပ်တယ်။ ကျွန်တော်ကြည့်တော့ အဲဒီလူကို ကျွန်တော် မသိဘူးဖြစ်နေတယ်။ သူ ဝတ်ထားတာက ဂုံနီအိတ်အရောင် ပိတ်စတစ်ခုကို ပတ်ထားတာပါပဲ။ ပထမ သူ ဒီဘက်ကိုကူးမယ်ထင်လို့ ကျွန်တော်က တံတားလေးပေါ်မတက်သေးဘဲ လမ်းဖယ်ပေးထားပါတယ်။ ဒါပေမယ့် သူက တံတားပေါ်မတက်ပဲ ဟိုဘက်တံတားထိပ်မှာ ရပ်မြဲပဲ ရပ်နေတယ်။

ဒါနဲ့ကျွန်တော်လည်း တံတားပေါ်တက်ပြီး ခြံထဲဝင်မယ်ပေါ့၊ ကျွန်တော် လာနေတာတွေ့ရင် သူ ဖယ်ပေးရမှာကို ဖယ်မပေးဘူးခင်ဗျ။

'ကျွန်တော် အိမ်ထဲဝင်မလို့'

'မင်း အိမ်ထဲဝင်လို့မရတော့ဘူး'

'ဟား... ကျွန်တော့်အိမ်ထဲ ကျွန်တော်ဝင်တာ ဘာဖြစ်လို့ဝင်လို့မရရမှာလဲ!'

'မင်းက လူမှမဟုတ်ဘဲ'

'ခင်ဗျား စကားပြောရိုင်းလှချည်လား ခင်ဗျားကရော ဘယ်သူလဲ! ကျုပ်အိမ်လည်း လာသေးတယ်၊ ကျုပ်ကိုလည်း စော်ကားသေးတယ်'

'အေး... မင်းဘာလို့ ခြံထဲဝင်လို့မရတာလဲဆိုတော့ မင်းက သေပြီလေ...'

ဒီလူကြီးစကားဆုံးတော့ ကျွန်တော် ရယ်ချင်သွားတယ်။ ကျွန်တော့် အဒေါ်က အပေါင်းအသင်း စည်းကမ်းကြီးတဲ့လူပါ။ ဒီလို အူကြောင်ကြောင် ငနဲတွေနဲ့ အပေါင်းအသင်း မလုပ်တတ်ပါဘူး။

'ကဲ... ပေါက်ကရတွေ ပြောမနေနဲ့ ဖယ်သာဖယ်စမ်းပါဗျာ၊ ကျွန်တော် ရေမိုးချိုးပြီးရင် အလုပ်သွားရဦးမှာ...'

'မင်း ဝင်ခွင့်မရှိတော့ဘူးလို့ ငါ ပြောပြီးပြီပဲ'





'ဟား... ဒုက္ခပါပဲ၊ ဒီနေ့ ငါ ဘာတွေဖြစ်နေလဲကို မသိဘူး'

ကျွန်တော့်စကားဆုံးတော့ တံတားထိပ်က ပိတ်ရပ်နေတဲ့လူ ဝတ်စား ထားတဲ့အတိုင်း နောက်ထပ်လူတစ်ယောက် ထပ်ရောက်လာတယ်။ ဒီဒုတိယ လူက ပထမလူထက် အသက်ကြီးတယ်။

'မင်း တားထားလိုက် ငါ သွားမေးလိုက်မယ်'

စကားဆုံးတော့ ပထမလူ ပျောက်သွားတယ်၊ ကျွန်တော်နဲ့ မျက်နှာချင်း ဆိုင်နေရာကနေ အနောက်ဘက်ကို လှည့်လိုက်တာနဲ့ အဲဒီလူ ပျောက်သွားတာ ပဲ။ ကျွန်တော်လည်း ဒုတိယလူကို ဘာမှမပြောတော့ဘဲ ခြံထဲခပ်သွက်သွက် ဝင်လိုက်တယ်၊ ဒါပေမယ့် ဝင်လို့မရဘူးခင်ဗျ။ လေပူဖောင်းလို ခပ်ပျော့ပျော့ အရာတစ်ခုက ခြံထဲကို ကျွန်တော်ဝင်တာနဲ့ အိခနဲ အိခနဲ တားထားတယ်။

ပြဿနာပဲ။

ကျွန်တော့်ရှေ့မှာ ဘာမှမရှိဘူးဆိုတာ ကျွန်တော်မြင်နေရဲ့သားနဲ့ ဝင်လို့ မရဘူးဖြစ်နေတယ်။ အဲဒီလေပူဖောင်းလို ပျော့စိစိအရာက ကျွန်တော်နဲ့ ဒုတိယလူရဲ့ကြားမှာ ခြားထားတာပါ။

'ခင်ဗျားက ဘယ်သူလဲ!'

'ငါက... ဒီခြံစောင့်နတ်'

'မနောက်ပါနဲ့ ဦးလေးရာ'

'မင်းကို ငါက နောက်ရမှာလား!'

'ကျွန်တော် ဒီနေ့ ဘာတွေဖြစ်နေလဲ မသိဘူး၊ ကျွန်တော်နဲ့တွေ့ရတဲ့ လူတွေအားလုံးက အူကြောင်ကြောင်တွေချည်းပဲ၊ ညောင်ပင်အောက်မှာလည်း တစ်ယောက်တွေ့ခဲ့တယ်၊ အင်္ကျီလည်း မပါဘူး၊ ခါးတောင်းကျိုက်နဲ့ ရေခဲမုန့် ခွက်ကို ဆောင်းလို့'

'အဲဒါ ပညောင်ပင်စောင့်နတ်ကွ'

'ပေါက်ကရရှစ်ဆယ်ဗျာ...'

ကျွန်တော် စိတ်ပျက်လက်ပျက်ပြောရင်းနဲ့ ရှေ့ကိုတိုးလိုက်တော့ ပူဖောင်း



www.burmeseclassic.com

www.burmeseclassic.com



လို ပျော့စိစိအရာက တားထားတုန်းပဲ။ ကျွန်တော် လက်နဲ့တွန်းဖယ်တယ်၊ မရဘူး။ ပျော့စိစိအရာက ရှိနေတာပဲ။ ရှိသမျှအားနဲ့ အတင်းတိုးတယ် sorry ပဲ ဖြစ်နေတယ်။

'အထဲဝင်လို့မရအောင် ခင်ဗျား လုပ်ထားတာလား'

'ဟုတ်တယ်'

'ဘာနဲ့လုပ်ထားတာလဲ!'

'ငါ့မှာရှိတဲ့ တန်ခိုးဣဒ္ဓိပါဒ်နဲ့'

'ဒါဆိုရင်တော့ ပေါက်ကရရှစ်ဆယ့်တစ် ဖြစ်သွားပြီပေါ့ဗျာ'

ကောင်းဇော်က ပခုံးကိုတွန့်ရင်း ခပ်လျော့လျော့ရယ်ရင်း ပြောသည်။ သူ ဘာတွေဖြစ်နေတာလဲ ဆိုတာကိုတော့ သူ့ကိုယ်သူ မယုံနိုင်စရာတွေ၊ မကြုံဘူးတာတွေ ဖြစ်နေသည်ဟု သိပြီး ကိုယ့်ကိုယ်ကို ပြန်အံ့သြနေမိသည်။

ရှေ့တစ်လှမ်းတိုးသည်... ပျော့စိစိကလေးတားထားပြန်၏။ မလွယ်ပါလား!။

ထိုအချိန်မှာပင် ပထမလူ ပြန်ရောက်လာသည်။ ဘယ်လို ရောက်လာတယ်ဆိုတာကိုတော့ ကျွန်တော် မမြင်လိုက်။

'ဘိုးဘိုးက ဝင်ခွင့်ပေးလိုက်တဲ့'

ပထမလူစကားဆုံးတော့ ဒုတိယလူကပြုံးပြီး ခေါင်းကိုညိတ်သည်။ ပြီးတော့ ကျွန်တော့်ကို ကျောခိုင်းလိုက်ကြတော့ နှစ်ဦးစလုံး ကျွန်တော့်ရှေ့က ပျောက်သွားတော့မှ ကျွန်တော် တော်တော် ထိတ်လန့်သွားသည်။

ကျွန်တော် အိပ်မက်များ မက်နေတာလား! ဟု တွေးမိသေးသည်။ သို့သော် အိပ်မက်မက်နေသူသည် သူ အိပ်မက်မက်နေကြောင်းကို မသိဟု စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးသည်။ ဒါဆိုလျှင်... ကျွန်တော် ဘာဖြစ်နေတာလဲ!။

ကျွန်တော် စဉ်းစားမနေတော့ဘဲ ခြံထဲသို့ ခပ်သုတ်သုတ်ဝင်လိုက်သည်။ ဒီတစ်ခါ ပျော့စိစိတွေဘာတွေ မတွေ့ရတော့ဘဲ အိမ်တံခါးဝကိုရောက်တော့





ဖိနပ်တွေ တော်တော်များတာကို တွေ့ရတယ်။ ကျွန်တော်စိတ်ပူတာ မှန်နေပြီပေါ့၊ အဒေါ် ဘာများဖြစ်နေပါလိမ့်!။

အိမ်ပေါ်ကိုရောက်တော့ အဒေါ့်ကို ဘုရားခန်းရှေ့မှာ ထိုင်လို့ အေးအေးဆေးဆေးပဲ တွေ့ရပါတယ်။ ပြီးတော့ မိန်းမကြီးလေးငါးယောက်၊ ယောကျ်ားကြီးလေးငါးယောက် ထိုင်နေတာလည်းတွေ့တယ်။ ဒါနဲ့ အဒေါ်မြင်လောက်တဲ့ နေရာမှာရပ်ပြီးတော့ ကျွန်တော်အဒေါ့်ကို ကြည့်ပါတယ်။

'အဒေါ် ဘာတွေ ဖြစ်နေကြတာလဲဗျ'

ကျွန်တော့်စကားကို အဒေါ်က မကြားပါဘူး။ ကျွန်တော့်ကိုလည်း လှမ်းမကြည့်ဘူး၊ အဒေါ်တင်မဟုတ်ဘူး အဒေါ်နဲ့ ထိုင်စကားပြောနေကြတဲ့ လူတွေကလည်း ကျွန်တော်ပြောတာကို မကြားကြဘူး။

ကျွန်တော်လည်း စိတ်တိုတိုနဲ့ လူတွေကိုကျော်ပြီး အဒေါ်ရှိတဲ့ဘက်ကို လျှောက်သွားတော့မှ တွေ့လိုက်ရတဲ့အရာကြောင့် ကျွန်တော် ခေါင်းနပန်းကြီးသွားတယ်။

ခုံကလေးတစ်ခုံပေါ်မှာ ကျွန်တော့်ဓာတ်ပုံနဲ့ ထမင်းနဲ့ဟင်းထည့်ထားတဲ့ ပန်းကန်တစ်ချပ်နဲ့ စီးကရက်တစ်လိပ်က မီးလောင်လို့...

ဒါ... ဆိုရင် ကျွန်တော်ဟာ... ။

ခြံရှေ့မှာတွေ့ခဲ့တဲ့ လူကြီးပြောသလို သေပြီပေါ့။

အဒေါ်နဲ့အနားမှာ ဝိုင်းထိုင်နေကြတဲ့ ယောကျ်ားကြီးတွေနဲ့ မိန်းမကြီးတွေက ကွာစေ့နဲ့ ပဲကြီးလှော်တွေနှိုက်စားရင်း အဒေါ်နဲ့ စကားပြောနေတယ်။

'အလောင်းက သယ်သွားပြီဆိုပေမယ့် အိမ်မှာ တစ်ယောက်တည်းတော့ ဘယ်ဖြစ်မလဲ! စိန်မောင်တို့ တောက်ထွန်းတို့ ကျော်ကျော်တို့ ကိုသန်းမင်းတို့ အတွက် ရှိုးဖြစ်ဖြစ်၊ ရှမ်းကိုးမီးဖြစ်ဖြစ် တစ်ပွဲရယ်၊ တို့အတွက်ကတော့ ဗိုကာဝိုင်းတစ်ဝိုင်း ဒါပါပဲ'

'အေးလေ... ငါကလည်း အဲဒါတွေ သိပ်နားမလည်တော့ နင်တို့တာနဲ့ ယူတယ်ဆိုရင် လုပ်ကြပေါ့၊ ငါ့တူမလင်မယားနဲ့ ငါ့အစ်ကိုကိုတော့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတာပဲ... သင့်တော်သလိုသာ လုပ်ကြပေါ့ဟယ်၊ ငါ့တူလေး ကံဆိုးရှာပါတယ်ဟယ်'

အဒေါ်က ကြိတ်ငိုငိုပြန်တယ်။

'ကျွန်တော်က ဒီမှာဗျ' လို့ ကုန်းအော်ပေမယ့် အဒေါ်က နည်းနည်းကလေးမှ ကျွန်တော့်အသံကို ကြားပုံမရဘူး။ အဒေါ်တင်မဟုတ်ဘူး ဘယ်သူမှ ကြားကြပုံမရဘူး၊ တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ။

'အကောက်တို့ ဘာတို့ အားလုံးအတွက် ကျွန်တော်တို့ တာဝန်ယူတယ်ဗျာ၊ ခေါ်မိလှ ဒါတွေကို ဘာမှ စိတ်ထဲထည့်မနေနဲ့၊ စိတ်သက်သာအောင်သာနေ၊ ကျန်တာတွေ ကျွန်တော်နဲ့ ကိုထွန်းထွန်းတို့ တာဝန်သာထား'

'အေးပါ... အေးပါ နင်တို့ကောင်းသလိုသာ ကြည့်လုပ်ပါတော့'

အဒေါ်က မျက်ရည်သုတ်ရင်း ဆိုသည်။

ကျွန်တော်လည်း အခုမှ လန့်ဖျန့်ပြီး ဘာလုပ်ရမယ်မှန်း မသိတော့၊ သူတို့အပြော သူတို့အတွေ့အကြုံနဲ့ဆိုလျှင် ကျွန်တော်သည် သေတာသေချာပြီ။ ကျွန်တော် အိမ်ပေါ်ကနေ ချက်ချင်းပြေးဆင်းလာခဲ့တယ်။ ခုနက လူနှစ်ယောက်နဲ့တွေ့ဖို့ လိုအပ်နေပြီမဟုတ်လား!။

ကျွန်တော် ခြံထိပ်ရောက်ရင်ပဲ ပထမလူကို တံခါးနားမှာ တွေ့ရတယ်၊ ကျွန်တော် ထိတ်လန့်နေတယ်၊ ဝမ်းနည်းနေတယ်၊ ငိုချင်နေတယ် ဒါပေမယ့် ငိုလို့မရဘူးဆိုတာကိုလည်း ကိုယ့်ဘာသာသိနေတယ်။ ကျွန်တော် ပထမလူကို အားကိုးတကြီးနဲ့ မေးရတယ်။

'ဦးလေး... ဦးလေး... ကျွန်တော် သေပြီတဲ့ခင်ဗျ၊ လုပ်ပါဦး ကျွန်တော် ဘာဆက်လုပ်ရမလဲ!'

'မင်းကိစ္စက ငါတို့နဲ့မဆိုင်ဘူးကွ၊ မင်း ညောင်ပင်အောက်ကိုပဲ ပြန်သွား'

'ဟာ... ဦးလေးကလည်း ဦးလေးက ကျွန်တော်တို့ခြံကို စောင့်ရှောက်တဲ့နတ်ဆို ကျွန်တော့်ကို ပြန်ရှင်အောင် လုပ်ပေးလို့မရဘူးလား!'

'မရဘူး၊ ငါ့တာဝန်က ဒီခြံကို စောင့်ရှောက်ဖို့ပဲ တာဝန်ရှိတာ၊ ငါပြောတဲ့





စကားကိုသာ မင်း နားထောင်ပါကွာ၊ ညောင်ပင်ဆီပြန်သွား'

ပြောပြီးတာနဲ့ အဲဒီလူ ပျောက်သွားတယ်။ ကျွန်တော်လည်း စိုးရိမ်ထိတ်လန့်ပြီး ညောင်ပင်ကုန်းကို ပြန်လာခဲ့တယ်။ လမ်းမှာတွေ့တဲ့ လူတွေကို ကျွန်တော် ခေါ်တယ်၊ စကားပြောတယ်။ ဒါပေမယ့် သူတို့က ကျွန်တော့်ကို ဘာတစ်ခုမှ မတုန့်ပြန်ကြဘူးခင်ဗျ။

အဲဒီလိုတွေ့ရလေ ကျွန်တော် ပိုပြီးပိုပြီး ထိတ်လန့်လာလေပါပဲ။ ညောင်ပင်ကုန်းကိုရောက်တော့ ကျွန်တော် ညောင်ပင်စောင့်နတ်ကြီးကို တစ်အား ကြုံးအော်ခေါ်တော့တာပဲ။

'ညောင်ပင်စောင့်နတ်ကြီး'

'ဗျို့... ညောင်ပင်စောင့်နတ်ကြီး'

'ညောင်ပင်စောင့်နတ်ကြီး'

ကျွန်တော် မျက်စိကိုမှိတ်၊ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း တအားကြီးကို ကြုံးအော်တာ။

'ဟေ့ကောင်... ဘာဖြစ်လို့ တအား ကြုံးအော်နေရတာလဲကွ'

'ဟာ... ခင်ဗျားက ဘယ်သွားနေတာလဲဗျ၊ ကျွန်တော် သေပြီတဲ့ဗျ၊ သေပြီတဲ့၊ ကျွန်တော့်ကို ကူညီပါဦးဗျာ'

'ဟ... ငါက ဘာကူညီလို့ရမှာလဲကွ၊ ငါတောင်မှ နေစရာမရှိလို့ ဒီညောင်ပင်မှာ ဘိုးဘိုးကြီးဆီ အသနားခံပြီး ကပ်နေရတာ...'

'ဒါဆို... ကျွန်တော် ဘာဆက်လုပ်ရမလဲ!'

'ဘာမှ ဆက်မလုပ်နဲ့ လုပ်လို့လည်းမရဘူး၊ ညနေကျရင် ညောင်ပင်စောင့်ဘိုးဘိုးကြီး အမိဋ္ဌာန်ဝင်နေတာကနေ ပြန်လာလိမ့်မယ်၊ အဲဒီတော့မှ မင်း ဘိုးဘိုးကြီးကိုပြော'

'ကျွန်တော်က ဘာပြောရမှာလဲ!'

'မင်းဖြစ်တာကို ပြောပြပေါ့ကွ၊ ဒီတော့ ဘိုးဘိုးကြီးက မင်း ကုသိုလ်အကုသိုလ်အရ မင်းကို နေရာချထားပေးလိမ့်မယ်။ အခုတော့ လာ၊ ငါနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ပေါ်ထိုင်ပြီး လာတဲ့လူတွေကို ကြည့်ပေတော့'

'ကျွန်တော်မှ သစ်ပင်မတက်တတ်တာဗျ'

'မလိုပါဘူးကွာ... အရှေ့ဘက်ကို ထိုးထွက်နေတဲ့ အကိုင်းကြီးကိုတွေ့လား! အဲဒီမှာ တို့ထိုင်ကြမယ်၊ အဲဒီကိုင်းမှာနေတဲ့ နတ်က ငါနဲ့ဘော်ဒါကွ၊ အခု သူမရှိဘူး၊ အမိဋ္ဌာန်သွားဝင်နေတယ်၊ မင်းရဲ့လက်တစ်ဖက်က ငါ့ကို ကိုင်ထားပြီးတော့ အဲဒီကိုင်းကို သေသေချာချာကြည့်ပြီးရင် မျက်စိမှိတ်ပြီး အဲဒီကိုင်းကို စိတ်ထဲက မြင်အောင်ပြန်ကြည့် ဒါပဲ... လွယ်ပါတယ်'

ကျွန်တော် သူပြောတဲ့အတိုင်းလုပ်တာ ရင်ထဲမှာ 'လှုပ်'ခနဲ တစ်ချက်ဖြစ်သွားပြီး မျက်စိဖွင့်လိုက်တော့ ကိုင်းပေါ်ကို ရောက်နေပြီခင်ဗျ။

'ကျွန်တော် ဘယ်လိုဖြစ်ပြီး ဒီလိုဘဝမျိုးကို ရောက်လာရတာလဲဗျာ... ခင်ဗျားသိလား! ခင်ဗျားမှာရော နာမည်ရှိလား...!'

'ငါ့နာမည်က လူ့ဘဝတုန်းက ကိုရွှေသာတဲ့၊ ဒီဘဝရောက်တော့ 'ဏီဂုန'တဲ့၊ ငါ့ကိုခေါ်ရင် ကိုရွှေသာလို့ပဲခေါ်ကွာ၊ ငါ အဲဒီနာမည်ကိုပဲ သဘောကျတယ်'

သူက အားကျိုးမာန်တက်ပြောတော့မှပဲ ကျွန်တော်လည်း လူ့ဘဝတုန်းကနာမည်ကို စဉ်းစားတာ စဉ်းစားလို့ မရတော့ဘူးခင်ဗျ။ ဒါနဲ့ ကိုရွှေသာကြီးကိုပဲ မေးရတယ်။

'ကျွန်တော် ဒီဘဝကို ဘယ်လို ရောက်လာတာလဲဆိုတာ ကိုရွှေသာကြီး သိတယ်ဆို... သိရင်ပြောပြစမ်းပါဗျာ'

'မင်း ဒီဘဝကို ရောက်လာပုံက နာဖို့ကောင်းတယ်ကွ၊ ဘာမဟုတ်တဲ့ ဇယာကြော်ကြောင့် ရောက်လာတာ...'

'ဗျာ... ဇယာကြော်... ဟုတ်လား!'

ကျွန်တော့်ဘဝဖြစ်စဉ် အကျဉ်းချုံးကို ကိုရွှေသာကြီးက ပြောပြပါတယ်။ တချို့အရာတွေကိုတော့ လုံးဝမမှတ်မိ၊ မှတ်မိတယ်ဆိုတာတွေကလည်း အိပ်မက်ကို ပြန်စဉ်းစားပြီး သိသလိုမျိုး ဝိုးတဝါးမှတ်မိပုံမျိုးပါပဲ။





သူမှတ်မိတာတွေက သူ့အဒေါ်၊ ဒေါ်မိလှ၊ စုစုဟန်နှင့် အမွေးဝိုင်များ... ဒါတွေထဲမှာ အမှတ်မိဆုံးကတော့ စုစုဟန်ဆိုတဲ့ နာမည်ကိုတော့ ကောင်းကောင်းမှတ်မိတာပေါ့။ အဲဒီ စုစုဟန်ဆိုတာ ကျွန်တော့်ရည်းစားပဲလို့ ကိုရွှေသာကြီးကိုပြောတော့ ကိုရွှေသာကြီးက ပြုံးတယ်။ ပြီးတော့... 'ဟုတ်တာပေါ့ကွ၊ ဒီကောင်မလေးက ဒီလမ်းထဲမှာပဲ နေတာပဲ ဟောဟို အိမ်တန်းအဆုံးက သူတို့အိမ်ပဲ' လို့ ကိုရွှေသာကြီးက ပြောတယ်။

'တချို့ကိစ္စတွေကတော့ သိပ်မမှတ်မိဘူးဗျာ၊ အခု ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ!'

'အခုလောလောဆယ်တော့ မင်း ဒီညောင်ပင်စောင့် ဘိုးဘိုးကြီးနဲ့ အရင်တွေ့ရမယ်၊ မင်းမှာက နေစရာနေရာမရှိတော့ နေရာချထားရေးဘုံဌာနကို သွားရမယ်၊ မင်း ဝိညာဉ်ကို မှတ်ပုံတင်ရမယ်...၊ ကျန်တာတွေကတော့ ဘိုးဘိုး ကြည့်စီစဉ်ပေးလိမ့်မယ် ထင်တာပဲ'

'အဲဒီ ဘိုးဘိုးက ဘယ်တော့ပြန်လာမှာလဲ!'

'နေမဝင်ခင် ပြန်လာမှာပါကွာ စိတ်မပူပါနဲ့'

ဒီတော့ ကျွန်တော်လည်း စိတ်ခပ်အေးအေးပဲ နေလိုက်တယ်။ စုစုဟန်ဆိုတဲ့ ကောင်မလေးအကြောင်းကို စဉ်းစားတော့ တချို့ကိစ္စတွေကို ကျွန်တော် ပြန်မှတ်မိလာတယ်။

ဟုတ်တယ်၊ ကျွန်တော် သူ့ကို ဆံပင်ညှပ်တဲ့ ကလစ်ကလေးဝယ်ပေးဖူးတယ်၊ ဝက်ဝံရုပ်ကလေးပါတဲ့ ဆံပင်စည်းတဲ့ကြိုးကလေး ဝယ်ပေးခဲ့ဖူးတယ်၊ သူ ဇယာကြော် စားချင်တယ်ဆိုလို့ ဇယာကြော် လိုက်ဝယ်ပေးရတာတွေကို နည်းနည်းစီ ပြန်မှတ်မိလာတယ်။

'ကိုရွှေသာကြီး ကျွန်တော် စုစုဟန်အကြောင်းကို တော်တော်လေး မှတ်မိလာပြီ၊ သူတို့အိမ်ကိုလည်း ကျွန်တော် မှတ်မိလာပြီ၊ ကျွန်တော် ခဏလောက် သွားကြည့်ချင်တယ်ဗျာ'

ကျွန်တော့်စကားကြောင့် ကိုရွှေသာကြီး လန့်သွားပုံရပါတယ်။ ကျွန်တော့်ကို အရေးတကြီးလေသံနဲ့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ယော့ကောင် မင်း သွားလို့မရသေးဘူး၊ မင်း ဘိုးဘိုးကြီးနဲ့လည်း မတွေ့ရသေးဘူး ပြီးတော့ မင်းက လူမဟုတ်တော့ဘူး၊ မင်းက အနိမ့်ဆုံးဘုံမှာရှိတဲ့ သတ္တဝါတစ်ကောင်ဖြစ်နေပြီ၊ နတ်ငယ်ဆိုပါတော့ကွာ၊ ဒီတော့ မင်း နတ်စည်းကမ်းအတိုင်း နေရလိမ့်မယ်'

ကိုရွှေသာကြီးရဲ့ အထိတ်တလန့်စကားကြောင့် ကျွန်တော် တော်တော် စိတ်ပျက်သွားမိတယ်။

'နတ်စည်းကမ်းဆိုတာ ဘာတွေလဲဗျ'

'ဘိုးဘိုးရောက်လာတော့ မင်း သိမှာပေါ့ကွာ…'

ကျွန်တော် ဘာမှမပြောတော့ဘူး၊ ကျွန်တော် အခုရောက်နေတဲ့ လက်ရှိဘဝအတွက် ဘိုးဘိုးဆိုတဲ့ ဟောဒီညောင်ပင်စောင့်နတ်ကြီးက တော်တော်လေးအရေးကြီးတယ်လို့ပဲ မှတ်ထားလိုက်ပါတယ်။

ပြီးတော့ ကျွန်တော် ကိုရွှေသာကြီးအကြောင်းကို သိချင်လာတယ်။ ကျန်တဲ့နတ်တွေ အကုန်လုံး အစည်းဝေးနဲ့ တရားဝတ်ပြုသွားရပြီး သူက ဘာဖြစ်လို့ ကျန်နေခဲ့ရတာလဲ! လို့ မေးတော့ ကိုရွှေသာကြီး မျက်နှာမကောင်းဖြစ်သွားတယ်။ နတ်မျက်နှာပျက်တာ တော်တော်ကြည့်ရဆိုးတယ်ခင်ဗျ၊ လူမျက်နှာပျက်တာထက်တောင် ဆိုးသေးတယ်။

'ဘိုးဘိုးက ငါ့ကို အခုထိ ရာထူးတိုးမပေးသေးဘူးကွာ၊ ငါ့ကို ညောင်ပင်စောင့်နတ်အဖြစ်နဲ့ပဲ ထားတယ်၊ ကိုယ်ရောင်ကိုယ်ဝါမပြောနဲ့ အင်္ကျီတောင်မရသေးဘူး၊ ဟိုးအရင်ဘဝတွေမှာတုန်းက ငါက ကထိန်မှာ သင်္ကန်းတွေဘာတွေ မလှူခဲ့လို့တဲ့'

'ဒါနဲ့ နေပါဦး ကိုရွှေသာကြီးကရော ဘယ်လိုလုပ်ပြီး ဒီညောင်ပင်မှာလာ နတ်ဖြစ်နေတာလဲ!'

'ငါ့နတ်သက်က ရာကျော်ပြီကွ၊ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်က သိမ်းတော့ ငါတို့က ခံချကြတာ၊ ငါ့ကို ဒီကောင်တွေ ဖမ်းမိသွားတော့ ငါ့ကို ဒီညောင်ပင်မှာ တစ်ရက်နဲ့တစ်မနက် ချုပ်ထားပြီးတော့မှ သေနတ်နဲ့





ပစ်သတ်သွားလို့ ငါ ဒီညောင်ပင်မှာ စိတ်စွဲပြီး နတ်ဖြစ်တာ'

'ကျွန်တော်ကျတော့ ဒီညောင်ပင်ကို စိတ်မစွဲဘဲနဲ့ ဘာဖြစ်လို့ ဒီမှာ နတ်လာဖြစ်ရတာလဲ!'

ကျွန်တော့်စကားဆုံးတော့ ကိုရွှေသာကြီးက အားရပါးရကြီးကို ရယ်ပါတယ်။

'မင်း မမှတ်မိတော့လို့ပါကွ၊ မိုးတွေ တအားရွာတော့ မင်း ညောင်ပင်ခြေရင်းကိုကပ်ပြီး လက်အုပ်ကလေးချီရင်း ညောင်ပင်စောင့်နတ်ကြီးရယ် မိုးကို တိတ်ပေးပါလို့ ဆုတောင်းတာလေ…'

ကျွန်တော် ပြန်စဉ်းစားပေမယ့် သိပ်မမှတ်မိချင်တော့ပါ။

ဒီတော့ ကျွန်တော်လည်း ငြိမ်ငြိမ်ကလေးပဲ နေလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ 'ဘိုးဘိုး… ပြန်လာပြီ' ဆိုတဲ့ ကိုရွှေသာကြီးရဲ့အသံကို ကြားရတယ်။ ချက်ချင်းပဲ ကိုရွှေသာက ကျွန်တော့်လက်ကို ကိုင်လိုက်တာနဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး ညောင်ပင်အောက်ကို ရောက်သွားပါတယ်။

ကျွန်တော်ဟာ ဘိုးဘိုးကို မျက်တောင်မခတ်ကြည့်နေမိတယ်။ ဘိုးဘိုးရဲ့ မျက်နှာဟာ တည်ငြိမ်အေးချမ်းပြီး မျက်ဝန်းတွေကတော့ စူးရှတောက်ပနေတယ်။ အဝါရောင်ဖြာထွက်နေတဲ့ အင်္ကျီပွပွကို ဝတ်ဆင်ထားပြီး ဦးခေါင်းမှာလည်း မကိုဋ်တစ်ခုကို ဆောင်းထားပါတယ်။

ဘိုးဘိုးက လက်တစ်ဖက်ကို ဖေ့ရမ်းလိုက်တော့မှ ညောင်ပင်ကုန်းဟာ နတ်နန်းပုံစံပြောင်းသွားပြီး အရောင်စုံအသွေးစုံ နတ်တွေ တစ်ပါးစီ နှစ်ပါးစီ စသည်ဖြင့် ပေါ်လာပါတယ်။ နတ်တစ်ပါးပေါ်လာတိုင်း ကျွန်တော်နဲ့ ကိုရွှေသာကြီးတို့က သူ့အလိုလို နောက်ကို ရွှေ့ရွှေ့သွားတယ်ခင်ဗျ။

လူ့လောကသဘောနဲ့ ပြောရရင်တော့ အစည်းအဝေးတွေ ဘာတွေလုပ်တဲ့အခါ လူကြီးရဲ့ရှေ့မှာ သာမန်စာရေးတစ်ယောက် ဝင်ထိုင်ခွင့်မရှိသလိုပါပဲ။

နတ်အသီးသီးစုံတော့ ဘိုးဘိုးက လက်တစ်ဖက် ဖေ့ရမ်းလိုက်တာနဲ့

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ ကိုရွှေသာကြီးတို့နှစ်ယောက် ဘိုးဘိုးရဲ့အနားကို အလိုလိုရောက်သွားရော၊ ကျွန်တော်ကတော့ အံ့သြနေရတာနဲ့ပဲ မှင်တက်နေမိတယ်၊ ဟုတ်တယ်လေ ကျွန်တော်တို့လူ့လောကမှာ ဒါမျိုး မြင်မှမမြင်ဘူးတာကိုး။

'အခု နတ်ငယ်ကိစ္စကို ရွာတော်ရှင်ဘိုးဘိုးကို တင်ပြပြီးပြီ၊ သူ့မှာ ဒီမှာရှိတဲ့နတ်တွေနဲ့ အထုံရေစက် အများကြီးရှိနေတယ်၊ သူ့ရက်လည်တရားပွဲမှာ ကျွတ်မယ့်နတ်လည်း ရှိသလို၊ ပါဝါတိုးမယ့်နတ်တွေလည်း အသီးသီးရှိတယ်၊ သာဓုခေါ်ခွင့်ရတဲ့နတ်က အမြတ်ဆုံးပဲ၊ သူ့ရက်လည်တရားပွဲကို ချမ်းအေးဆရာတော်ကြီးကိုယ်တိုင် အမျှပေးမှာမို့ သာဓုခေါ်ခွင့်ရဖို့ တက်ရမယ့်စာရင်းကို ရွာတော်ရှင်ဘိုးဘိုးက ကြော်ငြာလိမ့်မယ်၊ အခုလောလောဆယ် ဒီနတ်ငယ်ကိုတော့ မောင်ဏီဂုနကပဲ တာဝန်ယူထားရလိမ့်မယ်'

ဘိုးဘိုးက စည်ပင်သာယာမှ လမ်းနံဘေးခာတ်ကြိုးများနှင့် မလွတ်သဖြင့် ခုတ်လှဲခြင်းခံရသော ထိန်ပင်တွင်နေတဲ့ရုက္ခစိုးနှင့် နတ် ၃-ပါးတို့အတွက် ထန်းပင်ကို ပေးပါတယ်။

'အစိုးရမင်းအမိန့်နဲ့ ခုတ်တယ်ဆိုတော့ ငါတို့လည်း ဘာမှ မတတ်နိုင်ဘူးကွယ့်၊ အပင်အစားပေးဖို့ကလည်း ဒီအပင်ပဲရှိလို့ ပေးရတာ၊ ထန်းပင်ဆိုတာက အစကတည်းက အစိုးရမင်းပိုင်မို့ မင်းတို့ စိတ်လက်ချမ်းသာ နေရမှာပါ'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'မောင်ဏီဂုန မနက်ဖြန် နတ်ငယ်ကို လုပ်စရာရှိတာတွေ အားလုံးအဆင်ပြေအောင် လုပ်ပေးလိုက် ကြားလား!'

'ဟုတ်ကဲ့ စိတ်ချပါ ဘိုးဘိုး'

ဘိုးဘိုးက လက်တစ်ဖက်ကို ဇွေ့ရမ်းလိုက်ရာ နတ်အသီးသီး ထွက်ခွာသွားကြပြီး အစည်းအဝေးသဘင် အဆင်အယင်တွေလည်း ပျောက်သွားရောခင်ဗျ၊ ကျွန်တော်ကတော့ အံ့သြပြီးရင်း အံ့သြနေရတာပါပဲ။

'ဟေ့လူ ကိုရွှေသာကြီး... ကျွန်တော့်ကို ဘိုးဘိုးက...'





'ဟာ... ဟော့ကောင် ငါ့ကို ဘယ်လိုတွေ လျှောက်ခေါ်နေတာလဲ'

'ဟင်... ကျွန်တော် ဘာခေါ်လို့လဲ ကိုရွှေသာကြီးပဲခေါ်တာ'

'ဟေ့လူ... လို့ မင်းဘာဖြစ်လို့ ခေါ်ရတာလဲ! မခေါ်ရဘူးကွ၊ လူက ငါတို့ထက် အဆင့်အများကြီးမြင့်တယ်၊ ဘယ်လောက်ဆင်းရဲတဲ့ လူဖြစ်ဖြစ် ငါတို့ထက် အဆင့်အတန်းမြင့်တယ်'

'ဘိုးဘိုးကြီးတို့နဲ့ ဆိုရင်ကော'

ကျွန်တော့် အမေးစကားကြောင့် ကိုရွှေသာကြီး တော်တော်စိတ်ညစ်သွားပုံပါပဲ။ ကိုရွှေသာကြီးက ကျွန်တော့်အမေးကိုဖြေဖို့ တစ်ချက်စဉ်းစားတယ်။ စဉ်းစားတာမှ သတိကြီးကြီးထားပြီး စဉ်းစားနေတဲ့ပုံစံမျိုးခင်ဗျ။

'ဒီလိုကွ... အင်း... နေစမ်းပါဦး'

ကိုရွှေသာကြီးက သူ စဉ်းစားလို့ရတဲ့အဖြေကို စိတ်တိုင်းကျပုံ မရလို့ သူ့ကိုယ်သူ 'နေစမ်းပါဦး' ဆိုပြီး ဘရိတ်အုပ်လိုက်ပါတယ်။

'ဒီလိုကွာ ဘိုးဘိုးတို့က ငါတို့ထက် အဆင့်အများကြီးမြင့်တော့ လူတွေကို ကူညီခွင့်ရတယ်၊ ရတနာ ၃-ပါးနဲ့အညီနေတဲ့ လူတွေဒုက္ခရောက်တော့မယ်ဆိုရင် ဘိုးဘိုးတို့က တန်ခိုးနဲ့ကူညီကြတယ်'

'ဟာ... ဒါဆို ဘိုးဘိုးမှာ တန်ခိုးရှိတာပေါ့'

'ရှိတာပေါ့ကွ၊ ရှိလို့ လက်တစ်ဖက် ရမ်းလိုက်တာနဲ့ နတ်သဘင်ချက်ချင်းပေါ်လာတာ မင်း မတွေ့ဘူးလား!'

'အင်း... ဟုတ်တယ်နော်'

'ဒါပေမယ့် အဲဒီတန်ခိုးကို မသုံးသင့်ပဲသုံးရင် ဘိုးဘိုးတို့လည်း အပြစ်ပေးခံရတယ်'

'ဟင်... ဒါဆို ဘိုးဘိုးတို့ထက်ကြီးတဲ့ နတ်တွေလည်း ရှိသေးတာပေါ့နော်'

'ရှိတာပေါ့ကွ၊ ဘိုးဘိုးတို့အထက်မှာ နတ်တွေ ကုဋေကုဋာ၊ ကတွတ်လောက်ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကုဋ္ဌေကဋ္ဌာကတော့ ထားပါတော့၊ ကတွတ်ဆိုတာက ဘာလဲဗျ၊ ဘယ်လောက်ကို ပြောတာလဲ!'

'မင်းက တော်တော်ကြံကြံဖန်ဖန် မေးတဲ့ကောင်ပဲ၊ ငါလည်း ကာရံကလေးငဲ့ပြီး ပြောတာပါကွာ၊ ကတွတ်ဆိုတာက ကဋ္ဌာထက်များတယ်ပေါ့ကွာ'

ကိုရွှေသာကြီးစကားဆုံးတော့ ကျွန်တော်တို့နှစ်ယောက် အဲ... နှစ်နှတ်ပေါ့လေ အားရပါးရကြီးကို ရယ်ပစ်လိုက်ကြတယ်။

■





## အခန်း (၃)

စုစုဟာန်ရဲ့မျက်နှာဟာ စိတ်ညစ်ပြီး ဒေါသဖြစ်နေတယ်။ ဝမ်းနည်းပြီး ထိတ်လန့်နေတယ်။ သူကိုယ်တိုင် ကိုယ့်ဘာသာပြောနေတဲ့ အားတင်းစကားတွေကို သူ့ဝိညာဉ်က လက်မခံဘူးဖြစ်နေတယ်။

ဟုတ်တယ်... ငါက ဗယာကြော်မှာတာပဲ၊ သူ့ကို ညောင်ပင်အောက်မှာ ဒီလောက်ရှာနေတဲ့ မိုးထဲမှာ ရပ်ပြီးစောင့်ခိုင်းထားတာမှ မဟုတ်ပဲ၊ သူ့ဘာသာသူ စောင့်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ!။

အဲဒီအတွေးစကားတွေနဲ့ သူ့ကိုယ်သူ နှစ်သိမ့်ပေမယ့် အောင်မြင်မှု မရခဲ့ပါဘူး။ သူ့ကိုယ်သူလည်း မယုံပါဘူး။

'ငါအဲဒီနေ့က နင်တို့နဲ့လမ်းခွဲပြီးတော့ မူယာတို့အိမ် ခဏဝင်သေးတယ်၊ ငါပေးထားတဲ့ပိတ်စကို ချုပ်ဖို့ အင်္ကျီဒီဇိုင်းကို သိပ်မကြိုက်လို့ ရွေးနေတာ၊ တော်တော်ကြာတယ်၊ မိုးတွေအုံ့တော့မှ ငါပြန်လာတာ၊ ညောင်ပင်မှာ ဘယ်သူမှ မရှိပါဘူး၊ ငါအိမ်ရောက်ပြီး အဝတ်အစားလည်း လဲပြီးရော လေရောမိုးရော ရွာချတာပဲ၊ ဒီတော့ ငါလည်း သူလာတော့မယ်လို့ ဘယ်ထင်ပါ့မလဲ!'

ကျော်စွာဦးကားနဲ့ ပါသွားတဲ့အချိန်ကို မူယာတို့အိမ်နဲ့ လွှဲပေးလိုက်တယ်။ စုစုဟာန်ပြန်လာတော့ ညောင်ပင်ကုန်းမှာ ကောင်းဇော်ကို မတွေ့တာအမှန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆရာက လက်ဆွဲဗယာကြော်ကို ဘီအိုစီထိပ်အထိလိုက်၊ ပူပူနွေးနွေး ရအောင်စောင့်တာတွေ လုပ်နေတာကိုး။

'နှင်က ကိုယ်တိုင်မှာထားတာ၊ အဖြေကလည်း ဒီနေ့မှရတာဆိုတော့ ကောင်းဖော် လာကိုလာမယ်ဆိုတာ နှင့်သိသင့်တာပေါ့၊ ညောင်ပင်ကုန်းနဲ့ နှင့်အိမ်ကလည်း သိပ်ဝေးတာမှ မဟုတ်တာ၊ တစ်မိနစ်လောက်လျှောက်ရင် ရောက်တဲ့ဥစ္စာ နှင် သွားကိုကြည့်သင့်တယ်'

ထွေးထွေးရဲ့စွဲချက်က စုစုဟန်ကို မလှုပ်နိုင်အောင် ချည်ထားလိုက်သလို ဖြစ်သွားတယ်။

'ဟုတ်တယ်၊ နှင်သာ သွားကြည့်ရင် ကောင်းဖော် မသေဘူး'

မိသိန်းက မျက်ရည်ဝဲရင်း ငိုသံသဲ့သဲ့ဖြင့် ပြောသည်။

'နှင်က ထမင်းနဲ့စားမယ်လို့ ပြောထားတော့ နှင်ကျိန်းသေထွက်လာမှာ ပဲဆိုတဲ့စိတ်နဲ့ ဒီကောင်စောင့်တာ၊ ငါသာဆိုရင် နှင့်အိမ်ကိုလာပေးပြီး အိမ်က ထီးငှားပြီးပြန်တယ်'

'အေး…နှင်တို့ ငါ့ကို ကြိုက်သလိုသာ စွပ်စွဲကြပါတော့ဟာ၊ ငါဟာ ကောင်းဖော်ကို ဘာ့ကြောင့် သေအောင်လုပ်ရမှာလဲ! ငါကသူ့အပေါ် သံယော ဇဉ်ကနေ အချစ်ထိပြောင်းလဲပြီးပြီပဲ၊ ကိုယ့်ချစ်သူကို ကိုယ်က သေစေချင်ပါ့ မလား! သူ့ကံကြမ္မာဆိုးလွန်းလို့ ဒီနေ့ချစ်သူဖြစ်ပြီး ဒီနေ့သေရတာ ငါ့ရင်ထဲမှာ ရောကောင်းတယ်လို့ ထင်ကြလို့လားဟယ်'

စုစုဟန်လည်း အေးမာကိုဖက်ပြီး အားရပါးရ ငိုပြီးပြောတော့ ကျန်တဲ့ သူငယ်ချင်းတွေလည်း ငိုကြတယ်။

သူတို့ပြောကြတဲ့ စကားတွေက တစ်ဦးစီအမြင်တစ်ခုစီနဲ့ မှန်ကြတာပါပဲ။

လူတစ်ယောက်ရဲ့ ကံကြမ္မာက တစ်ခါတလေ တော်တော်အံ့သြဖို့ ကောင်းပါတယ်။

♦





ကျွန်တော့်အိမ်ပေါက်ဝကို ရောက်တော့ ခြံစောင့်နတ်မင်းက ရှေ့က ရပ်တာတွေ့ပါတယ်။ ဒါပေမယ့် ဘိုးဘိုးနဲ့ အစည်းဝေးမှာ သူ့အကြောင်း ပြောတာကြားပြီးတဲ့အတွက် တားဖို့တော့ မဟုတ်ပါဘူး။

'သိပ်တော့ မကြာစေနဲ့ကွာ'

'ဟုတ်ကဲ့ပါခင်ဗျ၊ ရက်လည်ဆွမ်းပြီးရင် ဝင်လို့မရတော့ဘူး ဆိုလို့ပါ'

'ငါ မင်းကို ဘိုးဘိုးအမိန့်ကြောင့် မတားပါဘူး၊ သတိပေးရုံပါ၊ ရွှေသာကြီး မင်းကရော လိုက်ဦးမလို့လား!'

'အေးပေါ့ကွ၊ သူတစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ!'

ကျွန်တော်တို့ခြံထဲဝင်လိုက်တော့ အိမ်ရှေ့မှာ ကုလားဖျင်းထိုးပြီးနေပါပြီ။ ကျွန်တော်တို့ လမ်းနဲ့ ဟိုဘက်လမ်းထဲက ကလေးတွေ ကိုးမီးနဲ့ ဘူကြီး ဆော့နေကြတယ်။ ငါးကျပ်၊ တစ်ဆယ်ဝိုင်းပါ။ အဲဒီဝိုင်းထဲမှာ အဝတ်လျှော် တဲ့ ဒေါ်ဘုမကြီးကို ငုတ်တုတ်ထိုင်ရင်း ကလေးတွေနဲ့ ငြင်းလိုက်ဆော့လိုက် လုပ်နေတော့ ကျွန်တော် တော်တော်ကလေး ရယ်ချင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘုမဆိုတာက ကျွန်တော်တို့ ရပ်ကွက်ထဲမှာ အဝတ်တွေ ဘာတွေ လည်း လျှော်တယ်၊ နင်းနှိပ်လည်း ပေးတယ်။ အလှူတို့ အသုဘတို့ရှိရင် သူ့အိမ်ကို မပြန်တော့ဘဲ ခိုင်းချင်ရာခိုင်း ကူလုပ်ကိုင်ပေးပြီး အဲဒီက ကျွေးတာ စား၊ အဲဒီအိမ်မှာ အိပ်ပဲ။

ကလေးဝိုင်းကို ခဏကြည့်ပြီးတော့ ကျွန်တော် အိမ်ပေါ်တက်ခဲ့တယ်၊ ကိုရွှေသာကြီးက တိုးတိုးကပ်ပြီး သတိပေးပါတယ်။ 'ဘုရားကို အာရုံပြု၊ ပြီးရင် အိမ်တွင်းမင်းမဟာဂီရိဘိုးဘိုးဆီ ခွင့်တောင်း…' တဲ့။

ကျွန်တော်လည်း ကိုရွှေသာကြီးပြောတဲ့အတိုင်း လုပ်လိုက်ပါတယ်။ ကျွန်တော်လည်း အာရုံပြုပြီးရော… 'ကိုယ့်အိမ်ကိုယ့်ရာဆိုတော့ ရတ်တရက် မခွဲခွာနိုင်တာ သဘာဝပါပဲ၊ အနှောင့်အယှက် မပေးဘဲနဲ့ အလွမ်းပြေသဘော နဲ့ ကြည့်ပါ…' တဲ့။

ငြင်သာတိုးတိတ်တဲ့ အသံကိုပဲကြားရတာပါ။ အသံရှင်ကိုတော့ မတွေ့ ရပါဘူး။ ဘုရားစင်ရှေ့မှာတော့ ပိုကာဝိုင်းတစ်ဝိုင်းကို တွေ့ရတယ်။ ရှေ့မှာ ချထားတဲ့ ပိုက်ဆံအရဆိုရင်တော့ ငါးရာပတ်လည်လောက် ရှိမယ်ထင်တာပဲ။

အဲဒီအချိန်မှာပဲ မိန်းမကြီးတစ်ယောက်က ပစ်ဖဲနဲ့ ဒေါင်းသွားတယ်။ တစ်ဝိုင်းလုံး ဆူညံသွားတာပဲ။

'ဘောဖဲစမ်းနေမှကွာ၊ မိသွယ် နင်ပစ်တာ ထွက်ဖဲ ကြည့်ပြီးပစ်မှပေါ့'

'ဖြူဖွေးရဲ့ အဲဒီလောက်တော့ ငါလည်းသိတာပေါ့၊ ငါလည်း ၂လမ်း ပွင့်ဝင်ဒေါင်းပဲ စပိတ်တစ်ရယ် ဟပ်တစ်ရယ် ဟပ်နှစ်ရယ်ပဲ ထားရမှာပေါ့၊ ဟပ် ၂-တက်လာတော့ ငါကိုင်ထားပြီး ပိုဖဲပစ်ချတာ ဘာဖြစ်လဲ!'

သူတို့နှစ်ယောက်စကားများနေတုန်း ဒေါင်းသွားတဲ့ ထက်ထက်ဆိုတဲ့ ခပ်ဝဝအန်တီကြီးက မဆွဲလိုက်ရတဲ့ဖဲကို ဆွဲပြီးရိုက်ချလိုက်တော့ အားလုံးက ဝိုင်းအော်လိုက်ကြတယ်။ အော်မှာပေါ့ ဂျိုကာကြီးဖြစ်နေတာကိုး…။

'အမလေး… နို့မို့ဆို ပူးဒေါင်းဒေါင်းမှာ ရော့ မိသွယ် နင့်ဟပ်သုံးပြန် ယူ ငါဆွဲပဲ ဆွဲလိုက်တော့မယ်'





မိသွယ်ဆိုတဲ့ အန်တီလေးက အလုံးဖိုးတွေ ခပ်သွက်သွက်ပေးရင်း ယူရင်း ဖြူဖွေးဆိုတဲ့လူကို ဘယ်လိုလဲ! ဆိုတဲ့ စိန်ခေါ်တဲ့အကြည့်နဲ့ ကြည့် တယ်။ ဖြူဖွေးလည်း ဘာမှ မပြောသာတော့ဘူးလေ။

ဖြူဖွေးက အခုလှည့်မှ ဘောဖဲစမ်းမှာ သူ့လက်ထိပ် ထက်ထက်အိမ်က ပိတ်ဒေါင်းသွားတော့ သူ့ဖဲကလေးတွေကို သူ ဘယ်လောက်မြတ်နိုးနေသလဲ ဆိုတော့ ခုထိ အောက်ကိုမချသေးဘဲ ကိုင်ပြီး နှမြောနေပုံရတယ်။

'ကဲ… ဖြူဖွေး နှမြောတော်မူမနေနဲ့၊ ဒီမှာ ကုလားဖန်ထိုးနေပြီ ပေးတော့'

မိသွယ်ဆိုတဲ့ အန်တီလေးက လက်ထဲကဖဲတွေကို ဆွဲယူတော့မှ စိတ် မကောင်းခြင်းကြီးစွာဖြင့် ပေးလိုက်ပါတယ်။

ပိုကာဝိုင်းကိုကြည့်ရတာ ပျင်းစရာကောင်းတာနဲ့ ကျွန်တော်နေခဲ့တဲ့ အခန်းကလေးကို သတိတရ ဝင်ကြည့်တယ်။

အခန်းထဲကိုဝင်လိုက်တော့ တိတ်ပြီးငြိမ်နေတဲ့ လူခြောက်ယောက်ကို တွေ့ရတယ်။ တစ်ယောက်က အကောက်ကောက်ပေးတဲ့သူပါ။ ရှေ့မှာထပ် ထားတဲ့ ပိုက်ဆံတွေနဲ့ အလယ်မှာခေါ်ထားတဲ့ ပိုက်ဆံတွေကိုကြည့်ရင် ပွဲဟာ ပွဲကြမ်းပွဲရမ်းဆိုတာ သိသာပါတယ်။

ဝမ်းနည်းစရာကောင်းတာကတော့ ကျွန်တော့်အခန်းထဲမှာ ဘာပစ္စည်းမှ မရှိတော့ဘူး၊ တစ်ယောက်အိပ်ခုတင်လေးလည်း မရှိတော့ဘူး၊ စာအုပ်စင်၊ အင်္ကျီလေးဘာလေးထည့်တဲ့ ဗီရိုသေးသေးကလေး၊ ပြီး အင်္ကျီလှမ်းတဲ့တန်းနဲ့ အင်္ကျီချိတ်တွေ၊ ကျွန်တော့်အခန်းဟာ ကျွန်တော်မမြင်ဘူးတဲ့ နေရာတစ်ခုဖြစ် နေတယ်။ မြင်နေကျအရာတွေ၊ ရှိနေကျအရာတွေ မရှိတော့တဲ့ ဟာလာ ဟင်းလင်းဒေသဖြစ်နေတယ်။ ကျွန်တော့်ရင်ထဲမှာ ဆို့နေတယ်ဗျာ။ အင်းပေါ့ လေ မရှိတော့တဲ့ လူတစ်ယောက်အတွက်တော့ ဒါဟာ သဘာဝကျပါတယ် လို့ပဲ တွေးမိတယ်။

FOREVER ဂျာနယ်ထဲမှာပါတဲ့ ဆာဗီးယားနိုင်ငံက တင်းနစ်အားကစား ယ် အိုင်ဗန်နိုဗစ် ရဲ့ပုံလည်း မရှိတော့ဘူးခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



'ရှိုး... ကွာ...'

ကျွန်တော်ရပ်ကြည့်နေတဲ့ ဘေးနားကလူက အော်တာပါ၊ အော်ရင်း သူ့အောက်မှာပုံနေတဲ့ ပိုက်ဆံတွေကို လက်ဝါးနဲ့ ရိုက်လိုက်သေးတယ်။ အခြေအနေကိုကြည့်တော့ ရှိုးခေါ်တဲ့လူရဲ့ လှန်ဖဲက စီရီးဆင်ပါ။ ဆယ်၊ ဂျက်၊ ကင်း၊ ကွင်း ခင်ဗျ။

အောက်ဖဲက ကိုးနဲ့တစ်ဆို ဒီလူစားပြီပေါ့။

ဝိုင်းကိုကြည့်လိုက်တော့လည်း တစ်ပူးတဲ့အိမ်တစ်အိမ်ရယ်၊ ကင်းပူးတဲ့ အိမ်တစ်အိမ်ရယ် ရှိတယ်။ တစ်က သုံးပြားထွက်နေပြီး ကိုးက ၂-ပြားပဲ ထွက်တယ်။ အဲဒီမှာ လှန်ဖဲတစ်ပူးနေတဲ့အိမ်က တော်တော်လေး စဉ်းစားရ ကြပ်နေတယ်။ သူက တစ်ပူးဂျက်ပူးနဲ့ ၂-ပယ်ကျနေတာကိုး။ ကင်းပူးတဲ့ အိမ်ကလည်း ကင်းသုံးလုံးခင်ဗျ။ သူကလည်း သူ့ဖဲကို မစွန့်ချင်ဘူး ဝိုင်းက ငြိုကြပြီပေါ့။

'ကိုရွှေသာကြီး ဘယ်လိုလဲဗျ၊ ခင်ဗျားမြင်ရလား! ဒီပါဝါလောက်တော့ ကိုရွှေသာကြီးဆီမှာ ရှိတယ်မဟုတ်လား!'

'မြင်တာပေါ့ကွ စီရီးသမားက ဖိနေတာ သူ့အောက်မှာ ကွင်းကြီးကွ ကွင်းပူးပဲရှိတာ အဆင်ကလှနေလို့'

'ပြေးထားတဲ့ အိမ်ရဲ့မှောက်ဖဲမှာ တစ်နဲ့ကိုးနော်'

'အေး... ဟုတ်တယ်'

'လိုက်တယ်'

တစ်ပူးသမားလိုက်တယ်ဆိုတော့ စီးရီးဆင်သမားမျက်နှာ မဆို သလောက် ကလေးပျက်သွားတယ်။ သွားပြီပေါ့ သူ အမြင့်ပူးကိုတောင်မှ မနိုင်တာ။

'လိုက်တယ်'

ကင်းသုံးလုံးသမားက အော်ရင်း ကင်းတစ်လုံးကို ဆွဲလှန်ပြလိုက်တယ်။ စီရီးသမားက သူ့ဖဲကို မပြတော့ပဲ ကောက်သိမ်းပြီး ဘယ်လောက်လဲလို့





မေးတယ်။ သုံးသောင်းရှစ်ထောင့်ငါးရာတဲ့၊ အလယ်က ပိုက်ဆံနဲ့ဆို ဒီလူ တစ်ပုံးကျော်လောက်မ,သွားတာပေါ့။

ကျွန်တော်လည်း အခန်းကလေးကို တစ်ချက်ဝှေ့ကြည့်ရင်းစိတ်မကောင်း ဖြစ်နေမိတယ်၊ အခု ရှိုးကစားနေတဲ့လူတွေအတွက် ခင်းပေးထားတဲ့စောင်က ကျွန်တော် ခြုံနေကျစောင်ကလေးပါ။

ကျွန်တော်အခန်းထဲမှာ မနေချင်တော့တာနဲ့ အိမ်နောက်ဖေးဘက်ကို ထွက်ခဲ့တယ်။ အိမ်နောက်ဖေးကိုရောက်တော့မှ ကျွန်တော့်အေါသကပေါက်ကွဲ တော့တာပါပဲ။

ကျွန်တော့်အဒေါ်ရဲ့သမီး အကြီးမက ကျွန်တော် ခြစ်ချုပ်ကပ်သပ်ပြီး စုထားတဲ့ငွေနဲ့ ဝယ်ထားတဲ့စာအုပ်တွေကို ဖြဲဖြဲပြီး ရေနွေးအိုးတည်ဖို့ မီးမွှေးနေ တယ်ခင်ဗျ။

အခု သူ့လက်တစ်ဆုပ်စာ အားရပါးရဖြဲပြီး မီးမွှေးနေတဲ့စာအုပ်က ဆရာ မြသန်းတင့် ဘာသာပြန်တဲ့ မာဂရစ်ပစ်ချယ်ရဲ့ လေရူးသုန်သုန်စာအုပ်ဗျာ။

ဘေးမှာလည်း စီထပ်ထားတာ ကျွန်တော့်စာအုပ်တွေ တစ်ထပ်ကြီး ဒါတွေကိုလည်း မီးမွှေးပစ်မယ်ပေါ့လေ။ ကျွန်တော့်တစ်ကိုယ်လုံးဟာ ဒေါသ ကြောင့် ဖောင်းကားလာပြီး စာအုပ်ထပ်ကြီးကို ပြေးကန်လိုက်တာ စာအုပ်တွေ ဖယိုဖရဲလွင့်စင် ထွက်ကုန်တာပဲဗျို့၊ ကိုရွှေသာကြီးလည်း ရုတ်တရက်ဆိုတော့ ကျွန်တော့်ကို မဆွဲလိုက်နိုင်ဘူး။

ဒီတော့ စာအုပ်နဲ့မီးမွှေးနေတဲ့ အဒေါ့်သမီးလည်း ငယ်သံပါအောင်အော် ပြီး အိမ်ရှေ့ကိုထွက်ပြေး၊ ဝရုန်းသုန်းကားတွေဖြစ်။ ဖဲဝိုင်းကလူတွေ ပြန့်ကျဲ နေတဲ့စာအုပ်တွေကို ကြည့်ပေါ့လေ။

'နတ်ငယ် မင်းကွာ... မင်း ငါ့ကိုတော့ ဘိုးဘိုးက ဆူတော့မှာပဲ'

'ကျွန်တော်လည်း စိတ်ထိန်းလို့ကို မရတော့လို့ပါဗျာ၊ ဒါနဲ့ ကျွန်တော့်မှာ ဘာပါဝါမှ မရှိဘူးဆို'

'စိတ်ဓာအားပြင်းလွန်းရင် တစ်ခါတလေရတယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်နေတဲ့ လူတွေလည်း စာအုပ်တွေကို သွားမကောက်ရဲကြဘူး။

'အင်း…ဒီစာအုပ်တွေက သူ သိပ်မြတ်နိုးတဲ့စာအုပ်တွေ နင်က မီးသွားမွှေးတာကိုး၊ ဒါဆိုရင် ငါ့တူလေး မကျွတ်သေးဘူးထင်ပါရဲ့ကွယ်၊ ဘုရား… ဘုရား'

♦





ကောင်းဇော်က သူအနှစ်သက်ဆုံးစာအုပ်တွေကို ဖြုံးမီးမွှေးနေသော… သူ့နမဝမ်းကွဲကို လည်ပင်းကိုညှစ်ပြီး စာအုပ်ပုံကို ကန်ပစ်လိုက်သည်ဟု တချို့ကပြောပြီး တချို့ကတော့ ကောင်းဇော်သည် လျှာကြီးတန်းလန်းနှင့် မီးမွှေးနေသော သူ့နမဝမ်းကွဲကို ထုတ်ပြပြီး စာအုပ်တွေကို ထိုလျှာကြီးနှင့်ပဲ လှမ်းယူတာဟု ပြောကြပါတယ်။

ဘာပဲဖြစ်ဖြစ် ကောလဟာလတွေ ဘယ်လိုပဲပေါ်ပေါ် သူတို့ဆိုလိုချင်တဲ့ သဘောကတစ်ခုပါပဲ။ ကောင်းဇော် မကျွတ်ဖူးပေါ့။

အဲဒီစကားကြောင့် တုန်လှုပ်ရသူကတော့ ဝုဝုဟာန်ပါ။ ဟုတ်တယ်လေ သူက နေ့စဉ် ဒီသြောင်ပင်ရှေ့ကနေ ဖြတ်ဖြတ်နေရတာကိုး၊ အမွှေးတိုင်ရုံကို အသွားမှာတော့ သူဦးလေးက လိုက်ပို့တတ်ပြီး အပြန်ကိုတော့ အေးမာ၊ ထွေးထွေးနဲ့ မိသိန်းတို့က သူ့ကို အိမ်အထိလိုက်ပို့ကြတယ်။

ဒါကလည်း ခဏတာပါပဲ။ လူဆိုတာ အတ္တဟိတ၊ ပရဟိတဆိုတာ ရှိတယ်မဟုတ်လား! ဒီတော့ သူတို့တွေရဲ့အတ္တနဲ့ ယှဉ်လာတဲ့အခါ သူတို့ အတ္တကိုပဲ ဦးစားပေးကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စုစုဟန်တစ်ယောက်တည်း ပြန်ရတဲ့နေ့ဆို ညောင်ပင်ကုန်းနားရောက်တာနဲ့ မျက်စိကိုမှိတ်ပြီး မပြေးရုံတမယ် သွားရတယ်၊ ရင်တွေလည်း ခုန်ရတာ တဒိန်းဒိန်းပဲ။

ဒီကြားထဲ သူတို့ရပ်ကွက်လမ်းလူကြီးက တစ်အိမ်တစ်ရာလိုက်ကောက်ပြီး ညောင်ပင်မှာ နတ်စင်ကလေးရိုက်ပြီး ဘုရားပုံတော်ရယ် (ပြက္ခဒိန်ရှေ့အဖုံးက ယူထားတာ)၊ ရေချမ်းသုံးခွက်၊ ပန်းအိုးတစ်အိုးနဲ့ အမွှေးတိုင်ထွန်းတဲ့ မြေခွက်ကလေးပါ ရိုက်ထားလိုက်တော့...လူတွေက ညောင်ပင်ကုန်းဟာ ပိုကြောက်စရာဖြစ်သွားရောခင်ဗျ။

♦

'စုဟန်လေးက ဘာဖြစ်လို့ အလုပ်ကနေ ထွက်ချင်ရတာလဲ!'

ကျော်စွာဦးက ကားကို ဖြေးဖြေးမောင်းရင်း မေးပါတယ်။ စုဟန်က အရင်တုန်းကလို နောက်ခန်းမှာ မထိုင်တော့ပါဘူး၊ ရှေ့ခန်းကိုရောက်နေပါပြီ။

'စုဟန်နဲ့ သူနဲ့က အလုပ်သွားအလုပ်ပြန် အတူတူလေ... အဲဒီတော့ တခြားလူတွေထက်စာရင် ရင်းနှီးမှုပိုများတယ်၊ အခုသူ မကျွတ်ဘူးဆိုတာ တစ်ရပ်ကွက်လုံးက ပြောနေကြတော့ စုဟန် ကြောက်တာပေါ့၊ အလုပ်ကို အသွားအပြန်က အဲဒီညောင်ပင်ကုန်းရှေ့ကနေ ဖြတ်ဖြတ်နေရတာ...စုဟန် အရမ်းကြောက်တယ် အဲဒါကြောင့်ပါ'

ကျော်စွာဦး ပြုံးပါတယ်။

ကျော်စွာဦးပြုံးပုံက ဘုရားပွဲဈေးတန်းမှာ ကလေးတစ်ယောက်က သူလိုချင်တဲ့အရုပ်သည်ရှေ့မှာ မတ်တပ်ရပ်ပြီး မိဘတွေက ကြိုက်တာရွေးလို့ အပြောခံရတဲ့ကလေးရဲ့ အပြုံးမျိုးပါ။

'သူက မင်းကို လိုက်သေးတယ်ဆို...!'

'ဟုတ်တယ်၊ အဲဒါကြောင့် စုဟန် ပိုကြောက်တာပေါ့'

စကားပြန်ပြောတဲ့ စုဟန်ရဲ့လေသံက ကန့်ကလန့်နိုင်နေတယ်။ တစ်ခုခုကို မြူဆွယ်ပြီး တစ်ခုခုကို စိန်ခေါ်နေတဲ့ ပုံစံမျိုးဖြစ်နေတယ်။





'ဒီကိစ္စတွေ ပြေလည်သွားအောင် စုဟန်ကို အကောင်းဆုံးအကြံပေးမယ် စုဟန် လက်ခံမလား!'

'ဘာအကြံလဲဟင်'

ကျော်စွာဦးက ပြန်မဖြေသေးဘဲ ကားကို စုဟန်တို့အိမ်ရှိတဲ့ဘက်ကို မကွေ့ဘဲ တခြားဘက်ကို ကွေ့လိုက်တယ်။

'ဆရာ...!!'

စုဟန်ခေါ်တဲ့ဆရာက လမ်းမှားနေပြီလို့ဆိုတဲ့ အဓိပ္ပာယ်ထက် နည်းနည်း ပိုတာ သေချာပါတယ်။

'ရွှေပုဇွန်မှာ အအေးသောက်ရင်းနဲ့ ကိုယ် စုဟန်လေးကို စကားပြောချင်လို့ကွာ...'

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

ရက်လည်ဆွမ်းလျှုတဲ့နေ့မှာ သာဓုခေါ်ခွင့်ရတဲ့နတ်တွေ တော်တော်လေးကို များပါတယ်။ ကိုရွှေသာကြီးနဲ့ သူတို့အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေလည်းပါတယ်။ တခြားနတ်တွေကိုတော့ ကျွန်တော် မသိပါဘူး၊ ကိုရွှေသာကြီးကိုမေးတော့ ကျွန်တော်တို့လိုပဲ သစ်ပင်တွေမှာစောင့်ရတဲ့ နတ်တွေလို့ပြောပါတယ်။

ဆရာတော်ဘုရားက သေခြင်းတရားရဲ့မြန်ဆန်ပုံ၊ ကုသိုလ်နဲ့ အကုသိုလ်တွေဟာ လူတစ်ယောက်ကို လူ့ဘဝမှာရော အခြားဘဝတွေမှာရော ကောင်းလျှင်ကောင်းကျိုးအလိုက် ဆိုးလျှင်ဆိုးကျိုးအလိုက် ပေးတတ်ကြောင်းကို ဟောပါတယ်။

လူတွေတော့မသိဘူး၊ ကျွန်တော်တို့ကတော့ လက်တွေ့ခံစားနေရတဲ့ လူတွေမို့ ဆရာတော်ကြီးရဲ့တရားကို ကောင်းကောင်းကြီး ခံစားနားလည်လို့ ရပါတယ်။





တရားဟောပြီးတော့ ဆရာတော်ဘုရားအမှူးပြုတဲ့ သံဃာလေးပါးက ပရိတ်ကြီးဆယ့်တစ်သုတ်ကို ရွတ်တော့ အာရုံတက်မှာ ကျွန်တော်တို့ကိုယ်ပေါ်ကို ရေလောင်းချထားပေးသလို အေးမြနေတာပဲ။ ကျွန်တော်တို့မှာရှိတဲ့ စူးစိုက်အာရုံစိတ်ဟာ လန်းဆန်းနေပါတယ်။ မေတ္တာသုတ်ဟာ ကျွန်တော်တို့အတွက် အလေးအနက်ဆုံးပါပဲ။

ပရိတ်ရွတ်ပြီးလို့ အမျှပေးတော့ သာဓု... သာဓု... သာဓုဆိုတဲ့ သာဓုခေါ်သံကြီးဟာ ကျွန်တော်တို့နတ်တွေဆီမှာ ဟိန်းဟိန်းကို ထနေတာပဲ။

လူတွေကတော့ အယောက်နှစ်ဆယ်လောက်ပဲ သာဓုခေါ်နေကျအတိုင်း ခေါ်ပါတယ်။

လူတွေဟာ ဆရာတော်ဘုရားရဲ့ သာဓုခေါ်ခြင်းအားဖြင့် လက်တွေ့မှာ ဘာမှမထူးခြားတော့ သာဓု ဝတ်ကျေတန်းကျေပဲ ခေါ်ကြတာပါ။

ကျွန်တော်တို့နတ်တွေမှာတော့ သာဓုခေါ်ခွင့်ရဖို့ဆိုတာ သိပ်ကိုခက်တယ်။ အချို့နတ်တွေဆို နှစ်တစ်ထောင်ကျော်သည်အထိ သာဓုခေါ်ခွင့်မရကြဘူးလို့ ကိုရွှေသာကြီးက ပြောတယ်။

သာဓု သုံးခါလည်းခေါ်ပြီးသွားရော ကျွန်တော့်ရှေ့က နတ်တစ်ပါးဆို လွင့်ခနဲပျောက်သွားတယ်။ နောက်တစ်ပါး၊ နောက်တစ်ပါး... အများကြီးပဲ။

ကိုရွှေသာကြီးက 'အဲဒါ မင်းရဲ့အမျှနဲ့ သာဓုခေါ်ခွင့်ရလို့ အထက်နတ်ဘုံကို တစ်ခါတည်း ရောက်သွားတာ...'လို့ ပြောတယ်။

ကျွန်တော် လူ့ဘဝကနေခဲ့တဲ့ အိမ်နဲ့ခြံကိုစောင့်တဲ့ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေလည်း ရွှေဝါရောင်အိနေတဲ့ ဝတ်စုံတွေလည်းရ၊ ပါဝါလည်းရပြီး ရာထူးတိုးသွားတယ်။

ကိုရွှေသာကြီးက ခရမ်းရောင်ဝတ်စုံကိုရပြီး ကျွန်တော်ကတော့ အဖြူရောင်ဝတ်စုံကို ရပါတယ်။ ကျွန်တော့်ကို အကြောင်းပြုပြီး နတ်အပါးနှစ်ဆယ့်ရှစ်ယောက် လူ့ဘဝကို ရောက်မယ်လို့သိရပြီး အထက်ဘုံကို နတ်အပါးလေးဆယ်ရောက်တယ်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဒါတွေကို သိလို့ပြောတာမဟုတ်ပါဘူး၊ ညောင်ပင်ကုန်းကို ပြန်ရောက်လာတော့ ဘိုးဘိုးကပြောလို့ သိရတာပါ။ အထက်ဘုံကိုရောက်သွားတဲ့ နတ်တွေဆင်းလာကြပြီး ကျွန်တော့်နဖူးကို သူတို့လက်မနဲ့ဖိပြီး တွန်းပါတယ်။ ကျေးဇူးတင်လို့ ပါဝါပေးတာလို့ ကိုရွှေသာကြီးက ပြောပါတယ်။ နတ်အပါး တော်တော်များများက ကျွန်တော့်ကို အဲဒီလိုပါဝါတွေ ပေးပြီးတော့ ကျွန်တော်ဟာ ကြီးချင်ရင် ညောင်ပင်လောက်ကြီးလို့ရပြီး သေးချင်ရင် ပုရွက်ဆိတ်တစ်ကောင်လောက် သေးလို့ရသွားတယ်။

တစ်မိုင်လောက်ဝေးတဲ့နေရာက ပြောတဲ့စကားကို ကျွန်တော်အာရုံစိုက်လိုက်ရင် ပီပီသသကြီးကို ကြားရတယ်။

'နတ်ငယ်လေး... တို့ဟာ လူတွေနဲ့အတူ မှီတင်းနေထိုင်ကြရတဲ့ ဘုံတစ်ခုဖြစ်တယ်၊ လူတွေရဲ့ ကုသိုလ်ရေးရာ၊ အကုသိုလ်ရေးရာဟာ တို့ရဲ့ အပြောင်းအလဲနဲ့ တိုက်ရိုက်ပတ်သက်နေတယ်'

'ဟုတ်ကဲ့ပါ... ဘိုးဘိုး'

'အဲဒီတော့ တို့မှာရှိတဲ့ပါဝါတွေဟာ လူတွေကို ခြောက်ဖို့လှန့်ဖို့မဟုတ်ဘဲနဲ့ ကူညီဖို့ပဲဖြစ်ရမယ်ဆိုတာကို နတ်ငယ် နားလည်ထားရမယ်'

'ဟုတ်ကဲ့ စိတ်ချပါ ဘိုးဘိုး၊ ဘိုးဘိုးဆုံးမတဲ့အတိုင်း ဖြစ်စေရမယ်လို့ အာမခံပါတယ်'

'ကဲ... ဒါဆိုရင် ဘိုးဘိုးလည်း တရားထိုင်သွားဦးမယ်၊ ကဲ... အခု နတ်ငယ်ကို ဘုံနေရာချထားရေးဌာနရယ်၊ ဝိညာဉ်မှတ်ပုံတင်ဖို့ရယ် လိုက်လုပ်ပေးလိုက် ကြားလား!'

'စိတ်ချပါ ဘိုးဘိုး'

'ဟုတ်ကဲ့ စိတ်ချပါဘိုးဘိုး'

ကိုရွှေသာကြီး စကားဆုံးသည်နှင့် ဘိုးဘိုးက တစ်ခါတည်းပျောက်သွားသည်။

'ဘိုးဘိုးပြောတဲ့ဌာနတွေက ဘာဌာနတွေလဲဗျ၊ ဘာတွေလုပ်တာလဲ!'





'မင်းကို နတ်အဖြစ် စာရင်းသွင်းဖို့ပဲ... ဘာတွေ လုပ်တာလဲဆိုတာကို လည်း မင်း သိသွားလိမ့်မယ်၊ စကားမရှည်နဲ့ လာ ငါ့လက်ကိုကိုင်ပြီး လိုက်ခဲ့'

♦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်စိဖွင့်လိုက်တော့ နတ်တွေတော်တော်များများ သွားလာနေကြသော အဆောက်အဦးကြီးရှေ့ကို ရောက်နေတာတွေ့ရတယ်၊ အဆောက်အဦးရဲ့ ပြင်ပအရောင်က ရွှေရောင်ပါ၊ အတွင်းကိုရောက်တော့ အခန်းတွေ မြောက်များစွာနဲ့ နတ်တွေမြောက်များစွာကို တွေ့ရပြန်ရော၊ အဆောက်ဦးရဲ့ အတွင်းပိုင်းကိုတော့ ကနုကမာကောင် အတွင်းသားဖွေးသလို ဖွေးနေတဲ့ အဖြူရောင်ကို သုံးထားတယ်။

'မင်း ဒီနားမှာစောင့် နတ်ငယ်... ငါ ဘုံနေရာချထားရေးဌာနမှူး နတ်မင်းကြီးကို သွားရှာလိုက်ဦးမယ်'

'ဒီနေရာကပဲ စောင့်နေမယ်လေ'

ကိုရွှေသာက လက်တစ်ဖက် အပေါ်သို့မြှောက်ပြီး တစ်ခုခုကို စမ်းသလို၊ ဆွဲသလိုလုပ်ပြီး လက်ကို အောက်ဆွဲချလိုက်တော့... ကိုရွှေသာ့လက်ထဲမှာ ကုလားထိုင်တစ်လုံးပါလာတာကို တွေ့ရတယ်ခင်ဗျ။

'ဒီခုံမှာ ထိုင်စောင့်ပေါ့ကွာ ဟုတ်လား!'

ကျွန်တော်လည်း တအံ့တသြနဲ့ပဲ ကိုရွှေသာကြီးချပေးတဲ့ ခုံမှာထိုင်ရင်း





အပြန်ကျမှ ဒီခုံကို ဘယ်လို ယူလိုက်တာလဲဆိုတာကို မေးရမည်ဟု မှတ်ထားလိုက်ပါတယ်။

ကျွန်တော် ခုံပေါ်မှာထိုင်ရင်း ဝင်လိုက်ထွက်လိုက်၊ ဟိုသွားလိုက် ဒီလာလိုက်လုပ်နေတဲ့ နတ်တွေကို ငေးနေမိတယ်၊ တချို့နတ်တွေက ကိုယ်ရောင်ကိုယ်ဝါ တောက်ပပေမယ့် တချို့က မှိန်တယ်။ ဘာဖြစ်လို့ အဲဒီလို ဖြစ်နေတာလဲဆိုတာတော့ မနေ့က ကျွန်တော့်ကို ရက်လည်ဆွမ်းအသွတ်မှာ ပြောင်းလဲသွားတဲ့ နတ်တွေကို ကြည့်ရင်းနဲ့ ကုသိုလ်၊ အကုသိုလ်အလိုက် ကိုယ်ရောင်ကိုယ်ဝါ ရှိတယ်ဆိုတာကို ကျွန်တော် ရိပ်မိပါတယ်။

ကျွန်တော် အဲဒီလိုတွေးနေတုန်းမှာပဲ 'ဖြုန်း' ဆို ကျွန်တော့်အနားကို နတ်မကလေးတစ်ယောက် ရောက်လာတယ်။ သူ့ကိုကြည့်ရတာ မောပြီး ပင်ပန်းနေသလိုပဲ။

'နင်က ခုံတွေဘာတွေ ရတယ်ဆိုတော့ တယ်ဟုတ်ပါလား!'

'ဟဲ့ ဒီမှာ ခုံရတယ်ဆိုတာ ပါဝါရှိမှရတာဟဲ့'

'ဪ... ဒါဆို ကိုရွှေသာကြီးက ပါဝါရှိတာပေါ့'

'ကိုရွှေသာကြီးဆိုတာ ဘယ်သူလဲ!'

'ညောင်ပင်စောင့်နတ်ဟာ၊ အပြင်တန်းက ရွာတော်ရှင် ဘိုးဘိုးကြီးရှိတဲ့ ညောင်ပင် မဟုတ်ဘူးနော်၊ ရွာလည်လမ်းက ညောင်ပင်ကိုပြောတာ'

'ဒါဆို နင်က ဘုံရှိပြီပေါ့'

'ဘယ်က ရှိရဦးမှာလဲ! အဲဒီညောင်ပင်ခြေရင်းမှာ ဘဝဇာတ်သိမ်းလို့ အဲဒီညောင်ပင်မှာပဲ ကပ်နေရတာ၊ ဒီနေ့မှ ဘုံရဖို့ ဒီကိုရောက်တာ'

'နင် သပိတ်သွပ် အမျှဝေပြီးပြီလား!'

'မနေ့ကမှ ပြီးတာ...'

'ငါက သုံးလလောက်ရှိနေပြီဟာ၊ အခုထိ ဘုံမရသေးဘူး၊ ထိန်ပင်တစ်ပင်မှာ ကပ်နေရတယ်၊ အဲဒီထိန်ပင်မှာ ကပ်နေတာ အားလုံး နတ်ငါးပါး ရှိတယ်ဟ၊ ထိန်ပင်အပိုင်စားရတဲ့ နတ်မကြီးက သိပ်အပေါက်ဆိုးတာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ ဘယ်ဘုံကလေးရ, ရပါဟယ်၊ သေးတာကြီးတာ မရွေးပါဘူး၊ ကိုယ့်အပိုင်ဘုံကလေးဆိုရင် တော်ပါပြီ၊ နင့် ကိုရွှေသာကြီးလာရင် ငါ့ကို ပြောပေးပါလားဟင်!'

'အေးဟာ... လာရင် ငါမေးကြည့်ပေးမယ်'

ကျွန်တော်တို့နှစ်ယောက် စကားပြောနေတုန်း ကျွန်တော်တို့အနားကို နတ်တစ်ပါးရောက်လာတယ်။

'မင်းတို့ ဒီမှာရပ်ပြီး ဘာလုပ်နေကြတာလဲ!'

'စကားပြောနေကြတာပါ'

'စကားပြောတာတော့ ငါမြင်တာပေါ့ကွ၊ ဒီနေရာက နတ်မင်းကြီးတွေ သွားလာနေတဲ့နေရာ သွားသွား တစ်နေရာမှာ သွားရပ်နေကြ'

'မဖြစ်ဘူးဗျ၊ ကျွန်တော့်ဆရာက ဒီမှာနေလို့ပဲ စောင့်ခိုင်းထားတာ'

ကျွန်တော့်စကားကြောင့် သူတစ်ချက် တွေခနဲဖြစ်သွားတယ်။ ဒီနတ်က ကြွေလင်ဗန်းကလေးနဲ့ အခန်းထဲက နတ်တွေကပေးတဲ့ တြိဂံ၊ စတုဂံပုံ၊ ဆဋ္ဌဂံပုံ၊ ပဉ္စဂံပုံ ရောင်စုံဖန်(လ်)လုံးကလေးတွေကို ဟိုကဒီကို ဒီကဟိုကို ပို့ပေးရတဲ့ နတ်ပြာတာပါ။

အထဲမှာရှိတဲ့ အုပ်ချုပ်ရေးနတ်ဦးစီးတွေကိုတောင် မကြောက်ရဘဲ ဘာမှ မဟုတ်သည့် နတ်ပြောတာကို ကြောက်နေရမှာလား!

'မင်းဆရာနာမည်က ဘယ်သူလဲ!'

'ကိုရွှေသာ...'

'လူနာမည်မေးတာ မဟုတ်ဘူး၊ နတ်နာမည်မေးတာ'

ကျွန်တော် တစ်ချက်စဉ်းစားရသည်။ ကိုရွှေသာကြီးက သူ့နတ်နာမည် ကို ပြောတာမကြုံက်၊ ပြီးတော့ ဒီနတ်ငတိကလည်း ဘုံနေရာချထားရေးမှာ အဆင့်အနိမ့်ဆုံး နတ်ငတိဆိုတော့ ပြောစရာမလိုဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ်လေ ကျွန်တော့်မှာ အဖြူရောင် ကိုယ်ကြပ်အင်္ကျီနဲ့မဟုတ်လား! ဘိုးဘိုးပြောသလိုဆို သင့်တော်တဲ့ပါဝါတော့ ရှိနေမှာအမှန်ပဲ။





'ခင်ဗျားက ကျွန်တော့်ဆရာနာမည်ကိုသိတော့ ဘာလုပ်မှာမို့လို့လဲ!'

ကျွန်တော့်ရဲ့ ခပ်တည်တည်မေးခွန်းကြောင့် ဒီငတိ နည်းနည်းတော့ ကြောင်သွားတယ်ခင်ဗျ။

'ကောင်းပြီလေ၊ အဲဒါဆိုလည်း မင်းတို့ ငြိမ်ငြိမ်နေကြ'

'ငြိမ်ငြိမ်မနေလို့ ကျုပ်တို့က 'က'နေလို့လား!'

ကျွန်တော့်စကားအဆုံးမှာပဲ ဒီငတိနတ်ရဲ့နဖူးကြီး ရဲခနဲ တစ်ချက်ဖြစ်သွားပြီး 'လာပြီခင်ဗျ၊ လာပါပြီ' ဆိုပြီး လွှင့်ခနဲ ထွက်သွားတယ်။

'အဲဒီကောင်က နတ်ပြာတာဟ၊ ဘာအဆင့်မှ ရှိတာမဟုတ်ဘူး၊ ငါ့ကိုဆို လာတိုင်း ဟောက်သလား မမေးနဲ့၊ သူ့ရယ် ဘုံနေရာချထားရေးနတ်မင်းရဲ့ အခန်းစောင့်နတ်ရယ် အဆိုးဆုံးပဲ'

'ဒါကတော့ ထုံးစံပါပဲဟာ၊ အထဲက လူထက် အပြင်ကလူတွေကို ပိုကြောက်ရတာ လူ့ပြည်မှာဆိုရင်လည်း ဒီအတိုင်းပါပဲ၊ ဒါနဲ့ နင်က ဘယ်လို ဖြစ်ပြီး ဒီကို ရောက်လာတာလဲ!'

နတ်မကလေးက နတ်သက်ပျင်းကို ချလိုက်ပြီးတော့...

'ငါ စိန်ကိုးလုံး အထူးကုဆေးရုံကို တက်ရတယ်၊ ငါ့ကို တီဘီရှိတယ် ဆိုပြီးတော့ တီဘီဆေးတွေတိုက်တာ ဆေးပတ်တစ်ဝက်ကျိုးတော့မှ တီဘီ မဟုတ်မှန်းသိလိုက်ရပေမယ့် မရတော့လို့ ဒီကို ရောက်လာတာ...'

'ဖြစ်မှဖြစ်ရလေဟာ... လာလေ နင်ညောင်းရောပေါ့၊ ငါ ရပ်နေပါ့မယ် နင် ခဏထိုင်ပါဦး'

'နင် ဒီဘဝရောက်တာ တစ်ပတ်နဲ့တစ်ရက်ပဲရှိသေးတော့ ဘုံအထာကို မသိလို့ ငါ့ကို နေရာပေးနေတာ၊ နင့်အတွက်ယူထားတဲ့ ခုံကို နင်ကလွဲပြီး ဘယ်သူမှ ထိုင်လို့မရဘူး'

'ငါက သဘောတူတယ်ဆိုရင်ကော'

'နင့်က တဆင့်ခံပဲ နင့်အပိုင်ခုံမှ မဟုတ်တာ၊ နင့်ဆရာ ကိုရွှေသာက ခွင့်ပြုမှ ငါထိုင်လို့ရမှာ...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်တော်တော်လေး မောသွားတယ်၊ နတ်ဘုံနတ်နန်း၊ နတ်စည်းကမ်းတွေက များလှပါလားပေါ့လေ။

'နင်ကရော ဘယ်လိုဖြစ်လို့ ရောက်လာတာလဲ!'

ကျွန်တော့်အကြောင်းကို ပြောပြနေတုန်းမှာပဲ ကိုရွှေသာကြီးရောက်လာလို့ နတ်မကလေးနဲ့ မိတ်ဆက်ပေးရတယ်။

'ကိုရွှေသာကြီး သူက မေဦးပိုင်တဲ့ ရောဂါများ ဆေးစားတာ ဆေးလွန်မှုသိရလို့ ဒီဘဝရောက်တာတဲ့'

'သြော်... မင်းက ခဏကလေး ဘားခဲ့တာတောင် သူငယ်ချင်းက ချက်ချင်းရတာပါပဲလား!'

ကျွန်တော်က မေဦးပိုင်ရဲ့အကြောင်းကလေးကို ပြောပြတော့ ကိုရွှေသာကြီး စိတ်မကောင်းဖြစ်သွားပုံရပါတယ်။

'အဲဒီထိန်ပင်က နတ်မကို ငါသိတာပေါ့ဟ၊ သိပ်နှုတ်ကြမ်းတာ၊ လူ့ဘဝတုန်းက ငါးစိမ်းသည်လေ၊ ဒါပေမယ့် သူက ငါးဟင်းချက်ပြီး နေ့တိုင်း ကိုယ်တော်တွေကို လောင်းတဲ့ကုသိုလ်ကြောင့် နတ်ဖြစ်တာ၊ ကဲ...ပါ သူများအကြောင်းပြောနေလို့ အလကားပဲ၊ ဘိုးဘိုးဆီ သွားရအောင်... လာ မေဦးပိုင် နင်လည်းလိုက်ခဲ့'

'ဝမ်းသာလိုက်တာ ဦးရွှေသာကြီးရယ်၊ ကျွန်မ ဘိုးဘိုးနဲ့တွေ့ဖို့ကြိုးစားတာ သုံးလရှိပြီ၊ ဘယ်သူမှ မကူညီဘူး၊ ဒီဘဝမှာ ကိုယ်ရောင်ကိုယ်ဝါရှိမှ နတ်တွေက နတ်ထင်တာ'

ဘိုးဘိုး တံခါးဝကိုရောက်တော့ တံခါးစောင့်နတ်က ရစ်မည်ကြံသေးပေမယ့် ကိုရွှေသာကြီးကိုတွေ့တော့ မျက်နှာပြောင်းသွားတယ်။

'နင်က ဘာလိုက်လုပ်ဦးမလို့လဲ!'

မေဦးပိုင်ကို မေးတာပါ။

'နင့်ကို ဘိုးဘိုးနဲ့ ပေးတွေ့လို့မရဘူးဆိုတာ ငါ ဘယ်နှခါ ပြောရမလဲ'





'ဟော့ကောင် ကြီးမောင်... မင်း တံခါးစောင့် မလုပ်ချင်တော့ဘူးလို့ ပြောတယ်ဆို'

'ဟာ... ကျွန်တော် မပြောပါဘူး၊ ဘယ်သူပြောလဲ!'

'ငါ့ကို ရွာလယ်က ဘိုးဘိုးက တစ်ခါပြောသလားလို့'

'မဟုတ်ပါဘူးဗျာ မပြောပါဘူး၊ ကဲ... ဝင်ပါ ဝင်ပါ'

♦



www.burmeseclassic.com

www.burmeseclassic.com



နေရာချထားရေးဘိုးဘိုးသည် အသားညိုညို မုတ်ဆိတ်နှင့် နှုတ်ခမ်းမွှေးရှည်ရှည်နှင့် စူးရှပြတ်သားသော မျက်ဝန်းတို့ရှိသည်။

နေရာချထားရေးဘိုးဘိုးရဲ့ စားပွဲရှေ့မှာထိုင်ရန် ထိုင်ခုံမရှိတော့ ကျွန်တော်တို့အားလုံး မတ်တပ်ရပ်နေကြရတာပေါ့။ နေရာချထားရေး ဘိုးဘိုးလည်း ဆိုသေး၊ ခုံရှေ့မှာ ထိုင်ခုံတောင်မှ မရှိပါလား! ဟု ကျွန်တော် စိတ်ထဲမှာ တွေးမိပြီး ရယ်ချင်သွားတယ်ဗျာ။

'အေး... ငါ့ခုံရှေ့မှာ ထိုင်ခုံတွေချမထားတာ မဟုတ်ဘူး၊ ထိုင်ခုံတွေ ရှိတယ်ကွ၊ ဒါပေမယ့် မင်းတို့ပါဝါက နိမ့်လွန်းလို့ ထိုင်ခုံတွေကို မတွေ့တာ ထိုင်လို့လည်းမရတာ'

ဘိုးဘိုးစကားကြောင့် ကျွန်တော် အရမ်းတုန်လှုပ်အံ့သြသွားတယ်။ ကျွန်တော့်ဘာသာတွေးတာကို ဘိုးဘိုးက ဘယ်လိုသိသွားတာလဲ!။

ဒါကို ရိပ်မိသွားတဲ့ ကိုရွှေသာကြီးက...

'ဟောကောင် နတ်ငယ်၊ မင်း ဘိုးဘိုးကို အခုရှိခိုးပြီး တောင်းပန်စမ်း။ အခုရှိခိုး'





ကျွန်တော်လည်း ချက်ချင်းဒူးထောက်ရက်ချပြီး လက်အုပ်မိုးရှိခိုးရတယ်။

'ကျွန်တော် နားမလည်သေးလို့ စိတ်ထဲကနေ မိုက်မိုက်မဲမဲပြောခဲ့တာကို ဗွေမယူပါနဲ့ ဘိုးဘိုး၊ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ'

'ကောင်းပြီ ခွင့်လွှတ်တယ် ထ...'

ကျွန်တော်ပြန်ထတော့ ဘိုးဘိုးက သူ့ရှေ့က စားပွဲခုံပေါ်မှာ တင်ထားတဲ့ အမြင့်ခြောက်လက်မ အကျယ်က ထမင်းစားပန်းကန်လောက်သာရှိပြီး အဖုအထစ်တွေရှိတဲ့ ကျောက်တုံးရဲ့ဘေးဘက်က အပေါက်ထဲကို တြိဂံပုံအညိုရောင်အတုံးကလေးရယ်၊ ဖန်(လ်)ဂေါ်လီလောက်ရှိတဲ့ ချောမွတ်နေတဲ့ အညိုရောင်အလုံးကလေးရယ်ကို ထည့်လိုက်တယ်။ ပြီးတော့ ကျွန်တော်တို့ကို ဘယ်လို ဒီဘဝရောက်လာသလဲ မေးပါတယ်။ ကျွန်တော်က အရင်ပြောရတယ်။

ကျွန်တော် ပြီးတော့ မေဦးပိုင်ပေါ့။

ဘိုးဘိုးက နားထောင်ပြီးတော့ လက်နှစ်ဖက်ကို ရှေ့ကိုဆန့်ထုတ်ပြီး လက်သီးဆုပ်ရင်း မျက်စိမှိတ်ပြီး ဂါထာတစ်ခုကို ရွတ်တယ်။ အဲဒီအချိန်မှာ အဘိုးရဲ့မျက်နှာဟာ အနီရောင်လွှမ်းနေတယ်။

ဂါထာဆုံးသွားတော့မှ အဘိုးက မျက်စိကိုဖွင့်ပြီး ရှေ့မှာဆန့်တန်းထားတဲ့ လက်တွေကိုဖြေလိုက်တော့ ခုနက ကျောက်တုံးကလေးထဲကို ထည့်လိုက်တဲ့ ဖန်ဂေါ်လီလို အလုံးကလေးက အပြာရောင်ဖြစ်နေပြီး တြိဂံပုံအတုံးကလေးက အနီရောင်ရဲနေတာပဲ ခင်ဗျ။

ဘိုးဘိုးက အပြာရောင် ဖန်ဂေါ်လီကလေးကို မေဦးပိုင်ကိုပေးပြီး ကျွန်တော့်ကိုတော့ တြိဂံပုံ အနီရောင် ကျောက်တုံးကလေးကို ပေးပါတယ်။ ပြီးတော့ ဘိုးဘိုးကပြောတယ်။

'မင်းတို့ တော်တော်လေးကို အတိတ်ကံကောင်းကြတယ်။ ဒီမနက် ဘုံနေရာချထားရေးမှာ အောင်မြင်တာ မင်းတို့နှစ်ယောက်ပဲ ရှိသေးတယ်၊ ကဲ... သွားကြပေတော့...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တို့သုံးယောက်စလုံး ဘိုးဘိုးကို ကန်တော့ပြီးတော့ ထွက်ခဲ့တယ်။ မေဦးပိုင်ဆို ပျော်လွန်းလို့ ခုန်ပေါက်နေတာပဲ။

'ကိုရွှေသာကြီးကို သိပ်ကျေးဇူးတင်တာပဲ'

'ငါနဲ့မဆိုင်ပါဘူးဟာ၊ နင်တို့ အတိတ်ကံတွေကောင်းလို့လို့ ဘိုးဘိုးက ပြောပြီးပြီပဲ'

'ဘာဖြစ်လို့ မဆိုင်ရမှာလဲ၊ ကျွန်မ အဲဒီဘိုးဘိုးအခန်းကို ဝင်ဖို့ကြိုးစားတာ ၃-လရှိပြီ၊ အနားတောင် ကပ်လို့မရဘူး၊ အခုလို ကိုရွှေသာကြီးကြောင့်ရတာ၊ ဆိုင်တယ်'

'အေး... ဆိုင်တယ်ဆိုလည်း ပြီးရောပေါ့ဟာ'

'ဘယ်ပြီးမလဲ ကျွန်မ ဘာအတွက်ပဲ ကုသိုလ်ရ,ရ ရတဲ့ကုသိုလ်ရဲ့ ငါးပုံတစ်ပုံကို ကိုရွှေသာကြီးကို ပေးမယ် ဒါပဲ'

'ငါရော မပါဘူးလားဟ! ငါက ကိုရွှေသာကြီး နင့်ကို ခေါ်သွားအောင် ပြောပေးရတာလေ...'

'နင့်ကိုတော့ မပေးပါဘူး၊ နင်က အခုကတည်းက ငါ့ထက် အဆင့်မြင့်တဲ့ အဖြူရောင်နဲ့ ငါ့မှာက ဘာအရောင်မှ တောင် မရှိသေးဘူး'

'ဝိညာဉ်မှတ်ပုံတင်ပြီးရင် နင်ရမှာပဲဟာ... ငါ့ကိုလည်း ပေးမှပေါ့'

'ကဲ... ပေးမယ်ဟာ ငါ့ကုသိုလ် ဆယ်ပုံတစ်ပုံပေးမယ်'

'တော်တော် ကပ်စေးနည်းတဲ့ နတ်မပဲ'

'နင်ကလည်း တော်တော် မိန်းမဆန်တဲ့ နတ်ထီးပဲ'

ကျွန်တော်တို့ နတ်သုံးပါးစလုံး အားရပါးရ ရယ်လိုက်ကြပါတယ်။

ဝိညာဉ်မှတ်ပုံတင်ဌာနကို မရောက်ခင် ကျွန်တော်တို့နှစ်ယောက်ဟာ တော်တော်အပျော်ခံရတဲ့ ကျွန်တော်တို့ရှေ့မှာ မှတ်ပုံတင်ဖို့စောင့်နေရတဲ့ နတ်တွေလည်း အများကြီးပဲ။ အားလုံးသော နတ်တွေဟာ အကျယ်လေးပေ၊ အမြင့် ခြောက်ပေလောက်ရှိတဲ့ အပေါက်ကလေးကို မျှော်လင့်ချက်ကြီးစွာနဲ့ ကြည့်နေကြရပါတယ်။





အထဲမှာ ဘာတွေလုပ်နေသလဲဆိုတာကို သိချင်တဲ့နတ်တွေကလည်း အဲဒီတံခါးဝကလေးကနေ အထဲကို လှမ်းလှမ်းကြည့်တတ်ကြတယ်။ အဲဒီလိုကြည့်တာကို တံခါးစောင့်နတ်တွေ့သွားရင် တအားအော်တော့

'ခင်ဗျားတို့ကို နှောက်ဆုတ်နေလို့ပြောတာ မရဘူးလား! ဒီအဝနားမှာလာကြည့်လို့ ဘာထူးမှာလဲ! ကိုယ့်အလှည့်ရောက်ရင် ဝင်ရမယ် စိတ်ချ'

ကျွန်တော်လည်း အထဲမှာ ဘာတွေလုပ်နေတာလဲဆိုတာကို အများနည်းတူ ကြည့်ချင်ပါတယ်၊ ဒီတံခါးစောင့် ငတိကြီးလစ်ရင်တော့ ကြည့်လိုက်ဦးမယ်လို့ စိတ်ကူးထားတယ်။

ခဏကြာတော့ တံခါးစောင့်ငတိကြီး တံခါးဝမှာရပ်မနေဘဲ အတွင်းခန်းထဲဝင်သွားတယ်။ ကျွန်တော်လည်း တံခါးဝနားကပ်ပြီးကြည့်တော့ အခန်းဟာ အင်မတန် အံ့သြစရာကောင်းလောက်အောင် အလှအပ အပြောက်အမွန်းတွေနဲ့ပြည့်စုံပြီး နံရံမှာ အရောင်တွေဟာ တစ်ဖျပ်ဖျပ် ကွန့်မြူးနေတယ်။

နတ်မယ်ကလေးတွေကလည်း ပန်းနုရောင်ဝမ်းဆက်ကို ဝတ်ထားပြီး file ကလေးတွေကို ရင်မှာပိုက်ရင်း လိပ်ပြာကလေးတွေလို ဝဲနေတယ်။ သူတို့အားလုံးဟာ ပြုံးပြီးတော့ ပျော်နေကြတဲ့ပုံစံပါပဲ။ တိတ်ဆိတ်ငြင်သာစွာ သူတို့သွားလာပုံက ကြည့်ကောင်းလွန်းလို့ ကျွန်တော် ငေးကြည့်နေမိတုန်းမှာ ကျွန်တော့်ရင်ဝကို အတွန်းခံလိုက်ရတယ်။ ကျွန်တော် ယိုင်ပြီးလဲတော့မလို့ အနောက်က ကိုရွှေသာကြီး ခံပေလို့ပေါ့။

'ဟောကောင် မင်းကဘာနတ်မို့ အထဲကိုကြည့်နေရတာလဲ!၊ ဒီအပေါက်ဝနားကို မလာပါနဲ့လို့ လူလိုပြောနေတာကို နတ်က နားမလည်ဘူးလား! သွားသွား ခပ်ဝေးဝေးမှာနေစမ်း'

ကျွန်တော် ဘာမှမပြောဘဲ လှည့်ထွက်ပေမယ့် ကိုရွှေသာကြီးနဲ့ မေဦးပိုင်က မခံကြဘူးခင်ဗျ။ ကိုရွှေသာကြီးက...

'ဒီမှာ ကိုယ့်နတ်... ဝိညာဉ်မှတ်ပုံတင်ဖို့လာတဲ့ နတ်တိုင်းဟာ အခန်းထဲမှာ ဘာတွေ ဘယ်လိုဖြစ်ကြလဲ! ဘယ်သူတွေက ဘာတွေလုပ်ကြတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို သိချင်ကြတဲ့နတ်တွေချည်းပဲ၊ ခင်ဗျားတာဝန်ယူရတဲ့ တံခါးဝကနေ လာကြည့်တာမှ မဟုတ်တာ၊ ခင်ဗျား ဘာမှ အာဏာပြစရာမလိုဘူး'

'လူလိုပြောရင် နတ်က နားလည်တယ်၊ ဒီမှာရှိနေတဲ့ နတ်တွေအားလုံး က လူ့ဘဝကလာတာချည်းပဲ၊ နတ်ဖြစ်ပြီး နတ်လိုနားမလည်တာကသာ ခက်တာ'

'ဟုတ်တယ်၊ လူ့ဘဝတုန်းက သူက ဆေးရုံဂိတ်စောင့်လေ... အခုထိ အဲဒီအကျင့်က မပျောက်သေးတာ'

'ဟုတ်တယ် တံခါးတစ်ပေါက်နဲ့ နတ်တွေကို ဟောက်နေတာ၊ အလကားကောင်ကြီး'

'ခင်ဗျားတို့ ကျုပ်ကို ဘာစော်ကားတာလဲ! ကျုပ်တာဝန်ကိုက ဒီ အပေါက်ဝမှာ ရှုပ်နေတဲ့နတ်တွေကို ရှင်းဖို့တာဝန်ပဲ၊ ကျုပ်အလုပ် ကျုပ်လုပ် နေတာကို ခင်ဗျားတို့ ဘာမှ ပါဝါလာပြနေစရာမလိုဘူး'

'ကဲ... ဘယ်လိုဖြစ်နေတာလဲ သားတို့'

အေးချမ်းသောအသံကြောင့် မော့ကြည့်လိုက်ကြတော့ ကောင်းကင်ထက် တွင် ရပ်နေသော ဘိုးဘိုးတစ်ပါးကို တွေ့ရသည်။ ကိုရွှေသာကြီးက ဦးညွှတ် အရိုအသေပေးလိုက်သဖြင့် ကျွန်တော်တို့လည်း ချက်ချင်းပင် ဦးညွှတ်အရို အသေ ပေးလိုက်ကြရသည်။ သို့သော်လည်း ထို ဘိုးဘိုးကိုတော့ မသိပါ။

ဦးညွှတ်အရိုအသေပေးပြီးနောက်မှ ကိုရွှေသာကြီးက ဖြစ်သမျှကို အမှန် အတိုင်းပြောပြတော့ ဘိုးဘိုးက ပြုံးပြီး

'ဟဲ့... မောင်သာ မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'အေးကွယ့် တာဝန်ပေးတာတော့ ဟုတ်ပါရဲ့၊ မောင်က တာဝန်နဲ့ အာဏာကို ခွဲခြားပြီးသိဖို့တော့ လိုတာပေါ့၊ ဒါ့ထက် ဒီနတ်ငယ်က တစ်နေ့က သပိတ်သွတ်ဆွမ်းကျွေးမှာ ချမ်းအေးဆရာတော်ဘုရားကြီး ပညာဝံသ ကိုယ် တိုင် အမျှပေးတဲ့ သူငယ်မဟုတ်လား!'





'ဟုတ်ပါတယ် ဘိုးဘိုး'

'အေး ဒါဆိုရင် မင်းကျေးဇူး ငါ့မှာမကင်းဘူးဟေ့၊ ငါ အဲဒီတရားကို နာပြီး ဆရာတော်ကြီးရဲ့ အမျှကို သာဓုခေါ်ခွင့်ရတဲ့အတွက် အခု ဝိညာဉ် မှတ်ပုံတင်ဌာနမှာ အကြီးဆုံးရာထူးကို ရတာပဲ၊ အရင် ဦးစီးချုပ်ကလည်း သာဓုခေါ်ခွင့်ရလို့ အထက်ဘုံကို ရောက်သွားပြီး၊ အိမ်း... အိမ်း ဝိညာဉ် မှတ်ပုံတင်ပြီးရင် ဘိုးဘိုးအခန်းကို လာခဲ့ကြဦး ဟုတ်ပြီလား!'

'ဟုတ်ကဲ့ ဘိုးဘိုး'

ဘိုးဘိုးက လက်တစ်ဖက်မြှောက်ပြီး ပျောက်ကွယ်သွားပါတယ်။ ဝိညာဉ်မှတ်ပုံတင်တံခါးစောင့်ကြီး ဦးသာမက နံရံပေါ်မှာ လိမ္မော်သီး အရွယ်လောက်ပမာဏရှိပြီး လည်နေတဲ့ အပြာနုရောင်အလုံးကလေးကို ကြည့်နေရတယ်၊ အဲဒီအလုံးကလေးရပ်သွားတော့ အလုံးကလေးပေါ်မှာ ပေါ်လာတဲ့အမည်ကို သူက အော်ခေါ်ပေးရတာပါ။

ကျွန်တော်ကြည့်နေတုန်းမှာပဲ အလုံးကလေးက ရပ်သွားပြီးတော့ လူ့ဘဝ က နာမည်နှစ်ခုပေါ်လာပါတယ်။

'ဦးမောင်မျိုး၊ ဦးမြတ်နိုင်'

အခေါ်ခံရသူနှစ်ဦး ထိုင်စောင့်နေရာက ဝမ်းသာအားရထပြီး ဝိညာဉ် မှတ်ပုံတင်ဌာနကို ဝင်သွားကြပါတယ်။ တံခါးဝထိပ်မှာ ရပ်ပြီးစောင့်နေတဲ့ နတ်တွေက သူတို့နှစ်ယောက်ကို အားကျသလို ဝိုင်းကြည့်ကြတယ်။

တံခါးစောင့်ကြီး ဦးသာမရဲ့မျက်နှာနဲ့ အော်သံမှာ မာနထောင်လွှားတာ မရှိတော့လို့ သူတို့လည်း ဘဝတူနတ်တွေ စောင့်တဲ့နေရာမှာ ပြန်စောင့် ကြရပါတယ်။

'အဲဒီ ဦးမောင်မျိုးနဲ့ ဦးမြတ်နိုင်တို့က လူ့ဘဝတုန်းက ဂျာနယ်လစ်တွေ တဲ့၊ အခု သူတို့ရောက်လာတော့ နတ်ဂျာနယ် တစ်စောင်ထုတ်မယ်တဲ့!'

'ဟင်... ဟုတ်လား! ဘာအကြောင်းတွေ ပါမှာတဲ့လဲ!'

'ဒီဘုံကို ဘာလို့ရောက်လာသလဲ! ဒီနေရာမှာ ဘာကုသိုလ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ! ဘာအကုသိုလ်ကံကြောင့် နေရာကောင်းကောင်း မရတာလဲ…အဲဒါ မျိုးတွေနေမှာပေါ့ဟာ'

ဝင်သွားတဲ့နတ်နှစ်ပါးအကြောင်းကို ကျွန်တော်တို့အနားက နတ်များက ထင်ကြေးဖြင့် ပြောနေကြခြင်းဖြစ်သည်။

'ဟဲ့…နတ်ငယ်၊ ငါ့ကိုသာလာမေးရင် ကောင်းကောင်းလေး အင်တာဗျူး ဖြေပေးလိုက်မယ် သိလား!'

'မေးဦးပိုင် သူတို့က သူတို့ထင်ရာတွေ လျှောက်ပြောနေတာ၊ ငါတို့နေ ရတာက အသူရကာယ်ဘုံ၊ အသူရကာယ်ဆိုတာ ငါတို့အထက်က နတ်တွေ လို မရဲရင့်ဘူး၊ အရောင်အဝါလည်း မတောက်ပတဲ့ သတ္တဝါပဲ။ ငါတို့နဲ့ ဆွေရင်းမျိုးရင်းထဲက တစ်စုံတစ်ယောက်က ပေတဒါန အင်္ဂါလေးပါးနဲ့ ညီညွှတ်အောင် အလှူပေးမှ…ဒီဘဝကနေ ကျွတ်၊ ဒါမှမဟုတ် ဒီ့ထက်မြင့် တဲ့ အထက်ဘုံ နတ်ပြည်ကို ရောက်ချင်ရောက်ကြရတယ်'

'ဦးရွှေသာကြီး အဲဒီ 'ပေတဒါန'ဆိုတာ ဘာလဲဟင်!'

ကျွန်တော် တော်တော်စိတ်လှုပ်ရှားပြီး မေးမိတာပါ။ ဟုတ်တယ်လေ ကျွန်တော် ဒီဘဝမှာ မနေချင်ပါဘူး၊ နတ်ဖြစ်မယ်ဆိုလည်း အထက်ဘုံက နတ်မျိုးဖြစ်ချင်တာပါပဲ။

'အေး…အဲဒါတော့ ငါလည်း ကောင်းကောင်းမသိဘူးကွ၊ ဘိုးဘိုးတော့ သိတယ်၊ ဒါကြောင့်မို့ မင်း ဆွမ်းသွတ်တရားပွဲမှာ 'ပေတဒါန'နဲ့ ညီညွှတ် တဲ့ နတ်တွေကိုပဲ သာဓုခေါ်ဖို့ ရွေးရတာမဟုတ်လား'

ကျွန်တော် ဒီတစ်ခါ ဘိုးဘိုးလာရင်တော့ သေသေချာချာမေးရမယ် ဆိုတာကို မှတ်ထားလိုက်တယ်။ ဒီလိုနဲ့ မောင်သာမဆိုတဲ့ လူကြီးခေါ်တဲ့ လူတွေ ဝိညာဉ်မှတ်ပုံတင်အခန်းထဲ ဝင်သွားတာကို ကျန်တဲ့လူတွေက အားကျ တဲ့အကြည့် ငေးကြည့်နေကြပါတယ်။

'မင်းလူ'

'မင်းခိုက်စိုးစန်'





'ကိုဦးဆွေ'

'မသင်းသင်းသာ'

'စန်းမွန်အောင်'…အဲဒီငါးယောက် တစ်ပြိုင်တည်းဝင်မယ်။

အခေါ်ခံရတဲ့ ငါးယောက်ကို ကျန်တဲ့နတ်တွေက ငေးလို့၊ အခေါ်ခံရသူ တွေကလည်း ပြုံးလို့ရွှင်လို့ ဝင်သွားကြပါတယ်။

'အဲဒီ ကိုဦးဆွေဆိုတဲ့နတ်က မိန်းမသုံးယောက်တောင်မှ လူ့ဘဝမှာ ယူခဲ့တာတဲ့၊ သူ ဒီကိုလာလာနေတာ ၂-နှစ်ကျော်သွားပြီ၊ ဒီနေ့မှဝင်ရရှာတာ'

'မင်းလူဆိုတာက စာရေးဆရာမဟုတ်လား!'

'ဟုတ်တယ်လေ…လူ့ဘဝတုန်းက စာရေးဆရာပေါ့၊ ပေါက်ကရတွေ ကို ဟိုလူ့ထေ့လိုက်၊ ဒီလူ့ရိသဲ့သဲ့လုပ်လိုက်နဲ့ ရယ်စရာတွေလုပ်ရေးလို့ ဒီကိုရောက်တာ…သူလည်း တစ်လလောက်စောင့်ရပြီး ဒီနေ့မှ ဝင်ရတာ'

အရာရှိနတ်ကြီးတစ်ဦးက ရှင်းပြခြင်းဖြစ်သည်။

'ဟင်…ဒါဆိုရင် ဘုံနေရာချထားရေးဌာနကို ရောက်ပြီးတိုင်း ဝိညာဉ် မှတ်ပုံတင်က ချက်ချင်းမရဘူးလား!'

မေးဦးပိုင်က သိချင်စိတ်ဖြင့် အလောတကြီး မေးသည်။

'ဘုံနေရာချထားရေး အောင်တဲ့အတွက် ဘုံတစ်ခုရမှာတော့ သေချာ တယ်လေ၊ ဒါပေမယ့် ဝိညာဉ်မှတ်ပုံတင်ရှိတော့မှ အပိုင်စားဘုံကိုရတာ…'

'သြော်…ဒီလိုလား! အင်း ဒါဆိုရင်တော့ မလွယ်ကြောပဲပေါ့ နတ်ငယ်'

'လူ့ဘဝမှာလုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ်က နတ်တစ်ပါးနဲ့တစ်ပါး တူတာမှ မဟုတ်တာဟာ၊ ငါတို့အဆင်ပြေချင်လည်း ပြေမှာပေါ့၊ ဘုံနေရာ ချထားရေးဌာနက ဘိုးဘိုးပြောတာ နင်လည်းကြားတာပဲ မဟုတ်လား! မင်းတို့ တော်တော်အတိတ်ကံ ကောင်းကြတယ်၊ ဝိညာဉ်မှတ်ပုံတင်ဖို့ ဒီမနက် ငါတို့နှစ်ယောက်ပဲ ရတယ်ဆိုတာလေ…'

'အေးဟာ…အခုလည်း တစ်နေတည်းရရင် ကောင်းမှာပဲ'

'အော်ပီကျယ်'



www.burmeseclassic.com

www.burmeseclassic.com



'စောမင်းဝေ'

'ကိုရွှေထူး (ပြည်)'

'ကောင်းဇော်...'

'အင်း... မေဦးပိုင်'.

မေဦးပိုင်မှာ လက်ခုပ်လက်ဝါးတီးပြီး ပျော်ရွှင်နေပြီးတော့ လက်ကို ကိုင်ဆွဲရမ်းနေတယ်။

'ဟဲ့... မေဦးပိုင် အဲဒီလောက် ပျော်မပြနဲ့လေ၊ အခေါ်မခံရသေးတဲ့ လူတွေကို အားနာဦးမှပေါ့'

ကျွန်တော့်စကားကြောင့် မေဦးပိုင်က အော်ဟစ်ခုန်ပေါက်နေတာကို ရပ်ပစ်လိုက်တယ်။ ပြီးတော့မှ သူ့ကိုငေးနေကြတဲ့ ကျန်တဲ့နတ်တွေကိုတွေ့ တော့ အားနာသွားပုံလည်း ရပါတယ်။

'ငါ... ပျော်လွန်းလို့ပါ နတ်ငယ်ရယ်၊ နည်းနည်းလွတ်သွားတာ'

'နင် လွတ်တာကတော့ လွန်ပါတယ်'

'ခင်ဗျားတို့ တော်တော်ကံကောင်းတာပဲဗျာ၊ တစ်နေ့တည်းနဲ့ နှစ်ခုစလုံး အောင်တယ်ဆိုတော့ ကျွန်တော်တို့လောကမှာ မရှိဘူးတော့ မဟုတ်ဘူး ရှိတယ်၊ ဒါပေမယ့် ရှားပါတယ်'

'အာ... ခင်ဗျားတို့လည်း နောက်အတွဲတွေမှာ ပါချင်ရင်ပါမှာပေါ့ဗျ၊ ခေါ်တာပြီးမှ မပြီးသေးတာ'

'အေးဗျာ... ခေါ်ပါစေပဲ ဆုတောင်းရတော့မှာပဲ'

'ကဲ... နာမည်ခေါ်ခံရတဲ့လူတွေ ဝင်လို့ရပြီ'

မောင်သာမ ဆိုတဲ့နတ်ကြီးက ခေါ်တော့ ကျွန်တော်တို့ ရပ်လိုက်ကြပြီး တန်းစီဝင်ရတယ်။ ကိုရွှေသာကြီးက 'ငါ့ဟိုဘက်အပေါက်က စောင့်နေမယ်' လို့ ပြောပြီး ထွက်သွားတယ်။

ကျွန်တော် ရင်တွေ တဒိန်းဒိန်းခုန်နေတာကို သတိထားသွားတယ်။





နတ်မို့လို့ ရင်မခုန်ဘူး ထင်ကြသလား! မယုံရင် ခင်ဗျားတို့ကိုယ်တိုင် နတ် ဖြစ်ကြည့်လိုက်လေ။

ကျွန်တော် ရင်ခုန်တာက ဘယ်ဘုံဌာနမှာကျမလဲ! ဘယ်အပင် ဘယ် နေရာမှာ ရမလဲဆိုတာတွေကြောင့်ပါ။

ဝိညာဉ်မှတ်ပုံတင်ဌာနထဲကို ဝင်လိုက်တော့ ယဉ်ယဉ်ကလေးအေးနေ ပြီး စကားလုံးနဲ့ဖွင့်ပြီး အဓိပ္ပာယ်ရှာလို့မရတဲ့ ရနံ့က မွှေးနေတယ်။

ပထမဦးဆုံး ကျွန်တော်တို့ဟာ ဘိုးဘိုးဆီကရလာတဲ့ မေဦးပိုင်ရဲ့အပြာ ရောင်ဖန်(လ်)ဂေါ်လီကလေးရယ်၊ ကျွန်တော့်ရဲ့ တြိဂံပုံအနီရောင် အခဲလေး ရယ်ကို သူတို့ကို ပေးလိုက်ရပါတယ်။

သူတို့က အဲဒီပစ္စည်းကလေးတွေကို လေးထောင့်ပုံအနံ့ရှည်လျားတဲ့ စက်ရဲ့ခလုတ်ကို နှိပ်ပြီး ထည့်လိုက်တယ်။ ခလုပ်ကိုနှိပ်လိုက်တော့ T.V အောက်စက်က အခွေထည့်ဖို့ထွက်လာတဲ့ အပြားပုံစံမျိုးမှာ ပုံသဏ္ဌာန်တွေ အမျိုးမျိုးပါတဲ့ ခွက်ကလေးတွေ ရှိတယ်။ အလုံးပုံ၊ တြိဂံပုံ၊ ပဥ္စဂံ၊ ဆဋ္ဌဂံ၊ ရှည်မြောမြော ငှက်ပုံစံ စသည့်ပုံစံတွေ အများကြီးပါပဲ။

အဲဒီပုံစံတွေ အများကြီးထဲကနေ အလုံးပုံစံခွက်ထဲကို မေဦးပိုင်ရဲ့ ဖန်(လ်)ဂေါ်လီကလေးကို ထည့်ပြီး ကျွန်တော့်ကိုတော့ မေဦးပိုင်အလုံးပုံနဲ့ တော်တော်ဝေးဝေးက တြိဂံပုံစံထဲမှာ ထည့်တာပါ။

ထည့်ပြီးတော့ အဲဒီနတ်မကလေးက ခလုပ်တစ်ခုကို နှိပ်လိုက်တော့ disc လိုပစ္စည်းကလေးက ပြန်ဝင်သွားပါတယ်။ T.V ထဲကို အခွေထည့်လိုက် သလိုပါပဲ။

ဝင်သွားပြီးခဏအကြာမှာ စက်တစ်ခုလုံးမှာရှိတဲ့ ဖန်သားတွေဟာ နီရဲပြီး တက်လာတယ်။ နတ်ဆရာမကလေးက ပြုံးပြီး ခေါင်းညိတ်ရင်း ခလုတ်တစ်ခုကို နှိပ်လိုက်တော့ နီရဲနေတဲ့အရောင်က တဖြည်းဖြည်း ပျောက် သွားတယ်။

နတ်ဆရာမကလေးက နောက်ထပ်ခလုတ်တစ်ခုကို နှိပ်ပြန်တယ်၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ စက်တစ်ခုလုံးမှာရှိတဲ့ ဖန်သားပြင်ဟာ အပြာရောင် ဖျော့ဖျော့သန်း လာပြီး မတက်ဘူးဖြစ်နေလို့ နတ်ဆရာမလေးက မျက်မှောင်ကျုံ့ရင်း နောက် ထပ် ခလုတ်ကိုထပ်နှိပ်ရတယ်၊ ဒီတော့မှ အပြာရောင်ဟာ ဖျော့နေရာကနေ တဖြည်းဖြည်းလင်းလာလိုက်တာ တစ်ခန်းလုံးပြာသွားတာပဲ။

ဒီတော့မှ နတ်ဆရာမလည်း ပြုံးနိုင်တော့တယ်။

'မင်းက သက်တမ်းကုန်လို့ သေတာမဟုတ်ဘူး၊ မင်းသက်တမ်းအရ ဆို မင်း အာယုသက်တမ်းက ၇၀-ကျော်ရှိတယ်'

'ဟုတ်ပါတယ်၊ ကျွန်မက ဆေးမှားတာပါ'

'ဝမ်းနည်းမနေပါနဲ့ မင်းတို့ ကံတွေကောင်းကြပါတယ်၊ ဘုံနေရာ ကောင်းကောင်းရပါစေလို့ ဆုတောင်းပေးပါတယ်'

'သာဓု သာဓု သာဓုပါ ဆရာမရယ်'

မေဦးပိုင်က လက်အုပ်ကလေးချီရင်း ကန်တော့ပါတယ်။

'ကဲ... လာ ဟိုဘက်ခန်းထဲ ဝင်ရမယ်'

'ဟင်... မပြီးသေးဘူးလား ဦးရွှေသာကြီးရဲ့'

'ဘယ်ကလာ ပြီးရဦးမှာလဲ၊ နင့်ကို ဘုံနေရာပေးဖို့အတွက် နင့်ဖန်(လ်) လုံးထဲကပါဝါနဲ့ ဒီကောင့်တြိဂံထဲကပါဝါကို နေရာချထားရေးဌာနကို ပို့လိုက် တာ အဲဒီကျမှ မင်းတို့ နေရာအတည်ရကြမှာ'

မေဦးပိုင်က သက်ပြင်းချတယ်။ ကျွန်တော်ကတော့ တစ်ချက် စဉ်းစား တယ်၊ အဲဒီဘုံနေရာကို ကိုယ်က တောင်းဆိုလို့မရဘူးလားလို့ပါ။ ကိုရွှေသာ ကြီးကိုမေးတော့...။

'သူတို့ ချပေးတဲ့ဘုံနေရာထက် နိမ့်တဲ့နေရာကိုတော့ မင်းရွေးလို့ရတယ်၊ အဲဒီထက်မြင့်တဲ့နေရာကိုတော့ ရွေးခွင့်မရှိဘူးကွ'

■





## အခန်း (၅)

ကျွန်တော့်အလှည့်ကို ရောက်လို့ ကျွန်တော် အခန်းထဲကို မရဲတရဲ ဝင်သွားတော့ ဝင်ပေါက်ရဲ့ ညာဘက်မှာ မုတ်ဆိတ်မွေးဖြူဖြူတွေ ရင် အစပ်ထဲကျနေတဲ့ တစ်ခေါင်းလုံးဖြူစွတ်ပြီး တည်ငြိမ်တဲ့ အသွင်နဲ့ ထိုင်နေတဲ့ ဘိုးဘိုးကို တွေ့ပါတယ်။

ဒီတော့ မဝင်ခင်ကတည်းက ကိုရွှေသာကြီး သင်ထားတဲ့အတိုင်းပဲ ကျွန်တော်ကျိုးကျိုးနွံနွံထိုင်ပြီး ဝတ်ဖြည့်လိုက်ပါတယ်။ ပြီးတော့... ကျွန်တော် ရရှိထားတဲ့ နီရဲနေတဲ့ တြိဂံတုံးကလေးကို ဘိုးဘိုးကို ဆက်လိုက်ပါတယ်။ အဲဒီဘိုးဘိုးရဲ့ နာမည်က ယောဒေဝဘိုးဘိုးလို့ ခေါ်တယ်ဆိုတာ ကိုရွှေသာ ကြီးက ပြောပြထားပြီးသားပါ။

ဘိုးဘိုးယောဒေဝက ကျွန်တော့် တြိဂံတုံးကလေးကို လက်ထဲမှာ ဆုပ်ကိုင်ထားရင်း မျက်လုံးကို ခဏမှိတ်ပါတယ်။ ပြီးတော့ မျက်လုံးမှိတ် လျက်ကနေပဲ ပြုံးရင်း ခေါင်းကိုညိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ချစ်သားအစ္ဆ ဝိညာဉ်မှတ်ပုံတင်က အောင်မြင်ပါတယ်၊ အခန်းထဲမှာ ဘုံဌာနသွားယူလိုက်တော့ ချစ်သား'

'ကျေးဇူးအရမ်းတင်ပါတယ် ဘိုးဘိုး'

'ငါ့ကို ကျေးဇူးတင်စရာမလိုဘူး၊ အရင်ဘဝကပြုခဲ့တဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ နိက္ခမ ကုသိုလ် စ... တဲ့ ပါရမီ ၁၀ ပါးကိုပဲ ကျေးဇူးတင်၊ ဟုတ်ပြီလား ချစ်သား'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

ကျွန်တော် ဘိုးဘိုးညွှန်ပြတဲ့ အခန်းထဲကို ဝင်သွားတော့ အခန်းက စိမ်းနုရောင် ဆေးသုတ်ထားတယ်လို့ ကျွန်တော်ကထင်တာ မဟုတ်ဘူးခင်ဗျ။ အခန်းထဲက ကျောက်သားကြမ်းပြင်ပေါ်မှာရှိတဲ့ ရေအိုင်လေးထဲမှာ အစိမ်းနုရောင် ဖန်ဂေါ်လီအရွယ်အစား အလုံးကလေးကို ထည့်ထားလို့ တစ်ခန်းလုံး လင်းနေတာကိုး၊ ဒါကြောင့် ကျွန်တော်လည်း အံ့သြပြီး အဲဒီ ကျောက်ရေအိုင်ကလေးကို ငုံ့ကြည့်နေမိတုန်းမှာပဲ...

'ဝိညာဉ်မှတ်ပုံတင် ပေးပါ'

ကျောက်ရေကန်ကလေးရဲ့ ရှေ့မှာထိုင်နေတဲ့ နတ်မယ်ကလေးက ကျွန်တော့်ကို တည်ငြိမ်တဲ့လေသံနဲ့ တောင်းပါတယ်။ ကျွန်တော်ရဲ့ တြိဂံကလေးကို ပေးလိုက်တော့ နတ်မယ်က လေထဲကို လက်ဝှေ့ရမ်းလိုက်တာနဲ့ သူ့ရှေ့က လေထဲမှာ TV စခရင်တစ်ခုပေါ်လာတယ်... ခလုတ်တွေလည်း ပေါ်လာတယ်။

နတ်မယ်က ကျွန်တော်ပေးလိုက်တဲ့ တြိဂံတုံးကလေးကို သူ့ရင်ခွင်ထဲက တြိဂံနေရာထဲထည့်ပြီး လေထဲမှာပေါ်နေတဲ့ ခလုတ်တစ်ခုကို နှိပ်လိုက်တော့ ... တီဗွီစက်ခရင်ဟာ နီတဲ့နေရာက နီ၊ ဝါတဲ့နေရာ ဝါ၊ ပြာတဲ့နေရာကပြာနဲ့ ရောင်စုံဖြစ်သွားပြီး၊ နတ်မယ်ကလည်း လေထဲကခလုတ်တွေကို လက်ညှိုးနဲ့ ထိုးလိုက် စက်ခရင်ပေါ်မှာ ကိန်းဂဏန်းတွေနဲ့ အရောင်တွေ အရိပ်တွေက ပြောင်းသွားလိုက်နဲ့ ကျွန်တော်အသက်တောင် ရှူမိရဲ့လားမသိဘူး။





နတ်ဆိုတာ အသက်ရှူလို့လားတွေ ဘာတွေ လာမမေးနဲ့ ကျွန်တော်လည်း မဖြေတတ်ဘူး ရှူတယ်လို့ထင်တာပဲ။ သတ္တဝါဆိုရင် ဝင်လေထွက်လေတော့ ရှိမှာပဲ မဟုတ်လား!

'မင်း ကံကောင်းတယ်၊ ဘဝငါးရာကျော်အထိ ငရဲတစ်ခါမှမကျခဲ့ဘူး။ ပြီတော့ ယုတ်ညံ့တဲ့ ခွေးမဖြစ်ခဲ့ဘူးဖူး။ ခြေလေးချောင်းထဲမှာ အနိမ့်ဆုံး ကြောင် ဖြစ်ခဲ့ဖူးတယ်၊ အဲဒီထက် မနိမ့်ဘူး၊ အံ့မယ် မင်းက တစ်ဘဝမှာ အကြားအမြင်ရလုနီးပါးအထိ တရားအားထုတ်ခဲ့ဖူးပါလား! ဒါပေမယ့် မင်း အဲဒီအဆင့်ကို မရောက်ခင်လေးတင်... အကျင့်ကို မရတော့ဘူးလို့ စိတ်လျှော့ပြီး အိမ်ထောင်ပြုလိုက်တယ်'

ကျွန်တော်လည်း သူ့လိုပဲ လေထဲမှာတွေ့နေရတဲ့ ကိန်းဂဏန်းတွေ အရုပ်တွေ အသံတွေကို ကြည့်နေတာပါပဲ၊ ဒါပေမယ့် ဘာမှနားမလည်ဘူး။ နတ်မယ်က ခလုတ်တစ်ခုကို နှိပ်လိုက်တော့ ကျွန်တော်ရထားတဲ့ တြိဂံရဲ့ အရောင်ဟာ တစ်ခန်းလုံးကို လွှမ်းသွားတယ်။

နတ်မယ်ကလည်း သဘောကျသလိုမျိုးပြုံးရင်း ခေါင်းကို တစ်ဆတ်ဆတ်ညိတ်တယ်။ ပြီးတော့ ကျွန်တော့်ကို ခေါ်တယ်။

'လက်နှစ်ဖက်ကို ဆန့်တန်း လက်ဝါးခံထားပါ။ မျက်စိကို မှိတ်ပြီး ဘုရား၊ တရား၊ သံဃာကို အာရုံပြုပါ'

ကျွန်တော် နတ်မယ်ပြောတဲ့အတိုင်း လိုက်လုပ်လိုက်တော့ ကျွန်တော့် တစ်ကိုယ်လုံး အေးစိမ့်လာတယ်။

'ထူးခြားမှုရှိလည်း မျက်စိကို မဖွင့်ပါနဲ့၊ အာရုံယူထားတာကို အပျက်မခံပါနဲ့၊ စိတ်ကို တင်းမထားပါနဲ့ ပုံမှန်ပဲနေပါ'

ကျွန်တော် နတ်မယ်ပြောတဲ့အတိုင်း လိုက်လုပ်လိုက်တော့ ခန္ဓာကိုယ်က တစ်ဖြည်းဖြည်းနဲ့ နွေးနွေးလာပါတယ်။ နောက်ဆုံးပကတိ ပကတိခံစားမှုအတိုင်း ပြန်ဖြစ်သွားပါတယ်။

'ဖြန့်ထားတဲ့ လက်တွေကို ဆုပ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လက်တွေကို ပြန်ဆုပ်လိုက်တော့ ကျွန်တော့်ညာဘက်လက်မှာ တြိဂံအတုံးကလေးက ရောက်နေတယ်၊ ကျွန်တော်က နတ်မယ်ထည့်ပေးတာပဲ ထင်တာပေါ့။

'မျက်လုံးဖွင့်လို့ရပြီ'

နတ်မယ်စကားကြောင့် ကျွန်တော် မျက်လုံးဖွင့်လိုက်တော့ နတ်မယ်ကို ပထမဦးဆုံး မြင်ရပါတယ်။ သူ့ကိုယ်ထဲမှာ ထည့်ထားတဲ့ ကျွန်တော့်တြိဂံတုံးကလေးကို ဆုပ်ပြီးရှေ့က လေဟာနယ် စက်ခရင်ထဲက တြိဂံနေရာကို ထည့်လိုက်ပါတယ်။

'နှစ်ခုတောင် ဖြစ်သွားတယ်နော်'

'ဟုတ်တယ်လေ... ဒါက ရှင့်ဘဝ ငါးရာကို မိတ္တူကူးထားတဲ့ ကော်ပီ ရှင့်ဆီမှာရှိတာက ဝိညာဉ်မှတ်ပုံတင်အစစ် မပျောက်စေနဲ့နော် နှစ်ခါမရဘူး၊ သွားနိုင်ပြီ'

'ကျွန်... ကျွန်တော်က ဘယ်ဘုံမှာနေရမှာလဲ!'

'ဩော်... ဟုတ်သားပဲ မေ့သွားတယ်၊ မင်းရဲ့နောက်ဆုံး ဆုတောင်းနဲ့ စိတ်အစွဲက မင်းအခုနေတဲ့ ပညောင်ပင်ကြီးဖြစ်လို့ မင်းကို အဲဒီ ပညောင်ပင်ကြီးမှာပဲ နတ်ငယ်အဖြစ် နေခွင့်ပြုလိုက်တယ်...'

'ဝမ်းသာလိုက်တာဗျာ... ကျွန်တော်ကလည်း အဲဒီပညောင်ပင်ကြီးက ကိုရွှေသာကြီးနဲ့ရော ဘိုးဘိုးနဲ့ပါ ခင်နေတာဆိုတော့ တခြားနေရာကို မသွားချင်တာနဲ့ အတော်ပဲပေါ့ဗျာ...'

'ကဲ... ကောင်းပြီ မောင်အရွှသွားနိုင်ပြီ'

ကျွန်တော် ဝမ်းသာအားရ ထွက်လာတော့ မေဦးပိုင်ကို တံခါးဝမှာ တွေ့ရတယ်၊ သူလည်း စိတ်လှုပ်ရှားနေပုံရပါတယ်။

'အဆင်ပြေရဲ့လားနတ်ငယ်... ဟင်!!'

မေဦးပိုင်က ကျွန်တော့်ကို အလောတကြီးကို မေးပါတယ်။

'အဆင်ပြေတယ်၊ နတ်မယ်လေးက သဘောကောင်းပါတယ်၊ သူ့ကို





တော့ နင် သွားမလိမ်နဲ့နော်... သူက ငါတို့ဘဝ ငါးရာကို သိတယ်'

ပြောနေတုန်းမှာပဲ နံရံပေါ်မှာ မေဦးပိုင်ရဲ့ မျက်နှာပေါ်လာတယ်။ ကျွန်တော့်တုန်းကလည်း ဒီလိုပဲ နံရံပေါ်မှာ ကျွန်တော့်ပုံကြီး ပေါ်လာတာလေ။

'ကဲ... နင့်ကိုခေါ်နေပြီ... သွားသွား အဆင်ပြေမှာပါဟာ...'

မေဦးပိုင်ဝင်သွားပြီး ကိုရွှေသာကြီးကို လိုက်ရှာရသေးတယ်။ ကိုရွှေသာကြီးက အိပ်မက်ထိန်းချုပ်ရေးဌာနက နတ်မယ်ကလေးတွေနဲ့ သွားပြီး ကြည်နူးနေတာကိုး... ။

ကျွန်တော် ကိုရွှေသာကြီးကို နတ်မယ်က ပြောတဲ့အတိုင်း ပြောပြတော့ သူလည်း ဝမ်းသာတယ်။ 'ဒါဆိုရင် မင်းနဲ့ငါ ကဲလို့ရပြီ'တဲ့။

ပြီးတော့ ကိုရွှေသာကြီးက ကျွန်တော့်ကို အိပ်မက်စင်တာက နတ်မယ်ကလေးတွေနဲ့ မိတ်ဆက်ပေးပါတယ်။

'ဘာဖြစ်လို့ အိပ်မက်တွေကို လူတွေအတွက် အဲဒီလို စီစဉ်ပေးနေရတာလဲဟင်!'

'အိပ်မက်ဆိုတာက လူတိုင်းမက်ကြတာပဲ၊ ဒါပေမယ့် ကိုယ့်အိပ်မက်ရဲ့ ကောင်းကျိုး ဆိုးကျိုးကို ကြိုမသိတော့ အကျိုးခံစားရမှာလည်း လွဲတတ်တယ်၊ ဒုက္ခရောက်မှာစိုးလို့ အိပ်မက်နိမိတ် ကြိုပေးရက်နဲ့ သတိမထားလို့ ဒုက္ခဆိုးကျိုးနဲ့ မတွေ့သင့်ပဲတွေ့သွားတဲ့ လူတွေလည်းရှိတယ်'

'ဒါဆို အိပ်မက်တွေက အကုန်မှန်တယ်ပေါ့'

'ဓာတ်၊ လေ ချောက်ချားပြီးမက်တဲ့ အိပ်မက်ဆိုရင် ငါတို့ပေးတဲ့ အိပ်မက် မဟုတ်ဘူး၊ ဘာအာနိသင်မှ မရှိဘူး'

'ကျွန်တော်တို့မက်တဲ့ အိပ်မက်တွေက လူ့ဘဝမှာတုန်းက တစ်ခါမှ မှန်တယ်မရှိဘူးဗျ'

'ငါတို့က ကုသိုလ်အင်အား အရင်ဘဝကလည်းကောင်း၊ ဒီဘဝမှာလည်း ရတနာ ၃ ပါးကို ကြည်ညို၊ ကံငါးပါးလည်းမြဲ၊ သီလ၊ သမာဓိ၊ ပညာလည်းရှိတဲ့ ပုဂ္ဂိုလ်အတွက် ဆိုးကျိုးဖြစ်စေမယ့် အိပ်မက်မျိုးဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်နိမိတ်ပြပြီး သတိပေးတယ်၊ ကုသိုလ် ထင်ရှားလောက်အောင် မရှိတဲ့ သာမန်လူဆိုရင်တော့ ပုဗ္ဗနိမိတ်နဲ့ပဲ ပေးတယ်၊ အဲဒီလိုမျိုးဆိုရင်တော့ အိပ်မက်ကျမ်းကောက်နိုင်တဲ့ လူကိုရှာပြီး နိမိတ်ကောက်ရတယ်'

ကျွန်တော် အိပ်မက် section ကို တော်တော်စိတ်ဝင်စားသွားပြီး ကျွန်တော် သိချင်တာတွေကို ဆက်တိုက်မေးဖြစ်တယ်၊ ကိုရွှေသာကြီး မိတ်ဆက်ပေးတဲ့ နတ်မယ်ကလေးကလည်း သဘောကောင်းရှာပါတယ်။

'ကျွန်တော်ရတဲ့ အိပ်မက်က ပုဗ္ဗနိမိတ်နဲ့ ဆိုကြပါစို့ ကျွန်တော့်တာသာ မကောက်တတ်ရင် ဘယ်နဲ့လုပ်ရမလဲ!'

'အိပ်မက်ကျမ်းတွေ ရှိတယ်၊ အိပ်မက်ဖတ်တဲ့သူတွေ ရှိတယ်၊ ကျမ်းနဲ့ ညှိယူယူ၊ မေးပြီးပဲယူယူ အဓိပ္ပာယ်ပေါ်ရင် သင့်သလိုလုပ်ရတယ်'

'အိပ်မက်ထဲမှာ မကောင်းတာမက်ရင် မကောင်းဘူးလို့ ကောက်ချက်ချ လို့ရသလား!'

'အဲဒီလိုမရဘူး၊ ဥပမာ အိပ်မက်ထဲမှာ မစင်တွေအများကြီးကို အားရ ပါးရ စားရတယ်လို့မက်ရင် ငွေအလုံးအရင်းများစွာ ကြီးစွာဝင်မယ်ဆိုတဲ့ နိမိတ်ပဲ'

'ဒါဆိုအိပ်မက်နဲ့ ဖြစ်ရမှာကို ပြောင်းပြန်ယူရမှာပေါ့...ဟုတ်လား!'

'အဲဒီလိုလည်း မဟုတ်သေးဘူးဟ၊ ဥပမာ အိပ်မက်ထဲမှာ စောင်းကလွဲ ပြီး တခြားတူရိယာတွေကို တီးရတယ်လို့မက်ရင် မကောင်းဘူး၊ ဘေးတွေ့ တတ်တယ်'

'ကျွန်တော် ခင်ဗျားတို့အလုပ်ကို တော်တော် စိတ်ဝင်စားတယ်ဗျာ၊ ကဲ... ကျွန်တော်ရတဲ့ အိပ်မက်က မကောင်းဘူးဆိုပါတော့ဗျာ၊ ကျွန်တော် လည်စင်းပြီး ခံရတော့မှာလား!'

'ဘယ်ဟုတ်မလဲ အိပ်မက်မကောင်းရင် ကုစားတဲ့နည်းရှိပါတယ်။ ရတနာသုံးပါး၊ မိဘတွေကိုကန်တော့မယ်၊ ကိုယ့်မွေးနံအရ ဂြိုဟ်တွေကို ရေအေးလောင်းမယ်၊ အမွှေးနံ့သာ၊ ပန်း၊ ဆီမီးပူဇော်မယ်ဆိုရင်လည်း ရတယ်၊





မြတ်စွာဘုရားကို သောက်တော်ရေကပ်ပြီး အဲ့ဒီသောက်တော်ရေနဲ့ ခေါင်းလျှော် ရင်လည်း မကောင်းတဲ့အိပ်မက်ဟာ ဘာအကျိုးကိုမှ မပေးနိုင်တော့ပဲ အဟောသိကံ ဖြစ်သွားနိုင်ပါတယ်...'

နတ်မယ်ကလေးက ကျွန်တော့်ကို အပြုံးနှင့် အေးဆေးလိုလားစွာပင် ဖြေပေးပါသည်။

'ကျွန်တော် ခင်ဗျားတို့အိပ်မက်ဌာနကို အရမ်းစိတ်ဝင်စားသွားပြီဗျာ နောက်အားတဲ့အခါ လာခဲ့မယ်နော်'

'လာပါရှင်... လာပါ သိချင်တာလာမေး အေးအေးဆေးဆေးပေါ့ ဟုတ်လား!'

ကျွန်တော်တို့ အပြုံးနှင့် နှုတ်ဆက်နေတုန်းမှာပင် မေဦးပိုင်အပြေးကလေး ရောက်လာသည်။

'ဟယ်...နတ်ငယ်...နတ်ငယ်...ငါလေ...ဘုံဗိမာန် ရခဲ့ပြီသိလား! ငါနင်တို့ပဉ္စောင်းပင်ကြီးဘေးက မြယာပင်မှာ ဗိမာန်ရတာ၊ ဝမ်းသာလိုက် တာဟယ်'

'ကဲ ဝမ်းသာတာနောက်မှထား ဘိုးဘိုးသုမန စိတ်မပူရအောင် ပြန်ဦးမှ ဖြစ်မယ်'

'ကျွန်တော် အားတဲ့နေ့ လာခဲ့မယ်နော်...'

'လာခဲ့ လာခဲ့၊ သိချင်တာရှိရင် ရှင်းပြမယ်'

'နင်က တယ်ဟုတ်နေပါလား နတ်ငယ်၊ အခုမှ ရောက်တယ် အခုပဲ နတ်မယ်တွေနဲ့ သိတယ်၊ နင်က နတ်နှာဘူးပဲ'

ကျွန်တော်တို့ အပြန်လမ်းတွင် မြူးနေသော မေဦးပိုင်က ပြောရင်း ကျွန်တော့်ကို မျက်စောင်းထိုးရင်း ရန်တွေ့ပါတယ်။

'ငါ့ကို... ကိုရွှေသာကြီးက မိတ်ဆက်ပေးတာပါဟာ'

'ဘာထူးလဲ! ကိုရွှေသာကြီးလည်း နင်နဲ့အတူတူပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်…နှင်က ဘုံဗိမာန်ကလေး ရသွားတော့ ငါ့ကို ထင်သလိုပြော ပြီပေါ့လေ ဟုတ်လား! '

'အလကားစတာပါ ကိုရွှေသာကြီးရယ်၊ ကျွန်မ ဗိမာန်ရလာလို့ ပျော်ပြီး စ,တာပါ၊ ထိန်ပင်က နတ်သရဲမကြီးရဲ့ အအော်အဟစ်ကနေ လွတ်ပြီလေ… ကိုယ့်နေရာနဲ့ကိုယ် ဇိမ်ပဲ …'

♦





ဘိုးဘိုးသုမနကို ဘုံဗိမာန်အသီးသီးအကြောင်း ပြောပြတော့ ဘိုးဘိုး လည်း ဝမ်းသာရှာသည်။

ပြီးတော့ ဘိုးဘိုးက တည်ငြိမ်အေးဆေးစွာ ဆုံးမသည်။

'ကိုယ်ရလာတဲ့ ဘုံဗိမာန်အသီးသီးနဲ့အတူ တာဝန်တွေပါ ပါလာမယ်၊ တို့ဟာ ရတနာသုံးပါးကို ရိုသေတဲ့လူ၊ ပါရမီ ၁၀-ပါးကို ဖြည့်ကျင့်တဲ့သူ မိဘဆွေမျိုးကို လုပ်ကျွေးသူ စ,သည့်လူတွေကို ကူညီခြင်းနဲ့ ကုသိုလ်ကို စုရမယ်၊ ပြီးတော့ ဖြူစင်ရိုးသားတဲ့ အသက်မွေးဝမ်းကျောင်းနဲ့ လူ့ဘုံအလှူမှာ သာဓုခေါ်နိုင်ဖို့ ကြိုးစားရမယ်၊ ငါတို့ဟာ အထက်အမိန့်အရ လူတွေရဲ့ ကောင်းရာကောင်းမှုကို အမြဲကပံ့ပိုးပေးရတဲ့ နတ်ဆိုတာကို မမေ့နဲ့'

'ဟုတ်ကဲ့ မမေ့ပါဘူး ဘိုးဘိုး'

ကျွန်တော်နဲ့ မေဦးပိုင်တို့ ဘိုးဘိုးကို ကန်တော့ကြပါတယ်။ ကျွန်တော် တို့ ကန်တော့အပြီးမှာပဲ ဘိုးဘိုးဟာ တရားထိုင်ဖို့အတွက် ကျိုက္ကဆံဘုရား ဘက်ကို လွင့်ခနဲရောက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… နတ်ငယ်… ငါ နာမည်အသစ်ပါ ရလာတယ် သိလား! ငါ့နာမည်က ဖယ်တဲ့ ငါ့ကို အဲ့ဒီအတိုင်းပဲ ခေါ်နော်…'

'ငါ့မှာလည်း နာမည်ရှိတာပဲ အစ္ဆလေ'

'ဟော့အေးဟာ ငါနင့်ကို နတ်ငယ်ပဲခေါ်မယ်'

■





## အခန်း (၆)

ကိုရွှေသာကြီးနှင့် ကျွန်တော်သည် နံနက်လေးနာရီတွင် ပသောင်ပင်မှ ထွက်ပြီး ဘုရားဝတ်ပြုသော အိမ်၊ ဝတ်မပြုသော အိမ် စသည်တို့ကိုမှတ်ရသည်။ အချို့အိမ်များက အိပ်မောကျနေဆဲ၊ အချို့တွေကြပြန်တော့လည်း လေးနာရီထိုးကိုတော့ ထပါရဲ့၊ သို့သော်… ထမင်းအိုးတည်ခြင်း၊ ထမင်းကြမ်းနဲ့ ထမင်းကြော်ခြင်း… ရုံးသွားရုံးပြန် သမားများအတွက်… ထမင်းချိုင့်စီစဉ်ဖို့သာ စိတ်စောကြပြီး ဘုရားရှိခိုးဖို့ သတိမရကြ။

သူတို့ရွာတောင်ပိုင်းက ဒေါ်ရင်မယ်နှင့် ဦးလှပွင့်တို့နှစ်ဦးသာ ဘုရားရှိခိုးပြီး အမျှပေးခြင်း၊ ဆယ့်ငါးမိနစ်ခန့်လောက် တရားထိုင်တာတို့ ဘာတို့ကို တွေ့ရတာတ်ပါတယ်။

'မင်းတွေ့ပြီလား! အသက်ကြီးတဲ့လူတွေသာ သူတို့လားရာကောင်းဖို့အတွက် မြတ်စွာဘုရားကို အားကိုးကြတယ်၊ တရားကို အားကိုးကြတယ်၊ အသက်ငယ်တဲ့ လူတွေကတော့ လောကီကိစ္စနှင့် ရှုပ်နေတာပါဲ



www.burmeseclassic.com

www.burmeseclassic.com



'ကိုရွှေသာကြီးပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် အိမ်ရှိလူကုန် အလုပ်လုပ်ကြရတဲ့ခေတ်မှာ ဘုရားကို မေ့ကြတာတော့ အမှန်ပဲ၊ ကျွန်တော် လူ့ဘဝတုန်းကဆိုရင် အိပ်ရာကနိုးတာနဲ့ ထမင်းအိုးတစ်လုံးတည်၊ ပြီးရင် ရေနွေးအိုးတည်ရင်း ငှဲ့ယူထားတဲ့ ထမင်းရည်ကိုဆားခတ်သောက်... ပြီးတာနဲ့ ရေချိုး၊ လမ်းထိပ်က မုန့်ဟင်းခါးဆိုင်မှာ ကျွန်တော်လည်းစား အဒေါ်အတွက်လည်း ဝယ်ပေးခဲ့ပြီးတော့ အလုပ်ကို တန်းပြေးရတာ၊ ကောင်မလေးကိုလည်း စောင့်ရသေးတာကိုးဗျ ဟဲ...ဟဲ...ဟဲ'

ကျွန်တော်တို့ ဘုရားဝတ်ပြုသော အိမ်များကို စစ်ရင်း စုစုဟန်တို့အိမ်ကို ရောက်တော့ ကျွန်တော့်ရင်တွေ တုန်နေတာပဲ။ သူနဲ့များတွေ့ရင်...ပေါ့လေ။

ဒါပေမယ့် အိမ်ရှေ့မှာ 'အိမ်ရောင်းမည်'ဟု သေသေသပ်သပ် ရေးထားပြီး ဆက်သွယ်ရန် ဟမ်း Phone နံပါတ်တွေတောင် ပါလိုက်သေးတဲ့ ဆိုင်းဘုတ်ကို ကျွန်တော်တွေ့ရတော့မှ ချောက်ချားပြီး မွှန်ထူသွားပါတယ်။ ဒါနဲ့...

'ကိုရွှေသာကြီး...ကျွန်တော် အထဲခဏ ဝင်ကြည့်ဦးမယ်'

'ဟေ့ကောင်...ငါတို့က အပြင်ကနေပဲ စစ်ရတာလေ အထဲဝင်ခွင့်မရှိဘူး'

'ခဏလေးပါ ကိုရွှေသာကြီးရာ ကျွန်တော် ဒီဘဝကိုရောက်တာ ဒီအိမ်က ကောင်မလေးကြောင့် ကိုရွှေသာကြီးရ အခု အိမ်ရောင်းမည်ဆိုတော့'

'ကဲကွာ ဝင်ချင်ရင်လည်းဝင် မကြာစေနဲ့'

ကျွန်တော် အိမ်ထဲကိုရောက်တော့ တစ်အိမ်လုံး ဟာလာဟင်းလင်းဖြစ်နေပြီး ဘာပရိဘောဂမှ မရှိတော့ သူတို့ ပြောင်းသွားကြပြီ၊ ကျွန်တော်ပြန်ထွက်လာခဲ့တယ်။

'ကိုရွှေသာကြီး ခြံစောင့်နတ်နဲ့ အိမ်စောင့်နတ်ကို ခေါ်ဗျာ...'

'သြော်...ဟုတ်သားပဲ မင်းငေးပြီး ငါလည်းမေ့နေပြီ'

ကျွန်တော်နဲ့ ကိုရွှေသာကြီးတို့ ခြံစောင့်နတ်နဲ့ အိမ်စောင့်နတ်ကို





မေးကြည့်ဖို့ အာရုံပြုပြီးခေါ်တော့ သူတို့ ရောက်လာကြပါတယ်။

'ဆရာ့ ကောင်မလေးနဲ့ အဲဒီ ကျော်စွာဆိုတဲ့ ငတိနဲ့က ဖြစ်နေကြပြီဆရာ လူလစ်ရင် အိမ်ထဲမှာ နမ်းချင်ရင်နမ်းနေကြတာ'

'တော်ပါတော့ဗျာ၊ ကျွန်တော် အဲဒါတွေမကြားချင်ပါဘူး၊ သူတို့ဘယ်နေ့က ပြောင်းသွားကြတာလဲ! '

'နည်းနည်းပြောင်း နည်းနည်းပြောင်းနဲ့ ပြောင်းနေတာကတော့ ကြာပြီဆရာ... ပစ္စည်းအစုံကိုတော့ မနေ့ကပဲ အပြီးပြောင်းသွားကြတာ'

'ဘယ်ကိုပြောင်းမယ်လို့ ပြောသံကြားလဲ!'

ခြံစောင့်နတ်ကြီးက မသိ အိမ်စောင့်နတ်က ဖြေသည်။

'ယုဇန ဥယျာဉ်မြို့တော်လို့ ပြောတာပဲ'

ကျွန်တော်ဘာမှ မပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ချပြီး ပြန်လာခဲ့တယ်။ စုဟန်ဟာ အပြောကောင်း အပြကောင်းတဲ့ ကျော်စွာဦးနောက်ကို ပါသွားပြီပေါ့ ပြည့်ပြည့်စုံစုံနေထိုင်ရေးနဲ့ ဘဝကို လဲသွားပြီပေါ့။

ကျန်တဲ့အိမ်တွေကို လိုက်စစ်ကြပေမယ့် ကျွန်တော် စိတ်မပါတော့ဘူး၊ ကျွန်တော့်စိတ်တွေ လေးလံထိုင်းမှိုင်းနေတယ်၊ သူနဲ့ကျွန်တော် ဘဝချင်းမတူတော့တာ မှန်ပါတယ်၊ ဒါပေမယ့် သူ့ကို မယားကြီးရှိတဲ့ လူတစ်ယောက်နဲ့ ဒီလိုအငယ်ဘဝမှာ ဖြစ်တာမျိုးကျတော့လည်း အဖြစ်မခံစေချင်ဘူး။

'နတ်ငယ်ရယ် အရမ်းလည်း စိတ်ထိခိုက်မနေပါနဲ့၊ သူက ကံငါးပါးမှာ ကာမေသုမိစ္ဆာကံကို ထိုက်ပေမယ့် သူ့ခန္ဓာကိုရင်းပြီး မောင်လေး နှမကလေးနဲ့ မိဘကို လုပ်ကျွေးတာမို့ တစ်ဖက်က ပြန်ကုသိုလ်ရပါတယ်'

မေဦးပိုင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့်လို့ ကျွန်တော့်ရင်ထဲမှာ ခံစားနေရတာလည်း အမှန်ပါပဲ၊ ပြီးတော့ အခြားနတ်တွေဆီမှ ကြားရသောစကားက သိပ်မကောင်း၊ ကျွန်တော်က မကျွတ်လွတ်သေးလို့ သူ့ကို ဒုက္ခပေးမှာ စိုးလို့တဲ့။

သပိတ်မသွတ်ခင်တုန်းက စာအုပ်တွေကို မီးနဲ့ရှို့နေတာကို သွားကန်



www.burmeseclassic.com

www.burmeseclassic.com



မိတာ ကျွန်တော်. တော်တော်မှားတယ်ဗျာ၊ မေဦးပိုင်ပြောတာ သဘာဝကျပါတယ်၊ ကျွန်တော် စုဟန်ကို ကြိုးစားပြီး မေ့ပစ်ရမယ်...။

'နတ်ငယ် နင် ငါ့ဗီမာန်ကို လိုက်လည်ပါလား! စိတ်အပြောင်းအလဲ ဖြစ်သွားတာပေါ့ လာ...'

မေဦးပိုင်သည် သူ့ဗိမာန်ကို သူ့ဝိညာဉ်မှတ်ပုံတင်ထဲက အတိုင်းပင် အပြာရောင်ခင်းထားပြီး နံရံတွေကိုလည်း အပြာရောင်ဖျော့ဖျော့ကို သုံးပြီး တံခါးကိုတော့ အဖြူရောင်သုတ်ထားပါတယ်။

လူတွေအမြင်မှာတော့ ဒီအပင်ကို မြယာပင်လို့ပဲ မြင်မယ်။ ကျွန်တော်တို့အတွက်တော့ ဒါဟာ ဘုံဗိမာန် တစ်ခုပဲ...။ အဲဒီလိုမြင်ရတယ်။

'ဘယ်လိုလဲ နတ်ငယ် '

'နင်က စိတ်ကူးယဉ်တတ်သားပဲ နင့်ဆံပင်တွေကိုပါ အပြာရောင် ဆေးဆိုး လိုက်ပါလား!'

နတ်ငယ် စကားဆုံးတော့ မေဦးပိုင်ရော နတ်ငယ်ပါ ပြိုင်တူရယ်လိုက်ကြပါတယ်၊ ရယ်တာလည်းရပ်သွားရော မေဦးပိုင်ဟာ တည်ငြိမ်တဲ့လေသံနဲ့ ပြောတယ်။

'ဒီအပတ် လပြည့်ည နတ်အစည်းအဝေးသဘင်ရှိတယ်တဲ့၊ ငါတို့က မတက်ရဘူး၊ ဘိုးဘိုးတွေပဲ တက်ရမှာတဲ့၊ ဒါပေမယ့် ငါတို့ အောက်နတ်တွေအတွက် အကျိုးရှိမယ့် ကိစ္စတွေလည်းပါမယ်တဲ့ဟ'

'နင်က ဘယ်ကနေသိတာလဲ မေဦးပိုင်!'

'ငါ့ကို ဖယ်လို့ပဲ ခေါ်ပါလို့ ပြောထားရဲ့သားနဲ့'

ဖယ်က ခြေထောက်ကို ဆောင့်ရင်း သူစိတ်ဆိုးသွားတာကို ပြပါတယ်။ ဖယ်ပုံစံက ရင်းနှီးတာ ကြာသွားလို့လားမသိဘူး ချစ်ဖို့ကောင်းလာတယ်။

'နင် ဘယ်ကသိလာတာလဲလို့'

'အေး နင်တစ်ယောက်တည်းသာ ဝေါင်ဂြောင်ကြောင်နဲ့ မဖြစ်နိုင်တာအတွက် စိတ်ကူးယဉ်ပြီး ဗိမာန်ထဲကုတ်နေတာ၊ တခြားနတ်တွေက





ဘိုးဘိုးရဲ့နတ်ကွန်းကို နေ့တိုင်းသွားပြီး အထက်နတ်တွေရဲ့ ကြော်ငြာသတင်းကို အမြဲဖတ်နေကြတာ'

'ငါတို့အတွက်တော့ မျှော်လင့်ချက်က မရှိသေးပါဘူး၊ တို့ရှေ့မှာ နတ်သက် ဝါရင့်တဲ့နတ်တွေ တစ်ပုံကြီးပဲဟာ'

ကျွန်တော့်စကားကြောင့် ဖယ် သက်ပျင်းကိုချသည်။

'အဲဒါကတော့ နင်ပြောတာ မှန်ပါတယ်။ အဲဒီနှစ် ၃-ရာ ၄-ရာရှိတဲ့ နတ်တွေ ရာထူးတက်သွားရင် တစ်ယောက်က အဲဒီနေရာကို... အဲဒီလူရဲ့ နေရာကို တစ်ယောက်ကယူနဲ့ ဆင့်ကဲယူသွားကြရင် ငါတို့လည်း တက်ခွင့် ရှိတာပေါ့'

'အဲဒီလိုဆိုရင်တော့ ကောင်းတာပေါ့ မေဦး...အဲ့...ဖယ်ရယ်'

◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဆိုတဲ့ ကောင်ကလည်း ကိစ္စတစ်ခုကို အကြာကြီးစိတ်မညစ် တတ်တဲ့ကောင်ဆိုတော့ စုစုဟန်ကိစ္စဟာ ခဏလောက်ပဲ ခံစားရပြီး မေ့ပစ် လိုက်နိုင်ပါတယ်။

'ငါတို့ နတ်သဘင်အစည်းဝေး ဆောက်နေတဲ့ဘက်ကို သွားကြည့်ကြ မလား!'

'နင်ပြောတော့ ငါတို့ တက်တောင်မတက်ရဘူးဆို'

'နင်ကလည်း သူတို့ ဘယ်လို ပြင်ဆင်တယ်ဆိုတာ သိရတာပေါ့ဟ'

'သူတို့က တန်ခိုးရှင်တွေပဲ တန်ခိုးတော်နဲ့မြင်မှာပေါ့'

'အဲဒါကြောင့်မို့ နင့်ကို တုံးတယ်လို့ ငါကပြောတာပေါ့၊ နတ်သဘင်ကို တန်ခိုးနဲ့ပြင်ရင် ကုသိုလ်မရဘူး၊ ကိုယ့်လုပ်အားနဲ့ ကိုယ်ပြင်မှ ကုသိုလ်ရတယ် တဲ့ ဒါကြောင့် သူတို့ ကုသိုလ်လိုချင်လို့ တန်ခိုးမသုံးပဲ ပြင်နေကြတာကို သွားကြည့်မှာ...'

ကျွန်တော်လည်း သူနဲ့သိပ်အငြင်းအခုံ လုပ်မနေချင်တော့တာနဲ့ လိုက်လာ ခဲ့တယ်၊ ဖယ်ဆိုတဲ့ နတ်မလေးက တွေ့ကတည်းက ကျွန်တော့်ကို နိုင်ချင်





တာ ခင်ဗျ။ ဒါပေမယ့် သူနိုင်ချင်ပုံက အစ်မလို၊ နှမလို၊ သူငယ်ချင်းလိုပါ။ သူဩဇာပေးရ၊ သူစိတ်ကောက်ရရင် ကျေနပ်ချင်တဲ့ နိုင်ချင်တာမျိုးပါ။

အခု သူခေါ်တာကို မလိုက်ဘူးဆိုရင် ကျွန်တော့်ကို ပြဿနာရှာမယ်၊ စိတ်ကောက်မယ်၊ နွဲ့ဆိုး ဆိုးမယ်၊ အဲဒါမျိုးပါ။

နတ်သဘင် အစည်းဝေးခန်းမကို တွေ့လိုက်ရတော့ ကျွန်တော် အရမ်း အံ့ဩသွားတယ်။ ကျွန်တော် ထင်ထား တွက်ထားတာထက်ကို ဆန်းပြားနေ တယ်။

အတွင်း၊ အမိုး၊ ပြဿဒ်၊ ကနုတ်လက်ရာ၊ စင်မြင့်နောက်က ရောင်တော် ကွန့်မြူးရာစက်ဝိုင်း ဒါတွေအားလုံးကို ကျွန်တော် တအံ့တဩကို ကြည့်နေ မိတယ်။ ကျွန်တော်လည်း လူ့ဘဝတုန်းက အဆောက်အဦး တော်တော်များ များကို ကြည့်ခဲ့ဖူးပါတယ်။ ခမ်းနားမှုကတော့ ကျောက်ဆောင်နဲ့ ကျောက်ခဲ လုံးကလေးလောက် ကွာခြားတယ်။

'ဟယ်...ဟိုမှာကြည့်စမ်း နတ်ငယ်'

ဖယ်ပြတဲ့နေရာကို ကျွန်တော်ကြည့်လိုက်တော့...ဘိုးဘိုးရယ်ခင်ဗျ။ ရှစ်ပေ လောက်ရှည်တဲ့ သစ်သားချပ်ကြီး တစ်ထပ်ကိုထမ်းလို့၊ ကျွန်တော်နဲ့ ဖယ် လည်း ဘိုးဘိုးဆီ အပြေးသွားပြီး ဝင်ကူထမ်းတော့ အဘိုးက မထမ်းဖို့တား တယ်။

ဒီကို မလာခင်တုန်းက ဖယ်ပြောထားတာကို သတိရတာနဲ့ ကျွန်တော် နဲ့ ဖယ် ပြန်ခွာနေလိုက်ရတယ်။ ကျွန်တော်တို့ဝင်ထမ်းရင် ဘိုးဘိုးရဲ့ ကုသိုလ် ကို ဝင်လုသလိုကြီး ဖြစ်နေမှာပေါ့၊ ကိုယ့်လူရာ မဟုတ်ဘူးလား!။

ခဏကြာတော့ ဘိုးဘိုး ရောက်လာပါတယ်။

'မင်းတို့ ဘာလာလုပ်ကြတာလဲ!'

'အစည်းဝေးခန်းမ ဆောက်တာကို မမြင်ဘူးလို့ လာကြည့်တာပါ ဘိုးဘိုး'

ဖယ်က သွက်သွက် လက်လက်ပဲ ဖြေတယ်။ ဘိုးဘိုးက သိပ်ကျေနပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



တော့ မရဘူး။ ဒါပေမယ့် ဆူလည်းမဆူပါဘူး။ ဒီတော့ ကျွန်တော်လည်း နည်းနည်းအတင့်ရဲလာပြီး ဘိုးဘိုးကို လုပ်ချင်တာလေး လျှောက်လိုက်ပါတယ်။

'ဘိုးဘိုး ကျွန်တော်တို့ရော သစ်ပြားတွေ ဝင်ထမ်းပေးလို့ မရဘူးလား! ကုသိုလ်ရအောင်လေ'...ဆိုတော့ ဘိုးဘိုးမျက်နှာက တွေခနဲတစ်ချက်ဖြစ်သွားပါတယ်။ ပြီးတော့...

'မင်းတို့ ခဏစောင့်' ဆိုပြီး ထွက်သွားတယ်။ ခဏကြာတော့ ဘိုးဘိုး ပြန်ရောက်လာတယ်။

'မင်းတို့ သစ်သားတော့ သယ်ခွင့်မရဘူး၊ ဒါပေမယ့် တရားနာနဲ့တရား အဆုံးအဖြတ်ကို ယူဖို့လာမယ့် နတ်ပြည်ခြောက်ထပ်က နတ်တွေ နတ်မင်းကြီးကို ခစားဖို့ မဏ္ဍာပ်အတွက် ကျင်းတွေ တူးချင်ရင် တူးလို့ရမယ်'

'ဟာ ...တူးမယ်ဘိုးဘိုး...'

'တူးမယ်...သမီးလည်းတူးမယ်'

ကျွန်တော်တို့ နှစ်ယောက်စလုံး ဝမ်းသာအားရနဲ့ပဲ သံတူရွင်းသွားယူပြီး သူပြတဲ့နေရာတွေကို သတ်မှတ်ထားတဲ့ အနက်အတိုင်းတူးကြရတယ်။

'နတ်ငယ် ဒီကျင်းတူးတာ ငါတို့လည်း ကုသိုလ်တွေ ဘာတွေရမယ်ထင်တယ်နော်...'

'ဘိုးဘိုးကတော့ ဘာမှ ပြောမသွားဘူး၊ ဒါပေမယ့် အခု ငါတို့လုပ်နေတာက ကောင်းတဲ့အမှုကို လုပ်နေတာပဲ မကောင်းတာတော့ မဖြစ်နိုင်ဘူးပေါ့'

ညနေကိုရောက်တော့ ကျွန်တော်တို့ တူးထားကြတဲ့ တွင်းတွေထဲမှာ တိုင်တွေစိုက်ပြီး နတ်သားနတ်သမီးတွေအတွက် အဆင့်အလိုက် နေရာချထားလိုက်တော့ အဆောက်အဦးကြီးတစ်ခု ဖြစ်သွားတာကိုကြည့်ပြီး ကျွန်တော်နဲ့ ဖေယံ ကြည်နူးနေတယ်။

'ကဲ ...ခဏနေရင် နတ်မင်းကြီးလာတော့မယ်၊ မင်းတို့ပြန်ကြတော့'





ဘိုးဘိုးရဲ့စကားကို ကျွန်တော် နားလည်လိုက်ပါတယ်၊ ကျွန်တော်တို့ နေခွင့်မရှိဘူး မဟုတ်လား!။ ဖေယံကတော့ ဈေးနည်းနည်းဆစ်ဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် ဘိုးဘိုးက ဘာမှ မပြောတော့ပဲ ထွက်သွားတယ်။

ဘိုးဘိုးလည်း ကျွန်တော်တို့အနားက ထွက်သွားရော အင်မတန် ခမ်းနားတဲ့ ဗိမာန်ကြီးဟာ ကျွန်တော်တို့ရှေ့ကနေ ချက်ချင်း ကွယ်ပျောက်သွားတယ်၊ တစ်ယောက်ယောက်က ကျွန်တော်တို့အဆင့် နတ်တွေမမြင်ရအောင် တန်ခိုးတော်နဲ့ ကွယ်လိုက်တာပါ။

ဒီတော့ကျွန်တော်နဲ့ ဖေယံတို့လည်း ဝမ်းနည်းပြီး ပြန်လာခဲ့ရတယ်။ လူ့ဘဝတုန်းက ကုသိုလ်နည်းခဲ့တာဟာ နတ်ဘဝမှာ အဆင့်တန်းခွဲခြားခံဖို့ပါပဲ။

ဒီတစ်ခါ လူ့ဘဝကို ပြန်ရောက်ရင်တော့ ကုသိုလ်တွေချည်းပဲ လုပ်ပစ်လိုက်မယ်လို့ ကျွန်တော်ရော ဖေယံပါ လှိုက်လှိုက်လှဲလှဲ ရဲရဲရင့်ရင့် ဟစ်ကြွေးလိုက်တယ်။

ပြီးတော့ ကိုယ့်ဘုံနေရာကလေးကို ကိုယ်ပြန်နားကြတယ်။ ကျွန်တော် ရောက်သွားတော့ ကိုရွှေသာကြီးလည်း ရောက်နေပါပြီ။ ကျွန်တော့်ကို တွေ့တာနဲ့ ကိုရွှေသာကြီးရဲ့ မျက်နှာဟာ တည်သွားတာကို ကျွန်တော်တွေ့လိုက်ပါတယ်။

'မင်းကို ငါတစ်ခု သတိပေးချင်တယ် နတ်ငယ်'

'ဘာသတိပေးချင်လို့လဲ ကိုရွှေသာကြီးရဲ့'

'မင်း ဟိုနတ်မကလေး ဖေယံနဲ့ ဒီနေ့တစ်နေ့လုံး တွဲနေတယ်မဟုတ်လား! အေး...မင်း သူနဲ့ တွဲနေတာကို ရပ်တန်းကရပ်လိုက်၊ နတ်ဘဝမှာ ချစ်သူတွေ ရည်းစားတွေ မရှိရဘူး၊ အထက်ဘုံက နတ်တွေသာ သူတို့ကုသိုလ်နဲ့ သူတို့ကုသိုလ်ကိုမှီဖို့ နတ်မိမယ်တွေရကြတာ... မင်းရပ်တန်းက ရပ်ရင် ကောင်းမယ်၊ အိုးချင်းထားအိုးချင်းထိ ကြိုးချင်းထားကြိုးချင်းငြိတဲ့ နတ်ချင်းထားလို့ နတ်ချင်းငြိရင် အကုန် ဒုက္ခများကုန်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှပဲ ကျွန်တော်ကိုရွှေသာကြီး မျက်နှာမကြည်တာကို သဘော ပေါက်တော့တယ်။ သူက ကျွန်တော်နဲ့ ဧယံကို တစ်မျိုးထင်နေတာကိုး…။

ဒီတော့ ကျွန်တော်နဲ့ ဧယံ ဘယ်ကိုသွားပြီး ဘာတွေလုပ်ခဲ့ဆိုတာကို ပြောပြလိုက်တော့မှ မှုန်နေတဲ့ မျက်နှာကြီးက ပြေသွားတယ်။

'အေး… ငါ ဘိုးဘိုးလာရင် မေးကြည့်ဦးမယ်'

ဒါတောင်မှ ကျွန်တော်တို့ကို ယုံသေးတာမဟုတ်ဘူး။ ကျွန်တော်တို့ဟာ အသူရကာယ်တွေဆိုတော့ အထက်ဘုံက နတ်တွေလို မရဲရင့်၊ မတင့်တယ်၊ မတောက်ပကြပါဘူး။ အဆောင်အယောင် အခမ်းအနားမရှိဘူး။

နတ်သားကလည်း နတ်သမီးနဲ့ ပျော်ပါးခွင့်မရှိသလို နတ်သမီးကလည်း နတ်သားနဲ့ ပျော်ပါးခွင့် မရကြပါဘူး၊ ဒါကို ကျွန်တော်တို့ သိပြီးသားပါ။

ဦးရွှေသာကြီးက ဘာမှမပြောတော့ဘဲ သူ့ဘုံက ခုတင်ကြီးပေါ်မှာ လှဲနေတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဘုံမှာ တင်ပါးလွှဲထိုင်ရင်း စုစုဟန် အကြောင်းကို စဉ်းစားနေတယ်။ မဖြစ်နိုင်တော့တဲ့ကိစ္စမို့ လွမ်းလို့၊ ဝမ်းနည်း ကြေကွဲလို့ စဉ်းစားတာမျိုးတော့ မဟုတ်ပါဘူး။ ဒီလိုပဲ သတိရသွားတာပါ။

'ဘယ်ဆီကို x x x မင်းရောက်နေမလဲ'

'ဘာတွေကို x x x မင်းလုပ်နေမလဲ

ဘယ်သူနဲ့ x x x မင်းရှိနေမလဲ x x x တွေးမိပါတယ်

လွမ်းမောရင်းနဲ့ စဉ်းစားရင်းနဲ့ ငါ သတိရပါတယ်'

ကျွန်တော်နဲ့ လေးဖြူသီချင်း ဘာဆိုင်လို့လဲလို့ တွေးမိရင်း ကိုယ့်ဘာ သာ ပြုံးမိသေးတယ်။ ဟုတ်တယ်… ကျွန်တော် လူ့ဘဝတုန်းက မှတ်မိတဲ့ အသိက နည်းနည်းကလေးရယ်… ဒါက ကျွန်တော် စိတ်စွဲတာနည်းလို့ ထင်ပါတယ်။ ကျွန်တော့်စာအုပ်တွေရယ်၊ အဒေါ်ရယ်၊ စုစုဟန်ရယ်၊ လေးဖြူသီချင်း ၃၊ ၄ပုဒ် မျိုးကြီးသီချင်းတစ်ပုဒ်၊ ထူးအိမ်သင် သီချင်းသုံးပုဒ်နဲ့ ဝိုင်ဝိုင်းသီချင်း သုံးပုဒ်လောက်ပဲ ကျွန်တော်ပြန်မှတ်မိတာပါ။ ဒီလောက်ပါပဲ။

အခုဆို စုစုဟန်ဟာ ကျော်စွာဦးဝယ်ထားတဲ့ ယုဇနဥယျာဉ်မြို့တော်ကို





ရောက်နေရောပေါ့။ သူ ဘာတွေကို လုပ်နေမလဲဆိုတာတော့ မသေချာဘူး။ သူကတော့ ပိုက်ဆံများများရရင် အလှပြင်ဆိုင် ဖွင့်ချင်တယ်လို့တော့ ကျွန်တော့်ကို ပြောဖူးတာပဲ။ ဘယ်သူနဲ့ရှိနေမလဲ ဆိုတာတော့ ရှင်းပါတယ်။ ဟိုင်တိ ကျော်စွာဦးနဲ့ပေါ့။ အဲဒီငတိရဲ့ ပိုက်ဆံရင်ခွင်မှာ သူ ကားစင်အတင် ခံနေရမှာ သေချာတယ်။

ဒါတွေကို တွေးနေလို့ ဘာမှအကျိုးမရှိဘူး ဆိုတာလည်း သိပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ လုပ်စရာ ဘာမှ မရှိတာဘဲ။ ဒီတော့လူ့ဘဝတုန်းက မှတ်မိတာလေးတွေကို စားမြုံ့ပြန်မိတာပေါ့ဗျာ။ အသူရကာယ် သီချင်းမဆို ရဘူးလို့ ဘယ်နတ်က ပြောထားလို့လဲ မဟုတ်ဘူးလား!

ဒါပေမယ့် ကျွန်တော် နောက်သီချင်းတွေကို ဆက်မဆိုတော့ပါဘူး၊ ကျွန်တော်က သီချင်းညည်းရင် အနားမှာ လူတစ်ယောက်ယောက် အနည်းဆုံး ရှိနေမှကြိုက်တာ၊ အဲဒီလို လူရှိနေရင် သူ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဆိုတဲ့ သီချင်းကို အာရုံစိုက်မိမှာပဲ၊ ဒီတော့ ကျွန်တော်ဆိုတာ ကောင်းမကောင်းကို သူ့စိတ်ထဲမှာ ဝေဖန်နေမှာပေါ့။ တချို့ကဆိုရင် ထူးအိမ်သင်ရဲ့ သီချင်းတွေကို ကျွန်တော်ညည်းတာ တော်တော်ကောင်းတယ်လို့ ဝန်ခံချီးကျူးကြတယ် ခင်ဗျား။ အဲဒီလို ချီးကျူးတော့လည်း ကျွန်တော် ရှက်သွားပြန်ရော…။

ကျွန်တော် ကိုယ်ရတဲ့ ဘုံဗိမာန်မှာ လှဲနေရင်း ဘိုးဘိုးတို့ နတ်သဘင် အစည်းအဝေးမှာ ဘာတွေများ ပြောကြမလဲလို့ တွေးနေမိတယ်။ နောက်ပြီး ဥရုဝေလ နတ်မင်းကြီးတွေလည်း မြင်ဖူးချင်တာ အမှန်ပဲ။

ကျွန်တော် ဧယံရဲ့ ဗိမာန်ကို သွားလည်ချင်ပေမယ့် ခုနက ကို ရွှေသာကြီးက ပြောထားတာနဲ့ အသာငြိမ်နေလိုက်ရတယ်။ အဲဒီအချိန်မှာပဲ ဘိုးဘိုး ပြန်ရောက်လာတယ်။

ဘိုးဘိုးဟာ သူ့ရဲ့ အဆောင်အယောင်တစ်ခုဖြစ်တဲ့ သားမြီးယပ်တောင်ကို သူ့ခုံပေါ်မှာ တင်တယ်။ ဘိုးဘိုးရဲ့မျက်နှာဟာ မဆိုသလောက် တည်ငြိမ်နေ တယ်လို့ ကျွန်တော်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘိုးဘိုး နတ်သဘင်အစည်းအဝေးက ဘာတွေ ကြားခဲ့ရလဲဟင်...'

'ဘိုးဘိုးအတွက်ရော ဘာထူးခြားချက်ရှိလဲ !'

ဘိုးဘိုးဟာ ကျွန်တော်နဲ့ ကိုယ်ရွှေသာကြီးတို့ အလုအယက်မေးတာကို မဖြေဘဲ ဘိုးဘိုးရဲ့ ဗိမာန်တံခါးဝကိုသာ လက်အုပ်ချီရင်း ဆက်ကြည့်နေတယ်။ ဒီတော့ကျွန်တော်တို့လည်း လက်အုပ်ချီပြီး ဘိုးဘိုးကြည့်သလိုပဲ ကြည့်နေတုန်း ဇယံ ရောက်လာတယ်၊ ဇယံက ပထမအံ့သြနေပေမယ့် ပါးနပ်တဲ့ မိန်းကလေးမို့ ကျွန်တော့်နံဘေးကို ပြေးကပ်ရင်း လက်အုပ်ချီပြီး တံခါးကို ကျွန်တော်တို့ ငေးသလိုပဲ ငေးနေတယ်။

ကျွန်တော့်စိတ်ထဲမှာ ဥရုဝေလ နတ်မင်းကြီး ကိုယ်တိုင် ဘိုးဘိုးရဲ့ ဘုံဗိမာန်ကို ကြွလာမလားလို့တောင် ထင်မိပါတယ်။

ဒါပေမယ့် ခဏကြာတော့ ရွှေရောင်ကြိုးသိုင်း ခြုံထည်ပေါ်မှာ ကနုတ်တွေရေးထားပြီး အနားသတ်အနက်ခြုံလွှာကို ခြုံထားတဲ့ ရှာတော်ရှင်ဘိုးဘိုးနဲ့ သူ့နောက်ပါ နတ်တွေကြွလာတာကို ကျွန်တော်တို့ တွေ့လိုက်ရတယ်။

'ကဲ... သုမန... ဥရုဝေလ နတ်မင်းကြီး မိန့်လိုက်တဲ့အတိုင်း သူတို့ကို ပြန်ပြောပြလိုက်... !'

ရှာတော်ရှင်ဘိုးဘိုးရဲ့ စကားကြောင့် တခြားလူတော့မသိဘူး။ ကျွန်တော်က တော်တော်လေး ထိတ်လန့်သွားတယ်။ ဟုတ်တယ်လေ ကျွန်တော်တို့နဲ့ နတ်မင်းကြီးဆိုတာက အဆင့်က တစ်သန်းလောက်ကွာတာ၊ အခု ရှာတော်ရှင်က သူကိုယ်တိုင်မပြောဘဲ ဘိုးဘိုးသုမနကို ပြောခိုင်းတယ်ဆိုတော့... ကျွန်တော်တို့အတွက် အခြေအနေ မကောင်းဘူးလို့ ကျွန်တော်ယူဆပြီး ထိတ်လန့်သွားတာပါ။

ဘိုးဘိုးသုမနက ရှာတော်ရှင်ဘိုးဘိုးကို အရိုအသေပြု ရှိခိုးပြီးတော့မှ ကျွန်တော်တို့ သုံးယောက်ဘက်ကို လှည့်ပါတယ်။ ကျွန်တော်တို့ ၃ ယောက်ဆိုပေမယ့် ဘိုးဘိုးစိုက်ကြည့်တာက ကျွန်တော့် တစ်ယောက်တည်းကိုပါ။

'ရှာတော်ရှင်ဘိုးဘိုးကြီးဟာ ... ငါတို့ ဒီအပိုင်းမှာရှိတဲ့ နတ်တွေအားလုံးရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို စီမံဆုံးဖြတ်ရင်း နှန်းစံခဲ့တာ နှစ်သုံးထောင်ကျော်သွားပြီ'

ဘိုးဘိုးက စကားခဏရပ်ချိန်ကျမှ ကျန်တဲ့လူတွေကို ခဏကြည့်တယ်။ ပြီးတော့ စကားပြန်ပြောတာနှင့် ကျွန်တော့်ကိုပဲ စိုက်ကြည့်ပြီးပြောတော့ နေရထိုင်ရကြပ်တာ မပြောပါနှင့်တော့။

'အခုနတ်သဘင်အစည်းဝေးရဲ့ ဆုံးဖြတ်ချက်အရ ရှာတော်ရှင်ဘိုးဘိုးဟာ နှစ်စေ့လို့ အထက်ပြဟ္မာဘုံမှာ စံစားရတော့မယ်'

ဘိုးဘိုးက ခဏနားရင်း ကျွန်တော်တို့ ၃ ယောက်ကိုကြည့်ပြန်တယ်၊ ပြီးတော့ ကျွန်တော် တစ်ယောက်တည်းကို ကြည့်ပြီး ဆက်ပြောပြန်တယ်။

'ဒါပေယ့် အခက်အခဲတစ်ခုက ရှာတော်ရှင်ဘိုးဘိုးနဲ့ လွန်ခဲ့သော ကမ္ဘာတစ်ထောင်ကစပြီး တော်ခဲ့တဲ့ ဆွေတော်မျိုးတော်တွေထဲက တစ်ဦးတစ်ယောက်က 'ပေတဒါန' ခေါ်တဲ့အလှူကို လုပ်ပေးပြီး ဘဝများစွာက မိမိနဲ့ ဆွေမျိုးတော်အားလုံးကို အမျှပေးဝေပါတယ်လို့ အမျှပေးမှ ငါတို့ရဲ့ ရှာတော်ရှင်ဘိုးဘိုးက သာဓုခေါ်ခွင့်ရပြီး ရှာတော်ရှင်ဘိုးဘိုးက ဗြဟ္မာ့ပြည်တက်မယ်၊ ငါက ဘိုးဘိုးရဲ့ ရှာတော်ရှင်နေရာကို ရောက်မယ်... '

စကားကို တိတိကျကျပြောတတ်တဲ့ ဘိုးဘိုးကြောင့် ကျွန်တော်နားလည်သွားပါပြီ၊ ဒါပေမယ့် အဲ့ဒီစကားတွေကို ကျွန်တော့်ကို ကြည့်ပြောနေတာ တစ်ခုကိုပဲ ကျွန်တော် စဉ်းစားလို့မရတာ။

'အဲ့ဒီတော့ ရှာတော်ရှင်ဘိုးဘိုးကြီးကို ကူညီဖို့ နတ်တွေ ရွေးတဲ့အခါ ငါ့ဗိမာန်က 'နတ်ငယ်အစ္ဆ' ကို ဥရုဝေလ နတ်မင်းကြီးကိုယ်တိုင် ရွေးတယ်'

ကျွန်တော် တစ်ကိုယ်လုံး စိမ့်ခနဲနေအောင် အေးသွားတယ်။ ဒါဟာ မဖြစ်နိုင်ပါဘူး ဘိုးဘိုး နောက်နေတာလို့ပဲ ကျွန်တော်ထင်တယ်။

'ဘာကြောင့် အစ္ဆကို ရွေးရသလဲဆိုတော့ အစ္ဆဟာ ရှာတော်ရှင်ဘိုးဘိုးရဲ့ ကမ္ဘာတစ်ထောင်ထဲမှာ သားအဖဘဝ ငါးထောင်ကျော်ဖြစ်ခဲ့ဖူးတဲ့ အထဲ ရှိတယ်။ ကျန်တဲ့နတ်တွေလည်း ရှာတော်ရှင်ဘိုးဘိုးနဲ့ ဆွေမျိုး သားအဖတော်




www.burmeseclassic.com

www.burmeseclassic.com



ကြပါရဲ့ ဒါပေမယ့် အစ္စျလောက် ဘဝမများဘူး၊ ဒီတော့ ဒီကိစ္စကို မင်းဆောင် ရွက်ရလိမ့်မယ်'

ကျွန်တော့်တစ်ကိုယ်လုံးဟာ ထူပူနေတယ်။ ရှာတော်ရှင်ဘိုးဘိုးကို ကူညီရမှာတဲ့။

'ကဲ... အဲဒီတော့ မောင်အစ္စျ မနက်ဖြန်ကို အတိတ်ကမ္ဘာ ငါးထောင်တိတိ ကြည့်လို့ရတဲ့ နတ်မယ်ဆီသွားပြီး ဘိုးဘိုးနဲ့ ဘဝကမ္ဘာ တစ်ထောင်မှာ တော်ခဲ့တဲ့ ဆွေမျိုးတွေထဲက လူဘဝအဖြစ်ရှိနေတဲ့ ဆွေမျိုးကို ရှာပေတော့၊ ဒီလိုရှာဖွေခွင့်နဲ့ ဘိုးဘိုးဆီကို အချိန်မရွေး ဝင်ထွက်ခွင့်အတွက် ဒါဘိုးဘိုးရဲ့ အမှတ်သားပဲ'

ရှာတော်ရှင်ဘိုးဘိုးက ဖြူစွတ်နေပြီး အလယ်ခေါင်မှာ ဂါထာလား ဘုရားစာလား သင်္ကေတလားမသိဘဲ ရေးထားတဲ့ ပုံအပြားကလေးကိုပေးပါတယ်။ အပြားကလေးရဲ့ ထောင့်တစ်ထောင့်မှာ အပေါက်ဖောက်ပြီး ရွှေကြိုးလေးတပ်ထားလို့ ဘိုးဘိုးသုမန ယူပြီးကျွန်တော့်ကို ဆွဲပေးပါတယ်။

ကျွန်တော်အံ့သြနေတုန်းမှာပဲ ဘိုးဘိုးသုမနဟာ ရှာတော်ရှင်ဘိုးဘိုး ဖေယျစက္ကကို ဝတ်ပြုလို့ ကျွန်တော်တို့လည်း လိုက်ဝတ်ပြုလည်းပြီးရော ... ရှာတော်ရှင် ဘိုးဘိုးကို နေရာမှာ မတွေ့ရတော့ပါဘူး။





ဘိုးဘိုး သုမနကမောသွားသလို သူ့ဘုံနန်းမှာ ထိုင်တယ်။ ကျွန်တော်တို့လည်း အလိုက်တသိနဲ့ပဲ ဘိုးဘိုးကို ဘာမှ မမေးတော့ပဲ အလိုက်သင့် ခစားမြဲ ခစားနေပါတယ်။

'နတ်ငယ်... နင်တော့ ထောပြီသိလား! ရှာတော်ရှင်ဘိုးဘိုးကို ကူညီနိုင်ရင် နင် အထက်ဘုံကိုတောင် ရောက်နိုင်တယ်၊ ရောက်ရင် နင် ငါတို့ကို မမေ့နဲ့နော်'

'အခု တိတ်တိတ်နေလိုက် ဘိုးဘိုး အနားယူနေတယ်'

ကျွန်တော့်စကားကြောင့် ဘိုးဘိုးက မျက်စိဖွင့်ကြည့်ပါတယ်။

'အစ္စျ၊ နတ်တို့မည်သည် ပင်ပန်းဆင်းရဲရိုး ထုံးစံမရှိဘူး၊ အခု ရှာတော်ရှင်ဘိုးဘိုးအတွက် ပေတဒါနရဲ့ အင်္ဂါလေးပါးကို ငါရွတ်ပြမယ်၊ တစ်ခါတည်းမမေ့လျော့ မှတ်ထားပေတော့ ချစ်သားအစ္စျ'

'ဟုတ်ကဲ့ပါဘိုးဘိုး'

'ပထမဦးဆုံး ပေတဒါနရဲ့ အင်္ဂါလေးပါးကို ဘိုးဘိုး ရှင်းပြချင်တယ်၊ ပထမဦးဆုံးအချက်က အတိတ်မှာ မိမိနဲ့ ဆွေမျိုးတော်စပ်ခဲ့တဲ့ ပြိတ္တာ၊



www.burmeseclassic.com

www.burmeseclassic.com



အသူရကာယ်... စသည်တို့ကို ရည်စူးပြီးလှူဒါန်းတဲ့ အလှူဖြစ်ရမယ် အဓွ'

'ဟုတ်ကဲ့ပါ ဘိုးဘိုး မှတ်မိပါတယ်'

'အေး... နံ့ပါတ်နှစ်ကတော့ အဲဒီအလှူပေးလှူတဲ့အခါမှာ ပြိတ္တာ၊ အသူရကာယ်တွေကလည်း သာဓုခေါ်နိုင်ဖို့ အသင့်ရှိနေရမယ် အဓွ'

'မှတ်မိပါပြီ ဘိုးဘိုး'

'ကောင်းပြီ...သုံးအချက်ကအရေးကြီးတယ်... လှူဖွယ်ပစ္စည်းဝတ္ထုကလည်း အကပ္ပိယ၊ အနာမသ ငွေကြေးမဟုတ်ပဲ၊ ဆွမ်း၊ သင်္ကန်း စသည်တို့ပဲ ဖြစ်ရမယ်၊ ငွေကိုလှူရင် အလှူပျက်တယ်'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'နံ့ပါတ်လေးကတော့ အလှူခံပုဂ္ဂိုလ်ဟာ ဘုရားအမှူးပြုတဲ့ အရိယာ၊ သံဃာ၊ သီလဝန္တသံဃာတွေဖြစ်ရမယ်'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'ပြီးတော့ မြတ်စွာဘုရားက ပေတဒါနတရားဆိုတာ တမလွန်ဘဝကို ပြောင်းသွားပြီဖြစ်တဲ့ မိမိဆွေမျိုးညာတိတွေကို ရည်စူးပြီး သံဃာ၌ ကောင်းစွာတည်၍ သံဃိကဒါနအဖြစ် ပေးလှူရမယ်လို့ ပေတဒါန တရားမှာ ဟောတော်မူတယ်'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'ခုနက ဘိုးဘိုးရွတ်ပြတဲ့ အချက်လေးချက်က ပေတဒါန အင်္ဂါရပ်လေးပါးလို့ခေါ်တယ်၊ အခု ရွာတော်ရှင်ရဲ့ ဆွေမျိုးတွေလှူတဲ့အခါ လိုက်နာရမယ့် အချက်လည်း လေးမျိုးရှိတယ်၊ အဲဒါကို အဓွငယ်သိထားရမယ်'

'ဘိုးဘိုးမိန့်သမျှ ကျွန်တော် ရင်ထဲမှာစွဲနေအောင် မှတ်ထားပါ့မယ် ဘိုးဘိုး'

ဘိုးဘိုးက ပြောပြီးတော့ ခဏနားတယ်။ ဘိုးဘိုးကိုကြည့်ရတာ ဒီနေ့ မနက် တည်ကြည်လေးနက်နေတယ်လို့ ကျွန်တော်ထင်တယ်။ ဘိုးဘိုး ခဏ





နားနေချိန်မှာ ယေကကျွန်တော့်ကို မြယာရွက်ပေါ်မှာ ဒုတ်နဲ့ရေးထားတဲ့ မြယာရွက် လေးရွက်ကို ပြတယ်။

'ဘာလဲဟ!'

'ငါက ကုမ္ဘဏ်တုန်းက လက်ရေးတို လက်နှိပ်စက်သမားလေ နင်မေ့မှာ စိုးလို့ မြယာရွက်ပေါ်မှာ လက်ရေးတိုနဲ့ မှတ်ထားတာ'

'အေး...ကောင်းတယ်၊ ငါ့စိတ်ထဲမှာလည်း ဒီလေးချက်စလုံးကို စွဲနေအောင် မှတ်ထားပါတယ်၊ ဒါပေမယ့် နင်လိုက်မှတ်ထားတာ ငါ့အတွက် အရှုံးမရှိဘူး'

အဲဒီအချိန်မှာ ဘိုးဘိုးဟာ ခေါင်းကိုတဆတ်ဆတ် ညိတ်ရင်းက...

'အခုဘိုးဘိုးက ပေတဒါနကို ပေးလှူကြရတဲ့နည်းကို ပြောမှာ... ဒီတော့ မင်း ကြားဝင်မဖြတ်နဲ့ ရအောင်သာမှတ်ပေတော့...'

'ဟုတ်ကဲ့ပါ ဘိုးဘိုး၊ ကျွန်တော် အဆင်သင့်ပါ'

ပထမအချက်က ကွယ်လွန်သူ မည်သူ မည်ဝါလို့ သေသေချာချာ ရည်စူးပေးလှူတာ (ဥဒ္ဒိသိက ပေတဒါန)လို့ ခေါ်တယ်။ အခုရွာတော်ရှင်ဘိုးဘိုးနဲ့ ကမ္ဘာပေါင်း တော်တော်လှမ်းနေတော့ ခုနက အင်္ဂါရပ်လေးပါးထဲက အခြားဘဝကိုပြောင်းတဲ့ မိမိရဲ့ဆွေမျိုးညာတိလို့ပဲ ပေးလှူရမယ်'

'ကွယ်လွန်ပြီဖြစ်တဲ့ ဘဝများစွာက ပုဂ္ဂိုလ်ကလည်း တမလွန်ဘဝကနေ သာဓုခေါ်နိုင်ဖို့ အသင့်ရှိနေရမယ်။ ပြီးတော့...အလှူခံပုဂ္ဂိုလ်ကလည်း ဒုဿီလ မဟုတ်ပဲ သီလဝန္တရဟန်း...သီလရှိတဲ့ ရဟန်းပေါ့ကွာ ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် သံဃိကဖြစ်ရမယ်။ နောက်ဆုံး အချက်ကတော့ အရေးအကြီးဆုံးပဲဟေ့ မင်း သေသေချာချာသာ အာရုံစိုက် နားထောင်ထား'

' ဟုတ်ကဲ့ ဘိုးဘိုး'

'ပေတဒါနအတွက်လှူတဲ့ လှူဖွယ်ပစ္စည်းတွေဟာ ရဟန်းသံဃာတော်တွေနဲ့ မကိုက်ညီတဲ့ အကပ္ပိယ၊ အနာမာသ...ငွေကြေးမဟုတ်ပဲ ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူတဲ့ ဆွမ်းသင်္ကန်း၊ ကျောင်း၊ ဆေး...အဲဒါတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်၊ ဒါမှသာလျှင် သာစုခေါ်တဲ့ သူမှာ အကျိုးရှိတယ်။ မှတ်မိရဲ့လား အဖွဲ'

'ဟုတ်ကဲ့ မှတ်မိပါတယ် ဘိုးဘိုး'

'ကဲ မှတ်မိရင် ပေတဒါန အင်္ဂါလေးပါးကနေ ခုထိ တစ်ခေါက်လောက် ပြန်ရွတ်ပြစမ်းကွာ…'

ဒီတော့ ကျွန်တော်လည်း ဘိုးဘိုးမှာထားသမျှ အကုန်တောက်လျှောက် မထစ်မငေါ့ မစဉ်းစားရဘဲ ပုံမှန်လေသံနဲ့ ရွတ်ပြလိုက်တော့မှ ဘိုးဘိုး ကျေနပ်သွားတယ်။ ကျွန်တော်က လူ့ဘဝကတည်းက ဉာဏ်ကောင်းပြီးသားပါ။ ဘဝဆိုးလို့သာ ၈ တန်းနဲ့ ထွက်လိုက်ရတာ…။

'မှန်ပါပေတယ်၊ ချီးကျူးထိုက်ပါပေတယ်…၊ ကဲ… မင်းတို့လည်း ခဏနားကြဦး ဘိုးဘိုးလည်း တရားထိုင်ဖို့ ကြွဦးမယ်…'

ပြောပြီးသည်နှင့် ဘိုးဘိုးသည် သားမြီးယပ်တောင်ကို တစ်ချက်ဆော့ရမ်းပြီး ပျောက်ကွယ်သွားသည်။

'နတ်ငယ်…နင် ဘယ်က စလုပ်မှာလဲ!'

'ဘိုးဘိုး ဖေယျစက္ကရဲ့ ဘဝတွေထဲက ဆွေမျိုးတော်တဲ့ လူကို ငါအရင်ရှာရမှာ'

'ငါလည်း လိုက်ကူညီမယ်နော် နတ်ငယ်'

■





## အခန်း (၇)

နွေးက ခြံဝန်းကလည်းကျယ်…ပန်းပင်လေးတွေလည်းရှိ သစ်ခွတွေ ပန်းအိုးကလေးတွေနဲ့ ချိတ်ဆွဲထားတဲ့ သစ်ခွရုံကလေးလည်းပါတဲ့ ချစ်စရာကောင်းတဲ့ နှစ်ထပ်တိုက်အိမ်ကလေးကို သဘောကျနေမိတယ်။

နေရေးထိုင်ရေးကို သိပ်ချေး(ဂျီး)များတဲ့ နွေးကို တစ်ခါတည်း မလှုပ်နိုင်၊ မရုန်းနိုင်လောက်အောင် ချည်တုပ်ပစ်လိုက်တဲ့ အဒေါ်ဖြစ်သူ ဒေါ်ခင်မိုးမာကို အမှတ်အပြည့်ပေးပြီး စိတ်ထဲကနေ ဖက်နမ်းပစ်လိုက်တယ်။

'ကဲ…ပြော ပြော… သဘောကျတော်မူပြီလား!'

ထုံးစံအတိုင်းပါပဲ ဒေါ်ခင်မိုးမာက ခါးကိုထောက် မျက်လုံးကို ထောင့်ကပ်၊ ခါးကို နွဲ့ရင်း နှုတ်ခမ်းတွေကို စိတ်ဆိုးတဲ့ ပုံစံမျိုးဖြစ်အောင် တမင်လုပ်ယူထားတယ်။ ဒီအိမ်ကို ငြင်းနိုင်သေးရဲ့လားပေါ့လေ။

ဒီအပြုအမူ၊ ဒီပုံစံဟာ သူ့အထက်စီးကရလျှင် လုပ်လေ့ရှိတဲ့ သူ့အဒေါ်ရဲ့ မူသေစတိုင်လ်ပါ။ လေသံကိုရော နှုတ်ခမ်းကိုပါ ဒေါသဖြစ်တဲ့ပုံစံမျိုး



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရတာကို သနားလာတာနဲ့ နွေးက အန်တီမိုးမာ တစ်ကယ်စိတ်ဆိုးသွားအောင်လုပ်ဖို့ စိတ်ကူးလိုက်ပါတယ်။

'အိမ်ရှေ့က အရမ်းကြီး ကျယ်နေသလားလို့၊ ပြီးတော့ လှေကားက ဘယ်မှာရှိသင့်တာ၊ အခုညာဘက်ကြီးဖြစ်နေတယ်။ အိမ်သာနဲ့ ရေချိုးခန်းကို တွဲထားတော့ တစ်ယောက်က ရေချိုးနေတုန်း နောက်တစ်ယောက်က အီးအီးဘွတ်ဘွတ်ပါချင်ရင် ဘယ်နဲ့လုပ်ရမတုန်း'

'ဘာ!…ဘာပြောတယ်!!'

ဒီလေသံနဲ့ ဒီအကြည့်ကမှ ဒေါ်ခင်မိုးမာကြီး တကယ့်ကို ဒေါသဖြစ်တဲ့ ပုံစံကို ရောက်သွားပါတယ်။

'ဒီမယ် မယ်မင်းကြီးမ အိမ်တစ်လုံးရှာဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ကိုယ့်အကြိုက်ချည်းပဲတော့ အားလုံးမဖြစ်နိုင်ဘူး၊ ကိုယ့်အကြိုက်ဖြစ်စေချင်ရင် မြေဝယ်ပြီး အိမ်ကို ကိုယ့်ဘာသာပဲ ဆောက်တော့၊ အခု ဒီအိမ်ကို မကြိုက်ဘူးဆိုရင် ကိုယ့်ဘာသာ တစ်အိမ်ရှာတော်မူ၊ ငါကတော့ ဒီအိမ်ကိုပဲ သဘောကျတယ်၊ ဈေးကလည်း တစ်ဆယ်လောက် များနေတယ်ထင်လို့ ဆစ်တာရပြီးပြီ၊ မကြိုက်ရင် ကိုယ့်ဘာသာရှာပေတော့…'

ဒေါသသံဖြင့် ဒလစပ်ပြောသွားသော စကားတွေဆုံးတော့ ဒေါ်ခင်မိုးမာကြီး ချာကနဲ လှည့်ထွက်သွားတယ်။

ယုမွန်နွေး ရုတ်တရက်ကြောင်နေရာမှ သတိဝင်လာပြီး ချက်ချင်းအပြေးလိုက်၍ ဒေါ်ခင်မိုးမာကြီးကို နောက်ကနေ သိုင်းဖက်ထားရင်းက။

'ကြိုက်တာပေါ့ တီမိုးရဲ့…နွေးက တမင် တီမိုးကို ဒေါသထွက်တာကြည့်ချင်လို့ စတဲ့ဟာကို'

'သွားစမ်းပါ၊ အပိုတွေလာပြောမနေပါနဲ့…လူကို ဘာများအောက်မေ့နေလဲ! နင်စရအောင် နင့်ထက်အသက် ၂၀ ကြီးတယ်ဟဲ့ သိရဲ့လား!'

'သိပါတယ် တီမိုးရဲ့၊ တီမိုး အိုနေပြီဆိုတာကို' နွေး…စကားတောင် မဆုံးပါဘူး၊ ဒေါ်ခင်မိုးမာက လှည့်ပြီး နွေးရဲ့လက်ကို ဖမ်းချုပ်ပြီး ခေါင်းကို





ခေါက်ဖို့ကြိုးစားတယ်။ နွေးကလည်းသိနေတာမို့ ဒေါ်ခင်မိုးမာကြီးကို ဖက်ထားရာမှ လွှတ်ချပြီး ထွက်ပြေးတာပေါ့။

ပရိဘောဂလည်းမရှိ ဘာပစ္စည်းမှလည်း မရှိတဲ့ တိုက်အိမ်ကလေးထဲမှာ မိန်းမကလေးနှစ်ယောက် ရှောင်လိုက်တိမ်းလိုက်၊ ယိမ်းလိုက်နွဲ့လိုက် လုပ်နေကြတာ တစ်ယောက်ယောက်ကများမြင်ရင် ရူးနေပြီလားလို့ ထင်ကြမှာပါပဲ။

ဒေါ်ခင်မိုးမာ နွေးကိုမမိပါဘူး…။ သူမောနေပြီလေ…။ ဒီတော့မှ ဒေါ်ခင်မိုးမာက သူ့အိတ်ထဲက ဟမ်းဖုန်းကို ထုတ်ဆက်တယ်။

ကိုဝင်းဆွေလား! ကျွန်မတို့ကတော့ တိုက်ကလေးကို သဘောကျသွားပါပြီ၊ ဒါပေမယ့် ရှင့်တိုက်က လူမနေတာကြာလို့ ပျက်စီးနေတာတွေ တော်တော်များနေပြီ၊ နောက်ထပ် မလိုက်ရဘူးဆို ဆယ့်ငါးလောက် လိုက်ရဦးမှာ…'

'မှန်ပါတယ် ရှင်ပြောတာလည်း သဘာဝကျပါတယ်၊ အဲဒီတော့ သုံးရာ့သုံးဆယ် လုပ်မနေနဲ့ သုံးနှစ်ပဲ ထားလိုက်တော့'

'ကိုဝင်းဆွေနဲ့ ကျွန်မလည်း မိတ်မပျက်တော့ဘူးလေ အလုပ်တွေက အများကြီး ကျန်သေးတာကို…'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်'

ဒေါ်ခင်မိုးမာက phone ပိတ်လိုက်ရင်းက…

'သုံးရာနှစ်ဆယ်ဖြစ်သွားပြီ၊ ကိုဝင်းဆွေ ဗိုက်နာနေတာ ငါသိတာပေါ့'

'ဟင်!! တီမိုးပြောတော့ သူ့ဇနီး ဒေါ်ရီရီခင် နာတာဆို!'

'ဟယ်…ဒီခွေးမကလေးတော့လေ!'

ဒေါ်ခင်မိုးမာက လိုက်တော့ နွေးက ပြန်ပြေးရပြန်ရော…ဒီတူဝရီးနှစ်ယောက်ဟာ တော်တော်လေး ပျော်ပျော်နေတတ်တယ်လို့ ကောက်ချက်ချမယ်ဆိုရင် ချနိုင်ပါတယ်။

ပျော်မှာပေါ့၊ သူတို့နှစ်ယောက်စလုံးက လူလွတ်တွေ၊ အိမ်ထောင်မရှိ ချစ်သူမရှိဆိုတော့…တစ်နေ့တစ်နေ့ တစ်ခုခုကို ဂျီတိုက်၊ တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ဖြစ်၊ သူတို့အလုပ်က ဒါပဲရှိတာပါ။

အခုလည်း ငွေမချေရသေးတဲ့အိမ်ထဲမှာ တူဝရီးနှစ်ယောက် စိန်ပြေးတမ်းကစားနေလေရဲ့။ တစ်ယောက်ယောက်ကများ မြင်မယ်ဆိုရင်… သူတို့နှစ်ယောက်ကို ရူးနေတဲ့ နတ်မိမယ်နှစ်ယောက်လို့ ထင်မှာပဲ။

'တော်ပြီ…ဒေါ် '…'ဆိုင်မှာ အအေးလိုက်တိုက်မယ် တော်ပါတော့'

နွေးဆီက အရှုံးပေးတာရော…အစားအသောက်ရော အသံကိုကြားတော့မှ ဒေါ်ခင်မိုးမာက လိုက်တမ်းပြေးတမ်းကို ရပ်တယ်။ နွေးပြောတဲ့ဆိုင်က ရန်ကုန်မြို့မှာ ဒိတ်ဒိတ်ကြဲ အအေးဆိုင်ပါ။ ဒေါ်ခင်မိုးမာက ဒိုမိနီကို သိပ်ကြိုက်တဲ့ အပျိုကြီးပါ။ ဒါပေမယ့် ကပ်စေးကနည်းလွန်းတော့… တခြားလူက တိုက်ရင်တိုက်မှ၊ ဘယ်သူမှ တိုက်မယ့်သူ မရှိလျှင်တော့ သူ ဒိုမီနီသောက်ချင်တဲ့ ဆန္ဒအမြင့်ဆုံးအချိန်ကို ရောက်တော့မှ သူ တစ်ယောက်တည်း တိတ်တိတ်ကလေး သွားသောက်တတ်တာ။ အဲဒီလို အပျိုကြီးမျိုး။

'ဒါဆို နင် ကျိန်မလား နွေး'

'ဘာကျိန်ရမှာလဲ!'

'ယခုပေးထားသော ကတိအရ ကားခရော၊ အအေးဖိုးပါ အကုန်အကျမခံခဲ့သည်ရှိသော် ယောကျ်ားမရသောသူ ဖြစ်ပါစေ။ ကဲ အဲဒါကို ရွတ်ပြီးကျိန်'

ဒေါ်ခင်မိုးမာ စကားဆုံးတော့ ယုမွန်နွေး ပါးစပ်ကြီးပြဲပြီး မျက်လုံးလည်း ပြူးသွားပါတယ်။ ဘယ့်နဲ့ ဒီလိုအပိုင်ကိုင်တဲ့ ကျိန်စာမျိုးတော့ ဘယ်ကျိန်မှာမလဲ!။ မကျိန်ပြန်ရင်လည်း လင်လိုချင်လို့ ဖြစ်ဦးမယ်လေ။

'အား…ဒါမျိုးကြီးတော့ မကျိန်ချင်ပါဘူး ကျိန်စာပြောင်းပေးပေါ့'

'ဩော်…ဒါဆိုညည်းက ယောကျ်ားယူမယ်ပေါ့လေ'

'ဟုတ်တယ် ဒေါ့်ကိုကြည့်ပြီး ဒေါ့်လို မဖြစ်ချင်လို့'

'ခွေးမလေး သေပေတော့'





ဒေါ်ခင်မိုးမာက မာန်နှင့်လိုက်ပြန်တော့ နွေးကလွတ်အောင် ပြေးရတာပေါ့။ နောက်ဆုံးတော့ အသက်လေးဆယ်ကျော်ပြီဖြစ်တဲ့ ဒေါ်ခင်မိုးမာ မောနေပါပြီ။ လူငယ်ဖြစ်သော နွေးကို ရည်ရှည် မလိုက်နိုင်တော့။

'တော်ပြီ ဒိုမိနီမသောက်ရရင်လည်း နေတော့ အမောတော့ မခံချင်ဘူး'

'အလကား စတာပါ ဒေါ်ရာ နွေး ဒိုမီနီတိုက်ပါ့မယ်။ ကဲ မနက်ဖြန် လှမေတို့ကို အိမ်ရှင်း ကြမ်းတွေတိုက် ပင့်ကူအိမ်တွေရှင်း အပေါ်ထပ်က အရင်စ လုပ်မှရမှာ'

'ဒါပေါ့ လှမေတို့ကို အိမ်ရှင်းခဆိုပြီး ပိုက်ဆံပေးစရာမလိုဘူးနော်၊ သူတို့ အိမ်ဖော်လခနဲ့ပဲ သွားရမှာ'

'အား…ဒေါ်ကလည်း မုန့်ဖိုးကလေးတော့ ပေးမှကောင်းမှာပေါ့၊ ဒီအိမ်မှာက လူမနေတာ ၂-နှစ် ကျော်သွားပြီဆိုတော့ မနည်းရှင်းရမှာ…'

'အေး-ငါကတော့ မပေးနိုင်ဘူးဟေ့၊ နင် အားနာရင် နင် ပဲပေးလိုက်'

ဒေါ်ခင်မိုးမာက နဂိုကတည်းကပြူးတဲ့ သူ့မျက်လုံးကို ပိုပြူးပြီး ဆော်ပါတယ်။ ငွေကြေးနဲ့ပတ်သက်ရင် ဒေါ်ခင်မိုးမာက သူ့ကိုယ်ပိုင် ဆောင်ပုဒ်နဲ့ နည်းလမ်းနဲ့နေတာပါ။ သူ့ဆောင်ပုဒ်က 'မိမိထံသို့ ဝင်လာသောငွေ ပြန်ထွက်သွားရခြင်းမှာ သည်းမခံနိုင်ခြင်းနှင့် မပါးနပ်ခြင်းတို့ကြောင့် ဖြစ်သည်'တဲ့။

သူ့ဆောင်ပုဒ်နှင့်အညီပင် ငွေမည်မျှ ချမ်းသာသည်ဖြစ်စေ၊ 120y(ဓ) ကားကလေးကို စီးတုန်း၊ အဲဒီလို စီးတာကို မသင့်တော်ဘူးလို့ တစ်ယောက်ကသွားပြောပြန်ရင်လည်း 'ကားစီးတယ်ဆိုတာ၊ လိုရာခရီးကို ရောက်ဖို့ပါပဲ၊ ပကာသန မလိုပါဘူး'လို့သည်းခံနိုင်တဲ့ ဒေါ်ခင်မိုးမာပါ။ ဒီတော့ ဒီကိစ္စကို ဒေါ်နဲ့ သွားဆွေးနွေးမိတာ သူ့အမှားလို့ပဲ သဘောထားပြီး နွေးတိတ်နေလိုက်တယ်။

'မနက်ဖြန် အိမ်ရှင်းပြီးရင် ရွှေ့ဖို့ပြောင်းဖို့ ရက်ကောင်းကလေးကို ငါးထပ်ကြီးဘုရားက အကြားအမြင်ဆရာမကြီး ဒေါ်ရီရီခင်နဲ့ သွားတွေ့ပြီး'



www.burmeseclassic.com

www.burmeseclassic.com



'တော်... ဒေါ်ရွှေယုမွန်နွေး အဲဒီဆရာမက နိုင်ငံခြားပြန်ဆိုပြီး လေဆိပ်မှာ ဓါတ်ပုံရိုက်ပြီး ချိတ်ထားတာကို နင် သွားအထင်ကြီးမနေနဲ့၊ အိမ်ဝယ်တာ ပြောင်းချင်လို့ဆိုကတည်းက နင် ထောတယ်ဆိုတာ သူက သိပြီးသား ဒီတော့ ယကြာဖိုးတောင်းမယ်၊ အဲဒီအိမ်မှာ ဆောင်ထားဖို့ ပရိုက်ရေတို့ အဆောင်တို့ ပေးမယ် ပြီးရင်တောင်းလိုက်တာ နင့်ကနဲ နေမယ်၊ ဘာကြောင့်လဲဆိုတော့ သိန်းလေးရာငါးဆယ်တန်အိမ်ကို ဝယ်မှတော့ သူတောင်းတဲ့ တစ်သောင်းခွဲလောက်ကို နင် မမှုဘူးဆိုတာ သူကသိပြီးသား၊ ဒီတော့ မသွားဘူး'

ဒေါ်ခင်မိုးမာက ခါးကိုထောက်ရင်း သူ့ရှေ့မှာ နိုင်ငံခြားပြန်ဆရာမကြီး ဒေါ်ရီရီခင်ရှိနေသလိုကိုး အားရပါးရကြီး ပြောနေတာကိုငေးရင် နွေးနောက်တစ်ခါ ငွေကုန်မယ့်ကိစ္စတွေကို ထပ်မပြောဖို့ သူ့ကိုသူ သတိပေးလိုက်ရတယ်။

'အိမ်တက်ကိုတော့ လုပ်မှဖြစ်မယ်ဒေါ်'

အခုပဲ သတိပေးပြီး ပါးစပ်ကအခုပဲ စကားထွက်သွားတယ်။

ကံကောင်းတာက 'အိမ်တက်' ဆိုတာကိုတော့ တွေကနဲ့စဉ်းစားတယ်။

'ဟုတ်တယ်၊ အိမ်တက်ကတော့ လုပ်ရမှာပေါ့' ဒေါ်ခင်မိုးမာ စိတ်ထဲမှာပြောနေမိတယ်။

'အေး မနက်ဖြန်အိမ်ကို အသေချာဆေးကြောပြီးရင် တစ်ရက်ထားပြီး နောက်နေ့မှပြောင်းမယ်'

'ဒေါ် နေ့ကောင်းရက်သာကလေးနဲ့ နဂါးလှည့်လေးတော့'

'ဒီမှာ မရွှေယုမွန်နွေး၊ သဘက်ခါ နင့် company လည်းပိတ်တယ်၊ ငါ့ဈေးရုံလည်း ဥပုသ်နေ့မို့ပိတ်တယ်၊ အဲဒီလောက်ကောင်းတဲ့ရက် ရှိမလား! ရက်ရာဇာဆိုတာ အဲဒါပဲ၊ နင့်နဂါးခေါင်း ဘယ်ဘက်လှည့်နေ လှည့်နေ ကားဝင်ကားထွက် ကောင်းတဲ့ဘက်ကပဲ ဝင်ရမှာပဲ အဲဒါ အကောင်းဆုံး နဂါးလှည့်ပဲ၊ ကဲ ငါ ဒိုမီနိုသောက်ချင်ပြီ လာ'





ဒေါ်ခင်မိုးမာကို လူတွေက ပေါင်းရသင်းရခက်တဲ့ အပျိုကြီးလို့ ထင်ကြတယ်။ ဒေါ်ခင်မိုးမာမှာ ကြောင်တောင်တောင် လုပ်တတ်တဲ့ အကျင့်ကလေးတွေ မရှိဘူးလားဆိုတော့ ရှိပါတယ်။

မနက်မိုးလင်းရင် ရေတစ်ခွက်အရင်သောက်ပြီး မျက်နှာပဲသစ်တယ် သွားမတိုက်ဘူး။ မနက်စာတစ်ခုခုစားပြီးတော့မှ သွားတိုက်တယ်။ သူ့ဆောင်ပုဒ်က တစ်မျိုးခင်ဗျ။

'မျက်နှာသစ်ပြီး သွားတိုက်၊ ပြီးတော့ မနက်ခင်းစာစားတော့ သွားကြားထဲမှာ ညှပ်နေတဲ့ အစားအစာက တစ်နေ့လုံးရှိနေမှာပေါ့ ညဘက်အိပ်ရာဝင်ခါနီး သွားမတိုက်ဘူးဆိုရင် အဲဒီအစားအစာက တစ်နေ့နဲ့တစ်ညကိုယ့်သွားကို ဒုက္ခပေးမယ်၊ ဗက်တီးရီးယားဖြစ်မယ်။ အခု မနက်စာစားပြီးမှတိုက်တော့ မနက်ခင်းစာ ရှင်းသွားရော၊ ညအိပ်ခါနီး တိုက်တော့ တစ်ညစာ ရှင်းသွားရော ကဲ မဟုတ်ဘူးလား'တဲ့။

ထမင်းစားရင် ဇွန်းခက်ရင်းနဲ့ စားတယ်။ မစားခင် အဲဒီဇွန်းခရင်းကို ရေနွေးနဲ့ ပြုတ်သေးတယ်။ ဆိုင်မှာစားရင်လည်း စားပွဲထိုးကို ရေနွေးအဖြူပူပူတစ်ဇလုံ ယူခိုင်းပြီး သူစားမယ့် ဇွန်းခက်ရင်းကို အဲဒီရေနွေးကြမ်းနဲ့ စိမ်တော့တာပဲ။

ဒေါ်ခင်မိုးမာက ထမင်းစားပြီးသွားရင် သူ့လက်ကို သုံးမိနစ်လောက်ဆေးတယ်။ အမှန်ဆို ဇွန်းခက်ရင်းနဲ့ စားတာပဲဗျာ ဘာဆေးစရာလိုလို့လဲ မဟုတ်ဘူးလား။ ဒါပေမယ့် မရဘူး ဆေးတာပဲ။

သူ့ခြံထဲမှာရှိတဲ့ ပန်းတွေကတော့ ကံကောင်းပြန်ရော၊ ဘာဖြစ်လို့လည်းဆိုတော့ ပန်းကလေးတစ်ပွင့်ပွင့်လာရင် သူ ခူးပြီးမပန်ရက်ဘူး၊ သူများကိုပေးဖို့တော့ ဝေးရော။ တစ်ခါတုန်းက စိတ်မြန်လက်မြန်ရှိတဲ့ ယုမွန်နွေးက နှင်းဆီပန်းကလေးတစ်ပွင့်ကို ချိုးပြီးပန်သွားလို့ ဒေါ်ခင်မိုးမာ ဒေါသတွေဖြစ်လိုက်တာမှ ဝုန်းဒိုင်းကိုကျဲနေတာပဲ။ ဒါတောင် ယုမွန်နွေးက သူ့အချစ်ဆုံး တူမကလေးနော်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပန်းပွင့်အတွက် ယုမ္မန်နွေးကို သုံးလုလောက် စကားမပြောဘူး။ နောက်ဆုံး ယုမ္မန်နွေးက နှင်းဆီပန်းသုံးပွင့်စီပါတဲ့ ပန်းအိုးကလေး နှစ်အိုး ပေးလိုက်တော့မှ ကျေနပ်သွားတာ။

ဒေါ်ခင်မိုးမာဆိုတာ အဲဒီလို မိန်းမအပျိုကြီးပါ။

ဒေါ်ခင်မိုးမာက ခြံတံခါးကို ပိတ်လိုက်တော့ ပေလေးဆယ် ရှစ်ဆယ် ခြံကလေးထဲက မပြုပြင်ရသေးတဲ့ နှစ်ထပ်တိုက်ကလေးဟာ ငြိမ်သက်ပြီး ကျန်ရစ်ခဲ့ပါတယ်။

♦





ကျွန်တော် လုပ်ရမယ့်အလုပ်ဟာ တော်တော်အန္တရာယ်ကြီးတဲ့ အလုပ်ဆိုတာကို စလုပ်ခြင်းမှာပဲ သိလိုက်ရပါတယ်။ ကျွန်တော်က ဘိုးဘိုးဇေယျစကြာကို အမှုပေးဖို့ ဘဝငါးထောင်မှာ လူဖြစ်နေတဲ့သူကို အရင်လိုက်ရှာရမှာ။

သူ့ကိုတွေ့တော့မှ ပေတဒါန ပြုနိုင်အောင် ကြိုးစားရမှာကိုး။

ဒါနဲ့ ကျွန်တော်လည်း ဝိညာဉ်မှတ်ပုံတင်တန်းက သိခဲ့တဲ့ နတ်မိမယ်လေးဆီကို အရင်သွားရတယ်။

'ဘဝငါးထောင်ဆိုရင် ကျွန်မနဲ့မရဘူး နတ်ငယ်...'

'ကျွန်မထက် အဆင့်မြင့်တဲ့ ဘဝတွေကိုသိနိုင်တဲ့ နော်သာမိ ဆိုတဲ့ နတ်မယ်ဆီကို သွားရလိမ့်မယ်'

'အဲဒီနတ်မယ်က ဘဝငါးထောင်ကို ကြည့်နိုင်တယ်ပေါ့နော်'

'ဟုတ်တယ်၊ ကြည့်ပေးနိုင်တာက သေချာတယ်။ ဒါပေမယ့် သူက မာနသိပ်ကြီးတယ်၊ တော်ရုံလူဆို ကြည့်မပေးဘူး'

'ဒါကတော့ဗျာ၊ ကျွန်တော်တို့လည်း တာဝန်ဝတ္တရားတစ်ခုအနေနဲ့ လာတာပဲ၊ ကူညီသင့်တာပေါ့'

'ကျွန်မတို့မှာ ဥရုဝေလ နတ်မင်းကြီးရဲ့ ထောက်ခံချက်လည်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးဇေယျစက္ကရဲ့ တံဆိပ်လည်းပါတာပဲ၊ သူကူညီသင့်တာပေါ့'

ဒါတွေပါတာတော့ မှန်တယ် ညီမလေးရေ သူကတော့ ဆိုးကိုဆိုးတယ် ဆိုတဲ့သဘောမျိုးနဲ့ လုတာဆိုတဲ့ ဘဝင်ါးရာစစ်တဲ့ နတ်သမီးကလေးက ကျွန်တော်တို့ကို ကြည့်ပါတယ်။

'အင်းပေါ့လေ ကိုယ်ကလည်း တာဝန်ဝတ္တရားအရဆိုတော့ သွားရမှာပဲပေါ့လေ လုတာအခန်းကထွက်ရင် သုံးခန်းကျော်ညာဘက်မှာ အကြီးဆုံးအခန်းက သူ့အခန်းပဲ၊ ကံကောင်းပါစေရှင်'

'လုတာ' ဆုတောင်းပုံက ကျွန်တော်တို့ကို စတာနောက်တာ၊ ထေ့တာ၊ ရွဲ့တာ တစ်ခုမှမဟုတ်ပဲ ရင်ထဲကလှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးတာမျိုးဖြစ်နေလို့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ ခံစားလိုက်ရတယ်။

'ဇယ် လုတာ ဆုတောင်းပုံက တစ်မျိုးကြီးပဲနော်'

'ငါလည်း အဲဒီလိုပဲ ခံစားရတယ်ဟ'

လုတာ ညွှန်လိုက်တဲ့အခန်းကို ရောက်တော့ တံခါးရှေ့က ကျပ်ပြားဗိုင်းတစ်ဗိုင်းစာလောက်ရှိတဲ့ နေရာမှာ ကျွန်တော် ဝင်ရပ်လိုက်ပါတယ်။ ၁၀- စက္ကန့်လောက်ကြာတော့ အဲဒီကျပ်ပြားဗိုင်းကလေးထဲက အဝါရောင်အလင်းတန်းကလေးတစ်ခု ထွက်လာပြီး ကျွန်တော့် ရင်ဘတ်တည့်တည့်ကို ကျလာတယ်။ ငါးစက္ကန့်လောက် ကြာတော့မှ တံခါးက ဖြည်းဖြည်းလေး ပွင့်သွားပါတယ်။

ကျွန်တော်တို့အခန်းထဲကို လှမ်းဝင်လိုက်တော့ တစ်ခန်းလုံးကရွှေဝါရောင် သင်းပျံ့နေတဲ့ရနံ့က ပေးစရာ ဥပမာမရှိလောက်အောင်ကို မွှေးမြနေပါတယ်။ သင်းသင်းကလေး မွှေးတာဆိုတော့ အသက်ရှူရတာ ပေါ့ပါးလွန်းနေတယ်။

'ဘာကိစ္စရှိလို့ လာတာပါလဲ'

လေသံက အတက်အကျမရှိ တသတ်မတ်တည်းဖြစ်ပြီး၊ အမူအရာကလည်း အေးစက်နေပါတယ်။





'ကျွန်တော်တို့ကို ဘိုးဘိုးသုမနက လွှတ်လိုက်တာပါ'

ကျွန်တော် ဘိုးဘိုးသုမန ပေးထားတဲ့ လေးထောင့်ပုံ ဆွဲပြားကလေးကို ထုတ်ပြရင်းပြောတော့ သူ့မျက်နှာက ခပ်တည်တည်ပါပဲ။

'ဝိညာဉ် မှတ်ပုံတင်ပြပါ'

ကျွန်တော်တို့ နှစ်ယောက်စလုံးပြတော့ သူက ကျွန်တော့်မှတ်ပုံတင်ကိုပဲယူပြီး ဇယ်ရဲ့ မှတ်ပုံတင်ကိုမယူပါ။ ပြီးတော့ ကျွန်တော့် ဝိညာဉ်မှတ်ပုံတင်ကိုကိုင်ရင်း ရှေ့ကလေထဲကို လက်ဝှေ့ရမ်းလိုက်တော့ လုတာတုန်းကလိုပဲ လေထဲမှ တီဗီစခရင် တစ်ခုပေါ်လာပါတယ်။ အဲဒီစခရင်ထဲက ခလုတ်တစ်ခုကို သူနှိပ်လိုက်တော့ သူ့ရှေ့မှာ စားပွဲခုံတစ်ခုံ ရောက်လာပါတယ်။

အဲဒီစားပွဲခုံပေါ်မှာ အရွယ်အစား အမျိုးမျိုးရှိတဲ့ အပေါက်ကလေးတွေ ရာနဲ့ချီပြီး ရှိတာကို တွေ့ရပါတယ်။ သူက တစ်ချက်မဲ့လိုက်ရင်း ခုံထောင့်နားက အပြာရောင်ခလုတ်ကို နှိပ်လိုက်တော့ 'ရုတ်' ခနဲနေပြီး နောက်ပုံစံတွေပေါ်လာပြန်တယ်။ ဒီတစ်ခါလည်းသူက မဲ့ပြုံးကလေးပြုံးပြီး နောက်တစ်ကြိမ် နှိပ်ပြန်ပါတယ်။

ဒီတစ်ခါတော့ သူကပြုံးရင်း ပုံစံတူပုံသဏ္ဌာန်ကလေးတွေ အများကြီးထဲက နေရာလေးတစ်ခုထဲကို ကျွန်တော့်ရဲ့တြိဂံပုံ ဝိညာဉ်မှတ်ပုံတင်ကို ထည့်လိုက်ပါတယ်။

ကျွန်တော့်ဝိညာဉ် မှတ်ပုံတင်ဝင်သွားတာနဲ့ လေထဲက ဖန်သားပြင်ဟာ အရောင်အမျိုးမျိုး ပြောင်းသွားတာကို တွေ့ရပါတယ်။ ပြီးတော့ သူ့ရှေ့က စားပွဲခုံပေါ်မှာလည်း ကျန်တဲ့အပေါက်တွေ ပျောက်ပြီးတော့ ကျွန်တော့်ဝိညာဉ်မှတ်ပုံတင်ထည့်ထားတဲ့ နေရာလေးတစ်ခုပဲ နီရဲပြီး ကျန်ခဲ့ပါတယ်။

သူက ဖန်(လ်)သားပြင် စားပွဲခုံကို နည်းနည်းတွန်းလိုက်ပြီး ထောင့်က ခလုတ်ကို နှိပ်လိုက်တော့ နံရံပေါ်မှာ စာတန်းတွေတက်လာပြီး တစ်ဖက်မှာတော့ လူမျက်နှာတွေ အမျိုးမျိုးပေါ်လာပါတယ်။ အဲဒီလူမျက်နှာတွေရဲ့

www.burmeseclassic.com



နောက်ခံ ဘက်ဂရောင်း အရောင်တွေက အဖြူနဲ့ တစ်ခါတလေ အနီနဲ့ဖြစ်နေတယ်။ အဖြူဖြစ်တာကများပြီး အနီဖြစ်တာက နည်းပါတယ်။

'ကောင်းပြီ ရှင်နဲ့ကျွန်မနဲ့က ဘဝလေးထောင်ကျော်နီးပါး အိမ်ထောင်ကျခဲ့ကြဘူးပြီး သုံးထောင်ကျော်ကျော်လောက် ကျွန်မက ရှင့်ကို နိုင်ပါတယ်၊ ရှင်ကသာ အဲဒီလိုကျွန်မအပေါ်မှာ နိုင်ထားမယ်ဆိုရင် ရှင့်ကိစ္စကို ကျွန်မကလုံးဝကူညီမှာ မဟုတ်တော့ဘူး၊ ရှင် ကံကောင်းတယ်မှတ်ပါ'

'ကျွန်တော်ကတော့ ဘာမှ မသိပါဘူးခင်ဗျာ၊ ဘိုးဘိုးတို့က ဒီကိုလာရမယ်ဆိုလို့ လာတာပါပဲ'

'ဟုတ်ပါတယ်၊ ရှင် မသိဘူးဆိုတာ လက်ခံပါတယ်၊ ကျွန်မကနော်သာမိပါ၊ ကျွန်မရဲ့ အတိတ်ကြည့်နိုင်စွမ်းက တစ်သချေ်နဲ့ ကမ္ဘာတစ်သိန်းပါ၊ ကျွန်မတို့ ဘုံမှာတော့ နောက်ဆုံး အများဆုံးဘုံဘဝတွေကို ဖတ်နိုင်တာကျွန်မတစ်ယောက်ပဲရှိတာပါ'

'ဒါဆိုကျွန်တော်တို့ကို တစ်သချေ်နဲ့ ကမ္ဘာတစ်သိန်းအထိ ကြည့်နိုင်တယ်ပေါ့'

ကျွန်တော် တအံ့တသြမေးမိတာကို သူက လှောင်သလိုကြည့်ပြီး ရယ်တယ်။ သူ့ပုံစံကြည့်ရတာ ကျွန်တော် အံ့သြနေတာကို ဝမ်းသာနေတဲ့ပုံပဲ။

'ကဲ ဧယျစက္ခုဘိုးဘိုးရဲ့ လိပ်ပြာချုပ်ပေးပါ'

သူက သူ့အလုပ်နဲ့ ပတ်သက်လာရင်တော့ တော်တော်လေးကို အသံမာတဲ့လူပါ။ လူမှုရေးစကားကို ရယ်ရယ်မောမော ပြောနေရာက ချက်ချင်းတည်ပြီး လေသံက မာသွားတာပဲ။

ကျွန်တော်လည်း ဘိုးဘိုးဧယျစက္ခုပေးလိုက်တဲ့ လိပ်ပြာချုပ် ဗူးကလေးကို သူ့လက်ထဲကို ထည့်လိုက်ပါတယ်။

'ကောင်းပြီ၊ မနက်ဖြန် ဒီအချိန်လောက်ပဲ လာခဲ့'

'ရှာတော်ရှင် ဘိုးဘိုးမို့ တစ်ခါတည်းနဲ့ အပြီး'

'ဒီမှာမိန်းကလေး ရှာတော်ရှင်ဘိုးဘိုး ဧယျစက္ခုရဲ့ ကမ္ဘာတစ်





ထောင်မှာ ဆွေမျိုးတော်စပ်ပြီး တွေ့ခဲ့ရတဲ့လူတွေကို တစ်ယောက်ချင်းစီရှာရမှာ တစ်ယောက်လွတ်သွားလို့ မရဘူး၊ လွတ်သွားရင် မင်းတို့ ဘိုးဘိုးအများကြီး နစ်နာကုန်လိမ့်မယ်၊ ဒါကြောင့် ငါ အေးအေးဆေးဆေး ရှာရအောင် မင်းတို့ကို ချိန်းတာ၊ မကျေနပ်ရင်'

'အာ...အာ...မလုပ်ပါနဲ့ ကျေနပ်ပါတယ်ဗျာ ကျွန်တော်တို့ကရှာတော် ရှင်ဘိုးဘိုးဆိုတော့ ချက်ချင်းများရမလားလို့ ပြောကြည့်တာပါ'

'အဲဒါမျိုးက လူ့ဘဝမှာပဲရမယ် ဒီမှာမရဘူး'

'ကျွန်မပြောတဲ့အတိုင်းသာ ဘိုးဘိုးဧယျစက္ခုကို လျှောက်လိုက်ပါ၊ ကျွန်မကို ဘိုးဘိုးနားလည်ပေးပါလိမ့်မယ် ပြန်လို့ရပါပြီ။'

ကျွန်တော့်မှာရော ဖယ်မှာပါ ဘာမှ ဆက်ပြောစရာ မရှိတော့တာမို့ ကျွန်တော်တို့ သူ့အခန်းထဲက နေပြန်ခဲ့ကြတယ်။

'ဘိုးဘိုးကို အမွေဝေမယ့်လူက လူ့ဘဝမှာ ရှိမှရှိပါ့မလား နတ်ငယ်'

'ကမ္ဘာတစ်ထောင်ဆိုတော့ နည်းတာမှမဟုတ်တာ ငါနဲ့ ဘိုးဘိုးဧယျစက္ခုတောင်မှ သားအဖဘဝ ငါးထောင်ကျော် ဖြစ်ခဲ့သေးတာပဲကမ္ဘာတစ်ထောင်ဆိုတော့ ရှိမှာပါ'

'ဟယ်...ဒါဆိုအဲဒီအမွေပေးရမယ့် လူပုဂ္ဂိုလ်က တခြားပြည်နယ်နဲ့တိုင်းတွေမှာရောက်နေရင် ဘယ်လိုလုပ်မလဲ!'

'အဲဒီလိုဆိုလည်း ဘာတတ်နိုင်မှာလည်း လိုက်ရတော့မှာပေါ့'

'နတ်ငယ် နင်အဲဒီလို အဝေးကြီးကို သွားရမယ်ဆိုရင် ငါလည်းလိုက်မယ်လေဟာ နော်'

'အဲဒါတော့ နင် ဘိုးဘိုးကို လျှောက်ပေါ့ ဘိုးဘိုးက လိုက်စေဆိုလိုက်ပေါ့'

'ကောင်းပြီ ဘိုးဘိုးဆီက အမိန့်ကျမှ နင် အူကြောင်ကြောင်တော့မလုပ်နဲ့ ဒါပဲ'

◆



www.burmeseclassic.com

www.burmeseclassic.com



နော်သာမိပြောတဲ့ အတိုင်းဘိုးဘိုးကို ပြန်လျှောက်တော့ ဘိုးဘိုးက ပြုံးနေတာကို တွေ့ရတယ်။

'ဒီ နတ်ငယ်မကလေးပြောတာ၊ ရက်ချိန်းပေးတာ မရှိင်းဘူး၊ သူပြောတာ အမှန်တွေပဲ၊ သူဘိုးဘိုးရဲ့ ဘဝကမ္ဘာတစ်ထောင်ကို စေ့စေ့စပ်စပ် ရှာလိမ့်မယ်၊ ဒီနတ်ငယ်မကလေးဟာ တော်ရုံနတ်ကို တစ်ကြိမ်တည်းနဲ့ ပြီးခဲ့တယ်၊ အခု မောင်အရွှန်ကျမှပဲ တစ်ကြိမ်တည်းနဲ့ပြီးခဲ့တာ ပဋ္ဌာန်းစက်ပဲဟေ့'

ရှာတော်ရှင် ဘိုးဘိုးဟာ ရယ်ရယ်မောမောနဲ့ ကျွန်တော့်ပခုံးကိုပုတ်ရင်း ပြောပါတယ်။ ကျွန်တော်လည်း ဝမ်းတွေဘာတွေ သာလို့ပေါ့လေ။ အဲဒီ နတ်မယ်ကလေးနဲ့က ဘဝလေးထောင်ကျော်နီးပါး လူ့ဘဝမှာ အိမ်ထောင်ကျခဲ့တာ ဆိုတာကို သူ သဘောအကျဆုံးပါဘဲ။

ကျွန်တော့်ကို ဖယ်ကတော့ နတ်နှာဘူးတဲ့။ ကျွန်တော်ဆိုလိုတာက အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော် အံ့သြနေမိတယ်ဆိုတာမျိုးနဲ့ ဘာကိုမှန်း မသိကျေနပ်နေတဲ့ ပီတိကိုပြောတာပါ။

ရှာတော်ရှင်ဘိုးဘိုးဆီက ပြန်လာတော့ ကျွန်တော်တို့ ဘာလုပ်ရမှန်း မသိ ဖြစ်နေတယ်။

'ပျှင်းစရာကြီးဟာ ဘာလုပ်ရင်ကောင်းမလဲ! ဒါကြောင့် ဦးရွှေသာကြီး ကပြောတာ ငါတို့ နတ်ပိုတွေတဲ့။ ဟဲ့…ဦးရွှေသာကြီးက ပြောတော့ ငါတို့က ပြိတ္တာတွေဆို'

'အေးပေါ့ဟ ဘဝပြောင်းခါနီးမှာ အစွဲကလေးတွေနဲ့ ဘဝပြောင်းတော့ ပြိတ္တာဖြစ်တာပေါ့၊ နှင် ငါ့ကို ဘယ်လို ပုံသဏ္ဌာန်မြင်သလဲ!'

'လူလိုပဲ မြင်တာပေါ့ဟ'

'အေး ငါလည်းနင့်ကို လူလို့ပဲ မြင်တာပဲ၊ တစ်ကယ်တော့ ငါတို့ရုပ်တွေက ငါတို့ချင်းမြင်နေရတဲ့ ရုပ်တွေ မဟုတ်ဘူးတဲ့။ ဘိုးဘိုးသောမနက ပြောဖူးတယ်'





'ဟယ် ကြောက်စရာပုံစံကြီးတွေလားဟင်!'

'ဟုတ်မှာပေါ့ ဒါကြောင့် ငါတို့ချင်းပေးမမြင်တာပေါ့။ အင်မတန် ကံနိမ့်လွန်းတဲ့သူ ဆိုရင်တော့ ငါတို့ရုပ်တွေကို မြင်ရတယ်တဲ့။ မြင်ရရင် ကြောက်လန့်ပြီး ဖျားကြနာကြလေ့ရှိတယ်တဲ့။ ဒါကြောင့် တန်ခိုးနည်းနည်း ကြီးတဲ့ ပြိတ္တာတွေကို ဘိုးဘိုးက အဲဒီလိုခြောက်လှန့်ပြီး သူတို့ တင်မြှောက်တာကို မစားဘို့ တားရတာပေါ့'

ဖယ်တော်တော် စိတ်ညစ်သွားတဲ့ ပုံစံမျိုးဖြစ်သွားတယ်။ 'ငါတို့က ပြိတ္တာတွေတဲ့' ဟုလည်း ညည်းရင်း သူ့မျက်နှာကိုသူ ပြန်စမ်းရင်းက ပြောတယ်။

'ငါ့မျက်နှာကတော့ ငါစမ်းကြည့်တာ လူ့ဘဝအတိုင်းပါပဲ'

'ငါပြောပြီးပြီလေ ဖယ်ရဲ့ ငါတို့ချင်းက ဒီအတိုင်းပဲမြင်ရတယ်လို့'

'တော်ပြီဟာ အဲဒီပြိတ္တာဆိုတာကြီး မေ့ထားလိုက်တော့ဟာ'

'စိတ်ဓာတ် မကျပါနဲ့ဟ ငါဘိုးဘိုးကို မေးကြည့်တော့ ငါတို့ဟာ အပါယ်လေးပါးကို ကျနေတာတဲ့'

'အပါယ်လေးပါးဆိုတာ ဘာလဲဟင်!'

'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနဲ့ အသူရကာယ်ကို ခေါ်တာ၊ အခုငါတို့ရတဲ့ ဘဝက အပါယ်လေးပါးထဲက အသူရကာယ်ဘုံနဲ့ လူတွေကို ကာကွယ်စောင့်ရှောက်ရတဲ့ နတ်ငယ်အကြားမှာ ရှိတယ်။ ကိုယ်နဲ့ တစ်ဘဝမှာဖြစ်ဖြစ် ဆွေမျိုးတော်သူက ပေတာဒါနလှူတဲ့အခါ အရင်ဘဝဘဝက တော်စပ်ခဲ့ဖူးသော ဆွေမျိုးများအားလည်းကောင်းဆိုရင် ငါတို့က သူနဲ့ဆွေမျိုးတော်ထားရင် သာဓုခေါ်ပြီးတာနဲ့ မျက်မှောက်ဘဝမှာ ချက်ချင်းအကျိုးပေးတဲ့ကံ ဒိဋ္ဌဓမ္မဝေဒနိယကံ ဆိုတာနဲ့ ချက်ချင်းဘဝ ပြောင်းသွားနိုင်တယ် အပါယ်လေးပါးထဲမှာ သာဓုခေါ်ခွင့်ရတဲ့ သတ္တဝါပေါ့ဟာ'

ကျွန်တော် ရှင်းပြလိုက်တော့မှပဲ ဖယ်ရဲ့မျက်နှာက နည်းနည်းရွှင်လန်း

www.burmeseclassic.com



လာတယ်။ ခုနကတော့ ကိုယ်ရတဲ့ဘုံကို ကိုယ်ပြန်ကြောက်နေတာ တော်တော် သနားစရာကောင်းတယ်။

'နတ်ငယ် နင့်ကို ရှာတော်ရှင်ဘိုးဘိုးက ပါဝါတွေ မပေးသေးဘူးလား'

'အေး... မပေးသေးဘူးဟာ! ရှာတော်ရှင်ဘိုးဘိုးက အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တဲ့အခါကျမှ အသုံးပြုရမယ်၊ သိုက်တွေအားလုံးကို စောင့်ရှောက်ရတာ တာဝန်အရမ်းကြီးတယ်၊ ဒီတော့ တန်ခိုးတို့ ပါဝါတို့ပေးတာကို သတိအထားရဆုံးပဲ၊ ငါတို့ ဘိုးဘိုးရဲ့အမျိုးကို ရှာတွေ့မှ ငါလွှပ်ရှားဖို့ပေးမယ်ထင်တာပဲ'

ထင်တာပဲတွေ ဘာတွေလုပ်မနေနဲ့ အဲဒီတော့မှရမှာ အသေအချာပဲ၊ ပျင်းတယ်ဟာ ငါတို့ ဘာလုပ်ရင်ကောင်းမလဲ!'

ဖယ် ညည်းရင်း ငုတ်တုတ်ကလေး ထိုင်နေတယ်။ သူကြည့်ရတာ တစ်ခုခုလုပ်ဖို့ စိတ်စောနေပုံပဲ။ ဘိုးဘိုးသုမနက တရားသွားထိုင်နေတော့ ပိုပျင်းဖို့ကောင်းနေတာပေါ့ ဘိုးဘိုးရှိရင် နတ်တွေအကြောင်း အံ့ဖွယ်သူရဲ တန်ခိုးအာဏာရှိတဲ့ ပြဟ္မာကြီးတွေအကြောင်း၊ ကုသိုလ်မပြုတတ်လို့ နတ်ဘဝကနေ အပါယ်ဘုံကို ပြန်ရောက်သွားတဲ့ အကြောင်းတွေကို နားထောင်လို့ရသေးတယ်။

'နင်အရမ်းပျင်းနေရင် ငါတို့မှာရှိတဲ့ ပါဝါကလေးတွေနဲ့ ဒုက္ခရောက်နေတဲ့ လူတွေကို လျှောက်ကူညီမလား!'

'ဟယ်...ဟုတ်သားပဲ အဲဒါကို ငါမေ့နေတာ ကြည့်စမ်း၊ အဲဒါကောင်းတယ်။ လာ လူတွေကြားထဲ သွားကြစို့'

■





## အခန်း (၈)

ဒီတော့ ကျွန်တော်နဲ့ဖယ် နှစ်ယောက် ဒုက္ခရောက်နေတဲ့ လူတွေ့ရင် ကျွန်တော်တို့မှာရှိသမျှ ပါဝါကလေးတွေနဲ့ ကူညီမယ်ဆိုပြီး ထွက်လာကြတာ ကံကလည်း ကောင်းသလားမမေးနဲ့ ကျွန်တော်တို့ တွေ့ရသမျှလမ်းပေါ်က လူတွေဟာ သူ့ဘာသာသူ အဆင်ကိုပြေလို့၊ ကူညီစရာ မရှိသလောက်ပဲ။

ကျွန်တော်လည်း ကားမှတ်တိုင်နားကို ရောက်လာခဲ့တယ်။ ဖယ်ကတော့ ဈေးထိပ်မှာ ဒုက္ခရောက်တဲ့လူ ရှိတတ်တယ်ဆိုပြီးနေခဲ့တယ်။ ကျွန်တော် ကားမှတ်တိုင်ကို လျှောက်ကြည့်တော့ ငိုနေတဲ့ ကလေးတစ်ယောက်ကို တွေ့ရတယ်။ ဟုတ်ပြီ အဆင်မပြေမှုဆိုတာ သိပ်မရှာရပါဘူး။ ဒီခေတ်မှာ သိပ်ပေါမှပေါ မဟုတ်လား! ။

ကျွန်တော် ကလေးအနားရောက်သွားတော့ ကလေးအမေက သူ့သား ငိုနေတာကို ချော့လည်းမချော့ ဂရုလည်းမစိုက်နိုင်ပဲ အနားကမိန်းမနဲ့ စကားကို ကိုယ်ဟန်ရော လက်ဟန်ရော မျက်နှာအိုက်တင်ရောနဲ့ အားရပါးရပြောနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ရောင်းလိုက်လို့ အမွေရထားပါတယ်လို့ သူညီမကိုယ်တိုင်က ပြောသွားတာကို မရှိဘူးဆိုပြီး ဗြောင်လိမ်တာ ကဲ...'

'အဲဒီတော့ပြောခဲ့တယ်လေ အေးညည်းတို့ သံသရာကြွေးဆပ်ဖို့ အထုံ ယူသွားလို့'

ကလေးက အော်ငိုလို့ကောင်းတုန်းပါပဲ။

ကလေးအမေလို့ ထင်ရတဲ့ မိန်းမကလည်း စကားပြောလို့ကောင်းတုန်း ပါပဲ၊ ကလေးပြောပြီး ငိုနေတာက ကားမှတ်တိုင်မှာ ရောင်းနေတဲ့ ရေခဲမုန့်စား ချင်လို့ ငိုနေတာပါ။ ဒီတော့ကလေးလည်း ရေခဲမုန့်စားရ၊ အငိုတိတ်၊ ဟို မိန်းမလည်း ကိုရီးယားကားထက် ရှည်တဲ့သူ ပိုက်ဆံချေး ဇာတ်လမ်းတွဲကို အေးအေးဆေးဆေးပြောလို့ ယူဆပြီး ရှိသမျှပါဝါကလေးနဲ့ လူယောင်ဆောင် ပြီး ရေခဲမုန့်ဝယ်လိုက်တယ်။

'ဟဲ့...နှတ်ငယ်... နင်ဘာလုပ်နေတာလဲ'

ကျွန်တော် ရုပ်ဖျက်ထားပေမယ့် ကျွန်တော်တို့ အချင်းချင်းကတော့ ကောင်းကောင်း မြင်နိုင်ပါတယ်။

'ဟိုမှာ ငိုနေတဲ့ကလေး တွေ့လား ငါသူ့ကို ကူညီမလို့ဟ'

'နင်က ဘယ်လိုကူညီမှာလဲ'

'အခု လူယောင်ဆောင်ထားပြီလေ၊ ဒီကလေးက ရေခဲမုန့်မစားရလို့ ငိုနေတာ ငါက ဝယ်ကျွေးလိုက်မှာပေါ့'

'ငါလည်း ပါမယ်ဟာ'

'No ပဲ အမီ။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဖြစ်တာ နင်လည်း လိုက်ရှာပေါ့ဟ'

ဖယ်ကို အထက်စည်းကပြောရင်း ရေခဲမုန့်နှစ်ခုဝယ်ပြီး ကလေးနားကို ကပ်ခဲ့တယ်။ ပြီးတော့ ကလေးကို ရေခဲမုန့်တစ်ခွက် လှမ်းထိုးပေးတော့ ပထမ မယူရဲဘူး။ ဒီတော့ ကျွန်တော်က အပြုံးနဲ့ချော့ရင်း

'ယူပါကွ၊ ဦးက သားစားချင်မုန်းသိလို့ ဝယ်ကျွေးတာပါ၊ ယူလေ ကွာ'





ကလေးက သူ့အမေရဲ့မျက်နှာကို မော့ပြီးကြည့်ပါတယ်။ ကလေးရဲ့ အပြုအမူက 'မေမေ ယူလိုက်ရမလား' ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒါပေမယ့် သားထက် စကားဘက်ပါနေတဲ့ သူ့အမေက ကလေးကို ရှိတယ်လို့တောင်မှ မထင်ပါဘူး။ ကလေး အငိုတိတ်သွားတာကိုလည်း သတိမထားပါဘူး။

နောက်ဆုံးတော့ ကလေးက သူ့အမေကိုင်ထားတဲ့ လက်ကိုပါဖြုတ်ပြီး ရေခဲမုန့်နှစ်ခုကိုယူပြီး အားရပါးရ စားပါတယ်။ ဒီတော့ ကျွန်တော်လည်း ကိုယ်ရောင်ဖျောက်လိုက်ပြီပေါ့။

ခဏပဲကြာမယ်ထင်တယ်။ ကလေးအမေက ကလေးကိုငုံ့ကြည့်ပြီး

'အမလေး... ရေခဲမုန့်တွေ၊ ရေခဲမုန့်တွေ ဟင်... ဒါနင် ဘယ်က ရတာလဲ'

ကလေးက ရေခဲမုန့်နှစ်ခွက်ကိုကိုင်ရင်း သူ့အမေကို တအံ့တသြ ကြည့် နေပါတယ်။

'နင့်ကို ဘယ်သူ ဝယ်ကျွေးတာလဲ... ပြောစမ်း'

'ဦးဦးတစ်ယောက်က'

'အမလေး... အဲဒီချောင်းက သေအောင်ဆိုးနေလို့ အခုပဲဆေးခန်းက ပြန်လာခဲ့တာကို ဘယ်ကာလနာကျက ဝင်ပြီးဝယ်ကျွေးသွားရတာလဲ အေး နောက်တစ်ခါ ရေခဲမုန့်ဝယ်ကျွေးရင် ဆေးဖိုးပါ ထည့်ပေးဟေ့ ကာလနာရဲ့။ ပေးစမ်း နင့်လက်ထဲကတစ်ခု၊ တစ်ခုပဲစား'

ဖယ်ဟာ ခံလိုက်ရတဲ့ ကျွန်တော့်ကို စကားလုံးလှလှတွေနဲ့ ရိရင်း အားက ကပ်လိုက်လာပါတယ်။ နောင်ကျရင်တော့ ကူညီတာကိုတောင်မှ ဆင်ချင်ပြီးလုပ်မှလို့ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။

ကျွန်တော်ရော ဖယ်ပါ လမ်းမကြီးဆီကနေ လမ်းသွယ်ကလေးတစ်ခု ထဲကို ဖွဲဆင်းလိုက်တယ်။ ကျွန်တော်တို့ လမ်းသွယ်လေးထဲ ရောက်ရောက် ချင်းပဲ ဖြတ်လမ်းကနေ လူကြီးတစ်ယောက် သေတ္တာကြီးတစ်လုံးကို မနိုင် မနင်း ထမ်းလာတာတွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော်တို့ကို ဘယ်မြင်မလဲ ဟိုဘက်ဒီဘက် လမ်းရှေးရင်းနဲ့ ကျွန်တော်တို့ လျှောက်တဲ့လမ်းကိုပဲ လျှောက်တယ်။ အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်ဟာ လူငယ်နှစ်ယောက်ထမ်းမှ ရနိုင်မယ့် သေတ္တာကြီးကို ထမ်းလာတာကို ကူညီတာတော့ ဘာပြဿနာမှ မရှိလောက်ဘူးလို့ ယူဆပြီး ကျွန်တော်ဖယ်ကို ကြည့်လိုက်တယ်။

'ပေါ့စေလို့ ငါတို့ ပြိုင်တူဆန္ဒပြုကြမယ်'

'အေး ကောင်းတယ် ကဲ စမယ်'

'ပေါ့စေ'

ကျွန်တော်တို့ ဆန္ဒပြုပြီးပြီးချင်းပဲ အဖိုးကြီးဟာ တအံ့တဩနဲ့ သူထမ်းလာတဲ့ သေတ္တာကို မော့ကြည့်တယ်။ ဟုတ်တယ်လေ သူအံ့ဩသွားပြီပေါ့ သေတ္တာရဲ့အလေးချိန်က သစ်ရွက်လောက်ပဲ ရှိတော့တာကိုး။

ပခုံးပေါ်က အလေးချိန်မရှိတော့တာကို ဂရုမထားနိုင်ပဲ အဖိုးကြီးက ခပ်သုတ်သုတ်သွားတာ မပြေးရုံတမယ်ပဲ။ ကျွန်တော်နဲ့ ဖယ် ကူညီမှုကြောင့် ရတဲ့ ပီတိနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေတုန်းမှာပဲ

'ကျွန်မတို့သေတ္တာကို ထမ်းပြီး ခိုးပြေးသွားလို့ပါ သူခိုးပါရှင် သူခိုးပါ၊ ကူညီကြပါဦး သူခိုး… သူခိုး'

အဲဒီ အော်သံစူးစူးဝါးဝါးကို ကြားရတော့မှ ကျွန်တော်တို့လည်း သေတ္တာထမ်းသွားတဲ့ သူခိုးနောက်ကို တစ်ချက်ခုန်နဲ့လိုက်ပြီး တွေ့တာနဲ့

'နဂိုအလေးချိန်ထက် ငါးဆပိုလေးစေ'လို့ ဆုတောင်းတော့မှ သေတ္တာထမ်းတဲ့အဖိုးကြီး ရုတ်တစ်ရက်လေးသွားတဲ့ သူ့ပုခုံးပေါ်က သေတ္တာကြောင့် ရှေ့ကို ဟပ်ထိုးလဲပါတယ်။ သေတ္တာကိုပြန်မတော့ မ,မနိုင်တော့ဘူး။

နောက်က မိန်းမနှစ်ယောက်ကလည်း အော်ပြီးပြေးလာတော့ သေတ္တာကို ချထားပြီး ထွက်ပြေးပါတော့တယ်။

သေတ္တာနားကို မိန်းမနှစ်ယောက် ရောက်လာတော့ အဖိုးကြီးကျောကို





ဖုဖုပဲ မြင်ရတော့တာပါ။ သူတို့လည်းအော်ရင်း ပြေးရတာဆိုတော့ မောပြီး သေတ္တာကို ကိုင်ပြီး အမောဖြေရတယ်။

'ဒေါ်ကို နွေး အစကတည်းကပြောတယ်၊ သူတို့ဆီက အထမ်းသမား ပါ ခေါ်မလားမေးတုန်းက ရတယ်ဆို ခုတော့ ကံကောင်းလို့ပေါ့'

'ငါက ကားသမားတော့ ရှိနေဦးမယ် ထင်တာပေါ့ဟာ၊ သူပါ ဝင်မပေး မယ်ထင်တာ'

'ဖြစ်မှဖြစ်ရလေ ဒေါ်ရယ် ဒေါ် ငှားတာက ကားလေ ကူလီမှမဟုတ်တာ'

'အေးပါ၊အေးပါ ဒီတစ်ခါ ကျုပ်မှားတော်မူပါတယ်၊ ဒီသေတ္တာကြီးကို အိမ်အရောက် ဘယ်လို သယ်ရမလဲ…၊ အိမ်ရှေ့လမ်းမပေါ်မှာ ချထားရတဲ့ ပစ္စည်းတွေကလည်း အများကြီးပဲ'

သူတို့စကားကြောင့် သူတို့နှစ်ယောက်ဟာ ဒီနေ့မှ အိမ်ပြောင်းလာတဲ့ လူနှစ်ယောက်ဆိုတာ သေချာသွားပြီ၊ ဒီတော့ ကျွန်တော်နဲ့ ဖယ်တိုင်ပင်လိုက်တယ်။

'ဖယ်နင်က ဟိုမှာချထားတဲ့ ပစ္စည်းတွေကို သွားစောင့်ရှောက်၊ ငါက ဒီသေတ္တာကို သူတို့ မလို့ရအောင် ကူညီမယ်'

'နင်က နှုတ်နှာဘူးပဲ'

'နင် ပြောချင်တာပြောဟာ သွားကူညီစရာရှိတာကိုသာ ကူညီ'

ဖယ် နှုတ်မျက်စောင်းထိုးရင်း လှစ်ခနဲ ပျောက်သွားသည်။

'ငါတို့ နှစ်ယောက် ဒီသေတ္တာကြီးကို ဘယ်လိုလုပ်မလဲ ဟိုက တို့လို့တန်းလန်းပစ္စည်းတွေ တစ်ယောက်က မသွားရင်ရော ဒုက္ခပါပဲဟယ်၊ ဒီအိမ်က စပြောင်းကတည်းက ပြဿနာပါလား'

'ကိုညိုလှင်းဆီကိုသာ phone ဆက်တော့ ဒေါ်'

'အေး ငါ့ Handphone ကလည်း လက်ကိုင်အိတ်ထဲမှာ ကျန်ခဲ့ပြီ'

'ကဲ ဒါဆိုရင် ရသလောက် မကြည့်ကြတာပေါ့၊ သူလို အဖိုးကြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



မနိုင်သေးတာပဲ၊ ဟိုမှာကျန်ခဲ့တဲ့ပစ္စည်းတွေက ဝန်းထဲမှာဆိုတော့ နည်းနည်းတော့ စိတ်ချရပါတယ်'

ကျွန်တော်က အသက်ခပ်ငယ်ငယ် ကောင်မလေးကို သဘောကျနေပြီဗျာ။ ဒါကြောင့်မို့လည်း ကျွန်တော့်ကို ဖေယံက နတ်ပဲ့ဟိုဟာလို့ ပြောသွားတာပေါ့။ ကျွန်တော် သဘောကျတဲ့ကောင်မလေးက ကမ္ဘာကျော်ဆာဗီးယားနိုင်ငံသူ တင်းနစ်နဲ့အလှမယ် အန်နာအိုင်ဗန်နိုဗစ်ချ် (Ana Ivanovic)နဲ့ တော်တော်လေး ဆင်တယ်ဗျာ။

သူတို့နှစ်ယောက်မလို့ အရမ်းပေါ့နေရင် မသ်ကာဖြစ်သွားမှာစိုးလို့ လေးထောင့်သံပုံးနဲ့ ရေတစ်ပုန်းစာလောက်တော့ လေးပေးထားလိုက်တယ်။

'နှစ်ယောက် ဒီလောက်ဆိုရပါတယ်'

'ဒေါ် အဲဒီထဲမှာ နွေးတို့ထည့်ထားတဲ့ ပစ္စည်းတွေက မနည်းဘူးနော်အခုအလေးချိန်က တော်တော်လေးကို ပေါ့နေတယ်။ ဟိုအဖိုးကြီးထုတ်ပြီး ဖွက်ထားတာတွေ ဘာတွေများရှိလား မသိဘူးနော်'

ဒေါ် လို့အခေါ်ခံရတဲ့ မိန်းမကြီးက သေတ္တာမှာ ခတ်ထားတဲ့ သော့ခလောက်ကို လက်တစ်ဖက်နဲ့ လုပ်ကြည့်တယ်။

'ဒီမှာ သော့ခတ်ထားတာဘဲဟာ သူ ဘယ်လိုလုပ် ဖွင့်မလဲ'

'ဟုတ်တယ် နွေးပစ္စည်းတွေတင် နည်းတာမှမဟုတ်တာ'

သူတို့ နှစ်ယောက်ပြောနေတဲ့ စကားကြောင့် ကျွန်တော်သေတ္တာကို မသိမသာလေး ထပ်လေးပေးလိုက်တယ်။

'လေးပါတယ် ဒေါ်ရာ ခုနက နွေးတို့ စိတ်လှုပ်ရှားနေလို့ နေမှာပါ'

'အေး ဟုတ်တယ်ဟ အခုတော့လေးသားပဲ'

သူတို့ အိမ်ရှေ့ကိုရောက်တော့ သူတို့ထားခဲ့တဲ့ ပစ္စည်းတွေ ခြေရာလက်ရာ မပျက်ပဲ တွေ့ရတော့ ဝမ်းသာနေကြတယ်။

'ဒီ ပစ္စည်းတွေ အိမ်ထဲထည့်ရဖို့ကိုတော့ လူရှာမှကို ဖြစ်တော့မယ်'

သူတို့နှစ်ယောက် ပစ္စည်းပုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ရင်း ကျွန်တော့်





အိုင်ဗန်က ရေသန့်ဗူးလေးထဲက ရေကိုသောက်တယ်။ ခဏကြာတော့ ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် ဖြတ်သွားတာကို တွေ့တော့ ကျွန်တော့် အိုင်ဗန်က အပြေးကလေး လိုက်ခေါ်ရင်း ရ·ယ·က ဥက္ကဋ္ဌ အိမ်ကိုမေးတယ် ပြီးတော့ 'ဒေါ်' ဆိုတဲ့ သူ့အဒေါ်နဲ့တိုင်ပင်ပြီး သူ့အဒေါ်က ဥက္ကဋ္ဌအိမ်ကို လိုက်ပြမယ့် လူနဲ့လိုက်သွားတယ်။ ကျွန်တော့် အိုင်ဗန်ကတော့ သေတ္တာကြီးပေါ်မှာ ရေသန့်ပုလင်းကို သောက်ရင်း နေခဲ့တယ်။

ပြီးတော့ ကျွန်တော့် အိုင်ဗန်က သူဝတ်ထားတဲ့ အပေါ်က လက်ရှည်အင်္ကျီကိုချွတ်ပြီး ခါးမှာစည်းလိုက်တယ်။ အောက်မှာရှိတဲ့ အင်္ကျီကနိုင်လွန်သား စွပ်ကျယ်အင်္ကျီပါ။ ရင်ဘတ်က အဟိုက်ကြီးတော့ မဟုတ်ပါဘူး။ ကြည့်လို့ကောင်းရုံလေးပါ။ ဒါပေမယ့် ဖေယံက မရဘူး။

'ကဲ ကိုယ်တော့် ကူညီတာ ဒီမှာတင်ပြီးဆုံးပြီလို့ ထင်ပါတယ်'

'အေးပါဟ သူတို့ခြံစောင့်ကို အာရုံပြုခေါ်ပါဦး'

'အောင်မာ အဲဒါနင့်ကိစ္စလား နတ်ငယ်၊ ဘိုးဘိုးတို့ ကိစ္စ၊ နင့်နဲ့ဘာမှ မဆိုင်ဘူး'

ညနေခြည်နေရောင်ဟာ အိမ်ပစ္စည်းတွေ မွစာကျဲနေတဲ့ အလယ်က သေတ္တာကြီးပေါ်မှာ အေးအေးလူလူထိုင်နေတဲ့ အိုင်ဗန်ရဲ့ လက်မောင်းလည်တိုင်နဲ့ ရင်အစပ်မှာကျနေတော့ အသားလှတဲ့ ကျွန်တော့်အိုင်ဗန်ဟာ ကြည့်လို့မဝအောင်ပါပဲ။

'ဥက္ကဋ္ဌတို့လာတော့ သွားတာပေါ့ဟာ'

'သူ့ဘာသာ အားလုံး အဆင်ပြေသွားပြီ ကာယကံရှင်ကတောင် စိတ်အေးလက်အေး ဖြစ်နေပြီဥစ္စာ နင်က ဘာကိစ္စကို စိုးရိမ်နေရတာလဲတော်ပြီ အရူး ငါ နင်နဲ့ နောက်ဘယ်တော့မှ လိုက်မကူညီတော့ဘူး'

ဖေယံက ကျွန်တော့်ကို 'အရူး' လို့ခေါ်ပြီဆိုရင် ဒါ တော်တော်စိတ်ဆိုးနေတာပဲလို့တွေးရင်း ကျွန်တော် အိုင်ဗန်ကို အဝကြည့်ပြီးတော့ ထွက်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပညောင်ပင်ကိုရောက်လို့ ကျွန်တော်က စကားပြောတာကိုတောင် ဖယ်က စကားပြန်မပြောဘူး။ မိန်းကလေးတွေဟာ အူတိုမျိုးတွေပါဗျာ၊ အသူရကာယ်ဘဝ ရောက်တာတောင်မှ အူတိုတာ မပျောက်ဘူးဆိုရင် သူတို့ဟာ ဘယ်ဘဝရောက်ရောက် အူတိုနေမှာပဲ။

'နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား ဖယ်၊ ငါက နင်မပြောခင်ကတည်းက ပြန်မလို့ပါ၊ သူ့အင်္ကျီကို ချွတ်ပစ်လိုက်ကတည်းကလေ၊ အဲဒါကို နင်က ဆရာကြီးလုပ်ပြီး လာပြောနေတော့ ငါအမြင်ကပ်ပြီး နင့်ကိုစချင်တာနဲ့ မပြန်ဘူးလုပ်တာပါဟာ၊ စိတ်မဆိုးပါနဲ့'

ဖယ်ရဲ့ မျက်နှာပေါ်က တင်းထားတဲ့စိတ် လျှော့သွားတာကို ကျွန်တော်တွေ့ရတယ်။ ဖယ်က သိပ်ဟန်ဆောင်ကောင်းတဲ့ နတ်မဟုတ်ပါဘူး။

'ဒီဘုံမှာ အဆင့်တူဆိုလို့ နင်နဲ့ငါ နှစ်ယောက်ပဲရှိတာ အဲဒါကို နင်က စိတ်ကောက်နေတော့ ငါက ဘယ်လိုနေရမှာလဲ'

'တော်စမ်းပါ ဟိုက အင်္ကျီချွတ်လိုက်တော့ ဖြစ်သွားတဲ့နင့်မျက်နှာက တကယ့်... '

'မဟုတ်ပါဘူးဖယ်ရယ်၊ ထင်မထားတော့ ငါ ရုတ်တရက် အံ့ဩသွားတာပါ'

'နင်တို့ယောကျ်ားလေးတွေက နတ်ဖြစ်နေတာတောင် ငါမပြောလိုက်ချင်ဘူး'

ကျွန်တော့်ကို ဖယ်က သူ့ထိုးနေကျ၊ နတ်မျက်စောင်းနဲ့ထိုးရင်း ဒီကိစ္စကို လက်စသိမ်း ကျေနပ်လိုက်ပုံရပါတယ်။

'ဒီနေ့ ငါတို့ကူညီတာ ဘာတစ်ခုမှ အဆင်မပြေဘူး'

ဖယ်က စိတ်ညစ်သလိုမျိုး ပြောတယ်။ မျက်နှာကတော့ ခုနက ကိစ္စနဲ့မို့ သိပ်ရွှင်ရွှင်ကြီး မဟုတ်ဘူးပေါ့။ ကျွန်တော် ဖယ်ကို စချင်နေသေးပေမယ့် ခုနကကိစ္စကလေးရှိနေလို့ မစတော့ပဲနဲ့ သူ့ကိုထောက်ခံပြီး ခေါင်းညိတ်လိုက်မိတယ်။





'နောက်နေ့တွေ ကျန်ပါသေးတယ်ဟာ နင်ကလဲ'

'နောက်နေ့တွေကျတော့ အားချင်မှ အားတော့မှာဟ'

'အောင်မာ မအားရအောင် နင်က ဘာလုပ်စရာရှိလို့လဲ'

ကျွန်တော့် စကားကြောင့် ဖယ်က မျက်စောင်းထိုးပြန်ရော။

'ရှာတော်ရှင် ဘိုးဘိုးကိစ္စရှိသေးတယ် မဟုတ်လား'

'အေး ဒါပေမယ့် နော်သာမိဆိုတဲ့ ငါနဲ့ ဘဝငါးထောင် အိမ်ထောင်ကျခဲ့တဲ့ နတ်မယ်ကလေးကပဲ ဘိုးဘိုးအတွက် လူရှာလို့တွေ့ပါစေဦး'

'စကားပြောရင် အနှောင့်အသွားလွတ်အောင် ပြောစမ်း အရွှံ၊ နင်က နတ်ငယ်နာမည်နဲ့ မတန်ဘူး နင်က နတ်နှာဘူးပဲ၊ နင့်ကြောင့် နတ်တွေ သိက္ခာကျတယ်'

'ဒါ ငါက စပြောတာမှ မဟုတ်တာ သူကပြောပြတာပဲ'

'သူက သဘောရိုးနဲ့ပြောတာ နင်က ပါးစပ်အရသာခံပြီး ပြောတာ'

'ကဲပါဟာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ငါနင့်ကို အရှုံးပေးပါတယ်။ ငါတို့မှာ အချိန်ရှိသေးတာပဲ နင်ကူညီချင်ရင်ရှာပေါ့၊ ဒီတစ်ခါတော့ သေချာပေ့စေနော်'

'အေး ဒါဆိုနင်က ငါပြောတာပဲလိုက်လုပ် နတ်ငယ်၊ နော်...'

'အေးပါ...ဟာ'

ကျွန်တော်နဲ့ ဖယ် ပညောင်ပင်ကြီးပေါ်မှ ကုသိုလ်တစ်ခုလုပ်ဖို့အတွက် စိတ်အားထက်သန်စွာနှင့် စောင့်ရင်း ကောင်းမှုကုသိုလ်တစ်ခုဖြစ်တဲ့ အလွယ်ဆုံးလည်းဖြစ်တဲ့ ဒါနကုသိုလ်ကို မပြုခဲ့ကြပဲ မေ့လျော့ပေါ့ဆတာကို နှမြောနေမိတယ်။

ဒီတစ်ခါ လူပြန်ဖြစ်လို့ကတော့ ဒါနကုသိုလ်ပြီးရင် သီလ၊ ကုသိုလ်၊ ဘာဝနာ ကုသိုလ်တွေကို ကြိုးစားပြီး လုပ်ပါ့မယ်လို့ စိတ်ထဲမှာဆုံးဖြတ်ထားလိုက်ပါတယ်။

'မုန့်ကြာစေ့... သာကူ ပူပူလေး'

'ဟဲ့... နတ်ငယ်...'



www.burmeseclassic.com

www.burmeseclassic.com



'အေး... ကြားတယ်'

ခဏကြာတော့ အော်သံနဲ့အတူ အသက် ၅၀ နဲ့ ခြောက်ဆယ်အကြား တော်တော်ပိန်ပြီး ဟောင်းနွမ်းတဲ့ အဝတ်အစားတွေနဲ့ မိန်းမကြီးတစ်ဦး ညောင်ပင်အောက်ကနေ ဖြတ်လျှောက်လာပါတယ်။

ကျွန်တော်တို့ ပညောင်အောက်ရောက်တော့ ခဏအမောဖြေဖို့ ထင်ပါရဲ့ သူ့ခေါင်းပေါ်က သစ်သားနဲ့ရိုက်ထားတဲ့ ဗန်းကြီးကို ချတယ်။ ဗန်းကြီးထဲမှာ အဝကျဉ်းပြီး ဗိုက်ပူတဲ့ ဒန်ဇလုံကြီးတစ်ခုနဲ့ ထမင်းချက်တဲ့ ရိုးရိုးဒန်ဇလုံတစ်ခု၊ အုန်းသီး ၂ ခြမ်း၊ အုန်းခြစ်၊ အုန်းနို့၊ ပုလင်းနဲ့ ဖွန်းတွေ ပန်းကန်လုံးတွေကို ထပ်ထားပြီး ပန်းကန်ဆေးရေ ပလတ်စတစ်ခွက်တစ်ခွက်ပါ ပါတယ်။

မိန်းမကြီးက ခေါင်းဖုကို အသာချပြီးဗန်းကြီးထဲက ဆေးပေါ့လိပ် တစ်လိပ်နဲ့ မီးခြစ်ကိုထုတ်ပြီး အမောပြေ ဆေးလိပ်သောက်ပါတယ်။

'နတ်ငယ် နင်အသာနေ ငါ သူ့ကိုယ်စောင့်နတ်ဆီ သွားလိုက်ဦးမယ်'

'ဟာ... ငါလည်းလိုက်မှာပေါ့ဟ သိထားမှကောင်းမှာပေါ့'

'အေး လိုက်လာရင်လည်း နင်ဘာမှ ဝင်မရှုပ်နဲ့နော်'

'အေးပါ... ဟ'

ဖယ် မိန်းမကြီး ကိုယ်စောင့်နတ်ကို အာရုံပြုလိုက်တော့ ကိုယ်စောင့်နတ် က ညှိုးငယ်တဲ့ အသွင်နဲ့ ပေါ်လာပါတယ်။

'ကိုယ်စောင့်နတ်ရယ် ညှိုးငယ်လှချည်လား ဘယ်လိုဘယ်ပုံ ဖြစ်ရတာလဲ'

'မပြောချင်တော့ပါဘူး နတ်ငယ်ရယ်၊ ကျွန်မမှာ ဒါနကုသိုလ်၊ သီလ ကုသိုလ် ဘာမှမရပါဘူး'

'ဘယ်နဲ့ ဖြစ်လို့လဲ'

'ကျွန်မကိုယ်စောင့်ရတဲ့ ပိုင်ရှင် အခုမိန်းမကြီး ဒေါ်မြင့်မြင့်က ဈေးရောင်းပြီး ပြန်လာတာနဲ့ ရှိတာလေးနဲ့စားပြီး ပိုကာဝိုင်းကိုသွားတော့တာပဲ၊





ကစားတာက နိုင်တယ်ရယ်လည်း မရှိပါဘူး ဒါန၊ သီလ၊ ပညာနည်းတော့ ရှုံးတာပါပဲ'

'နတ်ဆိုးဘက်က အားတော်တော် ကောင်းနေတာပေါ့'

'ဟုတ်တယ် ကျွန်မလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး'

'သူ့ ယောကျ်ားကရော'

'ပိုဆိုးတယ် သစ်ခွဲစက်က ပြန်လာတာနဲ့ မူးနေပြီ၊ အိမ်မှာထင်တိုင်းကျဲ တော့တာပဲ ဆဲလိုက်ဆိုလိုက်တာလည်း မိုးကိုမွှန်လို့ သူ့သားတွေက တစ်ယောက်က ချဲရောင်း၊ တစ်ယောက်က အရက်သမား၊ တစ်ခါတလေ နင်မလစ်ခွက်ရိုက်တဲ့ လေးကောင်ဂျင်ဝိုင်း လုပ်တတ်တယ်'

'ဘုရားရှိခိုးတာ အမျှပေးတာ...'

'အမလေး... ဖဲရိုက်တုန်းသာ ဘုရားဘုရား ငါ့ ဘောဖဲစမ်းကလေးတော့ ဝင်ပါ တ,တာ အိမ်ရောက်တော့ ဘုရားစင် ဘယ်နားရှိမှန်းတောင် သိတော့ တာမဟုတ်ဘူး၊ အိမ်မှာ လိပ်ပြာလှတာဆိုလို့ အငယ်ကောင်လေးရဲ့ ဇနီးလေးက သစ်စက်က သစ်တိုသစ်စလေးတွေတောင်း သယ်ပြီး ထင်းစည်း ကလေးတွေ လုပ်ရောင်းပြီး စားဖို့နဲ့ ဘုရားစင်အတွက် ပန်းဆီမီးနဲ့ အမွှေးတိုင် ကလေး ဘာလေး လဲဖော်ရပါတယ်'

ကျွန်တော်ကတော့ ကတိတိုင်း ဘာမှဝင်မေးခွင့် မရှိဘူးဆိုတော့ တိတ်တိတ်ပဲ နေရတာပေါ့။ ဖယ်က တစ်ချက်စဉ်းစားရင်း-

'ရှင့်ကို ချထားပေးတဲ့ နတ်မင်းကို မမေးဘူးလား'

'ကျွန်မကို နောင်ဘဝက ကုသိုလ်နည်းခဲ့လို့ ဒီလိုလူမျိုးမှာ ကိုယ်စောင့် နတ်ကျတာတဲ့ ဒါပေမယ့် အကူအညီရလိမ့်မယ်လို့တော့ ပြောပါတယ်။ ဒီလိုမိသားစုမျိုး ပြန်ကောင်းလာဖို့ကတော့ မလွယ်ပါဘူး။ ကျွန်မမှာ နတ်မိတ်ဆွေ အချင်းချင်းတွေ့ရင်တောင်မှ ခေါ်မယ့်လူမရှိဘူး'

'စိတ်ဓာတ်သိပ်မကျပါနဲ့ ကျွန်မတို့ ကူညီပါ့မယ် ကျွန်မတို့နှစ်ယောက် က ဒီပညောင်ပင်စောင့် အသူရကာယ်တွေပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဒီညှောင်ပင်စောင့်ဆို ဘယ်က အသူရကာယ်ရမှာလဲ! အသူရကာယ်ဆိုတာ အပါယ်လေးပါးထဲမှာပါတဲ့ဟာ ဘယ်သူကပြောလဲ! ဒီညှောင်ပင်က ပညှောင်ပင်၊ ဒီညှောင်ပင်ကို ရက္ခစိုးက စောင့်ရှောက်တယ်၊ မင်းတို့က ဒီညှောင်ပင်ရဲ့ စောင့်ရှောက်သူတွေ နတ်ငယ်တွေပဲ အသူရကာယ်ဆိုတာ မဟုတ်ပါဘူး'

ဖယ်က ကျွန်တော့်ကို ဒေါသနဲ့လှည့်ကြည့်ပါတယ်။ ပြီတ္တာလို့ သူ့ကို ကျွန်တော်က ပြောထားတာကိုး။

'ငါ့ကိုလည်း ကိုရွှေသာကြီးက ပြောတာဟ'

'ကဲ… ဟုတ်ပြီ ဒီနေ့ကစပြီး တစ်စတစ်စ အကုသိုလ်နည်းပြီး ကုသိုလ်တရား အားကောင်းလာအောင် ကျွန်မတို့ကူညီပါ့မယ်၊ ကဲ ဒီနေ့ကစမယ် ကျွန်မ ရှင်နဲ့အတူ သူ့နှလုံးကို ခဏဝင်စီးမယ်၊ နတ်ငယ် နင်က ငါတို့နောက်ကို လိုက်ခဲ့ရမယ်၊ အခုလောလောဆယ်တော့ ဟောဒီ မိန်းမကြီးထဖို့ ပြင်တဲ့အခါမှာ ညှောင်ရွက်စိမ်းစိမ်းကြီး တစ်ရွက်သာ ချွေချလိုက်ပေတော့ သွား'

'OK… '

ကျွန်တော် ညှောင်ပင်ပေါ်တက်ပြီး မုန့်ကြာစေ့သည်ကြီးရဲ့ ဇန်းရှိတဲ့ ညှောင်ပင်ကိုင်းပေါ်မှာ ထိုင်နေရတယ်။ မိန်းမကြီးက ဆေးပေါ့လိပ်ကို နှစ်ချက်ဆက်ဖွာရင်း ရှိုရှိုသေသေမီးသတ်ပြီးတော့ ဇန်းဒေါင့်ကိုကပ်တယ်။ ပြီးတော့ GAS မီးခြစ်ကို အုန်းသီးခြမ်းနဲ့ ဖိတယ်။ သူခေါင်းခုကို ယူပြီး ဇန်းကိုမမယ်အလုပ်မှာ သူ့ဇန်းပေါ်ကို လတ်လတ်ဆတ်ဆတ် ညှောင်ပင်ရွက်ကြီးတစ်ရွက် ကျွန်တော် ချွေချလိုက်ပါတယ်။

မိန်းမကြီးဟာ ကျွန်တော်ချွေချလိုက်တဲ့ ညှောင်ရွက်ကြီးကို ကိုင်ပြီး ပညှောင်ကြီးကို မော့ကြည့်ပြန်တယ်။ ပြီးတော့ ညှောင်ရွက်ကို ကြည့်တယ်။ ပညှောင်ပင်ကြီးကို ပြန်ကြည့်ပြန်တယ်။ ဒီလိုကြည့်ရင်းနဲ့ ပညှောင်ပင်ရဲ့ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူတဲ့ နတ်ကွန်းကလေးပေါ်မှာ ဖယောင်းတိုင်





တစ်ဝက်တစ်ပျက်နဲ့ မီးလင်းနေတာကို သွားတွေ့တယ်။

ဒီတော့ မိန်းမကြီးက အုန်းသီးခြမ်းနဲ့ ဖိထားတဲ့ မီးခြစ်ကို ယူပြီး ပညှောင်ပင်ကြီးကို မီးပူဇော်တယ်။ ပြီးတော့ လက်အုပ်ကလေးချီပြီး 'ရောင်းပန်းဝယ်ပန်းများ ပွင့်လန်းပါစေ ဘုရား' လို့ဆုတောင်းပြီး ဇန်းကို ရွက်ပြီးထွက်သွားတယ်။ ဒါနဲ့ ကျွန်တော်လည်း မိန်းမကြီးရဲ့ နောက်က နေလိုက်ရတော့တာပေါ့။

'မုန့်ကြာစေ့ သာကူချိုချို ပူပူလေး'

ခဏကြာတော့ ဒီဈေးသည် မိန်းမကြီးသွားနေတဲ့ လမ်းဟာ ကျွန်တော့် အိုင်ဇန်တို့ ပြောင်းလာကြတဲ့ လမ်းဘက်ကို ဦးတည်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း ဖယ်နားကပ်ပြီး စာရင်းရှင်းရတယ်။

'ဖယ် သူ့ဘာသာ သွားနေတာနော်'

'ဟုတ်တယ် ငါသိတယ် နင့်အလုပ်ကိုသာ နင်လုပ်'

♦



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌနဲ့ ရပ်ကွက်လူကြီး နှစ်ယောက် (ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးတို့ ဖြစ်သည်) က မီးသတ်ရဲဘော်ကလေးတွေ အိမ်ပေါ်ကိုပစ္စည်းတွေကို ဒေါ်ခင်မိုးမာ ညွှန်ကြားသည့်အတိုင်း နေရာချပေးနေသည်ကို တွေ့ရပြီး ကျွန်တော့် အိုင်ဗန်ကတော့ ခုနက style အတိုင်းပဲ သူ့အပေါ်ဝတ်တီရှပ် အင်္ကျီကို ခါးမှာစည်းပြီး ရေသန့်ဗူးကို ကိုင်ထားတယ်ခင်ဗျာ။

'ကျွန်တော်တို့ ရပ်ကွက်က ငြိမ်းငြိမ်းချမ်းချမ်းပါပဲ ပြဿနာရှိခဲ့ပါတယ်၊ အခုဒီအိမ်ကို ရောင်းသွားတဲ့လူဆိုရင်လည်း သူ့ယောကျ်ားက သံရုံးမှာလုပ်တာလေ အခု ဘယ်နိုင်ငံဆိုလားဗျာ အဲဒီမှာ တာဝန်ကျလို့ ရောင်းခဲ့ရတာ'

'သြော်... ဒါနဲ့ ကျွန်မတို့နှစ်ယောက် သန်းခေါင်စာရင်း မပြောင်းရသေးခင် ဧည့်စာရင်းနဲ့ပဲ နေကြရမှာပေါ့'

'ဟုတ်ပါတယ်'

'ရပ်ကွက်ရုံးခန်းက'

'ဒါ ဒီလိုလုပ်ပါလား! အခု ဒီလမ်းထိပ်က ညာဘက်အိမ်တစ်အိမ်ကို ကျော်လိုက်ရင် ဆယ်အိမ်မှူး ကိုထွန်းရဲ့အိမ်ပါ သူ ရုံးခန်းကိုလာရင် မယ့်မွန်နွေးကို ဝင်ခေါ်ပါလိမ့်မယ်'





'အိုး... ဝင်မခေါ်ပါနဲ့ အားနာစရာကြီး ကျွန်မပဲ လာပါ့မယ်'

ရှေ့ကို သုံးမိနစ်လောက် လျှောက်လိုက်ရင်... အိုင်ဗန်တို့လမ်းပဲလို့ ကျွန်တော် စဉ်းစားနေတုန်း ဖယ်ရောက်လာတယ်။

'နတ်ငယ် နင် ခုနက အိမ်ပြောင်းလာတဲ့ထဲက အကြီးမိန်းမရဲ့ ကိုယ်စောင့်နတ်နဲ့ညှိပြီး အဲဒီအမျိုးသမီးက ပစ္စည်းသယ်ပေးတဲ့သူတွေကို မုန့်ကျွေးချင်အောင် သဒ္ဓါမြှင့်ပေး သွားမြန်မြန်'

မြန်ဆို တစ်စက္ကန့်အတွင်း ဟိုဟိုဒီဒီ လက်ညှိုးတွေထိုးနေတဲ့ ဒေါ်ခင်မိုးမာဆိုတဲ့ မိန်းမကြီးနားကို ရောက်သွားတယ်။

'နှစ်ယောက်ထိုင်ခုံကို အလျားဘက်မှာ ထားလိုက်လေ မောင်လေးရဲ့ အနံဘက်မှာက တစ်ယောက်ထိုင်ခုံတွေပဲထား။'

ဒေါ်ခင်မိုးမာက နဖူးမှာသီးနေတဲ့ ချွေးကိုတောင် မသုတ်နိုင်လောက်အောင် မောကြီးပန်းကြီးကို နေရာချထားနေတယ်၊ ကျွန်တော် သူ့အနားကိုကပ်တော့ သူ့ ကိုယ်စောင့်နတ်မကလေးက ထွက်လာတယ်။

'ဘာကိစ္စလဲ'

'ကျွန်တော်က ဒီရွာလယ်လမ်းက ပညောင်ပင်စောင့်ဘိုးဘိုး ရက္ခစိုးသုမနရဲ့ တပည့်ပါ'

'လာမိတ်ဆက်တာလား'

'မိတ်ဆက်တာလည်းပါ,ပါတယ် ပြီးတော့ သဒ္ဓါတရားအတွက် ခင်ဗျားစောင့်ရတဲ့ သူကို နှိုးဆော်ချင်လို့ပါ'

'ဘာလဲ ကျွန်မရဲ့ လူကို လှူခိုင်းမလို့လား'

စကားဆုံးတော့ ကိုယ်စောင့်နတ်က လှောင်ပြုံးပြုံးပြရင်း အမေးခံလိုက်ရတာပါ။

'ဟုတ်ပါတယ် ခဏနေရင် မုန့်ကြာစေ့သည် လာလိမ့်မယ်၊ အဲဒါဒီက ပစ္စည်းတွေ အိမ်ထဲသွင်းပေး ထမ်းပေး ပို့ပေးတဲ့ သူတွေကို သဒ္ဓါတရားကလေးနဲ့ ဝယ်ကျွေးဖို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆိုရင်တော့ sorry ပဲလို့ ပြောပါရစေ ကျွန်မလူက ကျန်တာ အကုန်ကောင်းတယ်၊ သူ့ဆီက ငွေထွက်ဖို့၊ လျှုဖို့တန်ဖိုးတော့ ဘယ်တော့မှ စိတ်ကူးလေ့မရှိဘူး၊ ဘယ်ဘဝကပါလာတဲ့ ကံကြွေးလဲမသိပါဘူး၊ ကျွန်မမှာ အနည်းဆုံး ကုသိုလ်က ဒါနကုသိုလ်ဖြစ်နေတယ်'

'ကျွန်တော် သူ့နှလုံးအိမ်ထဲ ခဏဝင်ပြီး ကြိုးစားချင်ပါတယ် ခွင့်ပြုပါ'

'ခွင့်ပြုပါတယ်ရှင့် ခွင့်ပြုပါတယ်'

ကိုယ်စောင့်နတ်မကလေး ခွင့်ပြုသည်နှင့် ကျွန်တော် ဒေါ်ခင်မိုးမာရဲ့ နှလုံးသားထဲကိုဝင်ပြီး သဒ္ဓါတရားရဲ့ နူးညံ့သိမ်မွေ့မှုကို ပေးပါတယ်။ အဲဒီအချိန်မှာ မုန့်ကြာစေ့ အော်သံက မကြားရသေးပါဘူး။

ဒေါ်ခင်မိုးမာဟာ တစ်စစီဖြုတ်ထားပေမယ့် အင်မတန်လေးလံတဲ့ နှစ်ယောက်အိပ် ခုတင်ကြီးကို မလာကြတဲ့ မီးသတ်ရဲဘော်ကလေးတွေကို ကြည့်ရင်း သွေးမတော်သားမစပ်ပဲ ကိုယ့်ရပ်ကွပ်ထဲကို ပြောင်းလာတဲ့သူကို ဒီလိုဝိုင်းကူညီတာမို့ အားနာစိတ်ကလေး တစ်ဝက်ပေါ်လာတယ်။

ကူညီကြတဲ့သူတွေကို တစ်ခုခုကျွေးရင် ကောင်းမလား၊ အို... ကိုယ်က အခုမှ ရောက်တာဘယ်သူက ဘာမှန်းမသိပဲနဲ့ စောစောစီးစီး လက်ဖွာပြလိုက်ရင် တော်ကြာ ဘာဖိုးညာဖိုးနဲ့ ရေရှည်ဖြစ်ကုန်လိမ့်မယ်၊ မသိချင်ယောင် ဆောင်ထားတာပဲ ကောင်းပါတယ်။

အင်း ဒါပေမယ့် သူတို့ကျေးဇူးကတော့ ဘာပဲဖြစ်ဖြစ် ငါ့အပေါ်တင် သွားပြီ။ ငါတို့ သန်းခေါင်စာရင်းပြောင်းတာတို့ ဧည့်စာရင်းကိစ္စတွေ ကျန်သေးတယ် ကျေးဇူးလည်းရှိထားပြီ ရုံးသွားတော့မှ လုပ်ပေးပြီး စေတနာ ရှိသလောက် အလှူငွေထည့်ပေးပါဆိုရင် ရလွတ်ပလွတ်ဖြစ်သွားမယ်။ အခု နေ အအေးလေး တစ်ယောက်တစ်ပုလင်း တိုက်လိုက်ပြီး သူတို့ကျေးဇူးကို ချေရင်ကောင်းမလား။

အို... ထားလိုက်ပါတော့ သူတို့က အပရိကပါ ဥက္ကဋ္ဌနဲ့ လမ်းမှူးကို အိမ်တက်လုပ်တော့ ဖိတ်လိုက်ရင် ပြီးတာပဲ။





ကျွန်တော် သဒ္ဓါတရားအတွက် စွဲဆောင်မှုက သူ့ဗီဇပါ အင်အားကို မကျော်နိုင်ပါ။ ဒါနဲ့ ကျွန်တော် သူ့ကိုယ်စောင့်နတ်ကလေးနဲ့ ပြန်ညှိကြ ရပြန်တယ်။

'ကျွန်မ မပြောဘူးလား သူက ငွေကုန်ဖို့ဆို သိပ်နှမြောတာ ရှင့်မူလ ရည်ရွယ်ချက်က ဘာလဲ။'

ကျွန်တော်လည်း မုန့်ကြာစေ့သည်ကြီး အကြောင်းကို တိုတိုနဲ့လိုရင်း ပြောပြလိုက်တော့ သူနားလည်တယ်။

'အင်း မုန့်ကြာစေ့နဲ့ သာကူကုန်ဖို့အဓိက ဆိုရင်တော့ ရှင် ဟိုမှာလူကြီး တွေနဲ့ စကားပြောနေတဲ့ မယုမွန်နွေးဆီကိုသာ ပြေးတော့ သူက လိပ်ပြာလှ တယ်၊ သနားတတ်တယ်၊ ပြီးတော့ ရက်ရောတယ် သွားမြန်မြန်'

ကျွန်တော်လှစ်ခနဲ ထွက်လာခဲ့တယ်။ အိုင်ဗန်နာမည်က ယုမွန်နွေးတဲ့၊ ကျွန်တော်အခု သွားတာက နွေး ဆီကိုတော့ မဟုတ်သေးပါဘူး ဟုတ်တယ် ဗျာ ကျွန်တော် သူ့ကို နွေးလို့ပဲ ခေါ်တော့မယ်။ ကျွန်တော်အခုသွားတာက ဖယ်ဆီကိုပါ။ ဖယ်ကို တွေ့တော့အကုန် ပြောပြရတယ်။

'ဒါဆိုရင် သူ့တူမဆီပဲ နင်သွားပေါ့၊ အေး ဟုတ်မဟုတ်ကိုတော့ ငါပြီးတော့မှ မေးမယ်။ ငါလမ်းမှာတွေ့တဲ့ လူကို ဝယ်သောက်ခိုင်းပြီး အချိန်ဆွဲပေးထားမယ်'

ကျွန်တော် ဖယ်ဘေးကနေ နွေးရဲ့ နားကိုကပ်တော့ နွေးရဲ့ ကိုယ်စောင့် နတ်က ကျွန်တော့်ကို ပြဿနာရှာတယ်။

'ဘာကိစ္စနဲ့လာတာလဲ'

ကျွန်တော့်ကိစ္စကို အကျဉ်းခြုံးပြီး ပြေလည်အောင်ပြောပြရတယ်။

'ကျွန်မရဲ့လူက သနားတတ်တယ်၊ သဒ္ဓါတရားကောင်းတယ် ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ရှင့်ဟာက ဒီနေ့မှရောက်တယ် ဒီနေ့ပဲ လာဝင် လုံးတယ်ဆိုတော့ ဘယ်ကောင်းပါ့မလဲ'

'အဲဒီလို မဟုတ်ပါဘူးဗျာ ဒီကိစ္စ အကောင်အထည်ပေါ်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကမှ ကူသိလ်ရဦးမယ်၊ ကျွန်တော်တို့က ဘာမှရမှာ မဟုတ်ပါဘူး။ ဒီတော့ ကူညီပေးပါ'

တစ်စစီဖြုတ်ထားသော သူ့ခုတင်ကို သယ်နေကြသည့် ကူညီသူတွေကို ကြည့်ပြီး နွေး ကျေးဇူးတင်နေမိတာကလွဲလို့ ဘာမှ လုပ်မပေးနိုင်။

သူတို့သာမကူညီလျှင် တူဝရီးနှစ်ယောက် ဒုက္ခတော်တော်များမည်ဆိုတာ သေချာတာပေါ့၊ ခုနစ်ထပ်ရှစ်ထပ် တိုက်ခန်းလိုမျိုးဆိုရင် သေပြီ။ ဟိုဘက်ခန်း ဒီဘက်ခန်းတောင်မှ ကူညီမဲ့သူမရှိဘူး။ ဒါကြောင့်မို့ အပြိုင်အဆိုင် ဈေးလျှော့နေကြသော တိုက်ခန်းတွေကို ရှောင်ပြီး မြေကြီးပါတဲ့အိမ်၊ အိမ်နီးနားချင်းရှိသော အိမ်ကိုပဲ ဒေါ်နှင့်သူ အတိုက်အခံရန်ဖြစ်ပြီးမှ အဆင်ပြေခဲ့တာ မဟုတ်လား။ ခုတော့ ထိုအကျိုးကို လက်တွေ့ ခံစားနေရပြီ။

ဒါပေမယ့် သူတို့ပစ္စည်းတွေကို ကူသယ်ပေးနေတဲ့ သူတွေကို ဘယ်လိုကျေးဇူးဆပ်ရမလဲ ဟုစဉ်းစားရင်း အထုတ်ပုံထဲက သေတ္တာကိုမရုန့် ကြိုးစားနေသော ကောင်လေးတစ်ယောက်ကိုတွေ့တော့ နွေး ချက်ချင်းအော်ရတော့တာပေါ့။

'မောင်လေး..... မောင်လေး အဲဒီသေတ္တာကို မ,မနဲ့၊ အဲဒါ မမရဲ့ ထဘီသေတ္တာကြီး မ,မနဲ့'

သို့သော် ကောင်လေးကပြုံးပြုံးရွှင်ရွှင်ပင် 'ရတယ်အစ်မ ကျွန်တော်တို့မှာ ထဘီဆိုတာ ယုတ်ညံ့တယ်ဆိုတဲ့ မဟာယန အယူမရှိပါဘူး၊ ထဘီဟာ ကြောက်စရာလည်း မကောင်းဘူး၊ ရွံစရာလည်း မဟုတ်ဘူး၊ ရုပ်ဝတ္ထုပစ္စည်းတစ်ခုလို့ပဲ သဘောထားတဲ့ ထေရဝါဒကိုပဲ ယုံတာပါ'

'ဒါပေမယ့်'

'ကျွန်တော့် စိတ်ထဲမှာဘယ်လိုမှ မနေဘူး အစ်မ'

ကောင်လေးက ထဘီသေတ္တာကို ဆွဲခနဲကောက်မသွားတာကို တအံ့တဩ ကြည့်နေတုန်း' ဟောဒီက မုန့်ကြာစေ့ သာကူ ချိုချိုပူပူလေး'ဆိုသောအသံကို နွေးကြားရတော့မှ ဘာလုပ်ရမယ်ဆိုတာကို ယတိပြတ်ကို စဉ်းစားပစ်လိုက်တယ်။





'မုန့်ကြာစေ့သည် လာပါဦး'

ယုမွန်နွေးက မုန့်ကြာစေ့နဲ့ သာကူကို အကုန်ယူလိုက်ပြီး မိန်းမကြီးတောင်းတဲ့ ခုနစ်ထောင့်ငါးရာကို ဈေးမဆစ်တဲ့အပြင် ပြန်အမ်းစရာ ငါးရာမရှိလို့ ရှစ်ထောင်လုံးပေး လိုက်တယ်။

အမှန်က ဒီမုန့်တွေကို တစ်နေကုန်ရောင်းမှ ရတဲ့ငွေက ငါးထောင်ကျော်ကျော်ပါ။ ဒါကိုသူက နှစ်ထောင်ပိုတင်ပြီး တောင်းတာကိုတောင် စိတ်မဆိုးပဲ ငါးရာပါ အဆစ်ပေးလိုက်သေးတယ်။ သူတို့ကျတော့လည်း ငွေက ပေါလိုက်တာ။

ငါလည်း ဒီနေ့ညောင်ပင်မှာ ဖယောင်းတိုင် ထွန်းပေးရင်း တောင်းတဲ့ဆုပြည့်တာပဲ။ အင်း ငါတစ်နာရီခွဲမှာ ကုန်တယ်ဆိုတော့ စောစောဝိုင်းထိုင်ပြီး အိမ်ကိုခါတိုင်းအချိန်နဲ့ပဲ ပြန်မယ်။ အော်.....ဒီညောင်ရွက်ကလေးကိုတော့ သိမ်းထားမှ ဒီညောင်ရွက်ကလေးရတာ ကံကောင်းတယ် နောက်နေ့ကျရင် ဖယောင်းတိုင်နဲ့ အမွှေးတိုင် ညောင်ပင်စောင့် ရက္ခစိုးကို ငါ့ကိုယ်ပိုင်ငွေနဲ့လှူရမယ်။

ကျွန်တော်ကတော့ ခြံဝန်းထဲမှာ လှေကားထစ်မှာ သစ်ပင်အောက်မှာ အသီးသီး စားသောက်နေကြတဲ့ ကူညီသူတွေကို ကြည့်ပြီး ဝမ်းသာနေတယ်။ ဇယ်က ဒေါ်ခင်မိုးမာကြီးရဲ့ ကိုယ်စောင့်နတ်မယ်ကလေးနဲ့ စကားတွေပြောလို့။

ကျွန်တော်ကတော့ ကျွန်တော်နဲ့ ဇယ်တို့ရဲ့ အကူအညီ အစီအစဉ်ကလေး အထမြောက်သွားတာကို တွေးကြည့်ရင်း ကျေနပ်နေမိတယ်။

'စောစောကုန်ရင် စောစောဝိုင်းသွားထိုင်မယ်တဲ့ လုပ်ကြပါဦး ရထားတာလေးပြောင်တော့မှာပဲ'

'အဲဒါတော့ ဇယ်ကိုပြောဗျ၊ သူ့မှာ အစီအစဉ်ရှိတယ်တဲ့'

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ဘဝကြည့် Computer ခန်းထဲတွင် ရှိသမျှ နတ်များအားလုံး တိတ်ဆိတ်စွာဖြင့် လေထဲရှိ တီဗီဟု နားလည်၍ရသော စက်ကိရိယာကို တို့လိုက်နှိပ်လိုက် လုပ်နေသော နတ်မယ်ကလေး နော်သာမိရဲ့ လက်ချောင်းကလေးကို ငေးနေကြတယ်။ ကျွန်တော်နှင့် ဇယ်တို့လည်း အတူပေါ့။ ရွာတော်ရှင် ဘိုးဘိုး ဇေယျစက္ကကိုယ်တိုင်လည်း စိတ်ဝင်စားနေတဲ့ပုံအပြင် တုန်လှုပ်စိုးရိမ်နေတယ်လို့လည်း ပြောလို့ရပါတယ်။

Computer ကို ကိုင်နေတဲ့ နတ်မယ်လေး နော်သာမိက တစ်ချက်မဲ့တယ်။ ပြီးတော့ သူ့ခလုတ်တွေပေါ်ကို လှပသေးသွယ်တဲ့ ကြည့်လို့ကောင်းတဲ့ လက်ချောင်းကလေးတွေက ပြေးလွှားသွားပြန်တယ်။ သူ့လက်ချောင်းကလေးတွေ တစ်ချက်နှိပ်ရင် လေထဲက စက်ခရင်မှာ အရုပ်တွေပြောင်း အရောင်တွေပြောင်း ကိန်းဂဏန်းတွေ ပေါ်လာလိုက်လာနဲ့ ဘာတွေမှန်း မသိပေမယ့် နော်သာမိရဲ့ မျက်နှာထားကြောင့် အရေးကြီးနေတယ် ဆိုတာကိုတော့ ကျွန်တော် ခန့်မှန်းရပါတယ်။





နော်သာမိက ခေါင်းကိုတစ်ချက်ရမ်းရင်း မျက်နှာက တည်ကြည်လေးနက်စွာနဲ့ ရွာတော်ရှင်ဘိုးဘိုးကို လျှောက်ပါတယ်။

'မှန်ပါ့ဘုရား ဘိုးဘိုးရဲ့ ဆွေမျိုးတော်တော်များများက အပါယ်လေးဘုံဖြစ်တဲ့ ငရဲမှာကျနေပါတယ်။ ပြိတ္တာတွေလည်း ဖြစ်နေပါတယ်၊ အသူရကာယ်တွေလည်း ရှိပါတယ်။ တစ်ချို့ကလည်း နတ်ပြည်မှာဆိုတော့ အလှူအတန်းက မရှိပါဘုရား၊ လူ့လောကမှာ နှစ်ဆယ့်သုံးယောက်ပဲ ရှိတဲ့အနက်က အယောက်နှစ်ဆယ်က ဘာသာခြားမှာပါ၊ ကျန်တဲ့နှစ်ယောက်က နပုန်းပဏ္ဍုက် (အခြောက် (သို့) မိန်းမလျှာ) ဖြစ်နေပါတယ်၊ တစ်ယောက်သောသူပဲ လူ့ဘဝမှာ ပြည့်ပြည့်စုံစုံနဲ့ လူအဖြစ်ရှိနေပါတယ် ဘုရား'

နတ်မယ်နော်သာမိ၏ နောက်ဆုံးစကားကို ကြားရတော့မှ ဘိုးဘိုးဇေယျစက္ကရဲ့ မျက်နှာဟာ ဝင်းပသွားပါတယ်။ အားလုံးရဲ့မျက်လုံးတွေကလည်း နတ်မယ်ကလေး နော်သာမိ မျက်နှာပေါ်မှာပဲ။

'ရှားရှားပါးပါး ကျန်ခဲ့တဲ့တစ်ယောက်ကို တပည့်တော်ရှာနေဆဲပါ ဘိုးဘိုး'

'အေး... သတိနဲ့ စစ်စစ်စီစီသာ လုပ်ပါကွယ်'

ရွာတော်ရှင်ဘိုးဘိုးသည် စိတ်လှုပ်ရှားမှုကို ထိန်းလျက် နော်သာမိကို ပြောနေစဉ်မှာပဲ လေထဲက တီဗီ စက်ခရင်ဟာ အပြာနုရောင်ကနေ အဝါရောင် ပြီးတော့ အစိမ်းမှ နောက်ဆုံး ရွှေဝါရောင်ကို ပြောင်းပြီး တည်ငြိမ်သွားပါတယ်။

'ဘိုးဘိုးတို့များ သိပ်ကံကောင်းတာပဲ သူက မိန်းကလေး အပျိုကြီး'

နော်သာမိက တီဗီစက်ခရင်ပေါ်မှာ ပေါ်လာတဲ့ စာတစ်မျိုးကို ဖတ်ပြပါတယ်။ (ထိုစာကို နော်သာမိမှ လွဲ၍ ဘယ်သူမှ မဖတ်တတ်ပါ)။

'အပျိုကြီးပြီးတော့ သူက ဘိုးဘိုးတို့ပိုင်နက်ထဲက သွပ်ဝိုင်းကြီးရပ်ကွက် မေတ္တာ(၁)လမ်းမှာ နေတယ်၊ ကဲ ဘိုးဘိုးတို့များ ဘယ်လောက်ကံကောင်းသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ နတ်မယ် ပေတဒါနအတွက် ဘယ်လိုများဆက်လုပ်ရပါ့မလဲ ဆိုတာလည်း ပြောစမ်းပါဦး'

ရှာတော်ရှင် ဘိုးဘိုးစကားဆုံးတော့ နတ်မယ်နော်သာမိက သူ့ခလုတ်တွေကို နှိပ်ပြန်ပါတယ်။ စက်ခရင်ပေါ်က ဖြတ်ပြေးနေတဲ့ အရုပ်တွေ ပေါ်လိုက်ပျောက်လိုက်ဖြစ်နေတဲ့ အရာတွေ၊ အထက်သို့ ဒလစပ်တက်နေတဲ့ ကိန်းဂဏန်းတွေ အားလုံးဖျပ်ခနဲ ရပ်သွားပြီး စာပိုဒ်တစ်ပိုဒ်နဲ့ ကိန်းဂဏန်း အချို့ကျန်ခဲ့တော့မှ နတ်မယ်က အားရကျေနပ်စွာ ရှာတော်ရှင် ဘိုးဘိုးကို လက်အုပ်ချီရင်း

'သူ့ကို ပေတဒါနပြုနိုင်အောင် အကောင်းဆုံးအကူအညီ ပေးနိုင်တဲ့ နတ်တစ်ပါးရှိနေပါတယ် ဘိုးဘိုး'

'အေး... ရှိရင်လျှောက်ဟဲ့ နတ်မယ်ရဲ့'

နတ်မယ်နော်သာမိက အားလုံးကို ပြုံးကြည့်လိုက်ရင်း-

'ဘိုးဘိုးရဲ့ တစ်ဦးတည်းသော ဆွေမျိုးဖြစ်တဲ့ ဒေါ်ခင်မိုးမာဆိုတဲ့ အပျိုကြီးဟာ တော်တော်ကပ်စေးနည်းပါတယ်၊ သူ့ဘဝမှာ ရှားရှားပါးပါး တစ်ကြိမ်ပဲ လှူခဲ့ဖူးတယ်။ ဒါတောင် သူငယ်ချင်းရဲ့ သားဖြစ်သူ ရဟန်းပြုလို့ သိမ်ဆင်းလောင်းတုန်းကပါ၊ သူ့ကို လှူချင်တန်းချင်စိတ် ပေါက်အောင်လုပ်ပေးနိုင်တဲ့နတ်ကတော့ ရှာလည်ရက္ခစိုးဘိုးဘိုး သုမနရဲ့ နတ်ငယ် အရွှေဖြစ်ပါတယ် ဘိုးဘိုး'

အားလုံးက အရွှေကို ဝိုင်းပြီးကြည့်ကြတယ်။ ဖယ်ကပျော်နေပုံရှိပြီး ကျွန်တော့်ကိုယ် ကျွန်တော်ကတော့ အံ့သြနေမိတယ်၊ ဟုတ်တယ်လေ ရှာတော်ရှင်ဘိုးဘိုးကို ကျွန်တော်လိုနတ်ငယ် တစ်ကောင်က ဘာကူညီနိုင်မှာလဲ။

ရှာတော်ရှင် ဘိုးဘိုးကလည်း နတ်သက်ငယ်လွန်းတဲ့ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ရင်း-

'ဟော့ နောက်မရှိတော့ဘူးလား နတ်မိယ်'

'ဘိုးဘိုး ဘုရားတပည့်တော်တို့က အကျိုးဆက် အကြောင်းဆက်ကို ရှာရပါတယ် ဘုရား၊ အခု နတ်ငယ်အရွှေဟာ ဒေါ်ခင်မိုးမာနဲ့ ဘဝတစ်ရာကျော် သားအဖြစ်နဲ့ လူ့ဘဝမှာ နေခဲ့ရဘူးတဲ့အတွက် အရွှေနဲ့ ဒေါ်ခင်မိုးမာဟာ ပဋ္ဌာန်းဆက်ရှိတဲ့အတွက် အကျိုးဆောင်ရာမှာ စိတ်ညွှတ်မှု ပိုပါတယ်ဘုရား။ ဒါဟာအရေးကြီးဆုံး အချက်ပါ'

ရှာတော်ရှင် ဘိုးဘိုးက ငြိမ်နေတယ်။ ကျွန်တော်ကတော့ ပျော်နေတာပေါ့ဗျာ။ ကျွန်တော့်အိုင်ဖန်ဆီကို သွားရမယ့်ဥစ္စာ။

'ကိုင်း အားလုံးအမိန့်ချမယ်၊ ကျွန်နတ်များ မိမိတို့ ဆောင်ရွက်ဖွယ်ရာ ရှိတာတွေကို ဆက်ဆောင်ရွက်မယ်၊ ပြီးတော့ ပြီးတော့ သုမနနဲ့ နတ်ငယ်ငါ့ ဘုံနန်းကို ညနေလာရမယ်၊ ကဲ... ပြန်ကြွမယ်'

ရှာတော်ရှင် ဘိုးဘိုးကို အားလုံးက ရှိခိုးလိုက်ကြပါတယ်။

◆







www.burmeseclassic.com

www.burmeseclassic.com



'မိန္ဒေး နင် ဒီနားမှာ ခဏစောင့်နေ သူလုပ်တာကို ကြည့်နေ‌ပြော် မကြိုက်တာတွေ့ရင် ချက်ချင်းပြော၊ သူတို့က ကြည့်နိုင်ပြောနိုင်မှ တော်ရုံကျတာ ဒေါ် ခြံရှင်းတဲ့ ဘက်သွားလိုက်ဦးမယ်'

ဒေါ်ခင်မိုးမာ စိတ်ထဲမှာက ဒီလိုနေ့စားပုတ်ပြတ် အလုပ်သမားများသည် ရေသာခိုတတ်ကြသည်ဆိုတဲ့ သီအိုရီကို ခေါင်းထဲစွဲထားပြီ အနားမှာလူရှိနေမှ မခိုမကပ် လုပ်လိမ့်မည် လို့လည်း ခံယူထားပါတယ်။

ခြံရှင်းတဲ့အဖွဲ့တွေက ခြံတစ်ခြံလုံးအပြီးရှင်း တစ်သောင်းခွဲတောင်းတာကို များတယ်ဆိုပြီး နေ့စားအလုပ်သမားငါးယောက်ကို တစ်ယောက်ထောင့်နှစ်ရာနဲ့ ငှားပြီး အပြီးရှင်းနေတာပါ။ ဒီနေ့တစ်နေ့တည်းနဲ့ ခြံပြီးသွားရင် သူ့ ကိုးထောင် သက်သာသည်။ ကိုးထောင်သက်သာလည်း နည်းသလား ဆိုသည်မှာ ဒေါ်ခင်မိုးမာ၏ လက်သုံးစကား ဒေါ်ခင်မိုးမာရဲ့ လက်တွေ့ကျင့်သုံးပေါ်လစီက 'ဝယ်လျှင်ဆစ်မည် ရောင်းလျှင်တောင်းမည်' ဆိုတဲ့ ပေါ်လစီ။

နွေးကတော့ အိမ်ရှေ့မျက်နှာစာ အုတ်တက်ထားသောနေရာကို ငှက်ပျော နှစိမ်းကလေး သုတ်နေသောကုလားလေး ဆေးခွဲချပုံ ဆေးယူပုံ အုတ်နံရံပေါ်





မှာ သေသေချာချာ သုတ်ပုံတွေကို ငေးနေရင်း၊ ဘယ်အလုပ်မဆို ကျွမ်းကျင်ရာ လိမ္မာဆိုတာ ဟုတ်ပါလားဟု တွေးမိတယ်။

ဒေါ်ခင်မိုးမာက မနက်ကတည်းက ခြံရှင်းတဲ့ အုပ်စုကို သိပ်မကျေနပ်ပါ လူတစ်ယောက်ကို ထောင့်နှစ်ရာနှင့် ပြောထားပြီးတော့မှ ဒီနေ့လာရှင်းတော့ ဆယ့်သုံးနှစ်လောက်သာသာရှိတဲ့ ကလေးတစ်ယောက်ပါလာတော့ လုပ်အားက သာမန်အလုပ်သမားကြီးလောက် ဘယ်ရှိပါ့မလဲ။ ဒါတမင်သက်သက် သူ့ကိုကြောတာပဲလို့ ဒေါသထွက်ရပါတယ်။

'မင်းတို့ကို ငါပြောတဲ့ တစ်ယောက် ထောင့်နှစ်ရာဆိုတာ မင်းတို့အရွယ်ကိုပြောတာ အခု ကလေးတစ်ယောက်ပါလာတော့ ဘယ်အလုပ်တွင်တော့မှာလည်းကွ ဒီကလေးကို တစ်ထောင်ပဲပေးမယ်'

'အဲဒီလိုတော့ ဘယ်ရမလဲ အန်တီ လူခေါ်ရတာလွယ်တာ မဟုတ်ဘူး။ အခုထောင့်နှစ်ရာနဲ့ဟာက ကျွန်တော်တို့ အလုပ်ပါးလွန်းလွန်းလို့ လုပ်တာ၊ အမှန်ဆို ကျွန်တော်တို့က တစ်နေ့ထောင့်နှစ်ရာစားတွေ မဟုတ်ဘူး။ အနည်းဆုံး နှစ်ထောင်ရှိတယ်။'

'နှစ်ထောင် နင်တို့လုပ်နေပုံမျိုးနဲ့ ရပါလိမ့်မယ် အားကြီးကြီး အမလေး အံ့ပါ့ နှစ်ထောင်တဲ့'

ဒေါ်ခင်မိုးမာ ခြံဝမှာ ငုတ်တုတ်ထိုင်ရင်း ခြံရှင်းသမားတွေနဲ့ ရန်ဖြစ်ပါတယ်။ သူ့အတွက်တော့ ဒီနေရာဟာ နေလို့ကောင်းတယ် တိတ်ဆိတ်တယ်ဆိုတာအပြင် တစ်ခုမှမကောင်းလို့ တွေးနေမိတယ်။

မနက်က မုန့်ဟင်းခါးဆိုင်ကလေးမှာ မုန့်ဟင်းခါး သွားဝယ်တော့ သူက ကြက်သွန်ဥကို တောင်းတယ်။ ကြက်သွန်ဥကို သူတို့က ဟင်းရည်ထဲမှာ ထည့်တာမဟုတ်ဘဲ သပ်သပ် အိုးကလေးတစ်လုံးနဲ့ ထည့်ထားတာပါ။ သူက ကြက်သွန်ဥတောင်းတော့ ရောင်းတဲ့ကောင်မလေးက အကြော်နဲ့ဝယ်တဲ့သူကျမှ ကြက်သွန်ဥထည့်ပေးတာတဲ့။ ကဲ ဘယ်လောက် စိတ်တိုစရာကောင်းသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ခြံရှင်းသမားတွေက သူ့ကို ပညာပြပြီး ငါးရာခြောက်ရာ လောက်ပဲပေးရမယ့် ချာတိတ်တစ်ယောက်ကို ခေါ်လာတယ်။ ကလေးဆို တော့ မြောင်းထဲက အမှိုက်တွေဆည်တာ ခြံစည်းရိုးမှာ ပေါက်နေတဲ့နွယ်ပင် တွေကို ဖယ်တာ ဒါလောက်ပဲ လုပ်နိုင်တော့တာပေါ့။ သူတို့လို မြေပေါက် တာတို့ ထမ်းသယ်တာတို့ ဘယ်လုပ်နိုင်ပါ့မလဲ။

'မင်းတို့ ဒီခြံကို ဒီနေ့အပြတ်ရှင်းနော် မပြီးရင် မင်းတို့ဆိုဈေး တစ်ဝက်ပဲ ရမယ် နောက်နေ့ဆက်လုပ် အားလုံးရှင်းမှ လုပ်ခအပြည့်ရမယ်'

'ဟား... အန်တီ ကျွန်တော်တို့ကို ငှားထားတာ တစ်နေ့ ထောင့်နှစ်ရာ လေ'

ဒေါ်ခင်မိုးမာက ခါးကိုထောက်လိုက်တယ်၊ သူ့ပုံစံက ဘယ်သူ့ကို မှ မကြောက်တဲ့ ပုံစံမျိုး။

'ဒီမှာ ငါ နင်တို့ကို စငှားတော့ တစ်သောင်းခွဲတောင်းတယ်၊ အားလုံးအပြီး ငါက ဆစ်ရင်းနဲ့ တစ်ယောက်ထောင့်နှစ်ရာနဲ့ ဈေးတည့်တာ ငါ့ခြံကို ပြီးအောင်ရှင်း၊ မရှင်းဘဲနဲ့တော့ ငါ့ဆီက တစ်ပြားမှ ရလိမ့်မယ်မထင် နဲ့ ဒါပဲ'

ဒေါ်ခင်မိုးမာက မာသလားမမေးနဲ့ ပြောပြီးတာနဲ့ ဒေါသတကြီးထွက် သွားတယ်။ ခြံရှင်းတဲ့လူတွေလည်း စိတ်ညစ်ပြီး မျက်နှာမသာမယာနဲ့ ကျန်ခဲ့ တယ်။ တစ်ယောက်က -

'အင်း ဒီမိန်းမကြီး ယောကျ်ားမရတာ အဲဒီလို ဆစ်ရင်းဆစ်ရင်းနဲ့ မတည့်လို့ ပျိုသွားတဲ့ ဈေးမတည့်အပျိုကြီးပဲ ဖြစ်ရမယ်'

ခြံရှင်းနေတဲ့ လူတွေအားလုံး ဝိုင်းရယ်လိုက်ကြတယ်။ ရယ်သံဆုံးတော့ တစ်ယောက်က စပြီး-

'မလုပ်နဲ့ဟေ့ကောင် ဟိုကကြားသွားရင် တစ်ထောင်တန်ထဲ မင်းပါ၊ ပါသွားဦးမယ်' ဆိုတော့ရယ်သံတွေ ထပ်ပြီးပွဲကျကုန်တာပေါ့။

♦





ရွာတော်ရှင်ဘိုးဘိုးရဲ့ နတ်ကွန်းကိုရောက်တော့ ဗိညာဉ်မှတ်ပုံတင်အခန်း တုန်းက ခမ်းနားလှပြီမှတ်တာတွေ အားလုံးကို မေ့ပစ်လိုက်လို့တောင်ရတယ်။ ခြေချတဲ့နေရာတိုင်းက တစ်စုံတစ်ရာနဲ့ မထိသလို (ဒါမှမဟုတ်) ဂွမ်းဥတိမ် စိုင်တွေကို နင်းနေရသလိုပါပဲ။

ဘယ်လိုရနံ့ပါလို့ ပြောပြလို့မရတဲ့ရနံ့က သိမ့်သိမ့်ကလေး သင်းနေပါ တယ်။ ကျွန်တော်တို့ နေရာယူအပြီးမှာ ဘိုးဘိုးရွာတော်ရှင်က ကြွပါတယ်။ ရွာတော်ရှင်ဘိုးဘိုးက တည်တည်ငြိမ်ငြိမ်ပါပဲ။

'သုမန...!'

'မိန့်ပါဘုရား'

'အေး...ငါ့ဘဝရဲ့ ကုသိုလ်ပြုမှုတွေရဲ့ကံအရ ငါဟာ အခုမြို့စောင့်နတ် အဖြစ်ကနေ ဗြဟ္မာတစ်ပါးဖြစ်ဖို့အတွက် သင့်ဆီမှာရှိတဲ့နတ်ငယ်က ကူညီ လိမ့်မယ်မဟုတ်လား!'

'မှန်ပါတယ် ဘုရား'

'ကိုင်း... အဲဒီတော့ အဲဒီနတ်ငယ် အဖွဲ့ ရှေ့တိုးစမ်း'



www.burmeseclassic.com

www.burmeseclassic.com



ရှာတော်ရှင်ဘိုးဘိုးခေါ်တာကို ကျွန်တော်ကြောင်ပြီး နေရာကမရွေ့ဘဲ ဖြစ်နေတယ်။ ဖယံက လက်တို့ပြီး ဘိုးဘိုးသုမနက လှည့်ကြည့်တော့မှ အသိဝင်ပြီး ရှေ့ကို ထွက်ရတယ်။

'ကိုင်း… ဒီနတ်ငယ်မှာ နတ်တို့ရဲ့တန်ခိုးဣဒ္ဓိပါဒ် ဘာတွေများရထား လဲ!'

တစ်ခန်းလုံးဟာ တိတ်သွားတယ်။ ကျွန်တော်လည်း ဘာပြောရမယ်မှန်း မသိဘူး။

'သူ့မှာ သာမန်ပညောင်ပင်စောင့် နတ်ငယ်ရဲ့ သာမန်တန်ခိုးကလေးတွေပဲ ရှိပါတယ် ရှာတော်ရှင်ဘိုးဘိုး'

ဘိုးဘိုးသုမနက ဝင်လျှောက်ပေးတော့မှပဲ ကျွန်တော် အသက်ဝင်ပါ တယ်။

'အင်း… တန်ခိုးနည်းတယ်ဆိုရင်တော့ မဖြစ်သေးဘူးပေါ့၊ သူ့ကို တန်ခိုး ဣဒ္ဓိပါဒ်ကို အခုပေးလိုက်ပြန်ရင်လည်း ငါက ဘက်လိုက်တယ်လို့ ကျန်တဲ့ နတ်ငယ်တွေက ဆိုကြလိမ့်မယ်၊ ဒီတော့ နတ်ငယ် အဈွ!'

'မှန်ပါ့ဘုရား'

'လွန်လေပြီးသော ဘဝ၊ ဘဝတွေက ဆွေမျိုးတော်စပ်ခဲ့သူတွေကို ပေးလှူဖို့ ပေတာဒါနပေးရမယ့် အိမ်ကိုသိပြီလား!'

'သိပြီးပါပြီဘုရား'

'ကိုင်း ဒါဆို အဲဒီအိမ်ကိုသွားပြီး သူတို့မိသားစုကိုကြည့်၊ သူတို့ အလှူအတန်းဖြစ်အောင် စွမ်းဆောင်ဖို့အတွက် လိုအပ်မယ့် တန်ခိုးဣဒ္ဓိပါဒ်ကို ပြန်လျှောက် ဟုတ်ပြီလား!'

'မှန်ပါ့ ဘိုးဘိုးဘုရား'

'မောင်မင်း နတ်ငယ်တစ်ယောက်တည်းနဲ့ ဒီကိစ္စပြီးမှာလား၊ အဖော် လိုသလား!'

'တပည့်တော် တစ်ပါးတည်းထက်စာရင်တော့ အကူရှိလျှင် ပိုအဆင်





ပြေနိုင်ပါတယ် ဘိုးဘိုး'

'နတ်ငယ်ခေါ်ချင်တဲ့ အဖော်ရှိသလား!'

'မှန်ပါ့ဘုရား၊ ညောင်ပင်ကုန်းနံဘေးမှာရှိတဲ့ မြယာပင်စောင့် နတ်ငယ် ဖယံနှင့် တပည့်တော်နဲ့ အတူနေ ကိုရွှေသာကြီးကို ခေါ်ချင်ပါတယ် ဘုရား'

'ဟဲ့… ကိုရွှေသာကြီးဆိုတာက!!'

ရှာတော်ရှင်ဘိုးဘိုးက တအံ့တသြရွတ်သည်။

'တပည့်တော်ရဲ့ တပည့်အရင်း ဇော်ဂျီနကို ခေါ်တာပါဘုရား'

'ကဲ… ဒီတော့ ငါကိုယ်တော်က ခွင့်ပြုတော်မူတယ်၊ အဲဒီအိမ်ကိုသွား ပြီး အလှူအတန်းအတွက် မင်းတို့ ဘာတန်ခိုးဣဒ္ဓိပါဒ်တွေ လိုတယ်ဆိုတာ မှတ်ခဲ့ကြပေါ့။ တင်းတင်းကြပ်ကြပ် သတိပေးလိုတာက အခုလာမယ့် ဝါဆိုလပြည့်နေ့မတိုင်မီ အဲဒီအိမ်က ပေတာဒါနပြုပြီး ငါကိုယ်တိုင် သာဓု ခေါ်နိုင်မှ ဒီကနေ အပြီးအပိုင်ချုပ်ငြိမ်းပြီး ဗြဟ္မာပြည်ကို ရောက် ရမှာဆိုတော့ မင်းတို့ကို အဲဒီနေ့မတိုင်ခင် အလှူဖြစ်စေချင်တယ်'

'စောရင်ကောဘုရား'

'စောတာကတော့ စောလေကောင်းလေပဲ၊ ဝါဆိုလပြည့်နေ့အထိမှ အဲဒီငါနဲ့အမျိုးတော်သူက ပေတာဒါနကို မပြုဘူးဆိုရင်… ငါဟာ ဗြဟ္မာ့ဘုံကို သွားဖို့မရှိတော့ဘူး၊ ဒီတော့ အချိန်ကို အလကားမဖြုန်းဘဲ စီစစ်ပြီး အသုံးချဖို့ ငါမိန့်ချင်တယ်'

'တင်ပါ့ဘုရား'

ကျွန်တော်နံဘေးမှာ ရောက်လာသော ဖယံနှင့် ကိုရွှေသာကြီးကပါ ဝင်ဖြေကြသည်။

'အဲဒီတော့ မင်းတို့ကို ပါဝါတိုးပေးတဲ့အခါ ဘေးနတ်တွေ မငြိုငြင် ရအောင် နေ့တိုင်း ဘိုးဘိုးသုမန တရားထိုင်တဲ့အခါ မင်းတို့၃-ပါး လိုက်ထိုင် ကြဖို့ပဲ၊ သုမန ကြားလား!'

'မှန်လှပါ ဘိုးဘိုးကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ကဲတရားဆိုတာ တော်တော်ဆန်းကြယ်တယ်၊ ငါက ပောဒီမြို့နယ်ရဲ မြို့နယ်စောင့် ဘိုးဘိုးကြီးပေမယ့်၊ ငါ့ရဲ့အကျိုးစီးပွား တိုးတက်ရာတိုးတက်ကြောင်းကို ငါကိုယ်တိုင် ဆောင်ရွက်လို့မရဘူး၊ သူ့အကျိုးအကြောင်း တိုက်ဆိုင်တဲ့သူကသာလျှင် စီစဉ်ပိုင်ခွင့်ရှိတယ်၊ ဒါ့ကြောင့် တန်ခိုးအာဏာဆိုတာ နေရာတိုင်းပြီးတယ်လို့ မထင်လိုက်ကြနဲ့ အားလုံးဟာ အနိစ္စဆိုတာ နားလည်ထားကြပါ'

'မှန်ပါ့ဘုရား'

'ဒီတော့ ထူးခြားတဲ့ကိစ္စ ပြဿနာရှိရင် ငါ့နန်းကို မင်းတို့သုံးယောက် အချိန်မရွေးလာနိုင်တယ် ဟုတ်လား၊ ပြီးတော့ ည ၁၂-နာရီမှာ ဘိုးဘိုးပုတီးစိပ်ပြီးအပြန်မှာ အဲဒီနေ့ရဲ့ဖြစ်စဉ်ကို အမြဲလာလျှောက်တင်ရမယ် အချ အဲဒီတာဝန်ကိုတော့ မင်းတစ်ပါးပဲ ယူရမယ်၊ ကျန်တဲ့မင်းအဖော်တွေပြောတဲ့ စကားကတရားမဝင်ဘူး သိလား၊ ကိုင်း... သွားစရာရှိတာသာ သွားကြကြကြပေတော့...'

ကျွန်တော်တို့လည်း ရှာလယ်က ပဒေါင်ပင်ကို ပြန်ရောက်တော့မှ ခဏနားရတယ်။ ကျွန်တော့်ရဲ့တာဝန်မှာ ပါဝင်ခွင့်ရလို့ ဖယ်ရော ကိုရွှေသာကြီးရော ဝမ်းသာနေကြတယ်။ ဖယ်က...

'နင်က မပြောတော့ သွားပါပြီဆိုပြီး မျှော်ကိုမမျှော်လင့်တော့တာ၊ တော်သေးတာပေါ့ ရှာတော်ရှင်ဘိုးဘိုးက သတိရပေလို့'

ထုံးစံအတိုင်း ကျွန်တော့်ကို နတ်မျက်စောင်းကလေး ထိုးပြန်တာပေါ့ ခင်ဗျ။ ကျွန်တော် ဘာမှမပြောဘဲ ပြုံးနေတုန်းမှာပဲ ကိုရွှေသာကြီးက 'ဟေ့ကောင် နတ်ငယ်၊ ငါတို့ ဗိမာန်က ဒီနေ့လင်းပြီး မွေးရနံ့ကလည်း တစ်မျိုးပါလား' လို့ပြောတယ်။

ကိုရွှေသာကြီးစကားကြောင့် အာရုံစိုက်လိုက်ကြတော့မှ ဟုတ်နေတာကို တွေ့ရတယ်။ ဖယ်က လက်ဖျောက်တစ်ချက်တီးပြီး...

'ဟဲ့ ... နတ်ငယ် ... မုန့်ကြာစေ့'





စကားဆုံးတာနဲ့ နတ်မယ်က ဗိမာန်အပြင်ကိုထွက်လိုက်တော့ ကျွန်တော်တို့ ပဒေါင်ပင်ရဲ့ နတ်ကွန်းမှာ ဖယောင်းတိုင်နဲ့ အမွှေးတိုင်ပူဇော်ပြီး ရှိခိုးနေတဲ့ မုန့်ကြာစေ့သည်ကြီးကို တွေ့ရပါတယ်။ ရှိခိုးတာမှ တကယ့်ရှိရှိသေသေ။ တောင်းတဲ့ဆုကတော့ ဒီနေ့မြန်မြန်ကုန်ပါစေ...၊ ဖဲနိုင်ပါစေ... စသည်ဖြင့်ပါ။

'ငါတို့ ဒီနေ့ နင့်အိုင်ဗန်ဆီကိုပဲ ခေါ်သွားရမလား'

'မလုပ်ပါနဲ့ဟာ နေ့တိုင်းဆိုရင် မသင်္ကာတွေ ဖြစ်ကုန်လိမ့်မယ်၊ နောက်ပြီးတော့ နင့်ကို ငါမှာထားရဦးမယ် ဖယ်၊ သူ့ကို အိုင်ဗန်လို့မခေါ်ပါနဲ့၊ သူ့နာမည်အရင်းဖြစ်တဲ့ ယုမွန်နွေးဆိုတဲ့ထဲက နွေးလို့ပဲခေါ်တော့'

'အမလေး... ဖြစ်ပျက်နေလိုက်တာ နတ်ငယ်ရယ်၊ နင် အဲဒီလောက်သည်းနေရင် ငါတို့ ဝင်မကူတော့ဘူး'

'ငါက အခေါ်လေးပြောင်းဖို့ ပြောတာပါဟာ၊ နင့်ကို မေဦးပိုင်လို့ခေါ်ရင် မကြိုက်ဘဲ ဖယ်လို့ခေါ်မှ ကြိုက်တယ် မဟုတ်လား၊ အဲဒီလိုပေါ့ဟ'

'ဒါဆိုငါတို့ သူ့ကို ဘယ်ခေါ်သွားရမလဲ!'

ကျွန်တော်တို့နှစ်ယောက်စကားကို ဘာမှဝင်မပြောဘဲ ငေးကြည့်နေတဲ့ ကိုရွှေသာကြီးက အခုမှ ဝင်ပြောပါတယ်။

'ကဲ... ဒါဆို မင်းတို့ ဟိုအိမ်ကိုသွားကြကွာ၊ ငါက သူ့ကို ကလေးတွေနေတဲ့ကျောင်းဆီ ခေါ်သွားပြီး လာဘ်ဖွင့်ပေးလိုက်မယ် ဟုတ်ပြီလား!'

♦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ နွေးတို့အိမ်ကို သွားရမယ်ဆိုကတည်းက မြူးနေတာပဲ။ ဇယ်ကတော့ ကျွန်တော့်အပြောင်းအလဲကို သိပေမယ့်၊ ဒီကိစ္စမှာ သူပါ ပါဝင်ခွင့်ရတာကို ဝမ်းသာပြီး တက်ကြွနေပုံရပါတယ်။ ကျွန်တော့်ကိုတော့ ပြောလဲအပိုပဲဆိုပြီးတော့ လွှတ်ထားဟန်တူပါရဲ့။

ကျွန်တော်ရောက်သွားတော့ တူဝရီးနှစ်ယောက် ရန်ဖြစ်နေတာနဲ့ တန်းတိုးနေပါတယ်။

'ငါက ထမင်းစားသွားတာတောင်မှ ကြာလှပြီထင်နေတာကို မင်းက တမင်ရှုပြီး လိမ္မော်ရည်တွေဘာတွေပါဖျော်တိုက်လိုက်သေးတယ် ဟုတ်လား ပုခက်ကလေးဆင်ပြီး လွှဲသိပ်ဖို့ အစီအစဉ်ရော မရှိတော့ဘူးလား!'

'ဒေါ်ရယ်... သူတို့ခမျာ တစ်နေ့လုံး နေပူကြီးထဲမှာ လုပ်ရရှာတာ၊ အအေးလေးတော့ သောက်ပါစေ၊ ပိုက်ဆံလည်း သိပ်မကုန်ပါဘူး၊ အဆီကို ရေနဲ့ရောပြီး ရေခဲသေတ္တာထဲက ရေခဲနဲ့တိုက်တဲ့ဥစ္စာ၊ ဒေါ်ကလည်း!'

'ဟဲ့... ငွေကုန်တာကို ပြောတာမဟုတ်ဘူး၊ အချိန်ကုန်တာကိုပြောတာ၊





ငါက သူတို့ကို နေ့စားပုတ်ပြတ် တစ်ခါတည်းပေးထားတာ၊ ဒီနေ့မပြီးရင် နောက်နေ့ဆို ငွေထပ်ပေးရမှာဟဲ့'

ဒေါ်ခင်မိုးမာက ဧည့်ခန်းထဲကနေ အိမ်ရှေ့ပန်းခြံထဲမှာ အအေးသောက်ပြီး အေးအေးလူလူလှဲနေတဲ့ အလုပ်သမားတွေကို လက်ညှိုးထိုးရင်း ပြောပါတယ်။ နွေးကတော့ အေးအေးဆေးဆေးပဲခင်ဗျ။ သူရဲ့ဒါနဟာ မှန်တယ်လို့ တထစ်ချယူဆထားတဲ့ ပုံစံပါပဲ။

'စိတ်ချပါ ဒေါ် ငွေထပ်မပေးရပါဘူး၊ သူတို့ ဒီနေ့ပြီးအောင် လုပ်ပါလိမ့်မယ်'

'အေး... မပြီးရင်တော့ မနက်ဖြန်လုပ်ခ ညည်းပဲစိုက်'

'စိုက်ပါ့မယ်၊ ဒီနေ့ပြီးတဲ့အပြင် ဒေါ့် ပန်းအိုးတွေပါ နေရာချပေးထားဦးမှာ...'

နွေးက ပြောပြောဆိုဆိုပဲ ဧည့်ခန်းထဲကထွက်သွားတယ်။ ဒေါ်လို့ နွေးကခေါ်တဲ့ ဒေါ်ခင်မိုးမာကြီးကတော့ ဧည့်ခန်းမှာ ဒေါသနဲ့ ဟိုဘက်လျှောက်၊ ဒီဘက်လျှောက် လုပ်နေတယ်။ ဒါနဲ့ ကျွန်တော်က ဒေါ်ခင်မိုးမာရဲ့ ကိုယ်စောင့်နတ်ကို အာရုံပြုလိုက်တော့ ပေါ်လာတယ်။

'ဘယ်လို ဖြစ်ကြတာတုန်း ပြောပါဦး'

ဒေါ်ခင်မိုးမာရဲ့ ကိုယ်စောင့်နတ်မကလေး ရော်နာက မျက်နှာမကောင်းဘဲ ဖြစ်တဲ့ကိစ္စကို ပြောပြတယ်။

ရော်နာရဲ့စကားဆုံးတော့ ကျွန်တော် တော်တော်လေးကို စိတ်ညစ်သွားတယ်။ ဒီလောက်စစ်စီတဲ့ မိန်းကလေးမျိုးကို အလှူပေးဖို့တော့ မလွယ်ဘူးထင်တယ်။ ဒါကိုရိပ်မိတဲ့ ဇယ်က...

'နတ်ငယ် နင်ကြိုးစားရမှာက မလွယ်ဘူးထင်တယ်နော်၊ ဝါဆိုလပြည့်နေ့ နောက်ဆုံးဆိုတော့ ငါတို့မှာက တစ်လနီးပါးလောက်ပဲ အချိန်ရမှာ'

'စိတ်မပူပါနဲ့ဟာ၊ အခက်အခဲရှိရင် ဖြေရှင်းလို့ရတဲ့နည်းဆိုတာက ရှိစမြဲပါ၊ ပြဿနာရှိရင် အဖြေရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အစ္စု မင်းလိုအပ်တဲ့ တန်ခိုးကို ဘိုးဘိုးကို လျှောက်ဖို့ကြည့်ဦးနော်၊ ဘာတွေလိုမယ်ဆိုတာ'

'ဟာ... အဲဒါက အခုချက်ချင်းကြီး မလိုသေးပါဘူး၊ သူတို့အခြေအနေကို ကြည့်ပြီးမှ လိုအပ်တဲ့တန်ခိုး ဣဒ္ဓိပါဒ်ကိုတောင်းတာ ပိုကောင်းပါတယ်၊ ဖယ် ငါ နွေးဆီ ခဏသွားလိုက်ဦးမယ်'

'နတ်ငယ်... နင်နော်...'

ဖယ်က တော်တော်ကလေး စိတ်ဆိုးတဲ့ပုံစံမျိုးနဲ့ ပြောပါတယ်။

'ငါ... နွေးရဲ့ ကိုယ်စောင့်နတ်ဆီကို ခဏသွားမှာပါ၊ ဒေါ်ခင်မိုးမာကြီးနဲ့ မရရင် နွေးနဲ့လှည့်ပြီးတော့ အလှူကိစ္စကို ပွဲပိုးချင်ပွဲပိုးရမှာမို့ပါဟ၊ အလုပ်အတွက်သွားတာပါ'

ဒီတော့မှ ဖယ်က ကျေနပ်ပြီး ဒေါ်ခင်မိုးမာရဲ့ ကိုယ်စောင့်နတ်နဲ့ စကားပြောရင်း ကျန်ရစ်ခဲ့တယ်။

ဘာပဲဖြစ်ဖြစ် နွေးနားရောက်တော့ ရင်ခုန်တာပါပဲ၊ နွေးက ခြံရှင်းတဲ့ အလုပ်သမားတွေကို တော်တော်ပင်ပန်းမှာပဲနော်၊ အိမ်ထောင်ရှိလား! စသည် ဖြင့်မေးရင်း ရင်းနှီးအောင် စကားပြောနေတယ်။

'ကျွန်မတို့က မိန်းမသားနှစ်ယောက်တည်းနေတာ၊ နောင် ကျွန်မတို့ ခြံမှာ လုပ်စရာတွေအများကြီး၊ ပြုပြင်ချင်တာတွေ အများကြီးရှိပါသေးတယ်၊ အဲဒီကျရင်လည်း အစ်ကိုတို့ကိုပဲခေါ်မှာပါ၊ ဘာပဲဖြစ်ဖြစ် အစ်ကိုတို့နဲ့က ရင်းနှီးသွားပြီလေ၊ လူသစ်နဲ့ထပ်ပြီး မဆက်ဆံချင်တော့ဘူး'

'ကျွန်တော်တို့ကလည်း ဒီအတိုင်းပါပဲ၊ ကျွန်တော်က ပန်းရံပါရတယ် မမလေး၊ ပန်းရံက ဝင်မရှိလို့ ဒီအလုပ်ကိုလုပ်ရတာ၊ တော်တော်ကြာ ဟို အန်တီက ပန်းရံခိုင်းပြီး ဒီဈေးပဲပြောနေမှာမို့လို့၊ ဒါက လူကြမ်းအလုပ်ပါ'

'အဲဒါကို နွေး နားလည်ပါတယ်၊ ဒီနေ့ ဒီခြံနဲ့မြောင်းတော့ ပြီးပါတယ်နော်...'

'အာ... ပြီးပါတယ် စိတ်ချပါ'





ကျွန်တော် အာရုံတောင်မပြုရသေးဘူး၊ နွေးရဲ့ ကိုယ်စောင့်နတ်မယ်က ထွက်လာတယ်။ သူကတော့ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွပါ။

'ကဲ... ကိုယ်တော် ဘာကိစ္စရှိလို့လဲ ပြော...!'

'အင်း... မထင်မှတ်ဘဲနဲ့ ကျွန်တော်တို့တော့ ဒီက နတ်မယ်နဲ့တွဲပြီး အလုပ်လုပ်ရတော့မှာ၊ အဲဒီကိစ္စကိုပြောမလို့'

'ဘာကို တွဲပြီးလုပ်ရမှာလဲဟင်!'

ကျွန်တော်... ဘိုးဘိုးသုမနရဲ့ညောင်ပင်မှာ နတ်ငယ်ဖြစ်ရပုံကစပြီး ကျွန်တော်တို့ တာဝန်အဆုံး နွေးရဲ့ကိုယ်စောင့်နတ်မကလေး တာမူကို ပြောပြဖြစ်ပါတယ်။

'အမလေး ဘိုးဘိုးနှယ် ကံဆိုးလိုက်တာ၊ မမလေးပဲ ဖြစ်လိုက်ပါတော့လား၊ ဒါနဲ့နေပါဦး မမလေးနဲ့ ဒေါ်ခင်မိုးမာက တူဝရီးပဲဟာ မမလေးလှူလို့မရဘူးလား!'

'မမလေးက ဒီဘဝမှာမှ တူမလာတော်တာ၊ အရင်ဘဝတွေတုန်းက ဘိုးဘိုးရဲ့ ဆွေစဉ်မျိုးဆက်ထဲမှာ မပါဘူး၊ ဒါကတော့ သေချာတယ်'

ဒီတော့ တာမူက ခေါင်းညိတ်တယ်။ ကျွန်တော်လိုချင်တာ နွေးက အလှူအတန်း ဝါသနာပါလေတော့၊ နွေးကပဲ ဒေါ်ခင်မိုးမာ အလှူဘက်ကို စိတ်ရောက်လာအောင် ပြောပြောပေးဖို့ နွေးရဲ့ကိုယ်စောင့်နတ်က တိုက်တွန်းအောင် အကူအညီတောင်းတာပါ။

'ရပါတယ်၊ ဒါက မခဲယဉ်းပါဘူး၊ ကျွန်မ ကူညီနိုင်ပါတယ်'

နွေးဟာ မြောင်းထဲမှာ အလုပ်လုပ်နေတဲ့သူတွေကို အိမ်အဝင်လမ်း သံမံတလင်းခင်းထားတဲ့ တံတားပေါ်မှာ ဆောင့်ကြောင့်ကလေး ထိုင်ပြီး အားပေးရင်းနဲ့ ခိုင်းသွားပါတယ်။

ဒီတော့ မြောင်းနဲ့ခြံကိုရှင်းတဲ့ ငတီတွေလည်း ဘာပဲဖြစ်ဖြစ်ပေါ့လေ... မိန်းမချောကလေးတစ်ယောက်ရဲ့ နှုတ်သံချိုချိုကို ဘယ်လွန်ဆန်နိုင်ပါ့မလဲ။

နွေးဟာ တော်တော်လေးကို ချောတာပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နွေးရယ်လိုက်ရင် ကျွန်တော်ဟာ တည်နေရာက လွင့်သွားသလို ခံစားရတယ်။ တချို့လူတွေက တည်တည်နေရင်မလှဘူး၊ ရယ်လိုက်မှ လှတယ်။ တချို့ကျတော့လည်း ရယ်လိုက်ရင် မလှတော့ဘူး။ နွေးကတော့ တည်တည်နေရင်တစ်မျိုးလှပြီး ရယ်လိုက်ရင် တစ်မျိုးလှတဲ့သူပါ။

ကျွန်တော် လူပြန်ဖြစ်ချင်လိုက်တာဗျာ။

■





## အခန်း (၁၀)

နွေး company က ပြန်လာတော့ သူ့အဒေါ် ခင်မိုးမာတစ်ယောက် သစ်သားပြား အတိုအစကလေးတွေနဲ့ ခုံရိုက်နေတာကို တွေ့ရတော့... တော်တော်စိတ်ညစ်သွားတယ်။

သံတစ်ချောင်းတည်လိုက် သုံးလေးချက်ရိုက်ပြီးတာနဲ့ သံက ဖြောင်းခနဲ လွင့်သွားတော့ ဒေါ်ခင်မိုးမာက တူကို ခါးကြားထိုးကာ လွင့်ထွက်သွားသော သံကို လိုက်ရှာနေရင်း... 'သံတွေက ဟိုတုန်းက, ဟိုခေတ်က သံတွေလို မဟုတ်တော့ဘူး' တဲ့။

'သံတွေက မကောင်းတာမဟုတ်ဘူး ဒေါ်... ဒေါ်ကိုက အလုပ်မဟုတ်တာကို လုပ်နေတာ...'

နွေးအသံကြောင့် ဒေါ်ခင်မိုးမာ လန့်၍သွားပါတယ်။ ဒါပေမယ့် လန့်ရုံပါပဲ၊ ရှက်တော့ မရှက်ပါဘူး။

'ဒီမှာ ပျဉ်အဟောင်းတွေနဲ့ ထိုင်ခုံကလေးတွေ ရိုက်မလို့၊ ချဉ်ပေါင်ရွက်သင်၊ ကန်စွန်းရွက်သင်တဲ့အခါ သံမံတလင်းမှာ ထိုင်ရတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဈေးထဲမှာ ဒါမျိုးထိုင်ခုံလေးတွေ ပြည့်လို့အေါ်ရယ် ဝယ်လိုက်ပါလား!'

'အမလေး... ကိုယ့်အိမ်မှာ ပစ္စည်းတွေရှိနေတာ မဝယ်နိုင်ပါဘူး၊ အလကားနေရင်း တစ်ထောင်နှစ်ထောင် ထွက်ရမယ့်ကိစ္စကြီးကို'

နွေးအလုပ်က ပြန်ပြန်လာချင်း သူ့အဒေါ်နှင့် စကားမများချင်တော့ အိမ်ရှေ့ကို ထွက်ပေါ့။ နွေးက စစ်စီတာကို သဘောကျပါတယ်၊ ဒါပေမယ့် မလိုအပ်ဘဲ စစ်စီတာကျတော့ ကပ်စေးနည်းတဲ့ဘက်ကို ရောက်သွားတတ်လို့ နွေး လက်မခံပါ။

နွေးလည်း အလကားနေရင်း ငွေကုန်ရမယ့်ကိစ္စဆိုရင်တော့ ရှောင်တတ်ပါတယ်။ ကိုယ့်အတွက် တကယ်အသုံးဝင်မယ် (သို့) တစ်ခုခုကို အကျိုးပြုမယ်ဆိုရင်တော့ နွေးလက်မရှောင်ဘဲ ငွေကို သုံးတတ်ပါတယ်။

ဒီနေ့ company မှာ နွေးပြောပြလို့ နွေးရဲ့ အိမ်သစ်ကလေးအကြောင်းကို သူငယ်ချင်းတွေက စိတ်ဝင်စားကြတယ်။ အထူးသဖြင့် ပေ ၁၀၀ x ပေ ၁၂၀ ကို နှစ်ထပ်အိမ်ကလေးကို နောက်ဘက်ခြံစည်းရိုးနဲ့ ကပ်ဆောက်ထားပြီး ခြံထဲမှာလည်း သရက်ပင်၊ ခရေပင်၊ ပိတောက်ပင်...စတဲ့ အရိပ်ရအပင်တွေ ရှိတာကြောင့် ပိုပြီး စိတ်ဝင်စားကြတာလည်း ဖြစ်နိုင်ပါတယ်။

'မင်းအပြောဆို အဲဒီလိုခြံနဲ့အိမ်မျိုး ဒီဈေးနဲ့ရတာ တော်တော်ကံကောင်းတာပဲ'

'အဲဒီအိမ်က အရင်သံရုံးက အရာရှိတစ်ယောက် အိမ်ကွ၊ သူ နိုင်ငံခြားကိုသွားရတော့ မိသားစုပါခေါ်ခွင့်ရတယ် ထင်ပါရဲ့၊ ခေါ်သွားတော့... ဈေးကိုင်မထားနိုင်ဘဲ ရောင်းခဲ့တာ'

'တစ်နေ့လောက် တို့တစ်ခုခု လုပ်စားကြရအောင်လား...'

နွေး အဲဒီစကားကိုကြားတော့ မျက်နှာအမူအရာကို ပြောင်းပစ်လိုက်တယ်။ အဲဒီစကားကို ပြောတဲ့သူက ကိုကောင်းကျော်ပါ။ ကိုကောင်းကျော်ဆိုတာက နွေးကို 'ချစ်' နေတဲ့လူလေ။ ဒီတော့ နွေးတို့ ဘယ်နဲ့လုပ်ပြီး မျက်နှာကို ချိုချိုထားလို့ရတော့မှာတုန်း။





နွေးရဲ့ နှလုံးသားထဲမှာ ကိုကောင်းကျော်အတွက် ရက်စက်တဲ့စိမ်းကားတဲ့ အတွေးမရှိပါဘူး။ ဒါပေမယ့် အနိုင်တော့ ယူချင်တာအမှန်ပဲ။

ကိုကောင်းကျော်က တည်ကြည်တယ်၊ ကိစ္စတိုင်းကို အမြဲအလေးအနက်ထားတတ်တယ်။ 'ဒါလေးပဲ ကိစ္စမရှိပါဘူး' ဆိုတာမျိုး ဘယ်တော့မှ ကိုကောင်းကျော်မှာ မရှိ။

နွေးတို့ကတော့ သိတဲ့အတိုင်း လွတ်လပ်ပျော်ရွှင်စွာနေရင်း ရင်ခုန်သံကို သန့်စင်စေတဲ့ မိန်းကလေးမျိုး။ ကိုယ်မှန်တယ်ထင်တဲ့ အပြုအမူတစ်ခု၊ အကြောင်းတစ်ခုကို ဘယ်တော့မှ အလျှော့မပေးတတ်ဘူးလေ။

ဒီတော့ အခု ကိုကောင်းကျော်ပြောတဲ့ စကားကိုတော့ သေသေချာချာ စဉ်းစားရတာပေါ့။

'ကောင်းသားပဲ၊ ဒါပေမယ့် လူအများကြီးတော့ မဖိတ်ချင်ဘူး၊ အိမ်တက်ဆိုရင် တစ်မျိုးပေါ့'

'တို့အုပ်စုပဲပေါ့ဟ၊ နွေးကလည်း company ပိတ်တဲ့ နေ့တစ်နေ့လေ'

သူငယ်ချင်း မူယာရဲ့စကားကို နွေး အသေအချာ စဉ်းစားရတယ်။ တို့အုပ်စုဆိုတဲ့ထဲမှာ အစဖော်တဲ့ ကောင်းကျော်လည်းပါမှာပေါ့။ ပါရင် ပါပေ့စေလေ...။ နွေးက မတုန်လှုပ်ပါ။

'ကိုစိုးချစ်နဲ့ သူ့သူငယ်ချင်း ဝင်းအောင်ကိုပါ ဖိတ်ရင် မကောင်းဘူးလား'

'အေး ကောင်းတာပေါ့၊ ဒါမှ အတွဲညီသွားမှာ'

ခင်မေဝင်းက စကားဆုံးတော့ လက်တွေကို ကာကွယ်ဖို့ အဆင်သင့်လုပ်ထားပေမယ့်၊ နွေးက ဘာမှ မလုပ်ပါဘူး။ ကိုစိုးချစ်ဆိုတာက အသက် ၃၈-နှစ်ခန့်ရှိ လူပျိုကြီးဖြစ်ပြီး၊ နွေး အဒေါ်ကို စိတ်ဝင်စားနေသူဆိုတော့ အတွဲညီတာပေါ့လို့ ခင်မေဝင်းက ပြောတာပါ။

အဲဒီအထဲမှာ ကိုဝင်းအောင်ကလည်း မူယာ့အပေါ် မရိုးသားတော့လုပ်ဖြစ်ရင် ပွဲက ပွဲကြီးပွဲကောင်းပေါ့။

'ကိုဝင်းအောင်' ဆိုလို့ သူ့အကြောင်းပြောရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းအောင်ကလည်း ကိုစိုးချစ်လိုပဲ အသက် ၃၇-နှစ် လူပျိုကြီးပါ။ ကိုဝင်းအောင်က ကာတွန်းဆွဲတာ ဝါသနာပါတယ်။ တစ်နေ့တော့ ကိုဝင်းအောင်က မှုယာ့အတွက် ကာတွန်းဆွဲထားတာဆိုပြီး အိတ်ကလေးနဲ့ ပိတ်ပြီး နွေးကို ပေးပေးဖို့ပြောတော့ နွေးကလည်း မြှားနတ်မောင်လုပ်ပြီး ပေးပေးပါတယ်။

စာအိတ်ထဲက စာရွက်ကိုလည်းတွေ့ရော မှုယာ့မျက်နှာကြီး နီရဲပြီး အဲဒီပုံကို ဆွဲစုတ်ဖို့လုပ်လို့ နွေးတို့ အတင်းချုပ်လုပြီးကြည့်တော့ နွေးရဲ့ပုံကို ကာရီကေးချား (ပုံတူရုပ်ပြောင်)နဲ့ဆွဲထားတာမို့ မသိရင် တော်တော်စိတ်ဆိုးချင်စရာပါ။ ကိုဝင်းအောင် ဒီသတင်းကိုကြားတော့ လာကိုမလာရဲတော့တာ။

နောက်တော့မှ ခင်မေဝင်းက သူတို့လမ်းထဲမှာရှိတဲ့ ကာတွန်းအော်ပီကျယ်ကို ပြကြည့်တဲ့အခါကျမှ ကာတွန်းအော်ပီကျယ်က ထိုကာရီကေးချားပုံဆွဲသူကို ချီးကျူးပါတယ်။ အဆင့်မြင့် ကာရီကေးချားပုံလို့လည်း ပြောပါတယ်'

'ဒီကာတွန်းအတွက် ဓာတ်ပုံပေးပြီး ဆွဲတာလား'

'မပေးပါဘူး ဆရာ'

'ဟာ...အဲဒါဆိုရင်တော့ နှလုံးသားနဲ့ကြည့်ဆွဲတာ ဖြစ်မယ်ဗျို့၊ နိုပ်တယ်ဗျာ...'

ကာတွန်းဆရာ အော်ပီကျယ်ကယ်လို့ ကိုဝင်းအောင် ရာဇမာန်အလျှော့ခံရပေမယ့် မျက်စောင်းခဲတာတော့ မခံရဘဲနေမလား။ (နောက်...ပန်းချီပုံတူ လှလှကလေးရေးပေးလိုက်တော့ ပြန်ပြေလည်သွားပါတယ်...။)

ဒါနဲ့နွေးက company ပိတ်ရက်တစ်ရက်မှာ လုပ်စားမယ်လို့ ကတိပေးလိုက်ပါတယ်။ လုပ်စားမှာက နန်းကြီးသုပ်ပါ။ အဲဒါကို ဒေါ်ကိုပြောတော့ ဒေါ်က...

'အမယ်လေး...ရှုပ်ရှုပ်ယှက်ယှက်တော် ဟို ကိုစိုးချစ်ကလည်းပါဦးမယ်၊ ဒါဆို ငါမရှိတဲ့နေ့ လုပ်ကြ'





'ဒေါ်က ဘယ်ကို သွားနေမှာမို့လို့လဲ!ဥပုသ်သွားစောင့်မှာမို့လို့လား!'

နွေးရဲ့ ခပ်ငေါ့ငေါ့စကားကို ဒေါ်က ဘာမှ ပြန်မပြောပါဘူး၊ ငြိမ်နေတယ်။

ကိုစိုးချစ်ဆိုတာက နွေးတို့နဲ့ ကုမ္ပဏီတစ်ခုတည်းကပါ။ ကိုစိုးချစ်က ဒေါ်ခင်မိုးမာထက် လေးနှစ်ကြီးပါတယ်။ ကိုစိုးချစ်မျက်နှာက ဘယ်တော့ကြည့်ကြည့် လူတစ်ယောက်ယောက်ကို၊ ဒါမှမဟုတ် ကိစ္စတစ်ခုခုကို အားနာနေတဲ့ပုံစံမျိုးဖြစ်နေသည်။

အသားဖြူဖြူ လူက ခပ်ဝဝ၊ အမြဲ သပ်သပ်ရပ်ရပ်နေတတ်ပြီး သဘောကောင်းတဲ့လူပါ။ နွေးကတော့ ကိုစိုးချစ်နဲ့ ဒေါ်ကို သဘောတူတယ်။ ဘေးကသူငယ်ချင်းတွေကလည်း သဘောတူတယ်။ ပတ်ဝန်းကျင်အားလုံးက သဘောတူတော့ ဒေါ်ရွှေခင်မိုးမာတို့ မာနကြီးပြီပေါ့။

'နင်တို့အဘိုးကြီးကို ဒီအရွယ်ကြီးနဲ့ မရှက်ဘူးလားလို့ မေးလိုက်'တို့ 'ဒီအသက်အရွယ်ရောက်မှ သူမို့မရှက်တယ်' တို့နဲ့ ပြောလေ့ရှိပေမယ့် ကိုစိုးချစ်က ၄၁-နှစ်ဆိုတော့ ဒေါ်ခင်မိုးမာထက် ၃-နှစ်ပဲကြီးတာပါ။

'ဒေါ်က ကိုစိုးချစ်ကို အဘိုးကြီးခေါ်ရင် ဒေါ်ကလည်း အဘွားကြီးပဲပေါ့' လို့ နွေးကပြောရင် နွေးနဲ့ရန်ဖြစ်ကြ၊ စိတ်ကောက်ကြပြန်ရော။ ဒီကြားထဲ ကိုစိုးချစ်က အားနာတာရော၊ ကြောက်တာရော၊ ရင်ခုန်တာရော၊ ရှက်တာရောနဲ့ပါ ဒေါ်ခင်မိုးမာကို ဆက်ဆံတော့ ဒေါ်ခင်မိုးမာတို့က အထက်စည်းကပေါ့။

...အဲဒီလိုဇာတ်လမ်းကလေးတွေရှိတဲ့ ပျော်ပွဲစားကလေးကို အခု မပြောသေးဘဲနဲ့၊ ညဘက် ထမင်းစားပြီးမှ ပြောမယ်လို့ နွေးဆုံးဖြတ်လိုက်ပါတယ်။

◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခြံစောင့်နတ်ကို ရှာတော်ရှင်ဘိုးဘိုးပေးလိုက်တဲ့ တံဆိပ်နဲ့ ကျွန်တော့် ဝိညာဉ်မှတ်ပုံတင်ပါပြတော့ သူတို့က အချိန်မရွေး ဝင်ထွက်ခွင့် ပြုပါတယ်။

ခြံစောင့်နတ်နဲ့ အိမ်စောင့်နတ်က ဒေါ်ခင်မိုးမာ ပေတာဒါနအလှူပေးရင် သူတို့ရော ကျွတ်လွတ်မလားလို့ မေးလို့၊ နတ်မယ် နော်သာမိကို မေးတော့ ဆွေမျိုးတော်ခဲ့ကြဘူးသတဲ့၊ ကျွတ်မယ်ဆိုတော့ သူတို့လည်း ဝမ်းသာအားရပဲ ကျွန်တော့်ကိုကူညီဖို့ ကြိုးစားကြပါတယ်။

ကျွန်တော်နဲ့ဇယ် အိမ်ထဲကိုဝင်သွားတော့ ဒေါ်ခင်မိုးမာတို့ တူဝရီး တိတ်တဆိတ်ပဲ ထမင်းစားနေကြတယ်။ ကျွန်တော်ကတာဝန်ကျတဲ့ ဒေါ်ခင်မိုးမာထက် နွေးနွေးကိုပဲ ဂရုစိုက်နေမိတယ်။ နွေးက ထမင်းကို ဖွန်းခက်ရင်းနဲ့ စားတာပါ။ ဒါပေမယ့် အသံမထွက်ဘူးခင်ဗျ၊ ဖွန်းခက်ရင်းကိုင် သိပ်ကျွမ်းကျင်တာပဲ။ တခြားမိန်းကလေးတွေလို ထမင်းစားရင် လျှာအရင်ထွက်လာတာတို့၊ ထမင်းဝါးရင် ပါးစပ်ထဲက ထမင်းတွေမြင်နေရအောင်တို့ နွေးမှာ မရှိဘူး။ ခြုံပြောရရင် နွေး ထမင်းစားတာကိုကြည့်ရတာ သိပ်ကြည့်လို့





ကောင်းတာပဲ။ နွေးက အိမ်နေရင်းအင်္ကျီလေးနဲ့တောင်မှ ပိုပြီးကြည့်လို့ကောင်းနေသလားပဲ။

'ဟဲ့ ... နတ်ငယ် ... နင်တာဝန်ကျတာ ဒေါ်ခင်မိုးမာနော် ...!'

ကျွန်တော့်ငမ်းချက်ကို ဇယ်ကရှဲ့ပြီးပြောတာပါ။ ဇယ်နားမှာ ရော်နာရော၊ တာမူရော ရောက်နေပါပြီ။ သူတို့ဆွေးနွေးနေတာကတော့ ဒေါ်ခင်မိုးမာ အလှူလုပ်ရေးကိစ္စပါ။

'သူ့နှလုံးသားကို ဝင်စီးပြီး ကောင်းတဲ့စိတ်ထားရအောင် လုပ်ဖို့ဆိုတာက တကယ့်တန်ခိုးရှိတဲ့ နတ်မင်းများမှဘဲ တတ်နိုင်မှာပေါ့'

'ဟုတ်တယ်၊ ရော်နာ ... အာနန္ဒာမထေရ်က မြတ်စွာဘုရားကို လူနတ်ပြဟ္မာတွေအတွက် ပရိနိဗ္ဗာန်စံတော်မမူပါနှင့်ဦးလို့ သုံးကြိမ်သုံးခါ လျှောက်ဖို့သွားပေမယ့်၊ မာနတ်က ရှင်အာနန္ဒာရဲ့နှလုံးသားကို လက်နဲ့ညှစ်ပြီး အာရုံလွှဲလို့ ရှင်အာနန္ဒာဟာ လျှောက်မယ်လို့သွားတိုင်း မေ့မေ့ပြီး ဒီအတိုင်းပြန်လာရသတဲ့၊ မြတ်စွာဘုရားက 'ချစ်သားအာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန်စံဝင်ချိန်ရောက်ပြီ' လို့ သုံးကြိမ်သုံးခါပြောသော်လည်း အာနန္ဒာက ဆိုင်းတော်မူပါဦးဘုရားဆိုတာကို မလျှောက်မိဘဲ ငိုင်နေသတဲ့'

'ဟင် ... ဒါ ဦးရွှေသာကြီးကို ဘယ်သူကပြောလဲ!'

'ဘိုးဘိုးသုမနက ပြောပြတာပေါ့ဟ'

'ဟုတ်ပါတယ် ... လူတစ်ယောက်ရဲ့ နှလုံးသားနဲ့ကံကိုတော့ စောင့်ရှောက်လို့ပဲရမယ်၊ ဝင်ရောက်ချယ်လှယ်ခွင့် ငါတို့မှာမရှိပါဘူး'

ဇယ်က ညည်းပါတယ်။

'ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ!'

ကိုရွှေသာကြီးက မေးတယ်။

'အကြံကောင်းကလေးရရင်တော့ တတ်နိုင်သမျှ ဝင်ကူလို့ရတယ်၊ ရော်နာတို့က ကိုယ်စောင့်နတ်အဆင့်ပဲဆိုတော့ ကိုယ်ပိုင်ဖန်တီးခွင့် အာမှ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



မခင်မိုးမာ့ရဲ့ ကိုယ်စောင့်နတ်လေး ရော်နာက ငြီးပြန်တယ်။

'ဒီလိုလုပ်ပါလား... ကျွန်တော် စဉ်းစားထားတာလေးတစ်ခုတော့ ရှိတယ်၊ ကပ်စေးနည်းတဲ့သူကို လာဘ်လာဘနဲ့ စပြီးသိမ်းသွင်းမယ်၊ အဲဒါက ကျွန်တော်တစ်ယောက်တည်းနဲ့ မပြီးသေးဘူး၊ အားလုံးတော့ ကူညီရမှာပဲ'

'နင့်အကြံက ဘယ်လိုမျိုးလဲ နတ်ငယ်'

'ဒေါ်ခင်မိုးမာကြီးက ကပ်စေးနည်းတော့ သူ့ကိုလာဘ်ရအောင်၊ ပိုက်ဆံကောက်ရတာတို့၊ လက်စွပ်ကလေး ဘာလေးကောက်ရတာတို့နဲ့ စ,တာပေါ့'

'ကောင်းသားပဲ နတ်ငယ်ရဲ့၊ သူ လောဘရှိလာတာတော့မှ ဒါဟာ ကံ ကံ၏အကျိုးဆိုတာကို သူသိမယ်'

နွေးရဲ့ကိုယ်စောင့်နတ်မယ်ကလေး တာမူက ဝင်ပြောပါတယ်။ ကျွန်တော့် နတ်မယ်တွေနဲ့ ကိုရွှေသာကြီးကလည်း သဘောတူပါတယ်။

'ငါတို့ သေသေချာချာစီစဉ်ရမှာမို့ တစ်ရက်တည်းနဲ့တော့ ပြီးမှာမဟုတ်ဘူး၊ တစ်ကြိမ်တည်းနဲ့လည်း မရနိုင်ဘူး။ တို့စည်းလုံးဖို့တော့ လိုတယ်နော်'

ကျွန်တော့်စကားကို အားလုံးက အလေးအနက်ထားကြပါတယ်။ လတ်တလောအကြံအနေနဲ့ ကျွန်တော်ပြောတာကိုပဲ လက်ခံထားလိုက်ကြတယ်။

'နတ်ငယ်...နင် ဘိုးဘိုးဆီက ဘာတန်ခိုးဣဒ္ဓိပါဒ် တောင်းမှာလဲ...'

ဇယ် အမေးကြောင့် ရော်နာနဲ့တာမူတို့ အံ့သြသွားကြတယ်။

'အခုမတောင်းသေးဘူးဟာ၊ ဒေါ်ခင်မိုးမာကို စိတ်မြတ်၊ နှလုံးမြတ် ရလာအောင်လုပ်ဖို့ နည်းလမ်းရမှပဲ လိုအပ်တာကို တောင်းတော့မယ်၊ ခဏ ခဏ တောင်းနေရရင် မကောင်းဘူးဟ ! ဒါနဲ့ ဒီအိမ်မှာ ဘာထူးတာရှိသေးလဲတာမူ'

နွေးရဲ့ကိုယ်စောင့်နတ်မယ်ကလေး တာမူ့ကို ကျွန်တော်မေးတော့ နတ်မယ်ကလေးက တက်တက်ကြွကြွပဲ ပြန်ဖြေပါတယ်။

'အခုလာမယ့်အပတ် တနင်္ဂနွေနေ့မှာ သူတို့ ပျော်ပွဲစားကလေးတစ်ခု





လုပ်လိမ့်မယ်၊ တို့ အံ့နာ ယုမွန်နွေးကပဲ ဦးစီးမှာပေါ့၊ ထမင်းစားပြီးရင် အဲဒီကိစ္စတိုင်ပင်ကြလိမ့်မယ်၊ နားထောင်သွားပါလား !'

'အင်း... ကောင်းသားပဲ'

ဝမ်းသာအားရနဲ့ ကျွန်တော်တို့ ကောင်းနေချိန်မှာ တူဝရီးနှစ်ယောက်က အိမ်ရှေ့က T.V ရှေ့ကို ရောက်နေပြီ။ ဆိုဖာပေါ်ထိုင်ပြီး အချိုတည်းရင်း T.V ကြည့်နေတယ်။

ကြည့်မှာပေါ့ ဒီနေ့ မြဝတီကပြမှာက ကြီးမြတ်သူတို့နှလုံးသားလေ၊ အဲဒီ program ကို အပျိုကြီးဒေါ်ခင်မိုးမာ သိပ်ကြိုက်ပေါ့။ ဒေါ်ခင်မိုးမာ အကြိုက်ဆုံးက ကိုရီးယား တီဗွီဇာတ်လမ်းရယ်၊ ငါးပိရည်နဲ့ တို့စရာရယ်။

ငါးပိရည်နဲ့တို့စရာကို ကြိုက်တာက ဈေးသက်သက်သာသာနဲ့ ခံတွင်းတွေ့လို့၊ ကိုရီးယားကားတွေကို ကြိုက်တာကတော့ ဘာမှလုပ်စရာမရှိတဲ့ အပျိုကြီးဆိုတော့ ဟိုအခန်းက ဒီလိုဖြစ်မလား ! သူတို့မောင်နှမတော်တယ်ဆိုတာကို မင်းသားလေးက အရင်သိမှာလား ! မင်းသမီးလေးက အရင်သိမှာလား ! စတဲ့ အရေးမကြီးတဲ့ကိစ္စတွေကို ဘာအလုပ်မှမရှိတဲ့အချိန်မှာ တွေးရတာ အရသာတစ်ခုဖြစ်နေလို့ပါပဲ။

'ဒေါ်...!'

'ဘာလဲ... နွေး လခထုတ်ခါနီး ပိုက်ဆံလှည့်ဖို့ဆိုရင်တော့ sorryပဲ၊ ဒီလ အကုန်အကျများနေတယ်'

ဒေါ်ခင်မိုးမာက လှည့်မကြည့်ဘဲ ပြောတာပါ။ ဟုတ်တယ်လေ... ကိုယ်ကတော့ ကိုယ့်တူမလေးပဲဆိုပြီး လကုန်ခါနီးတွေမှာ သူများလိုမသုံးရလို့ မျက်နှာငယ်မှာစိုးလို့ ပေးပေမယ့်၊ သူက တစ်ခါတလေ ပြန်မှမဆပ်တာ၊ မုန့်ဖိုးပဲ သဘောထားလိုက်ပါတော့တို့၊ WAIDE က Scholl ဖိနပ်ဝယ်လိုက်တာ ပြောင်သွားလို့ နောက်လမှယူပါတို့ အမြဲလုပ်တယ်။

'ဒေါ်ကလည်း နာမည်ခေါ်ရုံပဲရှိသေးတယ် ဈေးကွက်ကို အရင်ပိတ်တာပဲ၊ နွေးပြောမှာက ဒီအပတ်တနင်္ဂနွေနေ့ နွေးနဲ့ဘော်ဒါတွေ ခြံကလေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပွဲစားသဘောမျိုးနဲ့ နန်းကြီးသုပ် သုပ်စားကြမလို့ အဲဒါ...'

'မ...အဲဒါနဲ့...ပြောထားပြီးပြီမဟုတ်လား! ဒီလ အကုန်အကျများနေတယ်လို့ ဘာပျော်ပွဲစားကိုမှ စိတ်မဝင်စားဘူး၊ ဘယ်သူက ပျော်စရာရှိလို့ ပျော်ပွဲစားရဦးမှာလဲ! အလုပ်မရှိအလုပ်ရှာလို့ ရှာတဲ့အလုပ်ကလည်း ငွေကုန်မယ့်အလုပ်'

နွေး တော်တော်စိတ်ညစ်သွားပြီး ခေါင်းကိုရမ်းရင်း သူ့ကိုတစ်ချက်မှ လှည့်မကြည့်ဘဲပြောတဲ့ ဒေါ်ခင်မိုးမာကို ငေးနေမိတယ်။

ဒေါ်ခင်မိုးမာစိတ်ထဲမှာတော့ အလကားနေရင်း ပိုက်ဆံကို ဘယ်လိုဖြုန်းရမလဲလို့ စဉ်းစားနေတဲ့ သူတူမကို တော်တော်မကျေမနပ် ဖြစ်နေမိတယ်။

'ဒေါ်ဆီက နွေးက ပိုက်ဆံမတောင်းပါဘူး၊ ဒေါ်သိထားသင့်တယ်ထင်လို့ အသိပေးတာပါ။ နွေးက ခြံအကြောင်းပြောပြတော့ သူတို့က ပျော်ပွဲစားလုပ်ရင် ကောင်းမလားမေးတာနဲ့'

'သူတို့ဆိုတော့ ဘယ်သူတွေပါမှာလဲ!'

'နွေး မိတ်ဆွေတွေအကုန်ပေါ့၊ ဦးစိုးချစ်လည်းပါတယ်လေ...'

'ဘာ...!'

ဒေါ်ခင်မိုးမာရဲ့မျက်နှာဟာ ဒေါသနဲ့အတူ နွေးဘက်ကို လှည့်လာပါတယ်။

'အဲဒီလိုလုပ်မယ်ဆိုရင် ညည်းငါ့ကို ကြိုပြီးအသိပေးထားသင့်တယ် မိနွေးမ'

'ဒေါ်ကလည်း ဒီနေ့မှ ခြံအကြောင်းပြောရင်းနဲ့ စိတ်ကူးဖြစ်သွားတာ၊ နွေးတို့ ကုန်ကျစရိတ်ကို ကိုယ့်ဘာသာ အကုန်ကျခံမှာပါ'

'ဘယ်နေ့ !!'

'အခုလာမယ့် တနင်္ဂနွေ...'

'အင်း... ငါ ဘယ်သွားနေရမလဲ မသိဘူး'

'ဘယ်မှမသွားပါနဲ့ ဒေါ်ရဲ့၊ အိမ်မှာ လူကြီးတစ်ယောက်ရှိတော့ အဟန့်





ဖြစ်တာပေါ့၊ နို့မို့ နွေးတစ်ယောက်တည်းဆိုရင် သူတို့က ဘီယာတွေဘာတွေ ဝယ်ပြီးသောက်ရင် ဘယ်နှယ်လုပ်မလဲ၊ ဒေါ်ရှိတော့ အဲဒီလို မလုပ်ဘူးပေါ့'

ဒေါ်ခင်မိုးမာ တစ်ချက်စဉ်းစားရင်း သူ့တူမပြောတာ မှန်တယ်လို့ တွေးလိုက်ပါတယ်။ ဟို စိုးချစ်ဆိုတဲ့အဘိုးကြီးပါရင် နွေးက အဖြေမပေးရသေးပေမယ့် ကြိုက်နေတဲ့ ကောင်းကျော်ဆိုတဲ့ ငတိလေးလည်းပါမှာပဲ။ ငါရှိနေမှကောင်းမယ်လို့ တွေးပြီး အဲဒီနေ့ အပြင်ကို ထွက်ရှောင်ဖို့ကို ဖျက်လိုက်ပါတယ်။

'ကောင်းပြီလေ... ငါ မစိုက်ရဘူးဆိုရင် ပြီးတာပဲ'

ကြော်ငြာဝင်ပြီးသွားသော ကိုရီးယားကားက ဆက်လာ။ ဒေါ်ခင်မိုးမာ၏ အာရုံငါးပါးက T.V စကရင်(မ်) ပေါ်ပြန်ရောက်သွား ရော်နာက ကျွန်တော့်ကို ခပ်ပြုံးပြုံးနဲ့ ကြည့်ပါတယ်။ အဓိပ္ပာယ်ကတော့... 'ကိုင်း ငါ့သခင်မအကြောင်းကို သိပြီလား!' ဆိုတဲ့ အဓိပ္ပာယ်နဲ့ပါ။

'ကျွန်တော်တို့အချိန်ရတာ အားလုံး ၂၆-ရက်တည်းပါ၊ ဝါဆိုလပြည့်နေ့ကို နောက်ဆုံးထားပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ကို လုပ်ရမှာ'

'ကဲ... နှုတ်ငယ် မနက်ဖြန်မှ ဒီကိစ္စကို ဆက်စဉ်းစားတော့၊ ငါတို့ တရားထိုင်ချိန်ရောက်တော့မှာ...'

ဖယ် သတိပေးစကားကြောင့် ဒေါ်ခင်မိုးမာရဲ့ ကိုယ်စောင့်နှုတ်မယ်ကလေး ရော်နာနဲ့ နွေးရဲ့ကိုယ်စောင့်နှုတ်မယ်ကလေး တာမူတို့ကို နှုတ်ဆက်ရတယ်။

'သြော်... ဒါနဲ့ နွေးက ဘယ်အချိန် ရုံးကပြန်တာလဲဟင်!'

'ရုံးချိန်က မနက်ဆို ဒီ ၈း၄၅ထွက်တယ်၊ ညနေဆိုရင် ၅း၁၅ လောက် ပြန်ရောက်ပါတယ်'

'ကျေးဇူးပဲ တာမူ၊ သွားမယ်နော်'

လမ်းမှာ ဖယ်က ဒေါ်ခင်မိုးမာအကြောင်းကို ပြောရင်းနဲ့ နွေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ကျွန်တော့်ကို ထည့်ပြောသွားတယ်။'

'နတ်ငယ် တို့က ဘဝတူတွေ မဟုတ်ဘူး၊ နင်နဲ့နွေးဟာ ဘယ်နည်းနဲ့မှ ဆက်စပ်လို့မရဘူး၊ ဒါကို နင်သိရက်နဲ့ ဝေဒနာထပ်တိုးအောင် မလုပ်နဲ့၊ ငါတို့မှာ လူသားတွေကုသိုလ်ရဖို့ လုပ်ရမှာအများကြီးပဲ'

'ငါ နားလည်ပါတယ် ဖယ်ရယ်'

■





## အခန်း (၁၁)

ပျော်ပွဲစားနေ့ကိုရောက်တော့ ကျွန်တော်နဲ့ဖယ် နွေးတို့ခြံထဲကို အစောကြီးရောက်နေတယ်။ နွေးတို့က ခြံအလယ်လောက်မှာ ပေါက်နေတဲ့ ဗာဒံပင်ကြီးအောက်ကို နေရာရွေးချယ်ပါတယ်။ နွေးတို့ရွေးတဲ့ ဗာဒံပင်စောင့်နတ်ကလည်း ကျွန်တော်တို့ကိစ္စတွေကို သိပြီးသားဆိုတော့ အေးဆေးပါ။

သိပ်မကြာပါဘူး… ကိုစိုးချစ်ရယ်… ကောင်းကျော်နဲ့ ခင်မေဝင်းရယ် ရောက်လာပါတယ်။

ရော်နာကို မတွေ့ဘူးလားလို့ နွေးကိုယ်စောင့်နတ်မလေးကို မေးတော့ ဒေါ်ခင်မိုးမာကြီး အိမ်ထဲက အပြင်ကိုမထွက်လို့ သူလည်း ထွက်မရဘူးလို့ ဆိုတယ်။ ပြီးတော့ တာမူကပဲ နွေးရဲ့ သူငယ်ချင်းမိတ်ဆွေတွေရဲ့ ကိုယ်စောင့်နတ်တွေနဲ့ မိတ်ဆွေဖြစ်ပြီးတော့ ကျွန်တော်က ဖြစ်စဉ်ကိုပြောပြတော့ အားလုံးနားလည်ကြတယ်။ ကူညီမယ်လို့လည်း အားပေးစကားဆိုကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအဲဆင်ပြေသွားပေမယ့် ကျွန်တော်တစ်ယောက်တည်း ပြုံးရင်း အသည်းကွဲရတာပါ။ ကိုကောင်းကျော်ရဲ့ ကိုယ်စောင့်နတ်ဆီက နွေးနဲ့ ကိုကောင်းကျော်အကြောင်းကို ကြားရလိုက်ရလို့ပေါ့။ ဒါကို ရိပ်မိတာ ယောက်တစ်ယောက်ပဲ ရှိပါတယ်။

ကျွန်တော်… ဒေါ်ခင်မိုးမာရှိတဲ့ အိပ်ခန်းထဲကိုဝင်သွားတော့… ဒေါ်ခင်မိုးမာရဲ့နတ်မယ် ရော်နာဟာ မရွှင်မလန်းပဲ ညှိုးနွမ်းနေတယ်။ တခြားနတ်မယ်တွေ ပျော်နေချိန်မှာ သူလည်း ပျော်ချင်မှာပေါ့။

ဒေါ်ခင်မိုးမာကြီးကလည်း အပြင်ကို ထွက်ချင်ပါတယ်။ ဒါပေမယ့် တူမအပေါ် လွှန်ထားတဲ့ စကားတွေကြောင့် ထွက်ဖို့ကို ရှက်နေတာပါ။ ဒါကြောင့် အခန်းထဲမှာ အံကြိတ်ပြီး ထိုင်နေရတာ… သူလိုချင်တာက သူ့တူမကပဲဖြစ်ဖြစ်၊ မူယာတို့ ခင်မေဝင်းတို့ကပဲဖြစ်ဖြစ် တစ်ယောက်ယောက်က သူ့ကိုချော့ပြီး အတင်းလာခေါ်တာမျိုးကို သူကလိုချင်တာ။ ဒါပေမယ့် အလုပ်ရှုပ်နေလို့လား! မေ့ပဲနေတာလား! ဒါမှမဟုတ် 'မလာချင်ဘူး' ပြောထားတဲ့ သူ့စကားကို တူမကလေးနွေးက မြေဝယ်မကျ နားထောင်လိုက်တာလား!။

ဒေါ်ခင်မိုးမာရဲ့သဘောကို သူ့ကိုယ်စောင့်နတ် ရော်နာဆီက သိပြီးတော့၊ ကျွန်တော်က ကြောင်အယောင်ဆောင်လိုက်တယ်။ ပြီးတော့ ခြေထောက်တွေ ခေါင်းနဲ့လည်ချောင်းတွေကို ပြုတ်ပြီး ဟင်းချိုလုပ်ဖို့ထားတဲ့ အိုးထဲက လည်ချောင်းနဲ့ခေါင်း တွဲရက်ကြီးတစ်ခုကို ချီပြီး ဒေါ်ခင်မိုးမာ ရှေ့ကို သွားလိုက်တော့ ဒေါ်ခင်မိုးမာက ကျူးအော်ပါတော့တယ်။

'ဟဲ့… ဟဲ့… နင်တို့ကြက်သား… နင်တို့ကြက်သား ကြောင်ချီပြေးပြီ၊ ဟဲ့ကြောင်… ဟဲ့… ဟဲ့ရှူး၊ ဟဲ့ကြောင်'

ကျွန်တော်က ပျော်ပွဲစားချက်ပြုတ်နေတဲ့နားမှာ ကြက်လည်ချောင်းနဲ့ တွဲလျက် ခေါင်းကြီးကိုချီပြီး လွတ်ရာ ပြေးထွက်ခဲ့ပါတယ်။

'အန်တီ နေမကောင်းလို့ဆို'





မူယာက မေးတယ်…။

'ကောင်းပါတယ်၊ ခေါင်းနဲနဲ လေးချင်တာပါ'

'ဟာ… အန်တီက အခန်းထဲပဲအောင်းနေတာကိုး လာပါ၊ သမီးတို့နဲ့ လာနေလိုက်တော့ စိတ်လန်းသွားတာပေါ့ မဟုတ်ဘူးလား!'

ခင်မေဝင်းက လက်ကိုဆွဲပြီး ထိုင်ခိုင်းပါတယ်။ နွေးက လှမ်းအော်တယ်။

'ဒေါ်… ကြက်သားပြုတ်ပြီးသားကို လက်နဲ့ နွှင်မလား! ဓားနဲ့ပဲတုံးရမလား!'

'ဟဲ့ လက်နဲ့နွှင်တော့ အကြီးအသေး ဘယ်ညီတော့မလဲ! ပြီးတော့ အမျှင်သေးတွေက အနှစ်နဲ့ရောတော့ အလကားဖြစ်မယ်၊ ကဲ… မလုပ်တတ်ရင်လည်း ဒီကို ပေးစမ်းပါ'

ကျွန်တော့်အကြံအဖန်ကြောင့် အဲဒီနေ့က ပျော်ပွဲစား ချက်တာပြုတ်တာဟာ တော်တော်ပျော်စရာ ကောင်းသွားပါတယ်။

နန်းကြီးသုပ်ကို ဒေါ်ခင်မိုးမာကြီးကိုယ်တိုင်က သုပ်ပေးပြီး အားလုံး အားရပါးရစားကြတယ်။ ဒီလိုစားတဲ့သူချင်း အတူတူမှာ ကိုစိုးချစ် ယန်းကန်က အရင်ကုန်သွားတော့ ဒေါ်ခင်မိုးမာကို ပိုင်းစ,ကြတယ်။ နောက်တစ်ပွဲ၊ နောက်တစ်ပွဲလို့ ဘောလုံးပွဲမှာ အော်သလို သံပြိုင်အော်ကြတယ်။

နန်းကြီးသုပ်စား လိမ္မော်ရည်သောက်ပြီးကြတော့ အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်အောက်မှာ သူ့အဖွဲ့နဲ့သူ ဖြစ်သွားတယ်။

ကာတွန်းဝင်းအောင်က ဂစ်တာယူလာလို့ မူယာတို့ ခင်မေဝင်းတို့က တီးခိုင်းပြီး တစ်တွဲဖြစ်သွားတယ်။

နန်းကြီးသုပ်အိုးတွေ ယန်းကန်တွေ… ခွက်တွေကို သိမ်းတာက ဒေါ်ခင်မိုးမာကြီးပါ။ ဒေါ်ခင်မိုးမာကို ကူသိမ်းပေးတာက ကိုစိုးချစ်ပေါ့။

'စားချင်တာစားပြီးတော့ ဖုံခါပြီးထ,သွားကြတာ၊ နောက်ကြောင်း အပူအပင် ဘာမှရှိတာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကလေးတွေဆိုတော့ ဒီလိုပဲပေါ့ ဒေါ်ခင်မိုးရယ်...၊ ဒေါ်ခင်မိုးတို့ ကျွန်တော်တို့လိုတော့ အရာရာကို ဘယ်တွေးပူနေပါ့မလဲ!'

'တော်စမ်းပါ၊ ရှင်လည်း သွားချင်ရင်သွားလေ ရပါတယ်၊ ကျွန်မ တစ်ယောက်တည်းနဲ့ ရတယ်'

'ကျွန်တော်သွားရင် သူတို့ကို အနှောင့်အယှက် ပေးရာရောက်မှာပေါ့၊ ကလေးတွေ သူတို့ဘာသာ ပျော်ပါစေ'

ကိုစိုးချစ်စကားကြောင့် ဒေါ်ခင်မိုးမာ ပန်းကန်တွေကို သုတ်နေရင်းက ကိုစိုးချစ်ကို ဒေါသမျက်လုံးဖြင့်ကြည့်ရင်း အော်သည်။

'ကလေးတွေ သူတို့ဘာသာ ပျော်ပါစေ...ဆိုတော့ ရှင့်ပြောတဲ့စကား က ဘာသဘောလဲ!'

'ကျွန်တော်တို့ လူကြီးတွေလည်း ကိုယ့်ဘာသာ အေးအေးဆေးဆေး စကားပြောဖို့ပါ'

'အောင်မလေး ကြဲကြီးစည်ရာ ကျွန်မမှာပြောစရာ ဘာစကားမှ မရှိပါ ဘူး'

'ဒါကတော့ ဒေါ်ခင်မိုးက မပြောချင်လို့ပါ၊ ကျွန်တော်က စိန်တွေ ကျောက်တွေအကြောင်း နားမလည်ပါဘူး၊ ဒါပေမယ့် ခြံကျယ်ကျယ်တွေ့ရင် ပန်းခြံလုပ်ချင်တာ လက်ကိုယားနေတာပဲ'

'ပန်းခြံ...!'

'ဟုတ်တယ် ဒေါ်ခင်မိုး၊ ကျွန်တော့်အိမ်က ပန်းခြံမျိုးလေ၊ ကျွန်တော် ကတော့ စိတ်ညစ်နေတဲ့အခါမျိုးဆိုရင် ပန်းခြံကလေးထဲ သွားထိုင်နေလိုက်ရင် စိတ်လန်းဆန်းသွားတာပဲ၊ ဒေါ်ခင်မိုးကိုလည်း အဲဒီလို ပန်းခြံကလေးတစ်ခု လုပ်ပေးချင်တာ...!'

ဟုတ်သည်။ ဒေါ်ခင်မိုးမာတစ်ခါက ကိုစိုးချစ်တို့အိမ်ကို ရောက်တော့ အိမ်ရဲ့ အဝင်ပေါက် ညာဘက်မှာ တော်တော်ကလေးလှပပြီး၊ သစ်ခွ၊ စံပယ်နှင့် ရွှက်လှ၊ ဂမုန်း စသည်တို့ဖြင့် ဝေဆာနေပြီး၊ ခုံတန်းကလေးတွေ





ရိုက်ထားတဲ့ ပန်းခြံကလေးကို တွေ့ဖူးတာကို အမှတ်ရသွားတယ်။ အင်း... သူ့ခြံကွက်လပ်ကြီးထဲမှာ ဒါမျိုးပန်းခြံရှိရင် တော်တော်လှမှာ၊ ဒါပေမယ့် ငွေကလည်း...။

ဒေါ်ခင်မိုးမာ ဆက်မတွေးတော့...ပိုက်ဆံကုန်မည့်ကိစ္စဆိုလျှင် ရှောင် ရမည်မဟုတ်လား!။ ပန်းခြံမရှိလို့ ဘာမှမဖြစ် ငွေမရှိလျှင်ဖြစ်နိုင်တာတွေ အများကြီးရှိသည်။

'ရပါတယ်၊ ကျွန်မတို့ တူဝရီးနှစ်ယောက်နေတာပဲ၊ ပန်းခြံတွေ ဘာတွေ လည်း မလိုပါဘူး၊ ရပါတယ်'

'အာ...ဒေါ်ခင်မိုးကလည်း မဟုတ်တာ၊ နောက်ကျရင် လူတွေတိုးချင် တိုးလာမှာပေါ့၊ ဒေါ်ခင်မိုး ခွင့်ပြုရင် ကျွန်တော် အကုန်ကျခံပြီး ပန်းခြံကလေး တစ်ခုလောက် လုပ်ပေးပါရစေ...'

'ကိုစိုးချစ်က အကုန်အကျခံမယ်...မဟုတ်တာ'

'ကျွန်တော့်လက်ဆောင်လို့ပဲ သဘောထားပါ ဒေါ်ခင်မိုးရယ်...'

ဒေါ်ခင်မိုးမာ မျက်မှောင်ကျုံ့ရင်း စဉ်းစားနေသည်။ ပြီးတော့ ကိုစိုးချစ်ကို လှည့်ကြည့်ရင်း တည်ငြိမ်သော မျက်နှာထားဖြင့်မေးသည်။

'ကိုစိုးချစ်က ကျွန်မကို ဘာဖြစ်လို့ ဒေါ်ခင်မိုးလို့ပဲ ခေါ်တာလဲ!'

'ဟုတ်ပါတယ်၊ 'မာ' ဆိုတာကြီးကို မခေါ်ချင်လို့ပါ၊ မာတယ်ဆိုတာ မာနလည်းဖြစ်နိုင်တယ်၊ စိတ်သဘောထားလည်း ဖြစ်နိုင်တယ်လေ၊ ကျွန်တော် 'မာ' ဆိုတဲ့စကားလုံးကို တမင်ချန်ထားတာပါ ဒေါ်ခင်မိုး'

မပြောမပြောနဲ့ ပြောတော့လည်း ကိုစိုးချစ်တို့က အလာကြီးပါလား... ဟု ဒေါ်ခင်မိုးမာ ပြုံးရင်းတွေးနေမိသည်။

ကျွန်တော် ဒေါ်ခင်မိုးမာတို့အနားမှာ အကြောင်းထူးတာ မတွေ့တော့ နွေးရှိတဲ့နေရာကို ရောက်လာတယ်။

နတ်ငယ်...ဒေါ်ခင်မိုးမာတို့အနားကနေ နွေးဆီကိုထွက်သွားတာကို



www.burmeseclassic.com

www.burmeseclassic.com



ယေကလည်း လှမ်းမြင်ပါတယ်။ ဒါ့ကြောင့် ခေါ်မယ်လုပ်တော့ တာမူ ကတားတယ်။

'ဖယ်... သွားပေ့စေ ဒါမှ သူဟာ နွေးနဲ့ဘယ်လိုမှ မပတ်သက်ပါဘူး၊ ဘယ်လိုမှ မဆိုင်ပါဘူးဆိုတာကို သိသွားလိမ့်မယ်'

ဗာဒံပင်ရိပ်အောက်မှာ ဖယောင်းပုဆိုးကလေးခင်းပြီး ထိုင်နေတဲ့ နွေးကို တွေ့ရတော့ ရင်ထဲနွေးသွားတာပဲ။ ဒါပေမယ့် နွေးတစ်ယောက်တည်း မဟုတ်ဘဲ နံဘေးမှာ ကောင်းကျော်က ရှိနေတယ်။ နွေးက ဖယောင်းပုဆိုးက ပန်းပွင့်ကလေးကို လက်သည်းကလေးနဲ့ ခြစ်နေတယ်။

'ကိုယ် အဲဒီလောက်အထိ ဘယ်စောင့်နိုင်မှာလဲ နွေးရယ်... နွေး နိုင်ငံခြားကို သွားလည်တာဆိုရင်တော့ ကိုယ်အပြစ်မပြောပါဘူး၊ ဟိုမှာ အလုပ်သွားလုပ်မှာဆိုတာကတော့ မဖြစ်ဘူးနွေးရယ်'

'နွေးက အဖေနဲ့အမေကိုတောင် သွားမတွေ့ရတော့ဘူးလား'

'သွားပါ၊ ကိုယ်ပြောပြီးသားပဲ အလည်ဆို သွားပါလို့၊ အလုပ်လုပ်ဖို့ ကိုသာပြောတာ'

'ပိုင်စိုးပိုင်နင်းနဲ့ကွယ်၊ သူ့ချစ်သူကျနေတာပဲ'

'ဟုတ်ပါတယ်၊ ကိုယ်က နွေးချစ်သူပါ၊ ကိုယ်ချစ်သလိုမျိုး နွေးကို နောက်ထပ်ချစ်နိုင်တဲ့လူ ရှိသေးလား!'

ကိုကောင်းကျော်က ရုတ်တစ်ရက် ဖယောင်းပုဆိုးကိုခြစ်နေတဲ့ နွေးရဲ့ လက်ကလေးကို ကိုင်လိုက်တယ်...။

ကျွန်တော် အဲဒီနေရာက တစ်ဟုန်ထိုး ပြေးထွက်လာခဲ့တယ်။ ဟုတ်တယ် မင်းလိုချစ်နိုင်တဲ့ လူတော့မရှိဘူး၊ နတ်တော့ရှိတယ်ဟေ့!... လို့လည်း ရင်ထဲက အော်နေမိတယ်။

အမှန်တော့ ကျွန်တော်မိုက်တာပါ။ ကိုယ်နဲ့ ဘယ်လိုမှ ဘဝမတူတဲ့သူကို သံယောဇဉ် သွားထားမိတာကိုး။ အဲဒီတော့ ကျွန်တော်လုပ်ပေးနိုင်တာက နွေးကို တစ်စုံတစ်ရာ ဘေးဥပါဒ်မဖြစ်အောင် စောင့်ရှောက်ပေးဖို့ပါပဲ။





ပြန်ရောက်လာတဲ့ ကျွန်တော့်မျက်နှာ အရိပ်အကဲကိုကြည့်ပြီး ယေက သဘောပေါက်ပုံရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ယေအနားမှာ နွေးရဲ့ ကိုယ်စောင့်နတ်မယ်ကလေး တာမူ ရှိနေတာကိုး။

'ငါတို့ ဒီမှာ လုပ်စရာမရှိတော့ဘူး၊ ငါတို့ဘုံကို ပြန်ပြီးတော့ ဒေါ်ခင် မိုးမာကိစ္စကို ဘိုးဘိုးနဲ့ တိုင်ပင်ရအောင်'

'သဘောပဲလေ... ဘာတွေထူးသေးလဲ နတ်ငယ်'

'ဘာမှမထူးလို့ ပြန်မယ်ပြောတာပေါ့ဟ'

'ဘိုးဘိုးက ဒီအချိန် ဘုံနန်းမှာမှမရှိတာ... မင်းကလဲ'

'အေး... ဒါဆို အိပ်မက်နတ်သမီးဆီ သွားရအောင်!'

'အိပ်မက်နတ်သမီးနဲ့ ဘာဆိုင်လို့လဲ နတ်ငယ်...!'

'ငါစီစဉ်ထားတဲ့ထဲမှာ အိပ်မက်နတ်သမီးလည်း ပါတယ်'

ကျွန်တော့်စိတ်ထဲမှာ အရင်တုန်းကလို မဟုတ်တော့ဘူး၊ တာဝန်ကို ပြတ်ပြတ်သားသားယူဖို့ စိတ်အားထက်သန်သွားပြီ။ ဒီလောက် ကပ်စေးနှဲတဲ့မိန်းမကြီးဆီက 'ပေတဒါန' ကို ရအောင်ယူဖို့ တစ်ခုတည်းကိုပဲ ဦးစားပေး လိုက်ပါပြီ။

အိပ်မက်နတ်သမီးဆီရောက်တော့ ကျွန်တော်က ဒေါ်ခင်မိုးမာရဲ့အိပ်မက် အကြောင်းကို အဟောင်းတွေမကျန် ပြန်ကြည့်တော့ ဒေါ်ခင်မိုးမာဟာ ညဘက်ကို အိပ်ဆေးသောက်အိပ်တဲ့အတွက် အိပ်မက်နဲ့ဝေးနေတယ်။

'အဈွက ဘယ်လိုလုပ်ချင်တာလဲ!'

'ကျွန်တော်က သူ့ကို နိမိတ်ကလေးတွေနဲ့ ခေါ်သွားချင်တယ်၊ ဒါမှ လောဘနဲ့လိုက်ရင်း ဘာသာတရားရဲ့ယုံကြည်မှုကို ရစေချင်ပြီး သူကိုယ်တိုင် 'ပေတဒါန' ပြုတာမျိုးဖြစ်ချင်တယ်'

'အဲဒီတော့... ဘယ်က စ,ချင်လဲ!'

'အသားလှုပ် နိမိတ်က စ,ချင်တယ်'

◆



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက် မိုးလင်းကတည်းက ဒေါ်ခင်မိုးမာတစ်ယောက် လက်ယာဘက် နှုတ်ခမ်းတွေ မကြာခဏလှုပ်တာကို သိသိသာသာပဲ သတိထားမိပါတယ်။ ပထမတော့ အမှတ်တမဲ့ပါပဲ၊ နောက်ကျတော့ တစ်မိနစ်ခြားတစ်ခါလောက်ကို လှုပ်နေတာ 'နှုတ်ခမ်းလှုပ်ရင် ရန်ဖြစ်တတ်တယ်...'ဆိုလား သိသိသာသာကြီး လှုပ်လာတော့ ဒေါ်ခင်မိုးမာ မနေနိုင်တော့၊ တစ်ခါ ရွှေတိဂုံဘုရားသွားရင်းနဲ့ နွေးဝယ်တဲ့ အသားလှုပ်နိမိတ်ကျမ်းနဲ့ အိပ်မက်နိမိတ်ကျမ်းကို သွားသတိရတာနဲ့ အိမ်ရှေ့ကိုထွက်ခဲ့တော့... နွေးက အလုပ်ပဲ သွားတော့မည်။

'နွေး... ခဏ...'

'ဘာလဲ ဒေါ်၊ ဘာမှာချင်လို့လဲ!'

'မှာချင်တာ မဟုတ်ဘူး၊ နွေး တစ်ခါဝယ်တဲ့ အိပ်မက်အမျိုးမျိုးနဲ့ အသားလှုပ်ကျမ်းဆိုတာ ခဏပေးစမ်းပါ'

'ဒေါ် ဘယ်နားတွေ လှုပ်နေလို့လဲ!'

'ညာဘက်နှုတ်ခမ်းတွေ မနက်ကတည်းက လှုပ်နေတာ၊ ဟော... အခုလှုပ်နေပြီ ကြည့်တွေ့လား!'





'ဟယ်... ဟုတ်ပါရဲ့၊ အတိုင်းသားမြင်ရတာပဲ၊ နေဦး နေဦး နွေးလည်း ဘယ်နားသွားထားမိလည်း မသိဘူး ရှာပေးမယ်'

နွေး အခန်းထဲဝင်သွားတော့ ဒေါ်ခင်မိုးမာ နှုတ်ခမ်းလှုပ်လျှက်ကြီးနှင့် ကျန်ခဲ့တယ်။ လှုပ်တာမှ သိသိသာသာ ကြောက်စရာ၊ မကောင်းတာများဆိုရင်တော့ ဒုက္ခ...။

နွေး ပြန်ထွက်လာပြီး စာအုပ်ကို တဖြန်းဖြန်းလှန်သည်။ သူလည်း ဝင်ကြည့်နေမိတယ်။

'ဟောဒီမှာတွေ့ပြီ၊ ဒေါ်... လက်ယာဘက် နှုတ်ခမ်းလှုပ်မူ ချစ်သူနှင့် စကားပြောရမည်တဲ့... ဟဲ... ဟဲ... ကောင်းတဲ့နိမိတ်ပါ ဒေါ်ရဲ့ ကြောက်မနေပါနဲ့'

နွေးက ပြောပြောဆိုဆို စာအုပ်ကိုချပြီး အလုပ်လုပ်ဖို့ထွက်တယ်။ အဲဒီအချိန်မှာပဲ ခြံထဲကို ဒိုင်နာကားတစ်စင်း ဝင်လာတယ်။ ကားရှေ့ခန်းက ဆင်းလာတာက ကိုစိုးချစ်။

နွေးက ဒေါ်ကို တစ်ချက်ပြုံးကြည့်ရင်း တသိမ့်သိမ့် ရယ်ပါတယ်။

'တော်သေးတာပေါ့ နွေးကိုမီလို့ company ကို ခွင့်စာကလေးတင်ပေးစမ်းပါ'

'ဟင်... ကိုစိုးချစ်က ဘာ...'

'နွေးတို့အိမ်ရှေ့မှာ ပန်းခြံကလေး လုပ်ပေးမလို့လေ၊ ဒေါ်ခင်မိုး ရှိတယ်မဟုတ်လား'

နွေးက ခွင့်စာကိုယူရင်း အားရပါးရရယ်၍ ထွက်သွားတာကို စိတ်ထဲက ဒေါသဖြစ်နေမိပေမယ့်၊ မပြောရဲဘူးဖြစ်နေတယ်။

နွေးထွက်သွားပြီးတော့ ကိုစိုးချစ်က စာရွက်တစ်ရွက်ကို ထုတ်ပြီးချပြတယ်။ ပန်းခြံပုံစံနမူနာကို သူ ဆွဲလာတာတဲ့၊ ပြီးတော့ ကိုစိုးချစ်က သူ့ကို ရှင်းပြတယ်။

ဘယ်နေရာမှာ ခုံတန်းကလေးတွေကို ရိုက်မယ်၊ ဘယ်နေရာမှာ သစ်ခွ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာ ရှက်လှယန်းအိုးတော့… ဘယ်နေရာမှာ ဆောင်တော်ကူးရှဲလေး၊ စပယ်တွေက အဝင်ဝမှာထားမလား ! ခုံတန်းကလေးနားမှာ ထားမလား !။ ဒီတော့ တစ်နေ့လုံး ကိုစိုးချစ်နှင့် စကားပြောနေရသည်။

ကိုစိုးချစ်နှင့် လက်သမားတွေ စားဖို့သောက်ဖို့အတွက် ချက်ပြုတ်နေတုန်း အသားလှုပ်တာက နေရာပြောင်းသွားသည်။ ညာဘက် အောက်မျက်ခမ်း လှုပ်နေခြင်း။

ပထမတစ်ကြိမ် နှစ်ကြိမ်အထိတော့ ကြွက်သားတွေ ကျုံ့တာဆန့်တာပါဟု သဘောထားပြီး နေလိုက်ပါတယ်။ ဒါပေမယ့် အဲဒီလိုသဘောထားလေ ညာဘက်အောက်မျက်ခမ်းက ခပ်ကြမ်းကြမ်းလှုပ်လေပါပဲ။

ဒါနဲ့ အိမ်ရှေ့ဆိုဖာပေါ်မှာ နွေးချထားခဲ့တဲ့ အသားလှုပ်နိမိတ်စာအုပ်ကလေးထဲမှာ လှန်ရှာကြည့်တော့… လက်ယာအောက် မျက်ခမ်းလှုပ်မှု ချစ်သူတွေ့မည်။ ရန်တွေ့မည်…တဲ့။ ရန်ကတော့ တွေ့စရာအကြောင်းမရှိ၊ သူက အိမ်ထဲမှာနေတာ… ဒါဆိုရင်…။

ထမင်းစားချိန်ရောက်တော့ ကိုစိုးချစ်နဲ့ သူ့အလုပ်သမားတွေကို ခေါ်တော့ ကိုစိုးချစ်က…

'ရတယ်… ဒေါ်ခင်မိုး အိမ်ထဲမဝင်တော့ဘူး၊ ကျွန်တော်တို့ ဒီဗာဒံရိပ်မှာပဲ စားကြမယ်'

ဒီတော့ ဒေါ်ခင်မိုးမာကိုယ်တိုင် ပန်းကန်တွေ၊ ဖွန်းတွေ၊ ဟင်းတွေကို ယူပြီး အပြင်က ဗာဒံရိပ်မှာ ဖယောင်းပုဆိုးခင်းပြီး စားစရာတွေကို ပို့ပေးရတယ်။

အဲဒီမှာ… ဆောင်တော်ကူးပင်အတွက် ပေါင်းမိုးကလေးလုပ်တဲ့ထဲက သစ်စတစ်ခုကို ဝင်တိုက်ရင်း ဒေါ်ခင်မိုးမာ သယ်လာတဲ့ ကြွေထမင်းအုပ်က ခြေထောက်ပေါ် ပြုတ်ကျ။

အားလုံး အပြေးအလွှားတွေ ဖြစ်ကုန်ကြတယ်။

ကိုစိုးချစ်ကတော့ အသည်းဆုံးပေါ့။ ကိုစိုးချစ်ကိုယ်တိုင်ပဲ ဒေါ်ခင်မိုး





မာကို ပွေ့ပြီး အိမ်ထဲကိုသွင်းရတယ်။ ခလုတ်တိုက်တာက ခြေမကွဲသွားပြီး၊ ကြွေထမင်းအစ်ပြုတ်ကျတာက ခြေဖမိုးကိုရောင်သွားတယ်။

ကိုစိုးချစ်က ခြေမကို ရေနွေးနဲ့စင်အောင်ဆေးပြီး အဝတ်သန့်သန့်ရှာပြီး ပတ်တီးစည်းပေးပါတယ်။ ခြေဖမိုးကိုတော့ ဒဏ်ကြေလိမ်းဆေး လိမ်းပေးတယ်။ ခြေမကအနာကို ဖန်ရည်ဆေးပေးတော့ ဒေါ်ခင်မိုးမာ ခမျာ အားနာရှာတယ်။ မိန်းမတစ်ယောက်ရဲ့ ခြေထောက်ကို ကိုင်ရတာမဟုတ်လား !။

ဒါပေမယ့် ကိုစိုးချစ်မျက်နှာမှာ စိုးရိမ်မှုက အထင်းသား၊ မေတ္တာစိတ်က အထင်းသား…။

'ကျွန်တော့်ကြောင့်ဖြစ်ရတာ၊ ကျွန်တော်ကရှည်ပြီး ခြံထဲမှာစားမယ်ဆိုလို့ဖြစ်ရတာ…'

'မဟုတ်ပါဘူး ကိုစိုးချစ်ရယ်၊ စိတ်ထဲမထားပါနဲ့၊ ကျွန်မကံကြောင့် ကျွန်မဖြစ်ရတာပါ'

'မဟုတ်ဘူး ကျွန်တော်ပါဗျာ၊ ကျွန်တော် အသုံးမကျတာ…အမှန်ဆို အိမ်ထဲမှာပဲ စားသင့်တာ၊ ကျွန်တော့်ကြောင့် ဖြစ်ရတာပါ'

သူ့ကြောင့်ဖြစ်ရတာပါလို့ တဖွဖွပြောရင်း ကိုစိုးချစ်က ဒေါ်ခင်မိုးမာ တားနေတဲ့ကြားက သူ့သူငယ်ချင်း ဆရာဝန်ကို ခေါ်တယ်။ ဒေါ်ခင်မိုးမာလည်း ပြောလို့မရတော့ ဒီအတိုင်း ကြည့်နေရတာပဲ။

လက်သမားတွေက ဆာတော့ ထမင်းစားကြတယ်။ ကိုစိုးချစ်ကတော့ ထမင်းစားဖို့လည်း သတိမရ၊ ရေသောက်ဖို့လည်း သတိမရနဲ့ပေါ့။ ဒေါ်ခင်မိုးမာ တွေးနေမိတယ်။ ညာဘက် အောက်မျက်ခမ်းကလေး လှုပ်နေဆဲ။ နွေးရဲ့နိမိတ်ဟော အသားလှုပ်ကျမ်းကလေး မှန်မယ်ဆိုရင်တော့ 'ချစ်သူတွေ့မယ်… ဘေးတွေ့မယ်'တဲ့။

ကိုစိုးချစ်ရဲ့သူငယ်ချင်း ဆရာဝန်က ကားနဲ့ရောက်လာပြီး ဒေါ်ခင်မိုးမာရဲ့ ဒဏ်ရာတွေကို ကြည့်ပြီး ပြုံးတယ်။ ပြီးတော့…

'မင်း ဖုန်းဆက်ပုံက လေယာဉ်ပျံ ပျက်ကျရသလား ! အောင်မေ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဒဏ်ရာလောက်က မင်း အခုကုပေးထားတာနဲ့တင် လုံလောက်နေပြီပဲကွ'

ကိုစိုးချစ် မျက်နှာက နီရဲနေတာပဲ။ သူ့သူငယ်ချင်းကတော့ ရယ်ရယ်မောမောနဲ့ ဆေးအိတ်ကိုဖွင့်တယ်။ ပြီးတော့ ဒေါ်ခင်မိုးမာကို ကြည့်ရင်း...

'အေးလေ... မင်းအတွက်ကတော့ လေယာဉ်ပျံပျက်ကျတာ ဖြစ်ချင်လည်းဖြစ်မှာပေါ့၊ ညအနာသက်သာအောင်နဲ့ မြန်မြန်ကျက်အောင် ဆေးထိုးပေးခဲ့မယ်'

'သူငယ်ချင်း... ဟို... ဘာမှတော့ မဖြစ်နိုင်ပါဘူးနော်'

ကိုစိုးချစ်၏ သူငယ်ချင်းဆရာဝန် တော်တော် စိတ်ညစ်သွားပုံရသည်။

'ဟား... ယော့ကောင် စိုးချစ်၊ အသက်နဲ့ မိုင်တစ်သန်းလောက် ဝေးတယ်၊ နောက်ကို phone ဆက်ရင်လည်း ဖြစ်စဉ်ကလေးကို ပြောပြီးဆက်၊ ငါ့မှာ တော်တော်အရေးကြီးလားဆိုပြီး ဂျူတီအတွက်လာရတာ ထမင်းတောင် မစားခဲ့ရဘူး...'

'ဟာ... ဒါဆိုရင် စားသွားပါလားဆရာ... ကျွန်မချက်ထားတဲ့ ထမင်းနဲ့ ဟင်းက အလုပ်သမားတွေကျွေးဖို့အပြင် ပိုပါတယ်...'

'ဟုတ်တယ်သူငယ်ချင်း ငါလည်း မစားရသေးဘူး။ လာ... မင်းနဲ့ ငါ အတူစားရတာပေါ့'

'ဟုတ်ပါတယ် ဆရာရယ် စားသွားပါ'

'အင်း... ကျွန်တော်တို့အမျိုးက သိပ်အားနာတတ်တာဗျ၊ ဘယ်လောက် အားနာတတ်သလဲဆိုရင် အဘိုး အားနာပုံကလေး ပြောပြမယ်၊ အဘိုးအရွယ်ရောက်တော့ အမေက အဘွားကိုပြပြီး နင်ကြိုက်လား ! ကြိုက်ရင်ပေးစားမယ်ဆိုတော့ အဘိုးက သူ့အမေကိုရော၊ ကောင်မလေးကိုပါ အားနာတာနဲ့ ခေါင်းညိတ်လိုက်တာ... အဲဒါ ကျွန်တော်တို့အဘွား ဖြစ်လာတာပဲ၊ ခုလည်း အားနာလို့ စားသွားမယ်နော်'

ဒေါ်ခင်မိုးမာတို့ ၃-ယောက် ရယ်ဖြစ်ကြသည်။ ကိုစိုးချစ်ရဲ့သူငယ်ချင်းကိုကြည့်ရတာ ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံရသည်။ နွေးတို့အဖွဲ့နှင့် တွဲပေး





လိုက်ရလျှင် ခင်မင်ကြမှာ သေချာပဲလို့ ဒေါ်ခင်မိုးမာ တွေးမိပြီး ကျေနပ်သွားပါတယ်။ ဆရာက မထနှင့်ဆိုလို့သာ အမှန်တော့ ဒေါ်ခင်မိုးမာကိုယ်တိုင် ထ,ပြီး ကျွေးချင်မွေးချင်နေမိတာ အမှန်ပါပဲ။ ကိုယ်တိုင်မထရတော့ အိမ်ခန်းခုတင်ပေါ်ကပဲ ညွှန်ကြားရပါတယ်။

'ကိုစိုးချစ်၊ ကြောင်အိမ်အောက်ထပ်က ယန်းကန်ကလေးနဲ့ အုပ်ထားတဲ့ အထဲမှာ ကြက်သားဆီပြန်ကလေးရှိတယ်၊ ဘူးသီးနဲ့ရောတာတွေချည်းပဲ စားမနေနဲ့ ယူစား၊ ငပိကြော်လည်း အဲဒီအောက်ထပ်မှာပဲရှိတာ...'

'ရတယ် ဒေါ်ခင်မိုး... ထမင်းက ကုန်တောင်ကုန်တော့မှာ'

'အို... ကုန်ကုန် မကုန်ကုန် ထည့်စားကြပါဆို ငါ့နဲ့ ကိုယ်တိုင်သာ ထလာချင်တော့တာပဲ'

အမှန်တော့ ထိုဟင်းတွေက သူတို့ တူဝရီးစားဖို့ ဖယ်ထားခြင်းပါ။ ဒါပေမယ့် မေတ္တာကိုခံစားလိုက်ရတော့ ဒေါ်ခင်မိုးမာ စေတနာရှိလာတယ်။ ကြင်နာတာကို ခံစားလိုက်ရတော့ သဒ္ဓါက သူ့အလိုလိုရှိလာတယ်။ ဒီလောကသဘာဝကို သွေးသားနဲ့ခံစားချက်နဲ့ တည်ဆောက်ထားတဲ့ လူသတ္တဝါတွေ ဘယ်လွန်ဆန်နိုင်မှာလဲ !။

ကျွန်တော်တို့အုပ်စု အိမ်ထဲကနေထွက်ပြီး ပ,ညောင်ပင်ကို ပြန်လာခဲ့တယ်။

'ဒီနေ့ ငါတို့စီစဉ်ခဲ့တာ မဆိုးပါဘူးနော် နတ်ငယ်'

'မဆိုးရုံတင် ဘယ်ကမလဲ၊ တော်တော်ကို ခရီးရောက်တယ်လို့ ဆိုရမယ်၊ ရောက်လာတဲ့ဆရာဝန်ကလည်း ငါတို့ဘက်ကမို့ တော်သေးတာပေါ့ကွာ...'

ကျွန်တော်ကတော့ သူတို့နဲ့ စကားလက်ဆုံကျတဲ့ထဲကို မဝင်ပါဘူး၊ ဖြစ်ပြီးသားတွေကို ပြန်မပြောချင်ဘူး၊ ရှေ့ဆက် ဘာလုပ်ရမလဲဆိုတာကိုပဲ စဉ်းစားချင်တာ၊ ဒေါ်ခင်မိုးမာကို ဒီလို တစ်စတစ်စဆွဲခေါ်မှ ရမယ်လို့ သူ့ အစကတည်းက ယုံကြည်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေးနဲ့ပတ်သက်လို့တော့ ကျွန်တော် ဘာမှ မစဉ်းစားချင်တော့ဘူး၊ ဧယ်ပြောသလို 'ဘဝမတူတာကို နင်စွဲလန်းနေရင် ဘာအကျိုးရှိသလဲ! အဲဒီအစွဲအလန်းတွေကြောင့်ပဲ ငါတို့ဟာ မကျွတ်လွတ်တဲ့ဘဝကို ရောက်လာတာမဟုတ်လား! အဲဒီ မဖြစ်နိုင်တဲ့အစွဲလန်းကို နင် ရအောင်ဖြတ် နတ်ငယ်...' တဲ့။

အစပိုင်း ကျွန်တော် ရွာတော်ရှင်ဘိုးဘိုးကို ကူညီတယ်ဆိုတာ ကျွန်တော် နွေးကို မြင်ရချင်ကြည့်ချင်တဲ့ ဆန္ဒကြောင့် သန့်စင်တယ်လို့ မဆိုနိုင်ဘူး၊ အခုတော့... ကျွန်တော့်အကူအညီဟာ 'နွေး'ဆိုတာ မရှိတော့တဲ့အတွက် ပိုသန့်စင်လာတယ်။ ကျွန်တော့်လိုပဲ အပါယ်နဲ့ကြား နတ်ဘုံကိုရောက်နေတဲ့ ကျွတ်လွတ်ရန်ရှိတဲ့ နတ်တွေ ကျွတ်ဖို့လွတ်ဖို့ ကျွန်တော် အစွမ်းကုန်ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

'ဟဲ့... နတ်ငယ်... နင် ဘာတွေစဉ်းစားနေတာလဲ!'

'ငါ... ဒီနေ့ အိပ်မက်နတ်သမီးနဲ့ သွားတွေ့ရမယ်၊ အိပ်မက်နတ်သမီးနဲ့ မတွေ့ခင် ဘိုးဘိုးနဲ့ အရင်တွေ့ရမယ်'

'ဘိုးဘိုးသုမနနဲ့လား!'

'မဟုတ်ဘူး၊ ရွာတော့်ရှင်ဘိုးဘိုး ဓေယျစက္ကနဲ့'

'ဘာကိစ္စ တွေ့ချင်ရတာလဲ!'

'ငါ... တန်ခိုး နည်းနည်းတောင်းမလို့'

'တန်ခိုး...!! နင်က ဘာတန်ခိုးကူဒ္ဓိပါဒ်တွေ တောင်းဦးမလို့လဲ!'

'နင် လိုက်လာရင်... ဟိုကျ သိရမှာပေါ့ဟ...'

◆





ကျွန်တော့်ကိုတွေ့တော့ ဘိုးဘိုးဓေယျစက္က နည်းနည်းစိတ်လှုပ်ရှားတာကို တွေ့ရပါတယ်။ ဒါပေမယ့် နှစ်သက်ရှည် ရွာတော်ရှင်ကြီးမို့ အတွင်းသိချင်းသာ သိလောက်တဲ့ စိတ်လှုပ်ရှားမှုမျိုးပါ။

'ဘာထူးခြားသေးလဲ ဟေ့...!'

ဘိုးဘိုးက အားရပါးရအသံကြီးနဲ့ မေးပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်ဆောင်ရွက်ခဲ့တာတွေကို ပြောပြတော့ ဘိုးဘိုးက နှစ်သက်ပုံရပါတယ်။

'လူတစ်ယောက်ရဲ့အတိတ်ကံအရ ဖြစ်တည်တဲ့ဗီဇကို ဖျောက်ဖို့၊ ပြောင်းလဲဖို့ဆိုတာတော့ မလွယ်ဘူးပေါ့၊ ပြီးတော့ ဘိုးဘိုးတို့မှာက အချိန်ကရှိသေးတယ်၊ ဒီ ဝါဆိုလပြည့်နေ့ မတိုင်မီ...'

'ဘိုးဘိုးဘုရား တပည့်တော်လိုချင်တာ ရမယ်ဆိုရင်... အချိန်မီနိုင်တယ်လို့ အာမခံပါတယ် ဘုရား'

ဘိုးဘိုးဟာ သားမြီးယပ်တောင်ကို တစ်ချက်ခတ်လိုက်ရင်း ကျွန်တော့်ကို စူးစူးစိုက်စိုက် တည်ငြိမ်တဲ့မျက်ဝန်းနဲ့ ကြည့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နတ်ငယ် သင် ဘာလိုချင်သလဲ ပြော...'

'မဆိုလောက်သော တန်ခိုးဣဒ္ဓိပါဒ်ပါ ဘုရာ့'

'ပြောစမ်း နတ်ငယ်'

'အရာဝတ္ထုတွေကို ထိန်းကိုင်နိုင်ပြီး ရွေ့ပြောင်းနိုင်တဲ့ တန်ခိုးနဲ့၊ လိပ်ပြာလှသူတွေရဲ့စိတ်ကို တခဏတာစေစားနိုင်တဲ့ တန်ခိုးပါဘုရား'

'အမြဲတမ်းအတွက်လား နတ်ငယ်'

'မဟုတ်ပါဘုရား၊ ဘိုးဘိုးရဲ့ကိစ္စ အောင်မြင်တော့မယ်ဆိုတာနဲ့ တပည့်တော် ပြန်အပ်မှာပါဘုရား'

ရွာတော်ရှင်ဘိုးဘိုး ဖေယျစက္ခ ခဏစဉ်းစားပါတယ်။ ပြီးတော့ ကျွန်တော့်ကို ရှေ့တိုးဖို့ သားမြီးယပ်တောင်နဲ့ အချက်ပြပါတယ်။ ကျွန်တော် ရှေ့ကိုတိုးသွားတော့ ဘိုးဘိုးက ကျွန်တော့်ခေါင်းပေါ်မှာ လက်ကိုတင်ရင်း မျက်ဝန်းတွေကို မှိတ်ပြီး တိုးတိုးဆုတောင်းတယ်။ ခဏကြာတော့ ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်း 'ဖြန်း' ခနဲ ထ,တာပါပဲ။

'မောင်မင်းလိုချင်တဲ့ တန်ခိုးကိုရပြီ နတ်ငယ်... တန်ခိုးဣဒ္ဓိပါဒ်တို့ပည်သည် ထိုက်တယ်ဆိုရင် တည်နေတတ်ပြီး ပြန်အပ်လို့လဲမရပါဘူး၊ ဒီတော့ မောင်မင်းနတ်ငယ် လိုရာအသုံးပြုစေ၊ ဝါခေါင်လပြည့်နေ့ ဆိုတာကိုသာ စိတ်ထဲမှာ မပြတ်သတိကပ်ပေတော့ နတ်ငယ်'

'တပည့်တော် နေ့စဉ်အချိန်နဲ့အမျှ ဒီတစ်ခုတည်းသာ စိတ်ထဲမှာရှိပါတယ်ဘုရာ့'

'အင်း... ဟုတ်ပေတယ်၊ ဟုတ်ပေတယ်...'

ဘိုးဘိုးက ကျေနပ်တဲ့အပြုံးနဲ့ ခေါင်းကို ညိတ်ပါတယ်။ ပြီးတော့ ဖယ်ဘက်ကိုလှည့်ပြီး ပြောပါတယ်။

'သင်တို့နှစ်ယောက်ကရော ဘယ်လို တန်ခိုးအာနိသင်တွေ လိုချင်ပါသလဲ!'

ဘိုးဘိုးရဲ့အမေးကို ဖယ်က ဘာမှပြန်မလျှောက်ဘဲ ကိုရွှေသာကြီး





ကသာ 'တပည့်တော်တို့နဲ့ ထိုက်တန်တဲ့တန်ခိုးများရှိလျှင် ရချင်ပါတယ်ဘုရား၊ ဘိုးဘိုးရဲ့ အလှူအထမြောက်ရေးမှာ ကူညီဖို့ပါ' ဟု ပြန်လျှောက်သည်။

'ကောင်းပြီ ထိဂုန၊ သင်က တစ်နေရာမှတစ်နေရာ တမဟုတ်သွားနိုင်တဲ့ အစွမ်းနဲ့ ဖယ်က လိုအပ်လျှင် သက်ဆိုင်ရာနတ်မင်းများရဲ့ ခွင့်ပြုချက်အရ အယောင်ဆောင်နိုင်တဲ့ တန်ခိုးနဲ့ ကျေနပ်ကြပေတော့'

'ကျေနပ်ပါတယ် ဘုရား'

'တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဘုရား'

'ကောင်းပြီ နတ်ငယ်အစ္ဆ၊ အကျိုးရှိရာကို ဆောင်ရွက်နိုင်ပါစေကွယ်'

ကျွန်တော် ဘုံဗိမာန်ကို မပြန်သေးဘဲ အိပ်မက်နတ်သမီးနဲ့ ဝင်တွေ့ပါတယ်။ တွေ့ရတဲ့ အိပ်မက်နတ်သမီးက အိပ်မက်ဆန်ဆန်ပဲ ချောပါတယ်။

'ဘိုးဘိုးကြီးအတွက် ဆောင်ရွက်နေကြောင်း သိပါတယ်၊ ဘာကို အလိုရှိပါသလဲ ပြောပါ'

'လူတစ်ယောက်ကို အိပ်မက်ကလေးတွေ ပေးချင်တယ်၊ ပြီးရင်ပေးတဲ့ အိပ်မက်တိုင်းကိုလည်း မှန်အောင် ကျွန်တော်တို့က ကြိုးစားပါ့မယ်၊ အဲဒီလို ဖြစ်နိုင်မလား!'

'ဘယ်လို အိပ်မက်မျိုးပေးချင်တာလဲ၊ ထီပေါက်တာ၊ ရွှေအိုးတွေ့တာ သည်ဖြင့်ကတော့ သူ့ကံနဲ့ သူ့အချိန်ရောက်မှသာ ပေးနိုင်တယ်၊ ဒါမျိုးကို ကြိုပေးလို့လည်း မရဘူး၊ လုပ်ပေးလို့လည်း မရဘူး'

'အဲဒီလို အကြီးအမားကြီးထဲက မဟုတ်ပါဘူး၊ ကျွန်တော်လိုချင်တဲ့ အိပ်မက်ကလေးတွေက အသေးအဖွဲကလေးတွေပါ'

'ဥပမာ... အိပ်မက်ရှင်ဟာ အိမ်ထောင်ကျတော့မယ်ဆိုတဲ့ အိပ်မက်မျိုး၊ တစ်ခုခုကို လာဘ်ရမယ်ဆိုတာမျိုး အသေးအဖွဲကိစ္စကလေးတွေပါ'

အိပ်မက်နတ်သမီးက ခဏစဉ်းစားပြီး ပြုံးပါတယ်။

'အိမ်ထောင်ကျဖို့ အိပ်မက်ပေးတာကတော့ ဟုတ်ပါပြီ နတ်ငယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အိပ်မက်ပိုင်ရှင်က ဖူးစာရှိ မရှိဆိုတာမသိဘဲနဲ့ အိပ်မက်ပေးလို့ မရပါဘူး၊ ဒီတော့ အိပ်မက်ရစေချင်တဲ့သူမှာ အိမ်ထောင်ကျဖို့ ကံရှိ မရှိ၊ ဖူးစာနတ်မင်း ဆီသွားပြီး အရင်စစ်လိုက်ပါလား နတ်ငယ်'

ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့တုန်းဟု ကျွန်တော်တွေးမိသည်။ သူ... ဖူးစာနတ်ကို သတိမေ့နေခဲ့သည်။ ဒါ့ကြောင့် ဖူးစာရေးနတ်ဆီမှာ ဒေါ်ခင်မိုးမာ မှာ အိမ်ထောင်ရေး၊ အချစ်ရေး ကံဇာတာ ရှိ မရှိ ကြည့်ဖို့သွားရပြန်သည်။

'နတ်ငယ် ဒေါ်ခင်မိုးမာကြီးမှာ အိမ်ထောင်ရေးဇာတာ မရှိဘူးဆိုရင် ဘယ့်နှယ့်လုပ်ကြမလဲ!'

ဖေးက စိုးရိမ်တကြီး မေးပါတယ်။

'ဒီလိုဆိုတော့လည်း နောက်တစ်မျိုး စဉ်းစားကြတာပေါ့'

ဖူးစာရေးနတ်ထံကိုရောက်တော့ ဖူးစာရေးနတ်မင်းမှာ အလွန်တစ်ရာ အလုပ်များနေတာကို တွေ့ရပါတယ်။ သူ့အောက်က မြှားနတ်မောင်တွေ လည်း ဟိုပျံဒီပျံနဲ့ ရှုပ်ယှက်ကို ခတ်နေတာပဲ။

ဒါပေမယ့် ဖူးစာရေးနတ်က လက်ခံတွေ့ဆုံပါတယ်။

'ဘိုးဘိုးကြီးအတွက် ကြိုးစားပေးနေတယ်ဆိုတဲ့ သတင်းကတော့ နတ်လောကမှာ ကြီးနေတာပဲ အရှျ၊ ဘာအကူအညီများ လိုသလဲ! ဘိုးဘိုးကြီး အတွက် ပေတာဒါနမှာ ဘယ်သူနဲ့ဘယ်သူ့ကို ဖူးစာဖက်နိုင်ဦးမှာလဲ'

'တပည့်တော် အဲဒီလောက်အထိ မစွမ်းသာပါဘုရား၊ တပည့်တော် လာတာ တစ်ယောက်သော အမျိုးသမီးဟာ ဒီဘဝမှာ ဖူးစာဖက်ရှိပြီး အိမ်ထောင်ကျ မကျသာ သိချင်တာပါဘုရား'

'အိုး... ဒါကတော့ အလွယ်ကလေးပဲ နတ်ငယ်ရဲ့၊ ကဲ... ဘယ်သူလဲ ဆိုတာသာပြော...'

ကျွန်တော်က ဒေါ်ခင်မိုးမာကြီးရဲ့ နာမည်ကိုပြောတော့ ဖူးစာရေးနတ် မယ်ကလေးတစ်ယောက်ကို ကြည့်ခိုင်းတော့ 'နတ်ကောင်းများ စောင်မ၍ သဖြင့် ဤဘဝတွင် ဖူးစာပွင့်သည်' ဆိုတဲ့အဖြေကို ရပါတယ်။





'ဒီလိုကွ နတ်ငယ်အရှျရဲ့ မင်းမေးတဲ့လူက ဘဝ ၂၀-လောက် ဖူးစာ မပွင့်ခဲ့တဲ့အထုံက ကြီးစိုးနေတာ၊ အခု မင်းက ကူညီမှာမဟုတ်လား!'

'ဘိုးဘိုးကြီးရဲ့အလှူအတွက် အကျိုးကွင်းစက်ကလေးဖြစ်နေလို့ ကူညီ ရမှာပါ'

'ကောင်းပါပြီကွာ... လိုအပ်တာရှိရင်လာကွာ ကူညီဖို့ အဆင်သင့်ပဲ ဟေ့...'

♦



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးမာရဲ့ ခြေထောက်အနာက လေးရက်မြောက်နေ့မှာ ပျောက်သွားပါတယ်။ အမှန်တော့ ပြီးခဲ့တဲ့ နှစ်ရက်ကတည်းက ပျောက်နေတာပါ။ ဒါပေမယ့် ဒဏ်ရာကလေးရှိတယ်ဆိုပြီး ပဲများရတာကို သဘောကျသွားလို့ ဒေါ်ခင်မိုးမာက ကျန်တဲ့နှစ်ရက်ကို အကောင်းကြီးနဲ့ လူမမာလုပ်နေတာပါ။

ခြေထောက်က ကောင်းနေပြီဆိုတော့ သူ အမှတ်တမဲ့ ထ,ရပ်မိပြီးမှ သတိရရင်… 'အား…အမလေး ကျွတ်!!ကျွတ်!!' ဆိုပြီး နာနေတဲ့ဘက်ကို ခြေထောက်ကလေးကိုသာ မြှောက်ထားလိုက် ကိုစိုးချစ်က လာတွဲဖို့အဆင်သင့်ပဲ။

'စာအုပ်ဖတ်ရင်းနဲ့ စိတ်ထဲက ဒဏ်ရာကိုမေ့ပြီး ထ,ရပ်မိတာ၊ အမလေး … ကျွတ်ကျွတ်!!'

'လေးရက်ရှိပြီ၊ မပျောက်သေးဘူးဆိုရင်တော့ ၈-လမ်းက 'မင်း' အကြောဆေးခန်းကို သွားမှပဲ'

'အို… ကိုစိုးချစ်ကလည်း ကိုအောင်ဇင့်ကို အားနာစရာ'





'သေဒနာနဲ့ပတ်သက်လာရင်တော့ အားမနာနိုင်ဘူး၊ ဒေါ်ခင်မိုး သက်သာတဲ့ဆရာဆီ ပြောင်းသင့်ပြောင်းရမှာပဲ'

'အခုလည်း သက်သာလာနေပါပြီ၊ ကိုယ်က ယောင်ပြီးထ,လိုက်မိလို့ပါ'

ကိုစိုးချစ်က ဒေါ်ခင်မိုးမာကို အသာဖေးပြီး ခုံမှာထိုင် ခြေထောက်နာသည့်လေးရက်အတွင်း ဒေါ်ခင်မိုးမာတစ်ယောက် ကိုစိုးချစ်၏ စေတနာ၊ မေတ္တာ၊ ကရုဏာတွေ တစ်လှေကြီးနှင့် သာယာနေခဲ့သည်။ အခုလို အနာအပြုမှာ ဖေးမပေးထားတော့ အတွေ့အထိကြောင့် ရင်ခုန်ရပြန်သည်။

အမြင်အရ လူမှုရေးဖြစ်ပေမယ့်၊ ခံစားရသည့် အထိအတွေ့က ရင်ခုန်သံထဲကို ရောက်သွားတာ ကိုယ့်ကိုယ်ကိုယ် သိကြပါတယ်။

ဒီနေ့ ကိုစိုးချစ်လာတော့ ပန်းခြံထဲမှာ ဆင်းပြီးလမ်းလျှောက်နေတဲ့ ဒေါ်ခင်မိုးမာကိုတွေ့ရတော့ ကိုစိုးချစ် တော်တော်ကလေး အံ့သြသွားပြီး ရပိုင်ခွင့် တော်တော်များများလည်း ဆုံးရှုံးလိုက်ရသလို ခံစားရပါတယ်။

'ဒီနေ့မနက် မိုးလင်းကတည်းက ခြေထောက်က မနာတော့တာ…'

'တော်သေးတာပေါ့၊ ဒါပေမယ့် အရဲစွန့်ပြီး အလေးအပင် မ,တာတို့ ဘာတို့တော့ မလုပ်နဲ့ဦးနော်…'

'မ,စရာလည်း မရှိပါဘူး ကိုစိုးချစ်ရဲ့'

စကားပြောရင်းပဲ ဒေါ်ခင်မိုးမာနဲ့ ကိုစိုးချစ်တို့ ပန်းခြံလေးထဲက ခုံကလေးမှာ ထိုင်လိုက်ကြတယ်။ ကိုစိုးချစ် လှမ်းကြည့်တော့ ဒေါ်ခင်မိုးမာရဲ့ နှစ်ထပ်တိုက်ကလေးက ဆိတ်ငြိမ်လို့။

'အင်း… ဒေါ်ခင်မိုး အိမ်မှာ အဖော်မရှိဘဲနဲ့နေရတာ မပျင်းဘူးလား!'

'နေနေကျဆိုတော့ ရိုးနေပါပြီ'

'ကျွန်တော်တို့အိမ်မှာဆို ညီမကမွေးတဲ့ ကလေး၂-ယောက်ရယ်၊ အစ်ကိုကမွေးတဲ့ သုံးယောက်ရယ်၊ အစ်မကမွေးတဲ့ တစ်ယောက်ရယ်နဲ့ ပြောင်းကို ဆန်နေတာပဲ၊ မနက် ခုနစ်နာရီဆို တစ်အိမ်လုံးဆူနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုစိုးချစ် စိတ်မညစ်ဘူးလား!'

'မခင်မိုး ပြောသလိုပဲ ကြာတော့လည်း ရိုးသွားတာပါပဲ၊ အိမ်တစ်အိမ်ဟာ သိပ်ဆူညံလွန်းရင်လည်း မကောင်းပါဘူး၊ မခင်မိုးတို့လို တိတ်ဆိတ်ပြီး အဖော်မဲ့နေတာလည်း မကောင်းပါဘူး၊ သင့်တင့်တဲ့ လူဦးရေနဲ့ စိုစိုပြေပြေ နေနိုင်အောင် ကြိုးစားတာကောင်းပါတယ်'

ကိုစိုးချစ်စကားကြောင့် ဒေါ်ခင်မိုးမှာ မျက်မှောင်ကိုကျုံ့တယ်။

'ကိုစိုးချစ်ပြောတာ ဘယ်လို သဘောလဲ!'

'ဩော်... အိမ်တစ်အိမ်မှာ အခုလို မခင်မိုးတစ်ယောက်တည်း ရှိတာကို မသမာတဲ့လူက သိသွားမယ်ဆိုရင် အန္တရာယ်ရှိနိုင်တယ်လို့ ပြောချင်တာပါ၊ အခုလို ပတ်ဝန်းကျင်နဲ့ သိပ်မရင်းနှီးသေးတဲ့အချိန်မှာဆို ပိုဆိုးတာပေါ့၊ မခင်မိုးတို့ရပ်ကွက်ထဲမှာ ဒီလမ်းကလေးက တစ်လမ်းသွား လမ်းပိတ်ဆိုတော့ ဆိတ်ငြိမ်ရပ်ကွက်လိုဖြစ်နေတာ၊ တစ်အိမ်ကအကြောင်းကို တစ်အိမ်က သိဖို့ မလွယ်ဘူး မဟုတ်လား!'

'အို... ဒီခေတ်မှာ ဒီလောက် အတင့်ရဲတဲ့သူ မရှိပါဘူး၊ တရားဥပဒေ ရှိတာပဲ'

'ဟုတ်ပါတယ်၊ တရားဥပဒေလည်းရှိ အိမ်မှာလည်း အဖော်ကောင်းတစ်ယောက်ရှိရင် ပိုမကောင်းဘူးလား မခင်မိုးရယ်'

'အဖော်ကောင်း... နွေးရှိတာပဲ၊ ကိုယ့်တူမအရင်း ဒီထက်ကောင်းတဲ့ အဖော် ရှိဦးမလား!'

ကိုစိုးချစ်က ပြုံးရင်း ခေါင်းခါသည်။

'နွေးက သူ့အလုပ်ချိန်နားမှ မခင်မိုးအနားမှာရှိတာ၊ ကဲ... မခင်မိုးခြေထောက်နာနေတုန်းက ကြည့်ပါလား! အနားမှာ အဖော်ကောင်းရှိရင် နှစ်ရက်လောက်နဲ့ ပျောက်မယ့်ကိစ္စကို လေးငါးရက်စောင့်နေရတာ'

ကိုစိုးချစ်စကားကို ဒေါ်ခင်မိုးမှာ ပြန်မချေပနိုင်။ သူ့ဘာသာ ပဲများမိတာ မှားပြီလို့ အခုမှပဲ ဒေါသဖြစ်ရပါတယ်။





'ရပါတယ် ကျွန်မက ဒီလိုနေနေကျဆိုတော့ ရိုးနေပါပြီ'

'မလွယ်ဘူး မခင်မိုး၊ နွေးက အိမ်ထောင်ကျလို့ သူ့အိုးသူ့အိမ်နဲ့ဆို မခင်မိုး ပိုပြီး အထီးကျန်မယ်'

'အထီးကျန်တော့ ဘာဖြစ်လဲ!'

'ဘယ်ကောင်းပါ့မလဲ မခင်မိုးရယ်... အသက်ကြီးလာတော့ ဆေးပေးမီးယူ တိုင်ပင်ဖော်တိုင်ပင်ဖက် ဘဝရဲ့လက်တွဲဖော်တစ်ယောက်တော့ ရှိမှာပေါ့၊ အဲဒီလူ နေရာအတွက် ကျွန်တော်ဖြစ်ပါရစေ မခင်မိုး...!'

ဒီလိုဖွင့်ပြောလာလိမ့်မယ်ဆိုတာ ဒေါ်ခင်မိုးမှာ သိပြီးသား။ သူ့ကို ဖွင့်ပြောရင် သူ တော်တော်ရှက်မှာပဲဟု တွေးထားခဲ့သော်လည်း တကယ်ကြုံတော့ တွေးတုန်းကလောက် မဟုတ်လှ။ အတွေးမှာပင် ရင်ခုန်ရတာ များသွားလို့ အလေ့အကျင့် ဖြစ်သွားဟန်တူသည်။

'ကျွန်မ စဉ်းစားပါရစေဦး ကိုစိုးချစ်'

'မခင်မိုးကလည်း အဒေါ်ချစ်သူထားဖို့ တူမနဲ့တိုင်ပင်တာမျိုးကျတော့လည်း သဘာဝမကျပါဘူး၊ ရင်ထဲကအတိုင်းပဲ ပြောစမ်းပါ မခင်မိုးရယ်...'

ဒေါ်ခင်မိုးမှာ ဘာပြောရမှန်းမသိ။ ခေါင်းကို ငုံ့ထားမိသည်။ အဲဒီအချိန်မှာပဲ ခုံတန်းပေါ်တင်ထားတဲ့ သူ့လက်ဖမိုးအပေါ်ကို နွေးထွေးတဲ့ လက်တစ်ဖက် ကျရောက်ပြီး ငြင်သာစွာ ဆုပ်ကိုင်လိုက်တာကို ငြိမ်ငြိမ်ကလေးပဲ နေလိုက်မိပါတယ်။

'နွေးကို သွားအသိမပေးနဲ့ဦးနော်...!'

'ရမလား မခင်မိုးရဲ့...! အခုအလုပ်က လစ်ထွက်လာကတည်းက ဒီစကားပြောဖို့လို့ ပြောခဲ့ရတာ...'

ဒေါ်ခင်မိုးမှာ ခေါင်းကိုငုံ့ရင်း သူ့ကို တစ်ဖက်သတ်ဆုပ်ကိုင်ထားတဲ့ လက်ကို ပြန်လည်ပြီးဆုပ်ကိုင်ရင်း 'ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ မပြောနဲ့ဦးလေ' လို့ပဲ တားလိုက်နိုင်ပါတယ်။

ညနေ နွေးပြန်လာတော့ ကိုစိုးချစ် မရှိတော့၊ နွေးဆိုသည့်သမီးချင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ရည်ညွှန်းနေမှန်း သိသော်လည်း ဒေါ်ခင်မိုးမာ မသိချင်ယောင်ပဲ ဆောင်နေပါတယ်။

'အချစ်ဆိုသည်မှာ x x x အံ့သြမှုများနဲ့ ဆန်းကြယ်သောအရာ'

'အချစ်ဆိုသည်မှာ x x x လူသားတိုင်းရဲ့ နှလုံးသားထက် အရှင်သခင်...'

'အချစ်ဆိုသည်မှာ... ... ...'

■





## အခန်း (၁၂)

ည အိပ်ရာဝင်ခဲ့ပြီး ဒေါ်ခင်မိုးမာတစ်ယောက် အိပ်ခါနီးတိုင်း သောက်နေကျ အိပ်ဆေးပြားပုလင်းထားရာ ယူဖို့သွားတော့ ထားနေကျနေရာမှာ အိပ်ဆေးပြားပုလင်းက မရှိ။

သူသောက်ပြီးတိုင်း ထားနေကျနေရာမှာ ထားခဲ့တာ၊ ဒီအိမ်ကို ပြောင်းလာကတည်းကပါပဲ။ အခု ရှာမတွေ့သဖြင့် ဟိုဟိုဒီဒီ နေရာတွေမှာရှာသော်လည်း မတွေ့၊ ထားနေကျနေရာမှာမတွေ့လို့ ထားနေကျမဟုတ်သော နေရာတွေကိုပါရှာပေမယ့်လည်း အိပ်ဆေးဘူးထည့်ထားတဲ့ ပုလင်းကိုမတွေ့။

'နွေးရေ... နွေး... ဒေါ့်အခန်းထဲက အိပ်ဆေးပုလင်း ယူသေးလား...!'

'ဘာ ပုလင်း!!'

'အိပ်ဆေးပုလင်း'

'မယူပါဘူး ဒေါ်ရဲ့ ဒီအတိုင်းနေရင်းတောင် နွေးက အိပ်ချင်နေလို့ ခက်နေတာဟာကို...'



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ဟုတ်တာပဲ၊ နွေးဆိုတဲ့ သူတူမက ခေါင်းချတာနဲ့ အိပ်ပျော်တတ်တာ သူသိပြီးသား၊ အိပ်ဆေးဘူးကို မတွေ့ရတော့ သူ့ရင်ထဲမှာ ဒေါသတစ်ခုဝင်လာပါတယ်။ အဲဒီဒေါသက ဘယ်သူ့ကို အပြစ်တင်ရမှန်း မသိတဲ့ ဒေါသပါပဲ။

အဲဒီဒေါသနဲ့ တစ်ခါမှမထားဘူးတဲ့ ခုတင်အောက်တို့ ဘုရားစင်ပေါ်တို့ကိုမကျန် လျှောက်ရှာပါတယ်။ ဒါပေမယ့် အိပ်ဆေးပုလင်းကို ရှာမတွေ့ပါ။

ဘယ်တွေ့ပါ့မလဲ! အိပ်ဆေးပုလင်းကို နတ်ငယ်က ဖွက်ထားတာကို နတ်ငယ် အိမ်နောက်ဖေးခန်းကအထွက်၊ နွေးက အိမ်သာထဲကအထွက်ကို ဇယ်နှင့် တန်း၍တိုးတယ်။ ဇယ်က နတ်ငယ်ကိုကြည့်ရင်း မျက်လုံးပြူး မျက်ဆံပြူးနှင့် လက်ညှိုးထိုးတာက အိမ်သာဘက်ကို။

'မဟုတ်ဘူး ဇယ်၊ ငါ သူ့ရဲ့အိပ်ဆေးပုလင်းကို ကြောင်အိမ်အပေါ်ထပ်က လက်တန်းမှာ သွားဖွက်တာပါ၊ နင် မယုံရင်လာကြည့်'

ဇယ်သွားကြည့်တော့ အိပ်ဆေးပုလင်းကိုပါ တွေ့ပါတယ်၊ အမှတ်မထင် တိုက်ဆိုင်မှုပါ။

ဒေါ်ခင်မိုးမာလည်း အိပ်ဆေးသောက်အိပ်နေကျ မအိပ်ရလို့ တစ်ညလုံး မျက်စိတွေကြောင်ပြီး အတွေးတွေက ဟိုရောက်ဒီရောက်နှင့် အိပ်မပျော်တဲ့ ညရဲ့သံသရာရှည်ပုံကို ခံစားရပါတယ်၊ အိပ်လို့မပျော်တော့ အတွေးတွေကလည်း ဟိုရောက်ဒီရောက်ပေါ့။

ကိုစိုးချစ်က ရှေ့နှစ်လက်ထပ်ဖို့ ကတိတောင်းတာလည်း ပါတယ်။ နွေးက ကိုကောင်းကျော်နဲ့ အဆင်ပြေသွားတော့ လက်ထပ်ဖြစ်ပြီးရင် အိမ်ခွဲဆင်းဖို့ မဆင်းဖို့လည်း ပါတယ်။ အိမ်ကို ဆေးပြန်သုတ်ဖို့ ကိုစိုးချစ်ပြောတာ၊ ပန်းခြံကလေးထပ်ချဲ့ဖို့ပြောတာ၊ ကြောင်လေးတစ်ကောင် တောင်းထားတာ မရသေးတဲ့ ကိစ္စတောင်ပါလိုက်သေး...။

ဒီအတွေးတွေက တစ်ခုပြီးတစ်ခု ပေါ်ပေါ်လာနေတော့မှ စိတ်ဟာ





မတည်ငြိမ်ပါကလား! တစ်စိတ်ဖြစ်ပြီး အဲဒီစိတ်ပျက်တဲ့အခါ နောက်တစ်စိတ်က ဝင်လာပြန်ပါလား! ဆိုတာ ဒေါ်ခင်မိုးမာ သတိထားမိတယ်၊ နာရီကို ကြည့်တော့ မနက် လေးနာရီခွဲ၊ စိတ်ဆိုးဒေါသဖြစ်မနေတော့၊ အိပ်မပျော်ရင် နံနက်စောစော ဘုရားဝတ်ပြုလိုက်မည်လို့ တွေးလိုက်ပါတယ်။

♦



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးမာ အိပ်ရာကနိုးလာတော့ တစ်ကိုယ်လုံး လန်းဆန်းနေပါတယ်။ ပြီးတော့ မျက်စိဖွင့်ရင်း ငါ အိပ်ရာကနိုးတာပါလား! ခုနက အဖြစ်အပျက်ဟာ အိပ်မက်ပါလား! လို့ ဆင်ခြင်မိတယ်။

ဒါပေမယ့် သူ့စိတ်ထဲမှာ အိပ်မက်လို့မထင်ဘဲ သူကိုယ်တိုင် ပြုလုပ်ရသည်ဟုပင် ထင်မိနေတုန်းပါပဲ။

အိပ်မက်ထဲမှာ သူတစ်ခါမှ မရောက်ဘူးသော ဘုရားတစ်ဆူကို ရောက်ရှိသွားပြီး ထိုဘုရားရှေ့တွင် မီးမထွန်းရသေးတဲ့ ဖယောင်းတိုင်တွေရှိနေပြီး သူ့လက်ထဲမှာက မီးရောင်ထိန်နေသည့် ဖယောင်းတိုင်တစ်တိုင် ရှိနေတာနဲ့ သူ ကြည်နူးနှစ်သက်စွာ ဘုရားမီးကို ပူဇော်ရတယ်လို့မက်တာ...။

ဖယောင်းတိုင်တွေလည်း အကုန်မီးထွန်းပြီးရော သူ့အိပ်မက်က လန့်နိုးတာပါပဲ။

ဒေါ်ခင်မိုးမာ ပြောချင်ဇောနဲ့ အိမ်ရှေ့ကိုထွက်တော့ ဘယ်သူမှ မရှိ။ နွေးက အလုပ်သွားပြီ။ စားပွဲပေါ်မှာ စာတစ်စောင်တွေ့လို့ ဖတ်ကြည့်တော့... သူ့အတွက် ထမင်းကြော်ထားခဲ့ကြောင်းနှင့် ငါးမြင်းဆိပ်ပြန်ကလေး ချက်ထားခဲ့ကြောင်း ရေးထားတာပါ။ သူ့အိပ်မက်ကို ပြောပြရမည့်သူ မရှိတော့... နွေးဝယ်ထားသည့် အိပ်မက်နိမိတ် စာအုပ်ကလေးထဲမှာ ရှာဖတ်တော့ အနီးစပ်ဆုံး တွေ့ရသည်က...

'ဖယောင်းတိုင် မီးလင်းနေသည်ကို မြင်မက်မှု နတ်ကောင်း နတ်မြတ်တို့ မ,စအံ့' တဲ့။

ဘာပဲဖြစ်ဖြစ် နိမိတ်ကောင်းမို့ ဒေါ်ခင်မိုးမာ ကျေနပ်သွားတယ်။ အဲဒီအိပ်မက်အကြောင်းကိုလည်း တစ်ယောက်ယောက်ကို ပြောချင်နေတယ်။

ဒါနဲ့ သူ့နဲ့စိန်ကြည့်ဖက် စောသဇင်ဆီ လှမ်းphoneဆက်တော့ ဈေးကွက်မှာ အရောင်းအဝယ်က အေးနေလို့ သူတောင် မသွားဘူးတဲ့။ ဒါနဲ့ အိမ်ကို လာပါလားဆိုတော့ လာမယ်တဲ့။

သဇင်လာတော့ ပန်းခြံကလေးထဲဆင်းထိုင် ရေနွေးတစ်အိုး လက်ဖက်





တစ်ပွဲနဲ့အဆင်ပြေပြီး ရောက်တတ်ရာရာကိုပြောရင်း သဇင်က ဒီအိမ်ကလေးကို သဘောကျကြောင်း ပန်းခြံကလေးကိုလည်း သဘောကျကြောင်းပြောရင်းမှ စကားကြုံသလိုနဲ့ ဒေါ်ခင်မိုးမာက မနက်က အိပ်မက်အကြောင်းကို ပြောဖြစ်တော့ သဇင်က အံ့သြနေတယ်။ ဒေါ်ခင်မိုးမာ စကားဆုံးတာနဲ့ သဇင်က တန်းမေးတော့တာပဲ။

'မင်း အခုတလော ထူးထူးခြားခြား ဘာဖြစ်သလဲ!'

ဒီတော့ ပြောချင်နေတဲ့ ဒေါ်ခင်မိုးမာက ရင်ဖွင့်တာပေါ့။ ကိုစိုးချစ်နဲ့အကြောင်းတွေ၊ ကိုယ့်အကြောင်း ကိုယ်ပြောရလို့လားမသိဘူး ပြောလို့တော်တော် ကောင်းပါတယ်။ သဇင်က စကားအတင်းဖြတ်ရတယ်။

'အင်း... ဒီအိမ်ကိုပြောင်းမှ မင်း ထူးခြားချက်တွေ ရှိတယ်ဆိုတာတော့ သေချာနေပြီ။ ကိုယ်တို့ကိုးကွယ်တဲ့ ဆရာတော်ဆီလိုက်ပြီး လျှောက်ကြည့်ပါလား!'

သဇင်စကားဆုံးတာနဲ့ ဖြစ်နိုင်ရင် အင်္ကျီလဲပြီးသားတောင်ဖြစ်ချင်တာ... ချက်ချင်းအင်္ကျီလဲပြီးတော့ နွေးအတွက် စာရေးရတယ်။ ပြီးတော့ အိမ်တံခါးသော့ကိုပါ အပြီးယူခဲ့တော့ သဇင်က 'သော့မထားခဲ့ဘူးလား' လို့မေးတော့ တစ်ယောက်တစ်စုံစီ ကိုင်တယ်လို့ပြောပြီး သဇင့်ကားနဲ့ပဲ ဆရာတော်ဆီကို သွားပါတယ်။

ဆရာတော်ဆီကိုရောက်တော့ ဆရာတော်ဟာ လောကီရေးရာ ဗေဒင်တွေ ယတြာတွေချေ၊ လက္ခဏာတွေတွက် စတဲ့ ဆရာတော်မျိုး မဟုတ်ပါဘူး။ အခုလို မသိနားမလည်တဲ့ ဒေါ်ခင်မိုးမာတို့လိုလူတွေ လမ်းလွဲမရောက်အောင် သိထားတဲ့ အဆုံးအမကိုပဲ လိုရင်းပြောတာပါ။

'အခု ဒကာမကြီးမက်တဲ့အချိန်နဲ့ မက်တဲ့အကြောင်းအရာအရဆိုရင် ဘဝ... ဘဝပေါင်းများစွာက တော်စပ်ခဲ့တဲ့ ဆွေမျိုးတွေထဲက ကောင်းသောဘဝကိုရသူ ဆွေမျိုးတွေက စောင့်ရှောက်တယ်ဆိုတဲ့ နိမိတ်ပါပဲ၊ ဒကာမကြီး မအိပ်ခင် ဘာကို အာရုံပြုလဲ!'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးမာပြောပြတော့ ကောင်းသောစိတ်ထားကို အာရုံပြုပြီး အိပ်ပျော်တဲ့အတွက် ကောင်းသောအိပ်မက်ကိုရကြောင်း ပြောပါတယ်။ အိမ်ပြန်ရောက်လို့ နွေးကိုပြောပြတော့ နွေးကလည်း ဝမ်းသာနေတယ်။ ပြီးတော့ နွေးက ပြဿနာတစ်ခုကို တင်ပြတယ်။ ကိုကောင်းကျော်က လက်ထပ်ခွင့်တောင်းနေပြီပေါ့။

အဲဒီစကားကိုကြားတော့ ဖေယ်က နတ်ငယ်ကို လှမ်းကြည့်တယ်၊ နတ်ငယ်ရဲ့မျက်နှာမှာ ခံစားချက် တစ်ချက်ကလေး အရိပ်သန်းသွားတာကလွဲလို့ ကျန်တာတွေမရှိ၊ မတွေ့ရတဲ့အတွက် ဖေယ်က နတ်ငယ်ကို ချီးကျူးနေမိတယ်။

'ဒါက တစ်နေ့ကြုံလာမယ့် ကိစ္စတွေပါ၊ အေးအေးဆေးဆေး ဆုံးဖြတ်ကြတာပေါ့၊ ဒေါ်တစ်ခုတွေးထားတာတော့ ရှိတယ်၊ လက်ထပ်ကြမယ်ဆိုရင် ဒေါ်နဲ့နွေး ပိုက်ဆံ ၂-ခါမကုန်အောင် တစ်နေ့တည်း ၂-မင်္ဂလာ လုပ်ရအောင်လို့လေ မကောင်းဘူးလား!'

'မကောင်းဘူး၊ လူကြီးတွေပြောတာတော့ ၂-မင်္ဂလာ မလုပ်ကောင်းဘူးတဲ့'

'ဒါကြောင့် ပြောတာပေါ့၊ အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့လို့'

♦





ဒီနေ့တော့ ဒေါ်ခင်မိုးမာ အိပ်ဆေးပုလင်းကို သေသေချာချာကို ထားပါတယ်။ ည ၇-နာရီခွဲလောက်မှာ ကိုစိုးချစ်နဲ့ ကောင်းကျော်တို့ ရောက်လာလို့ လက်ဖက်သုပ်စားတော့... နွေးက သတိပေးတယ်။

'ဒေါ်... ညကျ အိပ်မပျော်ဖြစ်နေဦးမယ်နော်'

'ရပါတယ်... ငါ ဆေးဝယ်လာပြီးသား၊ ဒီည OK ပဲ'

ပြောစရာစကား ဦးတည်ချက်မရှိတဲ့ ဒေါ်ခင်မိုးမာတို့ဝိုင်းဟာ အိပ်ဆေးဘက်ရောက်သွားတယ်။ ကိုစိုးချစ်က ဒေါ်ခင်မိုးမာ ညစဉ် အိပ်ဆေးတွေသောက်နေတာကို မကြိုက်ဘူး။

'အိပ်ဆေးသောက်ပြီး အိပ်တာဟာ သာမန်အိပ်တာလောက် ကျန်းမာရေးမညီညွတ်ဘူး၊ ဖြစ်နိုင်ရင် အိပ်ဆေးကိုမသောက်ဘဲ နေသင့်တယ်၊ အိပ်ဆေးဆိုတာ မူးယစ်ဆေးဝါး အမျိုးအစားထဲကပဲ၊ ရောဂါကြောင့် ဆရာဝန်ကလိုအပ်လို့ ခဏပေးတာပဲကောင်းတယ်၊ အိပ်ဆေးသောက်ပြီး အိပ်တာကြီးက မကောင်းဘူး'

'အိပ်လို့မှမပျော်တာ ဘယ်လိုလုပ်မလဲ!'



www.burmeseclassic.com

www.burmeseclassic.com



'ကျန်းမာရေး လေ့ကျင့်ခန်းယူပေါ့'

သူတို့စကားပိုင်း ခဏတိတ်သွားတော့ နတ်ငယ်က ဖယ်ကို ခဏအစောင့်ထားပြီး ဒေါ်ခင်မိုးမာအိပ်ခန်းထဲဝင် အိပ်ဆေးပုလင်းအသစ်ကို ရှာပြီး အရင်နေရာမှာ ဖွက်ထားလိုက်ပါတယ်။

ရှစ်နာရီခွဲခါနီးတော့ ကိုစိုးချစ်တို့ ပြန်သွားကြတယ်၊ ဒေါ်ခင်မိုးမာက ကျေနပ်တာပေါ့၊ သူ့ကိုရီးယားကား အကြည့်မပျက်လို့လေ။ နွေးကတော့ အိပ်ချင်တယ်ဆိုပြီး အိပ်ရာထဲဝင်သွားတယ်။

'ဖယ် ဒေါ်ခင်မိုးမာကို ကြည့်ထား ငါအိပ်မက်နတ်သမီးနဲ့ သွားစကားပြောလိုက်ဦးမယ်'

ကျွန်တော်ရောက်သွားတော့ အိပ်မက်နတ်သမီးက အိပ်မက်တွေပြင်နေချိန်ပါ။ ကျွန်တော်ကလည်း ဒေါ်ခင်မိုးမာအတွက် အိပ်မက်တောင်းပါတယ်။ ဒီတော့ အိပ်မက်နတ်သမီးက ပြောပါတယ်။

'နတ်ငယ် အမှန်တော့ အိပ်မက်ဆိုတာ ပေးချင်တိုင်း ပေးလို့ရတာမဟုတ်ဘူး၊ ဒါပေမယ့် ဒေါ်ခင်မိုးမာရဲ့ ကံဇာတာချုပ်ကို တောင်းကြည့်တော့ လိပ်ပြာက ရှေ့ဘဝအဆုံးမှာ လှတာကိုတွေ့ရလို့ ပေးရတာ... ဆက်တိုက်တော့ မဖြစ်နိုင်ဘူး'

'ရွာတော်ရှင်ဘိုးဘိုးရဲ့ အလှူနေ့က ဝါဆိုလပြည့်နေ့ကို ကျော်လို့မရဘူး နတ်မယ်၊ ကျွန်တော်တို့မှာ အချိန်မရှိလို့ပါ'

ရက်ကိုတွက်ကြည့်တော့ ဆယ့်နှစ်ရက်သာ ကျန်တော့တာကိုတွေ့ရတော့ အိပ်မက်နတ်သမီးလည်း ကူညီစရာရှိတာကို ကူညီဖို့ပြင်ရှာပါတယ်။

'အိပ်မက်မက်တဲ့အချိန်တွေနဲ့ အကျိုးပေးတာတွေက တူတာမဟုတ်ဘူး၊ ပထမယံမှာဆို တစ်နှစ်အတွင်း အကျိုးပေးတာ၊ ဒုတိယယံဆို ခြောက်လ၊ တတိယယံဆို သုံးလ၊ စတုတ္ထယံနဲ့ အရုဏ်တက်မှာမက်ရင် ၁၀-ရက်အတွင်း အကျိုးပေးတာ၊ ပြီးတော့ စနေနေ့မက်မှ ကိုယ့်အတွက်မက်တာ၊ ကျန်တဲ့နေ့တွေက တခြားလူတွေအတွက်ချည်းပဲ'





'မနက်ဖြန် စနေဆိုတော့ အတော်ပဲပေါ့'

'နတ်ငယ်က ဘယ်အကျိုးကို လိုချင်တာလဲ! အဲဒီအကျိုးနဲ့ ကိုက်ညီတဲ့ အိပ်မက်ကို ရွေးရဦးမှာ...'

ကျွန်တော်ပြန်ရောက်တာနဲ့ ဖယ်က ဆီးတိုင်ပါတယ်။

'နင့် ဒေါ်ခင်မိုးမာကြီးတော့ သူ ဒီနေ့မှဝယ်လာတဲ့ အိပ်ဆေးပုလင်း ပျောက်ရမလားဆိုပြီးတော့ အကြီးအကျယ် ဒေါသဖြစ်နေတယ် နတ်ငယ်... အဲဒီတော့ သူ့ကို အိပ်ဆေးမသောက်ဖို့ တရားတွေဟောသွားတဲ့ ကိုစိုးချစ်ကိုပဲ တရားခံထင်တာ၊ ဖြစ်ချင်တော့ ကိုစိုးချစ်ကလည်း ပြန်ခါနီး အပေါ့သွားလိုက်သေးတယ် မဟုတ်လား! phone ဆက်ပြီး ကောလိုက်တာ ပြောမနေပါနဲ့တော့ဟယ်၊ ဟိုခမျာ သနားပါတယ်'

ကျွန်တော် ဘာမှ ပြန်မပြော၊ အိမ်စောင့်နတ်နှင့် ခြံစောင့်နတ်တို့ကို တိုင်ပင်စရာရှိတာတွေ တိုင်ပင်ရတယ်။

'ဒီခြံထဲမှာ ကာကွယ်စောင့်ရှောက်ရတဲ့ ရွှေငွေ... စတာတွေ ရှိသလား ခြံစောင့်နတ်မင်း'

'ရှိတယ်၊ နတ်ငယ် ဘာ့အတွက် မေးရတာလဲ!'

'ရှိရင် ကျွန်တော် အဲဒီပစ္စည်းနည်းနည်းကို အသုံးချချင်တယ်၊ ခြံစောင့်နတ်မင်း ခွင့်ပြုနိုင်မလား!'

'ဒီလိုရှိတယ် နတ်ငယ် ငါတို့က ပစ္စည်းကို စောင့်ရှောက်သူသာဖြစ်တယ်၊ ပိုင်ဆိုင်သူ မဟုတ်ဘူး၊ ဒီတော့ မင်း ရွာတော်ရှင်ဘိုးဘိုးက ခွင့်ပြုတယ်ဆိုရင် ငါတို့က အသင့်ပါပဲ'

'ကျွန်တော်ကလည်း ဒီသိုက်ပစ္စည်းကို ကောင်းရာအတွက် အသုံးချမှာပါ၊ ကဲ... ခြံစောင့်နတ်ကြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါလား ဘိုးဘိုးကြီးဆီကို'

ဒေါ်ခင်မိုးမာတစ်ယောက် ကိုစိုးချစ်ကို ဖြစ်နိုင်လျှင် အမှုန့်ကြိတ်ပစ်ချင်နေသည်။ မနေ့က အိပ်ရေးပျက်ထားသမျှ ဒီနေ့ ဇိမ်နှင့်နှပ်လိုက်မည်ဟု ခဲထားသမျှ အလဟဿဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်တော့ အတွေးတွေက ရှည်ပြန်သည်။ ကင်းတဲက သံချောင်းသံတစ်ချက် ပိုလာတိုင်း ရင်ထဲကဒေါသ ပို၍ပို၍ ကြီးလာသည်။ နောက်ဆုံး ဟိုတစ်နေ့ကလိုပင် စိတ်ကို လျှော့၍ထားလိုက်သည်။ ကြွက်တွန်သံတွေကိုကြားရပြီး ရေထသောက်သည်။ တပေါ့တပါးသွားပြီးတော့မှ စိတ်ကိုလျှော့ပြီး လှဲနေလိုက်တယ်၊ အရဏ်နုနုရဲ့ နိမိတ်ဖြစ်တဲ့ စိမ့်စိမ့်ကလေးအေးလာတဲ့ အအေးထဲမှာ သူ့စိတ်တွေကို လျှော့ထားလိုက်တယ်။

သင်္ဘောတစ်စင်းက ဆိပ်ကမ်းမှာကပ်လို့ ရောင်စုံလူတွေကလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ သွားကြလာကြလို့၊ ဒေါ်ခင်မိုးမာလည်း စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်နေတာကို ခံစားရတယ်။

ခဏကြာတော့ သင်္ဘောကြီးက ဥသြသံပေးပြီး ထွက်ပါတယ်။ ဒေါ်ခင်မိုးမာလည်း သင်္ဘောရှေ့ဦးပိုင်းကရပ်ပြီး ရေလှိုင်းပြာပြာတွေကို ခွဲပြီးမောင်းနေတဲ့ သင်္ဘောကြီးကိုစီးရင်း လက်ခုပ်လက်ဝါးတီးပြီး ပျော်နေတယ်၊ ပျော်နေတာမှ တစ်ကိုယ်လုံးကို ပီတိနဲ့စိမ့်လို့…။

ရုတ်တစ်ရက်ကြီး နိုးလာတော့၊ ဒေါ်ခင်မိုးမာရဲ့ရင်ထဲမှာ ဟာသွားတယ်။ ခုနက သင်္ဘောစီးရတဲ့ ပီတိက မရှိတော့ဘူးလေ။

အိပ်ရာက ချက်ချင်းထ,တော့ နွေးက ရုံးပိတ်ရက်မို့ မီးဖိုချောင်ထဲရောက်နေပြီ။ ဒီတစ်ခါတော့ နွေးကို ပြောမပြခင် နွေးရဲ့ အိပ်မက်နိမိတ်စာအုပ်ကိုပဲ လှန်ရတယ်။ ဖတ်ရင်းအနီးစပ်ဆုံးရတာက

'သင်္ဘောစီးရသည်ဟု မြင်မက်မူ သူတစ်ပါးထက် မြတ်အံ့၊ ယောကျ်ားမက်မူ ဇနီးရအံ့၊ မိန်းမမက်မူ ခင်ပွန်းရအံ့' တဲ့။ ဒေါ်ခင်မိုးမာ ရင်ခုန်သွားတယ်။ ဒီအိပ်မက်ကိုတော့ ဘယ်သူ့ကိုမှ မပြောတာဘဲကောင်းပါတယ်လို့ ဆုံးဖြတ်ရပါတယ်။

ဒေါ်ခင်မိုးမာမျက်နှာသစ်ပြီး သွားတိုက်ပြီး တို့ပတ်ပဝါကလေးရိုက်တော့ သနပ်ခါးခြင်းထဲမှာ အိပ်ဆေးပုလင်းကို ပြန်တွေ့တယ်။ ညက သူ သနပ်ခါးခြင်းထဲ ရှာမိ မရှာမိ စဉ်းစားတော့ မသေချာဘူး။ ဒါနဲ့ နွေးကိုပြောပြတော့





'နတ်ဖွက်တာတို့ ဘာတို့ နေမှာပေါ့'လို့ နွေးက ဆုံးဖြတ်တော့ ကျွန်တော်၊ တော်တော်လေး လန့်သွားတယ်။

နေ့လည်စာစားပြီးတော့ ဒေါ်ခင်မိုးမာ ယန်းခြံကလေးထဲမှာ ဆင်းထိုင်တယ်။ စာအုပ်ကလေး တစ်အုပ်နဲ့လေ…။ နေ့လည်လောက်မှာ ကိုစိုးချစ်ကလာမယ်လို့ပြောထားတော့ စာအုပ်မပါရင် သူ့ကို ထွက်စောင့်နေတယ် ဖြစ်မှာစိုးလို့ပါ။ စိတ်မဝင်စားဘဲ စာအုပ်ကိုဖတ်ရတာ ပင်ယန်းလာတာနဲ့ ယန်းခြံကလေးကို လှမ်းကြည့်တော့ ကြည်နူးစရာအကောင်းသား…။ အဲဒီအချိန်မှာပဲ ကျွန်တော်ဟာ ဘိုးဘိုးနဲ့တစ်ကွ နတ်မင်းတွေကို အာရုံပြုပြီး ဒေါ်ခင်မိုးမာရဲ့ စိတ်နှလုံးထဲကို ဝင်ဖို့ကြိုးစားရတယ်။ ကျွန်တော် ခက်ခက်ခဲခဲ ကြိုးစားရပြီး နောက်ဆုံးမှာ အောင်မြင်သွားပါတယ်။

ဒေါ်ခင်မိုးမာဟာ စင်ပေါ်မှာတင်ထားတဲ့ စံပယ်ပွင့်ကလေးတွေပွင့်နေတဲ့ စံပယ်ပင်ကိုကြည့်ပြီး ဒီနေရာမှာ စံပယ်ပင်ရှိနေတာကို မကျေမနပ်ဖြစ်နေတယ်၊ ဩော်… ကိုစိုးချစ်ထားထားတာ မကောင်းပါဘူးလေလို့ အတွေးဝင်ပေမယ့်၊ စိတ်ထဲမှာ မကျေနပ်နိုင်ဘူး။ ဒါနဲ့ လှမ်းကြည့်တော့ မြေပဒေသာကျွန်းက ကိုစိုးချစ်ဝယ်ထားတဲ့ သစ်ပင်စိုက် ကိရိယာတွေကိုမြင်တာနဲ့ စာအုပ်ဟန်ဆောင်ပြီး ဖတ်နေတာထက်စာရင် ဒီစံပယ်ပင်ကို နေရာရွှေ့တာကပိုကောင်းတယ်ဆိုပြီး ရွှေ့ပါတယ်။

ရွှေ့ဖို့နေရာကိုရှာတော့ အဝင်လမ်း ဘယ်ဘက်က နေရာလွတ်ကလေးကိုတွေ့တော့ သစ်ပင်စိုက်ဆောက်ပြားကလေးနဲ့ မြေစတူးပါတယ်။ အဲဒီအချိန်မှာ ကိုစိုးချစ်ကလည်း ဒေါ်ခင်မိုးမာတို့လမ်းထိပ်ကို ရောက်နေပါပြီ။

ဒီတော့ အသက်ခြောက်ဆယ်ကျော် အဘိုးကြီးနဲ့ လွယ်အိတ်ကြီးကိုလွယ်ထားတဲ့ မြေးအဘိုးနှစ်ယောက်က ကိုစိုးချစ်ကို သူတို့သွားချင်တဲ့လိပ်စာကို မေးပါတယ်။ အစကတည်းက အားနာတတ်တဲ့ ကိုစိုးချစ်ကိုဖယ်နဲ့ ကိုရွှေသာကြီးက ကောင်းကောင်းဖမ်းစား နိုင်ခဲ့ပါတယ်။ ဒီတော့… ကိုစိုးချစ်က ဖယ်တို့ရှာနေတဲ့ လမ်းကို လိုက်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပန်းရုံကလေးထားဖို့ တူးရင်းတူးရင်း တွင်းကလေးက ခြောက်ပေ နီးပါးလောက်အရောက်မှာ တူးထားတဲ့မြေကြီးကို ဖယ်လိုက်တော့ ဒေါ်ခင်မိုး မာရဲ့လက်ထဲမှာ လက်ကောက်တစ်ကွင်း...ရွှေအိုရောင်။ ဒေါ်ခင်မိုးမာ တော် တော်တုန်လှုပ်သွားတယ်။ ဒါနဲ့ ကျင်းထဲက မြေကြီးတွေကို ထပ်နှိုက်တော့ ရွှေရောင်ဝင်းခနဲ ထပ်တွေ့တာနဲ့ ဆက်တူးကြည့်တော့ နောက်ထပ် လက် ကောက်တစ်ကွင်းကိုပါ တွေ့ရပြီး၊ အဲဒီလက်ကောက်ထဲမှာ လက်စွပ်ကလေး တစ်ခုပါ,ပါတယ်လေ၊ သော့ချိပ်ထဲမှာ သော့ချိပ်လို့ရသလိုမျိုး သော့ချိပ်ပုံစံ လက်ကောက်တစ်ကွင်းပါ။

♦





ကျွမ်းကျင်တဲ့ဆရာသမားတွေကို ပြကြည့်တော့ လက်ကောက်ပေါ်မှာ ပါတဲ့ ကနုတ်ရော၊ လက်စွပ်မျက်နှာပြင်က နဂါးရုပ်ရောက အစောဆုံး ပျူခေတ်လက်ရာတွေပါ၊ အဲဒီထက် နောက်ကျချင်သာကျမယ်ပေါ့။ ဒီတော့ ဒီပစ္စည်းတွေဟာ ရွှေဈေးငွေဈေးထက် ရှေးဟောင်းလက်ရာဆိုတဲ့ ကြေးနဲ့ပါ ဆို ကာလပေါက်ဈေး မသေးဘူးပေါ့။

ဒါပေမယ့် ဒေါ်ခင်မိုးမာရဲ့စိတ်ထဲမှာ ရောင်းဖို့ လုံးဝ ဆုံးဖြတ်ချက်မရှိ ပါဘူး။ ရောင်းဖို့စဉ်းစားလို့ကို မရတာ...။

ညအိပ်ခါနီးတော့ ဒေါ်ခင်မိုးမာဟာ အိပ်ဆေးပုလင်းကို ကိုင်ပြီး စဉ်းစား ပါတယ်။ သူ အိပ်ဆေးတွေမသောက်ဘဲ အိပ်တဲ့နေ့တိုင်းမှာ ကောင်းသော အိပ်မက်တွေရတယ်။ အခုလည်း ခြံထဲကပစ္စည်းတွေ တူးလို့ရတယ်။ ငါဒီနေ့ အိပ်ဆေးသောက်ဦးမလား !။

အဲဒီအချိန်ဟာ ကျွန်တော့်အတွက် အသည်းအယားရဆုံး အချိန်ပါပဲ။ အရေးအကြီးဆုံးအိပ်မက်ကို ပေးတော့မယ့်ည အိပ်ဖို့ရာ တစ်စုံတစ်ရာ ဘယ် အကူအညီကိုမှ မယူရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဒေါ်ခင်မိုးမာက အိပ်ဆေးတွေကို သူ့ပြတင်းပေါက်ကနေ သွန်ချပစ်လိုက်ပြီး အိပ်ရာထဲဝင်တော့မှပဲ သူနဲ့ဇယ် ပျော်ရွှင်ရတော့တယ်။

အရာရာအားလုံးက တိတ်ဆိတ်ငြိမ်သက်၍ နေသည်။ တော၏ တိတ်ဆိတ်ခြင်းသည် အရာအားလုံးကို လွှမ်းမိုးထား၏။ ပွင့်သောပန်းများ ဖူးသောပန်းများ၊ ငုံသောပန်းများ အသွေးအရောင်ကအစုံ နေပျောက်ကလေးတွေက ရွှေရည်ရွှေပေါက်လို ညင်ညင်သာသာ...။

ဒေါ်ခင်မိုးမာ ထိုတောကြီးထဲမှာ လမ်းလျှောက်လာနေသည်။ ပွင့်သောပန်းများ၏ ရောင်ဝါတောက်ပမှု မြေပြင်ကို ဖိတ်ကျတော့မလောက် ထင်ရသည်။ လိပ်ပြာ၊ ငှက်ကျေးလုလုတွေ...၊ ဂီတဆန်သော တွန်ကျူးသံတွေ...။

ဒေါ်ခင်မိုးမာလျှောက်လာရင်း ခရီးလမ်းသည် ကြည်လင်သော စမ်းချောင်းကို ရောက်သည်။ ဒေါ်ခင်မိုးမာ စမ်းချောင်းနံဘေးတွင် ထိုင်သည်။ စမ်းချောင်းရေ၏ အေးမြမှုမှာ ကိုယ့်မျက်နှာကို ကိုယ်ပြန်မြင်နေရသည်။ ရေအောက်က ကျောက်တုံးကျောက်ခဲကလေးတွေကို မြင်နေရသည်။

ထိုကြည်လင်သော စမ်းချောင်းရေအလျင်ထဲသို့ ဒေါ်ခင်မိုးမာ လက်ညှိုးကလေးဖြင့် ထိတွေ့လိုက်တော့ ကြာပွင့်ကြီးတစ်ပွင့်ပေါ်လာပြီး စမ်းရေအတိုင်း စီးဆင်းသွားသည်။ ဒေါ်ခင်မိုးမာမှာ ထိုဖြစ်ရပ်ကို အံ့ဩခြင်းမရှိ၊ ပီတိဖြစ်ခြင်းသာ ရှိသည်။

နောက် စမ်းချောင်းရေကို လက်ညှိုးနှင့် ထပ်တို့တော့ ကြာပွင့်လတ်လတ်၊ နောက်တစ်ခါ...နောက် တစ်ကြာ၊ နောက်တစ်ခါ နောက်တစ်ကြာ... ဒီလိုနှင့် စမ်းရေနှင့်လက်ထိတိုင်း ပွင့်ပြီး ရေအလျင်နှင့် မျောသွားသော ကြာပွင့်တွေ... ကြာပွင့်တွေ...။

♦





ဒေါ်ခင်မိုးမာ အိပ်ရာမှနိုးလာတော့ ရင်ထဲမှာ အေးငြိမ့်သော ပီတိသည် လှိုင်းကြွနေဆဲ... ခံစားနေရဆဲ...အိမ်ပေါ်ထပ် ဘုရားစင်ရှေ့တွင်ရပ်ပြီး ဒေါ်ခင်မိုးမာ ပီတိစိတ်နဲ့ ဘုရားကို အာရုံပြုရှိခိုးလိုက်ပါတယ်။

ဒီကိစ္စကို ဒေါ်ခင်မိုးမာက အားလုံးနဲ့တိုင်ပင်တော့ အားလုံးက သဖင်ရဲ ဆရာတော်ဆီပြန်သွားဖို့ပဲ အကြံပေးကြတာနဲ့ ဒေါ်ခင်မိုးမာ ဆရာတော်ဆီ သွားပါတယ်။

ဆရာတော်ဘုရားက ဒေါ်ခင်မိုးမာ မြေကြီးထဲက တူးရတဲ့ပစ္စည်းနှင့် တကွ၊ အိပ်မက်တွေကိုပါ ပြောပြတော့ ဆရာတော်ဘုရားက သေသေချာချာ နားထောင်ပြီးတော့မှ...

'အိမ်း...ဒကာမလေး ယခုဝယ်ပြီးနေတဲ့ အိမ်သစ်မှာ ဒကာမလေးနဲ့ ရှေးခေတ်ပေါင်း၊ ကမ္ဘာပေါင်းများစွာက ဆွေမျိုးတော်ခဲ့တဲ့ မကျွတ်မလွတ်သော အပါယ်လေးပါးဝင် ဘုံသားတွေရှိနေတယ်။ ဒကာမလေးရဲ့ အိပ်မက်နိမိတ်က အဲဒီဒကာမလေးရဲ့ ဆွေတော်မျိုးတော်တွေကပေးတဲ့ နိမိတ်တွေပါ' ဆရာတော်ဘုရားက စကားကို ခဏနားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒကာမလေးကိုယ်တိုင် တူးလို့ရတဲ့ပစ္စည်းတွေကို ရောင်းချပြီး မကျွတ်မလွတ်သော ဘဝများစွာက ဘုံဌာနအသီးသီးက ပုဂ္ဂိုလ်တွေကို ကောင်းရာကောင်းကျိုးမှာ၊ ကျွတ်လွတ်ခြင်းအဖို့မှာ 'ပေတဒါန'လို့ ငါတို့မြတ်စွာဘုရားဟောခဲ့တဲ့ တရားတော်အတိုင်း ဒကာမကလေးက ဦးစီးဆောင်ရွက်ရလိမ့်မယ်'

''ပေတဒါန' ဆိုတာ တပည့်တော်မ မသိပါဘုရား'

ဆရာတော်ဘုရားက ခေါင်းညိတ်တော်မူပါတယ်။

'ပေတဒါန... ဆိုတာက အခြားအလှူတွေနဲ့မတူဘဲ အတိတ်က မိမိတော်စပ်ခဲ့တဲ့ ဆွေမျိုးပြိတ္တာတွေကို ရည်စူးပြီး ပြုရတဲ့အလှူပါ။ အဲဒီအလှူမှာ လေးပါးသော အင်္ဂါရပ်နဲ့ လှူတန်းရမယ်လို့ ငါတို့မြတ်စွာဘုရားက ဟောတော်မူပါတယ်'

'မိန့်တော်မူပါဘုရား'

'အေး... ပထမအချက်က အတိတ်က ဆွေမျိုးတော်စပ်ခဲ့တဲ့ ပြိတ္တာတွေကို သေသေချာချာ ရည်စူးလှူဒါန်းခြင်းပဲ၊ နှစ်ကတော့... ပြိတ္တာတွေ ဆွေမျိုးဘဝ အခြားဘုံက ပုဂ္ဂိုလ်တွေအနေနဲ့လည်း သာဓုခေါ်နိုင်ရန် အသင့်ရှိနေခြင်း၊ သုံးကတော့... လှူဖွယ်ဝတ္ထုဟာလည်း အကပ္ပိယအနှာမသ ငွေကြေးမဟုတ်ဘဲ ဆွမ်း၊ သင်္ကန်း... စသည်တို့ ဖြစ်နေခြင်း၊ နောက်ဆုံးအချက်ကတော့ အရေးကြီးတယ် ဒကာမလေး...'

'မိန့်တော်မူပါဘုရား'

'အေး... အလှူခံပုဂ္ဂိုလ် ရဟန်းကလည်း ဒုဿီလ မဟုတ်သော သီလဝန္တရဟန်း (သီလရှိသော ရဟန်းပေါ့) ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် သံဃိကဖြစ်ရခြင်းဆိုတဲ့ အင်္ဂါရပ်လေးပါးနဲ့ ညီတဲ့ ပေတဒါနကသာလျှင် မိမိနှင့်ဆွေမျိုးတော်သူ ဘဝပေါင်းများစွာက တော်စပ်ခဲ့သူတို့လို သာဓုခေါ်စေနိုင်ပြီး ကောင်းကျိုးသုခကို ချက်ချင်း ခံစားစေနိုင်ပါတယ် ဒကာမလေး'

ဆရာတော်ဘုရား၏ အသံဆုံးတော့ အားလုံးတိတ်ဆိတ်၍ နေကြ





သည်။ ဒေါ်ခင်မိုးမာက လက်အုပ်မိုး၍ ရှိခိုးရင်းဖြင့်...

'မှန်လှပါအရှင်ဘုရား၊ အရှင်ဘုရားမိန့်တော်မူတဲ့ အချက်အလက်တွေနဲ့အညီ ပေတဒါနကို လာမယ့် ဝါဆိုလပြည့်နေ့မှာ တပည့်တော် ကပ်လှူပါ့မယ် ဘုရား'

'အိမ်း... သာဓု... သာဓု... သာဓု'

'တပည့်တော်မကို ကရုဏာထားသောအားဖြင့် ဆရာတော်ဘုရားနဲ့ သံဃာများပဲ ကြွရောက်ပေးဖို့ တပည့်တော် လျှောက်ပါရစေဘုရား...'

◆



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုလပြည့်နေ့ လမင်းမှာ ပြည့်ဝစွာ လင်းထိန်နေပြီး အနားတွင် ပါးလျစွာရွေ့လျားနေကြတဲ့ တိမ်မျှင်တွေကိုတောင်မှ မြင်နေရပါတယ်။

ခြံထဲက သရက်ပင်ကြီးအောက်မှာ လေးပေမီးချောင်း နှစ်ချောင်းထောင်ပြီး ချက်ပြုတ်နေကြတဲ့ ကိုစိုးချစ်နဲ့ ကိုကောင်းကျော်၊ ခင်မေဝင်းနဲ့ မူယာတို့ ရှိပါတယ်။ နွေးကတော့ ခဏလှဲဦးမယ်ဆိုပြီး ခင်မေဝင်းနဲ့ အတူတူ အိမ်ထဲဝင်သွားတယ်။

'မခင်မိုးလည်း လှဲလိုက်ပါလား... တစ်နာရီလောက်တော့ နားရတာပေါ့'

'ဟင့်အင်း မလှဲချင်ဘူး၊ ရင်ထဲမှာ ပီတိစိတ်နဲ့ ရွှင်လန်းနေတာပဲ မအိပ်ချင်ဘူး'

ကိုစိုးချစ်က တဖျစ်ဖျစ်မြည်နေတဲ့ ဝက်သားအိုးထဲကို ရေတစ်ခွက်လောက် စွတ်ပါတယ်၊ ငါးသလောက်ပေါင်းရော၊ ကြက်သားရော ကြက်နေပါပြီ။

'ဝက်သားရရင် ချဉ်ပေါင်ဟင်းချိုကလေး ပြန်နွေးဦးနော်'





'အေးပါ... မခင်မိုးရဲ့'

'ကိုကောင်းကျော် လေးနာရီမထိုးခင်လောက် သွားတာကောင်းမယ်ထင်တယ်၊ ကြိုရောက်တော့ ဆရာတော်တွေ စိတ်အေးရတာပေါ့'

'ဟုတ်တယ်... ကျွန်တော် ထိုးတာနဲ့ သွားမှာပါ'

ဒေါ်ခင်မိုးမာတို့ ခြံတွင်း၊ ခြံပြင်တွင် သာဓုခေါ်ရန် ရောက်နေကြသော နတ်ဒေဝတာများရော... ဘုံအမျိုးမျိုးက ပုဂ္ဂိုလ်တွေရော... အိပ်မက်နတ်သမီး၊ ဝိညာဉ်မှတ်ပုံတင်နတ်သမီး၊ ဖယ်၊ ကိုရွှေသာကြီး၊ ဘိုးဘိုးသုမန၊ ရွာတော်ရှင်ဘိုးဘိုး ဇေယျစက္ကနှင့် နတ်အပေါင်းတို့ စုံပေပြီ။

မကြာမီ ကိုကောင်းကျော် ထွက်သွားပြီး ခဏအကြာတွင် ကျောင်းထိုင်ဆရာတော် ရှင်သုမဏ ဦးစီးသော ရဟန်းငါးပါးကြွရောက်လာကြတာကို ရောက်နှင့်သော နတ်အပေါင်းက ကန်တော့ကြပါတယ်...။

ဆွမ်းဘုန်းပေးပြီးနောက် ပေတာဒါန၏ ကောင်းမှုကောင်းရာများကို ဆရာတော် ဦးသုမဏက ဟောကြားပြီး ပရိတ်ကြီးဆယ့်တစ်သုတ်ကို ရွတ်ဆိုပြီး ဒေါ်ခင်မိုးမာကိုယ်တိုင်က ရေစက်ခွက်ကို ကိုင်ရင်း...

'ကျွန်မနှင့် ဘဝပေါင်းများစွာ ဆွေမျိုးတော်စပ်ခဲ့ကြသော ကျွတ်လွတ်ပြီး ပုဂ္ဂိုလ်များအားလည်းကောင်း၊ မကျွတ်လွတ်သော ပုဂ္ဂိုလ်များအားလည်းကောင်း ယနေ့ မိမိလှူဒါန်းရသော ကုသိုလ်အဖို့ပါကကို ထပ်တူထပ်မျှ ပေးဝေပါ၏။ ထပ်တူထပ်မျှ ရကြပါစေသော်(ဝ်)'

'အမျှ... အမျှ... အမျှ ယူတော်မူကြပါကုန်သော်'

'သာဓု... သာဓု... သာဓု'

'အမျှ... အမျှ... အမျှ ယူတော်မူကြပါကုန်သော်'

'သာဓု... သာဓု... သာဓု'

'အမျှ... အမျှ... အမျှ ယူတော်မူကြပါကုန်သော်'

'သာဓု... သာဓု... သာဓု'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

သူ့ဦးခေါင်းထဲအထိ မွှန်သွားသော ဝေဒနာကို သူပြင်းထန်စွာ ခံစားလိုက်ရသည်။

ထိုဝေဒနာနောက်မှာ ပါလာသော ခံစားမှုတွေက ရင်တုန်ခြင်း၊ အားအင်နည်းပါးခြင်း၊ မူမော်နောက်ကျိနေသော စိတ်၊ အရာရာသည် ဝိုးတဝါးဖြစ်၍နေပြီး၊ ခန္ဓာကိုယ်မှပေးသော ဝေဒနာသည် အသိစိတ်မှာ ခံစားနေရသည်။

ခုနကလို ဝေဒနာကင်းစင်သော နတ်ငယ်မဟုတ်တော့။ ပင်ပန်းဆင်းရဲသော ဝေဒနာ၏ဒဏ်ကို ခံနေရသည်။

'မျက်စိပွင့်လာပြီ ဆရာမ၊ သတိလည်လာပြီ လည်လာပြီ၊ ကောင်းဇော်...ကောင်းဇော်၊ သတိရပြီလား! ကောင်းဇော်... ဟဲ့... စုဟာန် ခေါ်စမ်းပါဦး'

လူတွေ အပြေးအလွှားရောက်လာသံကို ကြားရသည်။ ထိုခဏလေး မျက်ဝန်း ဖွင့်လိုက်ရတာသည်ကိုပင်လျှင် သူတော်တော် ပင်ပန်းနေသည်။ ခဏပြန်မှိန်းပြီးမှ မျက်စိကို ဖွင့်တော့ ဇယ်ကို တွေ့ရ၏။ သို့သော် ဇယ်သည် နတ်မယ် အဝတ်အစားနှင့်မဟုတ်၊ အင်္ကျီဖြူနှင့် ထဘီအပြာကို ဝတ်ထားသော နပ်(စ်)မကလေးဖြစ်နေသည်။





'ဇယ်... နင် ဘယ်လိုဖြစ်တာလဲ!'

သူ ဆရာမကလေးကို မေးတော့ ဆရာမကလေးက ပြုံးနေသည်။ ဘာမှ ပြန်မပြောဘဲ သူ့နှာခေါင်းတွင် စွပ်ထားသော အစွပ်ကို နေသားကျအောင် ပြင်ပေးသည်။

'ခဏနေရင် ဆရာဝန်ကြီး လာလိမ့်မယ်၊ သက်သာတယ်မဟုတ်လား! မှိန်းချင်ရင် မှိန်းနေလေ'

'မှိန်းနေလိုက် တူကြီး၊ သတိလည်လာတာပဲ တော်လှပါပြီ၊ ဒါဆို အခြေအနေကောင်းပြီပေါ့၊ ဘုရား တရား သံဃာ ကျေးဇူးပါပဲ၊ ကောင်းဇော် တူကြီး အေးအေးသက်သာ နေပါကွယ်'

'ကောင်းဇော်ရယ် တော်ပါသေးရဲ့ ငါ့မှာ ရင်တွေ တုန်လိုက်တာ...'

စုစုဟာန်က ရင်ဘတ်ကိုဖိ၍ ပြုံးရင်း ပြောသည်။

'စုဟာန်... ဇယ်တို့ ကိုရွှေသာကြီးတို့ရော...!'

သူ့စကားကို စုဟာန် နားလည်ပုံမရပါ။ သူ့ကို မျက်လုံးပြူးပြီး ကြည့်နေ၏။ ထိုစဉ်...

'ဆရာဝန်ကြီး လာပြီ...'

အသံနှင့်အတူ သူ့မျက်နှာပေါ် အုပ်မိုးကျလာသော မျက်နှာတစ်ခု။ ဟင်...! ဒါ ဘိုးဘိုးကြီး ဓေယျစက္ကပါလား!

'ဘိုးဘိုး... ဘိုးဘိုး မကျွတ်သေးဘူးလား!'

'အေး...အေး နောက်မင်းလို မြောနေလိုက် ပြောချင်တာတွေပြောလိုက်နဲ့ လူနာငါးယောက်လောက်လာရင် ကျွတ်ပါပြီကွာ'

ဆေးရုံအုပ်ကြီးက ရယ်မောရင်းပြောတော့...နံဘေးက ကြည့်နေသူတွေ ဝိုင်းရယ်ကြသည်။

'အကြောဆေး အွန်မယ် ဆရာမ၊ အသက်ရှူနှုန်းကို အထူးသတိထားပါ၊ အသက်ရှူရတာ ကြပ်နေသေးလား!'

သူခေါင်းခါပြလိုက်သည်။ မကြာမီ သူ့လက်မောင်း ဆေးစိစ်ခနဲ နာပြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အကြောဆေးသွင်းသည်။ စုဟန်က ကြက်သားနှင့် ကြာဆံပြုတ်ရည်ကလေး တိုက်သည်။

ခဏကြာတော့ သူ အိပ်ချင်လာပြီး ပြန်လည်အိပ်ပျော်သွားသည်၊

သူ အိပ်ရာကပြန်နိုးလာတော့မှ စုဟန်က ရေပတ်နှင့် မျက်နှာသစ်ပေး ရင်း...သူ ညောင်ပင်အောက်မှာ ဗယာကြော်ထုပ်ကလေးဖြင့် လဲနေတာကို တွေ့ကြသော ရပ်ကွက်သားများက မိုးစဲတော့မှ ဆေးရုံသို့ ကိုကျော်စွာဦး ကားနှင့် ပို့ပေးကြောင်း...လိုအပ်သောငွေကြေး ဆေးဖိုးနှင့်တကွ သူ့အဒေါ် ဖြစ်သူ စားရေးသောက်ရေးအတွက်ပါ တာဝန်ယူထားကြောင်းကို သိရသည်။ အဆုတ်ထဲကို ရေဝင်ပြီး အဆုတ်ရောင်နေကြောင်း၊ အဆုတ်ထဲမှ ရေစုပ်ထုတ် တာ ငါးပုလင်းခန့်ရကြောင်း... ပြောပြသည်။

'နင် မြောနေတဲ့အချိန်တွေမှာ သိပ်ယောင်တာပဲ၊ ဇယ်တဲ့၊ နတ်သမီးတဲ့၊ နတ်ငယ်တဲ့ ဘာတွေမှန်းကို မသိဘူး၊ ငါ့မှာ နင်သေပြီလားလို့ ငိုငိုနေရတာ၊ နောက်ဆုံးတော့ ဘုရားရှိခိုးပြီး နင့်ကို အမျှပေးနေရတာပဲ'

ထိုစဉ် နားကြပ်ကို လည်မှာလွယ်ထားသော ဆရာဝန်မကလေး ရောက် လာသည်။ ဟင်! ဒါ ဒေါ်ခင်မိုးမာ မဟုတ်ဘူးလား...!

'ကဲ... ဆေးတစ်လုံးထိုးမယ်'

'ဆရာမ... သူ သက်သာပါပြီနော်...'

'အသက်ဘေးကတော့ စိတ်ချရပြီ၊ ဆေးရုံမှာတော့ ဆယ်ရက် တစ်ပတ် နေရဦးမယ်'

'ကျေးဇူးပဲ ဒေါက်တာရယ်...'

ဒေါ်ခင်မိုးမာက သူ့တွေ့နေကျ အပြုံးမျိုးပြုံး၍ ထွက်သွား၏။ ခဏကြာ တော့ ကိုကျော်စွာဦး ရောက်လာသည်။

'စုစုဟန် phone ဆက်တော့မှပဲ ငါလည်း စိတ်အေးရတော့တယ်ကွာ၊ အခုလောလောဆယ်တော့ အလုပ်ကိစ္စ ဘာမှ ခေါင်းထဲကိုထည့်မထားနဲ့ဦး၊ မင်းလို အလုပ်မှာ ကျွမ်းကျင်တဲ့လူတစ်ယောက်ကို ဘယ်တော့မှ ငါတို့က





ပစ်မထားပါဘူး၊ နေစမ်းပါဦး မင်းက ဗယာကြော်တစ်ထုပ်နဲ့ ညောင်ပင် အောက်မှာ ဘာသွားလုပ်တာတုန်း...!'

ကိုကျော်စွာဦးက နားမလည်သလို မေးသည်။ သူဘာမှ မပြောတော့ဘဲ ပြုံးသာနေလိုက်သည်။

နောက်ရက်တွေမှာ သူ့ဝေဒနာက တစ်စတစ်စ သက်သာ၍လာသည်။ အားအင်လည်း ပြန်ပြည့်လာသည်။ သို့သော် ဒေသန္တရ ကျန်းမာရေးဌာနမှ အခမဲ့ပေးသော တီဘီဆေးကိုတော့ ခြောက်လနေ့စဉ် သောက်ရဦးမည်။

■



www.burmeseclassic.com

www.burmeseclassic.com



## "ဇာတ်သိမ်း"

သူ…စုစုဟန်နှင့်အတူ လမ်းလျှောက်လာရင်း စုစုဟန်တို့ လမ်းထဲက ညောင်ပင်ကြီးရှေ့ရောက်တော့ ရပ်၍ ညောင်ပင်ကြီးကို ကြည့်သည်။

ဟုတ်ပါတယ်… ဒီညောင်ပင်ကြီးပါပဲ။

သူ…ဒေါ်ခင်မိုးမာကပေးသော 'အမျှ'ကို 'သာဓု' ခေါ်ရင်း လူ့ဘဝကို ပြန်ရောက်လာတာလား!

ဖေယံတို့၊ ကိုရွှေသာကြီး၊ ဘိုးဘိုးသုမနနှင့် ရွာတော်ရှင်ဘိုးဘိုး ဖေယျစက္ကတို့ ဘယ်ရောက်ကုန်ပြီနည်း။ သူနှင့် ကိုရွှေသာကြီးတို့ထိုင်သော ညောင်ကိုင်းကြီးကို လှမ်းကြည့်တော့ ဒီအတိုင်း ငြိမ်နေသည်။

ဘာပဲဖြစ်ဖြစ် သူသည် လူတစ်ယောက်ဘဝတွင်သာ ပြုရလွယ်သော ဒါန၊ သီလ၊ ဘာဝနာသည် မည်မျှအရေးကြီးသည်ဆိုတာကို ကိုယ်တွေ့ သိသွားခဲ့ပြီဖြစ်သည်။

လောဘ၊ ဒေါသ၊ မောဟကင်းကင်းနှင့် အလောဘ၊ အဒေါသတို့၏ တရားကိုယ်ဖြစ်သော မေတ္တာနှင့်နေရန် နားလည်ခဲ့ပြီ။





'ဒီညောင်ပင်ကို နင်အလွမ်းပြေ ကြည့်နေတာလား! အခဲမကြေလို့ ကြည့်နေတာလား ကောင်းဇော်'

'နင်မသိပါဘူး စုဟန်ရယ်…ငါဒီညောင်ပင်မှာ အကြာကြီးနေခဲ့ရတာ'

'မကြာပါဘူးဟဲ့၊ မိုးစဲတာနဲ့ နင့်ကိုတွေ့တာပဲဟာ'

'ထားပါတော့လေ… စုဟန်…'

'ဘာလဲဟင်!'

'ငါ နင့်ကို Marketing လုပ်ဖို့ ပြောထားတယ်နော်'

'အေးလေ…နင် ဆေးရုံမရောက်ခင်နေ့က ပြောတာပဲ'

ကောင်းဇော် တစ်ချက်ပြုံးရင်း စုစုဟန်လက်ကလေးကို ကိုင်ရင်း ပြောသည်။

'အဲဒီအလုပ်ကိုတော့ နင်လုပ်ပါဟာ…ဒါပေမယ့် ငါပြောတဲ့ အကြံအဖန် ဝွင်ဆိုတာကြီးကိုတော့ ငါမလုပ်ချင်တော့ဘူး'

'အေးပါဟယ်…ငါလည်း မလုပ်ချင်ပါဘူး၊ ကိုကျော်စွာဦးက နင့်ကို ဈေးရုံမှာ ငွေကို ရေလိုသုံးပြီး ရအောင်ကုတာမြင်တော့ ပိုတောင် မလုပ်ချင်သေးတယ်'

'ဟုတ်တယ်၊ ငါ လူ့ဘဝမှာ သေသည်အထိ ရိုးသားတဲ့ငွေနဲ့ပဲနေမယ်၊ ကုသိုလ်လုပ်မယ် ဒါပဲဟာ'

ကောင်းဇော် စုစုဟန်လက်ကလေးကို ညှစ်လိုက်သည်။ စုစုဟန်ကလည်း အလိုက်သင့် ပြန်၍ နွေးထွေးစွာ ဖိညှစ်ပါသည်။

ညောင်ပင်ကြီးကို ငေးကြည့်နေရာမှ ကောင်းဇော်မျက်နှာလွှဲပြီး စုစုဟန်လက်ကိုဆွဲ၍ လောကကြီးထဲသို့ ဝင်သည်။

လေပြေတစ်ချက်အဝှေ့မှာ ညောင်ရွက်တွေ လူးလွန့်၍သွားလေသည်။

နီကိုရဲ